မြန်မာ စာအုပ်များ

02576
1500/-

# ONE SINGAPORE

## ပါဝါကျဆုံးခြင်းနှင့် စင်ကာပူဘဝရုန်း ဝတ္ထုတိုများ

ဝင်းထွဋ်ဇော်

စင်ကာပူနိုင်ငံသားတစ်ဦး
ဖြတ်သန်းခဲ့ရသည့်
စင်ကာပူ၏ ခေတ်ကာလ
ရုပ်ပုံကားချပ်



Goh Sin Tub

နန်းဒေဝီ စာပေ
အမှတ် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၀၂၉
E-mail:naneizar@myanmar.com.mm

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၆၄၆၀၆၀၇

◆

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၁၁၇၉၁၁၀၇

◆

**ပထမအကြိမ်**

၂၀၀၈ ခု၊ ဩဂုတ်လ

◆

**မျက်နှာဖုံးဒီဇိုင်း**

မောင်ကျော်စိုး

◆

**ဖလင်**

AZ

◆

**အုပ်ရေ**

၅၀၀

◆

**တန်ဖိုး**

၁၅၀၀ ကျပ်

◆

**ထုတ်ဝေသူ**

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)

အမှတ်-၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ခိုင်ရည်မွန်၊ အမှတ် ၈၁၊ ဗိုလ်ချုပ်လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

◆

ဝင်းထွဋ်မှုဇော်

# ပါဝါကျဆုံးခြင်း
# နှင့်
# စင်ကာပူဘာဝရန့် ဝတ္ထုတိုများ

# မာတိကာ


| | | |
|---|---|---|
| ၁။ | စာရေးဆရာကြီး ဝိုစင်တပ်၏ မိတ်ဆက်အမှာ | ၉ |
| ၂။ | အက်ဒဝင်သမ်ဘူး၏ အမှာ | ၁၃ |
| ၃။ | ပါဝါကျဆုံးခြင်း | ၁၉ |
| ၄။ | မိန်းမမာယာ သဲကိုးဖြာ | ၂၅ |
| ၅။ | စင်ကာပူ ဝန်ကြီးချုပ်ဟောင်းတစ်ဦးရဲ့ မျက်ရည် | ၃၁ |
| ၆။ | တန်ဖိုးကိုယ်စီ ရှိကြသည် | ၃၇ |
| ၇။ | အောင်မြင်သူ ဘယ်သူလဲ | ၄၃ |
| ၈။ | နောက်ဆုံးပို့စ်ကတ် | ၄၉ |
| ၉။ | ဂုဏ်သိက္ခာရှိစွာ ရှုံးနိမ့်ခြင်း | ၅၅ |
| ၁၀။ | လွဲခဲ့ရတဲ့ အခွင့်ကောင်းတစ်ခု | ၆၁ |
| ၁၁။ | မကျေနပ်ချက်ချင်းတော့ မတူပါလေ | ၆၇ |
| ၁၂။ | မာယာများတဲ့ ကံတရား | ၇၃ |
| ၁၃။ | အထက်အရာရှိကပင် လေးစားရသူ | ၇၉ |
| ၁၄။ | အလှူဒါန ပြုကြရာဝယ် | ၈၅ |

| | | |
|---|---|---|
| ၁၅။ | နတ်မိမယ်ရဲ့ အပြုံး | ၈၉ |
| ၁၆။ | ခွင့်လွှတ်ပါရှင် | ၉၅ |
| ၁၇။ | ရှက်မိပါသည် | ၉၉ |
| ၁၈။ | ကျောက်နံရံကို ခေါင်းနှင့်ဆောင့်ခြင်း | ၁၀၅ |
| ၁၉။ | ချမ်းသာခြင်းရဲ့ အဓိပ္ပာယ် | ၁၀၉ |
| ၂၀။ | အိမ်နီးချင်းကောင်းဆိုတာ | ၁၁၅ |
| ၂၁။ | စိုသောလက်များကို မခြောက်စေခဲ့ပါ | ၁၂၀ |
| ၂၂။ | ဘ၀တာရဲ့ ပထမဆုံး စိန်ခေါ်ပွဲ | ၁၂၇ |
| ၂၃။ | မြတ်သော ဆရာ | ၁၃၃ |
| ၂၄။ | လီကွမ်းယူထံမှ လာသော တယ်လီဖုန်း | ၁၃၉ |
| ၂၅။ | ကောင်းမှုမြတ်နိုး ကောင်းအောင် ကြိုးစားဖို့ | ၁၄၅ |
| ၂၆။ | တန်ဖိုးအရှိဆုံး အချိန်လေး | ၁၄၉ |
| ၂၇။ | အထီးကျန် မြို့ပြလုပ်သား | ၁၅၅ |
| ၂၈။ | ကျွန်တော်တို့ မေ့ခဲ့သူများ | ၁၆၀ |

# ကျွန်တော်ရေးတဲ့ ကျွန်တော့် ဝတ္ထုတိုတွေအကြောင်း
## စာရေးဆရာကြီး ဂိုစင်တပ်၏
## မိတ်ဆက်အမှာ

ကျွန်တော်ငယ်ငယ်က လန်ချားစီးပြီး ကျောင်းတက်ခဲ့ရတယ်။ သို့ပေမဲ့ ယခုအချိန်မှာတော့ ကျွန်တော်ဟာ အင်တာနက်ပေါ်မှာ စီးမျောရင်းနဲ့ စာသင်ကျောင်းတွေဆီကို သွားနေရပါပြီ။

ထို ဖြစ်ရပ်နှစ်ခုကတော့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ အချိန်ကာလနဲ့ အကွာအဝေးတို့ကို ဥပမာတင်စားကာ ပြသလိုက်တဲ့ ပြယုဂ်လေးတစ်ခုပါပဲ။

**စင်ကာပူ နိုင်ငံသားတွေဟာ ရှည်လျားလှတဲ့ ခရီးတာကြီးကို ဖြတ်သန်းခဲ့ရသူတွေပါ။ ကျွန်တော်တို့တွေဟာ မယုံနိုင်စရာ တုန်လှုပ်ချောက်ချားဖွယ် နှစ်တွေကို ဖြတ်သန်းခဲ့ရပါတယ်။**

ကျွန်တော်တို့ဟာ လက်ချောင်းကလေး တစ်ချောင်းကိုမျှပင် မရွှေ့လျားရပဲနဲ့ အပြောင်းအလဲတွေ အမြောက်အများကို ကြုံခဲ့ရတယ်။ ဗြိတိသျှ အင်ပါယာ လက်အောက်ခံနိုင်ငံဘဝ၊ သည့်နောက်မှာ ဂျပန်အင်ပါယာရဲ့ လက်အောက်ခံဘဝ၊ နောက်တစ်ကြိမ် ဗြိတိသျှ လက်အောက်ခံဘဝ၊ သည့်နောက်မှာ မလေးရှား နိုင်ငံသားတွေရဲ့ လက်အောက်ခံဘဝကို ကျရောက်ခဲ့ရတဲ့ အပြောင်းအလဲတွေရဲ့ ဆိုးရွား ပြင်းထန်လှတဲ့ ဝေဒနာတွေကို ခံစားခဲ့ရတယ်။

ကျွန်တော်တို့ဟာ နောက်ဆုံးမှ စင်ကာပူနိုင်ငံသားတွေအဖြစ်ကို ရောက်ရှိခဲ့ကြရပါတယ်။ အဲဒီနောက် ကျွန်တော်တို့ဟာ လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံဘဝကို ရောက်ရှိလာချိန်မှာတော့ မညီမညာ မြေမျက်နှာပြင်ရှိပြီး ကျောက်တုံးကျောက်တောင်တွေ ထူထပ်တဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံကို ဥစ္စာပစ္စည်းတွေ ပိုင်ဆိုင်တဲ့ မြို့ပြပြည်သူတွေ နေထိုင်ရာ နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတယ်။ အခုချိန်မှာတော့ ကျွန်တော်တို့ဟာ စင်ကာပူနိုင်ငံကို ကျွန်တော်တို့ရဲ့ အကောင်းဆုံး အမိနိုင်ငံအဖြစ်သို့ ရောက်ရှိလာအောင် ရည်မှန်းချက်ချကာ ထူထောင်နေပါပြီ။

ကျွန်တော်တို့ ထူထောင်နေတဲ့ အမိနိုင်ငံဟာ ရုပ်ဝတ္ထုအပိုင်းမှာ ကုံလုံကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံမျှသာ မဟုတ်ပါဘူး။ ခံစားမှုနဲ့ တွေးခေါ်မျှော်မြင်မှု အရာတွေမှာ ထက်သန်တဲ့ နိုင်ငံပဲ ဖြစ်တယ်။

ကျွန်တော်ရေးသားခဲ့တဲ့ ယခုဝတ္ထုတွေက စာဖတ်သူကို အထက်ပါ ရှည်လျားတဲ့ ကာလကြီးဆီ ခေါ်ဆောင်သွားမှာဖြစ်ပါတယ်။ ယင်းဝတ္ထုတွေထဲမှာ ဂျပန် ကျူးကျော်သိမ်းပိုက်မှု၊ မာရီယာဟာတော့ အဓိကရုဏ်း၊ ဟော့လီဘတ်စ်ကားသပိတ်၊ ၁၉၆၅ ခုနှစ် အတွင်းမှာ စင်ကာပူနိုင်ငံ လွတ်လပ်ရေးရရှိမှု၊ ဘူကစ်ဟိုဆွေ မီးလောင်မှုကြီး။ ဆစ်လ် လေကြောင်းလိုင်း လေယာဉ်ပျက်ကျမှု ဆိုတဲ့ ကြီးမားတဲ့ ဖြစ်ရပ်ကြီးတွေကို နောက်ခံထားပြီး (ကျွန်တော်နဲ့ ကျွန်တော့်လိုလူတွေ အပါအဝင်) လူမျိုးနွယ်စုကလေးတွေ ရင်ဆိုင်ခဲ့ရတဲ့ ဖြစ်ရပ်တွေကို ဖော်ပြထားပါတယ်။

အဆိုပါ ဖြစ်ရပ်တွေထဲမှာ ကြည်နူးရွှင်ပျစရာ ပေါ့ပေါ့ပါးပါး အချိန်တွေ၊ လှုပ်လှုပ်ခတ်ခတ်အချိန်တွေနဲ့ နိုးကြားတက်ကြွမှုရှိတဲ့ အချိန်တွေရယ်လို့ ရှိခဲ့တယ်။ ကျွန်တော့်ရဲ့ ဝတ္ထုတိုတွေထဲမှာ အထူးသဖြင့် ဓေးဗစ်မာရှယ်၊ လီကောင်ချိ၊ လီပင်လီအန်နဲ့ ကင်နီဘာနီတို့လို ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်တဲ့ တကယ့်အဖြစ်အပျက် အကြောင်းအရာတွေကို ဖော်ပြထားတဲ့ ဝတ္ထုတွေ ပါဝင်တယ်။

ဒါ့အပြင် ကျွန်တော်ရဲ့ မိသားစု၊ ကျွန်တော့်ရဲ့ မိတ်ဆွေတွေ၊ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေနဲ့ ပတ်သက်

တဲ့ လျှပ်တစ်ပြက် ရိုက်ချက်ပမာဖြစ်တဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွေ ပါဝင်ပါတယ်။

တချို့ ဝတ္ထုတွေကတော့ မိတ်ဆွေတွေထံက တဆင့် ကြားရတဲ့၊ ကြားခဲ့ရတဲ့ အကြောင်းအရာတွေပါ။ အဲဒီလို ဇာတ်လမ်းမျိုးတွေကိုတော့ နာမည်ရင်းတွေကို မဖော်ပြဘဲ စာဖတ်သူတို့ ဖတ်ရှုလို့ ကောင်းအောင် ပြန်လည် ပြင်ဆင် ရေးသားထားပါတယ်။

ထိုဇာတ်လမ်းမျိုးတွေမှာတော့ ကျွန်တော်ဟာ တကယ့် အခြေအနေတွေနဲ့ တကယ်ရှိတဲ့ ဇာတ်ကောင်တွေကို ပေါင်းစပ်ကာ ဖော်ပြထားပါတယ်။

ကျွန်တော်ဟာ ခရစ်ယာန်တစ်ဦး ဖြစ်တာနဲ့အညီပဲ ကျွန်တော့်ရဲ့ ဖြတ်သန်းမှုအချို့ကို နောက်ခံထားပြီး ရေးသား ဖော်ပြထားတဲ့ ဝတ္ထုတိုတွေထဲမှာ ခရစ်ယာန်နောက်ခံတွေ ပါဝင်မှာပါ။ သို့ပေမဲ့ အဲဒီလို ရေးသားဖော်ပြရာမှာ ကျွန်တော့် အနေနဲ့ ဘာသာရေးဝါဒဖြန့်ဖို့ မရည်ရွယ်ပါဘူး။

ယင်းသို့ မရည်ရွယ်ရုံမကဘဲ ထိုရည်ရွယ်ချက်နဲ့ ဆန့်ကျင် စွာပဲ ကျွန်တော်ဟာ စင်ကာပူနိုင်ငံသားတွေဟာ မိမိနဲ့ ဘာသာ မတူသူတွေရဲ့ ယုံကြည်ကိုးကွယ်မှုတွေအပေါ် မှာ လေးစားမှု ရှိတယ်ဆိုတဲ့ အချက်ကို ကျွန်တော့် ဝတ္ထုတွေထဲမှာ ထည့်သွင်း ဖော်ပြထားတာတွေ ရှိပါတယ်။

အဲဒီဝတ္ထုတွေကတော့ ပါရှာဆိုတဲ့ မွတ်ဆလင်တစ် ယောက်ရဲ့ သံသရာတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ဒီဝတ္ထုကို ရေးသားရာမှာ ကျွန်တော်တို့ နိုင်ငံသမိုင်းမှာ ပါဝင်ခဲ့တဲ့ အမှတ်တရဖြစ်ရပ်တွေအဖြစ် တင်ပြခြင်း မဟုတ်ပါဘူး။ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ဝတ္ထု တွေကို အရေးပါတဲ့ သမိုင်းကာလအတွင်းမှာ နေထိုင်ခွင့်ရခဲ့တဲ့ သာမန် ပိုးမွှားကောင်လေးတစ်ကောင်ရဲ့ မျက်စိနဲ့ မြင်ရတဲ့ အမြင်မျိုးနဲ့ ရေးခဲ့တာပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယခု ရေးသား ထုတ်ဝေလိုက်တဲ့ ဝတ္ထုတိုပေါင်းချုပ်ကို ကျွန်တော်တို့ အတိတ်ကာလရဲ့ ကြေးမုံ ပြင်အနေနဲ့ ရေးသားတင်ပြခြင်း မဟုတ်ပါဘူး။ အတိတ်ကာလ ကို မှန်ကူကွက်ကလေးတွေထဲက ထွက်ပေါ်လာတဲ့ ရောင်ပြန် ဟပ်မှုအဖြစ်သာ ရေးသားခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ယခု One Singapore စာအုပ်ကို စင်ကာပူနိုင်ငံသားတစ်ဦးက မိမိ ဖြတ်သန်းခဲ့ရတဲ့ ခေတ်ကာလ တစ်ခုကို ရုပ်ပုံကားချပ်ကြီးတစ်ခု အဖြစ် တစ်စုတစ်စည်းတည်း တင်ပြထားတဲ့ပုံစံနဲ့ ယခု ဝတ္ထုတွေကို စုစည်း တင်ပြလိုက်တာပဲ ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ ဝတ္ထုတွေက စာဖတ်သူကို စိတ်ကြည်နူးမှု တစ်စုံတစ်ရာကို ပေးစွမ်းနိုင်မယ်လို့ မျှော်လင့်မိပါတယ်။

**ဂိုစင်တပ်**

# အက်ဒဝင်သမ်ဘူး၏ အမှာ

အတိတ်ကာလတုန်းက မိမိတို့နိုင်ငံရဲ့ အခြေအနေဟာ ဘယ်လိုရှိခဲ့တယ်၊ အဲဒီတုန်းက လူတွေ ဘယ်လို နေထိုင်ခဲ့ကြ၊ လှုပ်ရှားခဲ့ကြရတယ် ဆိုတဲ့ မေးခွန်းဟာ ထပ်ပြန်တလဲလဲ ပေါ်ပေါက်ခဲ့တဲ့ ကမ္ဘာသုံး မေးခွန်းတစ်ခုပဲ ဖြစ်တယ်။

အမှန်တကယ်လည်း ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေ ဘယ်သို့ ဘယ်ပုံ နေထိုင်ခဲ့ကြတယ် ဆိုတဲ့ ကိစ္စကို ကျွန်တော်တို့ရဲ့ စိတ်ထဲမှာ အသိလိုဆုံး ကိစ္စတစ်ရပ်ပဲ ဖြစ်တယ်။

ကံကောင်းထောက်မမှု တစ်ရပ်ကတော့ စင်ကာပူနိုင်ငံက မိသားစုတွေအဖို့ ပြောစမှတ် ပြုလောက်တဲ့ သမိုင်းဖြစ်ရပ်တွေ ရှိနေခြင်းဖြစ်တယ်။ အချို့ မိသားစုတွေအဖို့ မျိုးဆက်ခြောက်ဆက်၊ ခုနစ်ဆက်အထိ သမိုင်းကြောင်းတွေနဲ့ ပတ်သက်ပြီး ပြောစရာတွေ ရှိနေတယ်။ အချို့ မိသားစုတွေအတွက်တော့ ပြောစရာတွေ ဒီ့ထက် နည်းပါးပါတယ်။

အချို့ မိသားစုတွေအတွက် ထူးထူးခြားခြား ပြောစရာတွေ ရှိနေပါတယ်။ ဒါပေမဲ့ အချို့ မိသားစုတွေ အတွက်ကတော့ ထူးခြားတဲ့ ပြောစရာဆိုစရာ နောက်ကြောင်းဖြစ်ရပ်တွေ သိပ်မရှိတာမျိုးလည်း ရှိနိုင်ပါတယ်။ တကယ်လို့ မှတ်တမ်း တင်မထားခဲ့ရင်တော့ ပါးစပ်ရာဇဝင်မှန်သမျှ တစ်ချိန်မှာ ပျောက်ကွယ်သွားနိုင်ပါတယ်။ တကယ်လို့ မကြာခဏ မှတ်တမ်းတင်ကြရင်လည်း ကာလအတန်ကြာတဲ့ အခါမှာ နောက်မျိုးဆက်တွေက ပါးစပ်ရာဇဝင် ဖြစ်ရပ်တွေကို

မိမိတို့ နားလည်သလို ပြန်ပြီး ရေးသားကြပြန်ရင်လည်း ကျွန်တော်တို့ရဲ့ အတိတ်သမိုင်း ဖြစ်ရပ်များရဲ့ အရသာဟာ ပြောင်းလဲသွားနိုင်ပါတယ်။

တကယ်လို့သာ တစ်စုံတစ်ယောက်သောသူက မိမိ ကြုံဆုံ ဖြတ်သန်းခဲ့ရတဲ့ စင်ကာပူ အတွေ့အကြုံတွေကို စာတစ်စောင် ပေတစ်ဖွဲ့ ရေးခဲ့မယ် ဆိုရင်တော့ စင်ကာပူနိုင်ငံ ဖြတ်သန်း ခဲ့ရတဲ့ သီးခြား အချိန်ကာလတစ်ခု၊ နေရာတစ်နေရာတို့နဲ့ ပတ်သက်တဲ့ စိတ်နေသဘောထား၊ အနှစ်သာရ အဓိပ္ပာယ်နဲ့ အဲဒီခေတ်က လူတွေရဲ့ စွမ်းရည်သတ္တိတွေကို ကျွန်တော်တို့ အနေနဲ့ သိခွင့်ရကြမှာ ဖြစ်ပါတယ်။

တကယ်လို့သာ အဆိုပါ ရေးသားချက်တွေက အခု One Singapore စာအုပ်မှာ ရေးသားထားသလိုပဲ ကောင်းမွန်ခဲ့မယ် ဆိုရင်တော့ ကျွန်တော်တို့ အနေနဲ့ စာရေးဆရာရဲ့ ကျေးဇူးကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ အသိအမှတ်ပြုကြရမှာပဲ ဖြစ်တယ်။

ဂိုစင်တပ် ရေးသားခဲ့တဲ့ ယခုစာအုပ်ပါ ဝတ္ထုတွေဟာ သာမန် အချိန်ကာလနဲ့ ထူးခြားတဲ့ အချိန်ကာလတွေမှာ ထင်ရှားကျော်ကြားသူတွေနဲ့ မထင်မရှား အညတြတွေ အပါ အဝင် စင်ကာပူနိုင်ငံသား၊ လူတစ်ဦးချင်းစီတို့ရဲ့ ဘဝသမိုင်း မှတ်တမ်းတွေကို ပိုမိုကြွယ်ဝစေတဲ့ ရှင်းလင်းတင်ပြချက်ပဲ ဖြစ်ပါတယ်။

ဂိုဟာ သူ့ဘဝနဲ့ သူဖြတ်သန်းခဲ့ရတဲ့ အချိန်ကာလတွေနဲ့ ပတ်သက်တဲ့ ထူးခြားလှတဲ့ ဒီ သမိုင်းနောက်ခံ ဝတ္ထုတွေကို ရေးသားပြုစုနိုင်ဖို့အတွက် ထူးခြားတဲ့ အရည်အသွေးတွေကို ပိုင်ဆိုင်ထားပါတယ်။

ဒီ အရည်အသွေးတွေကတော့ ဉာဏ်ရည်ထက်မြက်ခြင်း၊ အာရုံခံစားမှု ထက်မြက်ခြင်း၊ အရာရာကို စောင့်ကြည့် လေ့လာ တတ်ခြင်း၊ ကရုဏာတရား ထားတတ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ဝေဖန်တတ်ခြင်း၊ ပွင့်လင်းမှုရှိခြင်းနဲ့ သူ့ရသတ္တိနဲ့ ပြည့်စုံခြင်းတို့ပဲ ဖြစ်ပါတယ်။

စာဖတ်သူတွေအနေနဲ့ သူ့ရဲ့ဝတ္ထုတွေကို ဖတ်ကြည့်တဲ့ အခါမှာ သိလာရမယ့် ဂိုရဲ့ အခြား အရည်အချင်းတွေကိုတော့ ကျွန်တော့်အနေနဲ့ ထုတ်ဖော်ရေးသားခြင်း မပြုလိုတော့ပါဘူး။

စင်ကာပူနိုင်ငံသား စစ်စစ်ဖြစ်တဲ့ ဂိုဟာ သူ့ရဲ့ ဝတ္ထုတို တွေထဲမှာ ယဉ်ကျေးမှုတွေကို အနှစ်ထုတ်ယူခြင်း၊ နှိုင်းယှဉ် ခြင်းနဲ့ ဆက်စပ်ပေးခြင်းတွေ ပြုလုပ်ထားတာ တွေ့ရပါတယ်။

**'သံသရာ'** အမည်ရှိ ဝတ္ထုတိုဟာ ကျွန်တော်တို့ နိုင်ငံ အတွက် မရှိမဖြစ် လိုအပ်နေတဲ့ အခြားသူတွေရဲ့ ယဉ်ကျေးမှု တွေကို သိဖို့လိုတယ် ဆိုတဲ့ အချက်တစ်ခုပေါ်မှာ အခြေခံ ထားတာ တွေ့ရတယ်။ အခြားလူတွေရဲ့ ယဉ်ကျေးမှုတွေကို သိဖို့လိုတယ် ဆိုရာမှာ တကယ်တော့ အဆိုပါ ယဉ်ကျေးမှု တွေကို သိရှိထားရင် ကောင်းတယ် ဆိုတဲ့ သဘောမျှလောက် သာ မဟုတ်ပါဘူး။

ယဉ်ကျေးမှု တစ်ခုနဲ့တစ်ခု မတူ ကွဲပြားကြသူတွေ အကြားမှာ ဘုံတူညီမှု လက္ခဏာတွေ ရှာဖွေကြဖို့ပဲ ဖြစ်ပါ တယ်။

ဘဝတွေအားလုံးဟာ ချားရဟတ်ပမာ မရပ်မနား လှည့်လည်နေခြင်းလို့ အဓိပ္ပာယ်ရတဲ့ သံသရာ ဝဲဩဃထဲမှာ ဖြစ်ပေါ်နေခြင်းပဲ ဖြစ်တယ်။

ထို အဓိပ္ပာယ်အရဆိုရင် **'သံသရာ'** ဟာ ကျွန်တော့်ရဲ့ ခရစ်ယာန် ဘာသာယုံကြည်မှုနဲ့လည်း ကိုက်ညီတယ်လို့ ဂိုစင်တပ်က ကြေညာခဲ့ပါတယ်။

**'ရှက်မိပါသည်'** (Two Women - One Prejudice) ဆိုတဲ့ ဝတ္ထုရဲ့ ပထမပိုင်းကို ဖတ်မိတဲ့ သက်ကြီးပိုင်း စာဖတ်ပရိသတ် **အနေနဲ့** ထိုဝတ္ထုထဲက ဂိုရဲ့ရင်ထဲမှာ အမျိုးသားစိတ်ဓာတ်တွေ **ကို ခံစားမိရာကနေ** ပေါ်ပေါက်ခဲ့တဲ့ ဒေါမနဿတရားကို **နားလည်သဘောပေါက်ကြမှာ** ဖြစ်ပါတယ်။

ဒါ့အပြင် စာဖတ်သူ**အနေနဲ့** ကိုယ်ကိုယ်တိုင် ရှုံးနိမ့်သွား ခဲ့တဲ့ ကျောင်းဘင်ခရာတီးဝိုင်းမှာ ပါဝင်နေသလို စိတ်ကို နှစ်မထားဘဲနဲ့တော့ **'ဂုဏ်သိက္ခာရှိစွာ ရှုံးနိမ့်ခြင်း'** (A Kind of Wining) ဆိုတဲ့ ဝတ္ထုကို အပြည့်အဝ ခံစားနိုင်မှာ မဟုတ် ပါဘူး။

ယခု ဝတ္ထုတိုတွေဟာလည်း အခြား ဝတ္ထုတွေလိုပဲ ယင်းတို့ ကြိုက်နှစ်သက်သလို ပြဿနာမှုတွေ ပြုလုပ်ပါတယ်။ ဂိုရဲ့ ဝတ္ထုတိုတွေဟာ ပြဿနာချက် (သတင်းပေးချက်) တွေကို

ပေးရာမှာ ငြိမ်သက်ပြီး သွယ်ဝိုက်ကာ သိပ်သိပ်သည်းသည်း သိမ်သိမ်မွေ့မွေ့ ပေးတာကို တွေ့မြင်ရပါတယ်။

ဂိုဟာ သူ့ရဲ့ ဝတ္ထုတိုတွေထဲမှာ စိတ်ဓာတ်ကျင့်ဝတ်တွေကို အခိုင်အမာ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒါပေမဲ့ များသောအားဖြင့်ကတော့ အဆိုပါ ဖော်ပြချက်တွေကို စာဖတ်သူကိုယ်တိုင်က ရှာဖွေရယူနိုင်ဖို့ လိုပါတယ်။

ဂိုဟာ သူ့ရဲ့ဝတ္ထုတွေနဲ့ ပတ်သက်ပြီး အမှာစာရေးရာမှာ သိပ်ကို နှိမ်ချပြီး ရေးခဲ့တယ်။ သူက ကျွန်တော့်ရဲ့ ဝတ္ထုတွေဟာ ကျွန်တော်တို့ ခေတ်ရဲ့ အရေးပါတဲ့ ကာလတွေမှာ နေထိုင်ခဲ့ရတဲ့ ပိုးမွှား အကောင်ငယ်လေး တစ်ကောင်ရဲ့ မျက်လုံးကနေ တွေ့မြင်ရတဲ့ တောက်ပနေတဲ့ မြင်ကွင်းကို ဖော်ပြတဲ့ သဘောသဘာဝမျိုးနဲ့ ရေးသားဖော်ပြထားတာ ဖြစ်တယ်။

ကျွန်တော့်အနေနဲ့ ယခုဝတ္ထုတိုတွေကို အတိတ်ကာလရဲ့ ကြေးမုံပြင် တစ်ရပ်သဖွယ် ဖော်ပြခြင်းမဟုတ်ဘဲ မှန်ကူကွက်တွေထဲက ထွက်ပေါ်လာတဲ့ ရောင်ပြန်ပုံရိပ်တွေ အဖြစ်သာ ဖော်ပြထားခြင်းပါ။

ကျွန်တော် ရေးသားပြုစုထားတဲ့ **'ဝမ်း စင်ကာပူ' (One Singapore)** ဟာ စင်ကာပူနိုင်ငံသား တစ်ယောက်က သူ့ခေတ်သူ့ကာလမှာ တွေ့ကြုံ ဖြတ်သန်းခဲ့ရတဲ့ ဖြစ်ရပ်တွေကို ရေးသားကာ စုပေါင်းတင်ပြထားတာပဲ ဖြစ်ပါတယ်လို့ ရေးသားထားပါတယ်။

ဒါပေမဲ့ ပိုးကောင်ငယ်ကလေးဟာ သိပ်ကို ထူးကဲကောင်းမွန်တဲ့ မှတ်ဉာဏ်ရှိသလို အသေးစိတ်တွေကို ကြည့်မြင်နိုင်စွမ်းရှိတဲ့ စူးရှထက်မြက်တဲ့ မျက်လုံးတွေကိုလည်း ပိုင်ဆိုင်သူ ဖြစ်ပါတယ်။ One Singapore မှာ ပါဝင်တဲ့ ဝတ္ထုတွေဟာ ဆယ်စုနှစ်ခုနစ်ခုကြား ကာလအတွင်း ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်တွေကို ထင်ဟပ် ဖော်ပြထားတာ ဖြစ်ပါတယ်။

ဂိုရဲ့လောက အမြင်အရတော့ လူသားဟာ တရားမှန်ကန်တဲ့ ဆုံးဖြတ်ချက်ရဲ့ အခြေခံကို ပေးစွမ်းနိုင်တဲ့ စိတ်ဓာတ်ကျင့်ဝတ် ကောင်းမွန်ပြီး စဉ်းစားတွေးခေါ်မှုရှိတဲ့ သတ္တဝါပဲ ဖြစ်ပါတယ်။ သူ့အနေနဲ့ လူတွေကို လူတွေအဖြစ်သာ မြင်ထားပါတယ်။

ထိုသူတွေဟာ အင်္ဂလိပ်လူမျိုး ဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ မလေး (သို့မဟုတ်) ဂျပန်လူမျိုးတွေ ဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ ယဉ်ကျေးမှုအရာမှာ မတူ ကွဲပြားမှုတွေရှိကြမှာပါ။

ဒါပေမဲ့ ဒီကိစ္စတွေက ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ လူသားတွေရဲ့ ဘုံလက္ခဏာတွေကို မျှဝေရယူကြခြင်းဖြင့် အကောင်းဆုံး ယဉ်ကျေးမှုနဲ့ အမူအကျင့်တွေကို ရရှိကြမှာ ဖြစ်တယ်။

ကဗျာဆရာကြီး တင်နီဆန်ရဲ့စကားနဲ့ ပြောရရင်တော့ ဒီနည်းလမ်းနဲ့သာ ကျွန်တော်တို့ဟာ အရာဝတ္ထုအားလုံးရဲ့ အမိုးနဲ့ သရဖူ အဖြစ်သို့ ရောက်ရှိလာကြမှာ ဖြစ်ပါတယ်။

စင်ကာပူ နိုင်ငံသားတစ်ဦး ရေးသားတဲ့ One Singapore ဟာ ဖတ်ရှုရတာ နှစ်သက်ကျေနပ်စရာ ကောင်းတဲ့ စာအုပ်တစ်အုပ်ပဲ ဖြစ်တယ်။ One Singapore က ကျွန်တော်တို့ရဲ့ အတိတ်ကာလဖြစ်ရပ်တွေ၊ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ကြွယ်ကြွယ်ဝဝကြီး တင်ပြထားပါတယ်။ ဒီအချက်ကြောင့် ကျွန်တော်တို့ဟာ ပျော်ရွှင် ကြည်နူးနေကြရပါတယ်။

**အက်ဒဝင်သမ်ဘူး**

# ပါဝါကျဆုံးခြင်း

ရုပ်မြင်သံကြားက ညဥ့်နက်ပိုင်းမှာ ပြသနေတဲ့ ရုပ်ရှင်ဟာ ရုတ်တရက်ဆိုသလို ရပ်သွားပါတယ်။ ထိုဖြစ်ရပ်နဲ့ တစ်ချိန်တည်းမှာပဲ မီးတွေအားလုံးဟာ ပြတ်တောက်သွားခဲ့တယ်။ အာတန်ရဲ့နှုတ်မှ ကျိန်ဆဲသံ ထွက်ပေါ်လာတယ်။ သည့်နောက် သူဟာ အပြင်ဘက်ကို စမ်းတဝါးဝါးနဲ့ ထွက်ခဲ့တယ်။

အာတန်နေထိုင်ရာ ရပ်ကွက်တစ်ခုလုံးဟာ မှောင်အတိကျလို့ နေပါတယ်။ သို့ပေမဲ့ အနီးအနားရပ်ကွက်တွေရှိ အဆောက်အအုံတွေက ထွက်လာတဲ့ မီးရောင်အချို့ကို လှမ်းမြင်နေရတယ်။

ဒါဟာ အာတန်နေထိုင်ရာ ရပ်ကွက်မှာ မီးပျက်သွားတာပဲ ဖြစ်ပါတယ်။ သည် မီးပျက်မှုဟာ ခဏတာပဲ ဖြစ်ပါစေလို့ အာတန် ကြိတ်ပြီး ဆုတောင်းနေမိတယ်။ သို့ပေမဲ့ မီးကတော့ ပြန်မလာတော့ပါဘူး။

အာတန်ဟာ နှုတ်မှ 'အို . . မိုးနတ်မင်း . . သင်ဟာ ဘာကြောင့်များ ကျုပ်ကိုချည်း ဒုက္ခပေးနေရတာလဲ။ ဘာကြောင့်များ ကျုပ်ကျမှ အမျိုးမျိုး လာဖြစ်နေရတာလဲ' လို့ ရေရွတ်ရင်း ညည်းညူလိုက်ပါတယ်။

အာတန်ဟာ သူ့အခန်းထဲမှာ တစ်ကိုယ်တည်း ရှိနေပါတယ်။ သူ့ရဲ့ သမီးဖြစ်သူ လူစီနဲ့ သူမရဲ့ မိသားစုတို့ဟာ မလေးရှားနိုင်ငံကို ထွက်သွားကြတာ အတော်လေး ကြာပါပြီ။ ပထမတော့ အာတန်ကိုယ်တိုင်ဟာလည်း သမီးတို့ မိသားစုနဲ့အတူ မလေးရှားကို လိုက်သွားဖို့ စီစဉ်ခဲ့တာပါ။ နောက်ဆုံးအချိန် ရောက်မှ သူဟာ ကားစီးရမယ့် အဖြစ်ကို တွေးပြီး မလေးရှားကို လိုက်မသွား တော့ပါဘူး။

သို့ပေမဲ့ လူစီတို့ မိသားစုဟာ အာတန်ကို အဖော်ပြုဖို့ တစ်ယောက် တလေတောင် မနေရစ်ခဲ့ကြဘဲ မလေးရှားကို တပျော်တပါးကြီးသွားခဲ့ကြတယ်။

အခုတော့ အာတန်ဟာ မှောင်အတိပြီးနေတဲ့ အခန်းထဲမှာ တစ်ကိုယ်တည်းပဲ အထီးကျန်စွာ ရှိနေပါတယ်။ အိမ်မှာရှိတဲ့ လက်နှိပ်ဓာတ်မီးတွေ ဖယောင်းတိုင်တွေကို သူ့မိသားစုဝင်တွေ ဘယ်မှာထားခဲ့ကြတယ်ဆိုတာ သူ မသိပါဘူး။ အာတန်ဟာ သူ့သမီးမိသားစု ရှိတုန်းကဆိုရင် သူ့ ဝေယျာဝစ္စ မှန်သမျှ သူတို့ကိုသာ လုပ်စေခဲ့ပြီး သူကတော့ ခြေမချိုး လက်မချိုးဘဲ နေခဲ့တာပါ။

အဲဒီတုန်းမှာပဲ အာတန်ဟာ လူသံသူသံတွေကို ကြားလာရတယ်။ သူဟာ လသာဆောင်ဘက်ကို စမ်းတဝါးဝါးနဲ့ ထွက်ခဲ့တယ်။ သူ့ရဲ့ ခန္ဓာကိုယ်က ကောင်းကောင်း လှုပ်ရှားနိုင်ပေမယ့် သူ့ရဲ့ မျက်လုံးတွေကတော့ မီးရောင်မရှိရင် သဲသဲကွဲကွဲ မြင်နိုင်စွမ်းမရှိပါဘူး။

သည်နေ့ဟာ တစ်နှစ်တာရဲ့ နောက်ဆုံးနေ့ ဖြစ်ပါတယ်။ ဒါ့ကြောင့် အောက်ထပ်မှာ လူအနည်းအကျဉ်းလောက်သာ ရှိပြီး အလင်းရောင်ကို ဟိုတစ်ကွက် ဒီတစ်ကွက်သာ တွေ့ရတယ်။ အချိန်ကတော့ နံနက်နှစ်နာရီ ရှိပါပြီ။ အာတန်နေထိုင်ရာ အဆောက်အအုံမှာ နေကြသူတွေထဲက ခပ်များများဟာ နှစ်ကုန် အားလပ်ရက်အတွင်း ခရီးထွက်လျက် ရှိကြပါတယ်။

အခုအခါမှာတော့ အာတန်ဟာ အမှောင်ထဲမှာ နေရတာကို ကျင့်သားရစ ပြုလာပါပြီ။ သူဟာ အခန်းထဲပြန်ဝင်ပြီး ဆိုဖာပေါ်မှာ ထိုင်ချလိုက်တယ်။ သည်တော့မှပဲ သူ့ရဲ့အတွေးတွေဟာ သူ ခံစားနေရတဲ့ ဒုက္ခတွေဆီကို ပြန်ရောက်လာတယ်။ အာတန်ဟာ သူ့ခန္ဓာကိုယ်ပေါ်မှာ လတ်တလော ခံစားနေရတဲ့ နာကျင်ကိုက်ခဲမှုတွေနဲ့ ပတ်သက်လို့ရော ဘဝတစ်လျှောက်လုံး ကြုံတွေ့ခဲ့ရတဲ့ ဆိုးရွားလှတဲ့ကံကြမ္မာနဲ့ ပတ်သက်လို့ပါ စဉ်းစားလာမိပါတယ်။

တကယ်တော့ အာတန်ရဲ့အသက်ဟာ ခုမှ ၅၆နှစ်သာ ရှိပါသေးတယ်။ သို့ပေမဲ့ သူ့ရဲ့ခံစားမှုတွေကတော့ အသက် ၈၀ အဘိုးကြီးတစ်ယောက်အတိုင်း ပါပဲ။

သူဟာ စီးပွားရေးဘက်မှာလည်း ကံဆိုးမိုးမှောင်ကျခဲ့သူလို့ ကိုယ့်ကိုယ်ကိုယ် ယူဆထားသူပါ။ ဒါ့အပြင် သူ့ရဲ့ အစာအိမ်ရောဂါဟာ တစ်နေ့တခြား ဆိုးရွားလာနေပြီး ကြွက်သားတွေ၊ အရိုးအဆစ်တွေကလည်း နာကျင်နေတဲ့ အပြင် ဆီးကျိတ်ကလည်း ဒုက္ခပေးနေတယ်လို့ ခံစားလျက် ရှိနေသူပါ။

အာတန်ရဲ့ ခံစားမှုဝေဒနာတွေထဲမှာ အဆိုးဆုံးက သူ့ရဲ့သားသမီးတွေက သူ့ကို ဂရုမစိုက်ကြဘူးဆိုတဲ့ ခံစားမှုပါပဲ။ နောက်ဆုံး ဖြစ်ရပ်တစ်ခုကိုပဲ ကြည့်ဦး၊ သူ့အပေါ် အတော်အတန် ဂရုစိုက်မှုရှိတဲ့ သမီးဖြစ်သူ လူစီဆိုရင် သူ ခံစားနေ

ရတာတွေကို ဖွင့်ပြောမိတာနဲ့ သူ့အနားက ဆောင့်ကြီးအောင့်ကြီး ထွက်သွားခဲ့တယ်။

တကယ်တော့ အာတန်ရဲ့ဘဝတစ်ခုလုံးဟာ ဆိုးဆိုးရွားရွားကို စွမ်းအားတွေ ကုန်ခန်းလျက် ရှိနေတဲ့ အိုမင်းမစွမ်းဘဝပဲပေါ့။

အဲဒီခဏမှာပဲ အာတန်ရဲ့ခေါင်းထဲကို အတွေးတစ်ခု ဝင်လာပါတယ်။ အာတန်ဟာ သားဖြစ်သူထံ တယ်လီဖုန်း ကောက်ဆက်လိုက်တယ်။ သားဖြစ်သူကို သူ့ဆီလာခဲ့ဖို့ ခေါ်လိုက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ဆက်လိုက်တာပါ။ တစ်ဖက်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်သူကတော့ အာတန်ရဲ့ချွေးမ စူစီပါပဲ။

အာတန်က နေအိမ်မှာ မီးတွေ ပျက်နေတဲ့အတွက် သားဖြစ်သူကို လွှတ်လိုက်ဖို့ စူစီကို ဖုန်းထဲက ပြောလိုက်ပါတယ်။ သည်အခါမှာ သူ့ရဲ့ ချွေးမ စူစီက 'ဘာရယ် မီးတွေပျက်နေလို့ ဟုတ်လား၊ မီးပျက်တာကို ဦးလေးရဲ့သားက ဘာလုပ်နိုင်မှာလဲ၊ အခု သူလည်း မရှိဘူး၊ ညဆိုင်း အလုပ်ဆင်းနေတယ်၊ ကဲ . . ကဲ အိပ်ပါတော့၊ တစ်ဖက်သားကို အနှောင့်အယှက်မပေးပါနဲ့၊ ကျွန်မတို့က နောက်နေ့ အလုပ်ဆင်းရဦးမှာ၊ အဲဒီတော့ အိပ်ရေးဝဖို့ လိုတယ်' လို့ ပြောပြီး ဒေါကြီးမောကြီးနဲ့ ဖုန်းချသွားပါတယ်။

ပြီးတော့ စူစီက သူ့ကို 'ကိုယ်ချင်းစာတရားမရှိတဲ့ တစ်ကိုယ်ကောင်းဆန်သူ အဘိုးကြီး' လို့လည်း ပြောသွားပါသေးတယ်။

အာတန်ဟာ ချွေးမဖြစ်သူရဲ့ စကားတွေကြောင့် အကြီးအကျယ် ဒေါသထွက်ခဲ့ပါတယ်။ သည့်နောက် သူဟာ သားသမီးဝတ္တရား မကျေပွန်တဲ့ စူစီကို စိတ်ထဲကနေ ကျိန်ဆဲနေခဲ့တယ်။ 'ဒင်းလည်း တစ်နေ့ အိုဦးမှာပဲ၊ အဲဒီအခါကျမှ သူ့ရဲ့ သားသမီးတွေက အခု ငါ့ကိုပစ်ထားသလိုပဲ သူ့ကိုလည်း ပစ်ထားကြပါစေ၊ စူစီဆိုတဲ့ ဟာမ အသက်ကြီးလာရင် ပြုစုစောင့်ရှောက်မယ့်သူမရှိဘဲ တစ်ကိုယ်တည်း ချေးသေးအလိမ်းလိမ်းနဲ့ သေမယ့်ဟာမ' စသည်ဖြင့် စိတ်ထဲကနေ ကျိန်ဆဲနေခဲ့တယ်။

သည့်နောက် အာတန်ရဲ့ အခန်းအပြင်ဘက်က ခြေသံအချို့ ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပဲ တံခါးခေါက်သံ ပေါ်ထွက်လာပါတယ်။ တံခါးဖွင့်လိုက်ချိန်မှာတော့ သူရဲ့အခန်းတံခါးဝမှာ လက်နှိပ်ဓာတ်မီးတစ်လက် ကိုင်ပြီး ရပ်နေတဲ့ လူတစ်ယောက်ကို တွေ့ရတယ်။ အဲဒီလူက 'မီးပျက်တာဟာ အဆောက်အအုံရဲ့ ပင်မဓာတ်အားရုံမှာသာမက အနီးအနားမှာရှိတဲ့ လျှပ်စစ်ဓာတ်အားပေးစက်မှာပါ ချို့ယွင်းနေတာကြောင့် ဖြစ်တယ်လို့ ပြောပါတယ်။

ဒါ့အပြင် အဲဒီလူက အချိန်မရွေး မီးလောင်နိုင်တဲ့အတွက် နွေးနွေးထွေးထွေး ဝတ်ပြီး တိုက်အောက်ကို အမြန်ဆင်းဖို့ ပြောပါတယ်။ သည့်နောက် လက်နှိပ်ဓာတ်မီးနဲ့လူဟာ အခြားလူတွေကို သတိပေးဖို့ သုတ်သီးသုတ်ပျာနဲ့ ထွက်သွားပါတယ်။

ဒီအခါမှာ အာတန်က 'ဟော့. . ဟော့. . ဒီမှာ ငါဟာ နေမကောင်းဖြစ်နေတဲ့ အဘိုးကြီးပါကွာ၊ ဒီနားလာပါဦး၊ ထွက်မသွားပါနဲ့၊ ငါ့ကိုကူညီစမ်းပါဦး' လို့ တရစပ် ပြောလိုက်တယ်။

သို့ပေမဲ့. . . အဲဒီသူက 'ပူမနေပါနဲ့ဗျာ၊ တိုက်အောက်ရောက်ဖို့ ခင်ဗျား အနေနဲ့ သုံးလွှာပဲဆင်းရမှာပါ၊ ခင်ဗျား ဆင်းနိုင်ပါတယ်၊ အဲ. . . သိပ်ကြောက်နေရင်လည်း ခဏစောင့်နေ၊ ကျွန်တော် ပြန်လာခဲ့မယ်၊ အပေါ်ထပ်က လူတွေကို သွားသတိပေးရဦးမယ်။ ဒါထက် ခင်ဗျား ကိုယ့်ဟာကိုယ် ကြိုးစားပြီး ဖြည်းဖြည်းချင်း ဆင်းကြည့်ပါလားဗျာ' လို့ ပြောပြီး ထွက်ခွာသွားတယ်။

အဲဒီခဏမှာပဲ အာတန်ဟာ သူ့ရဲ့ခြေထောက်တွေ အားနည်းလာသလို ခံစားလာရတယ်။ တကယ်တော့ သူဟာ အခြားသူတစ်ဦးဦးထံက အကူအညီ တောင်းပြီးတိုင်းမှာ အခုလို ခံစားရတတ်တာပါ။ သူဟာ လှေကားဘေးက သူ့အခန်းရဲ့ တံခါးဝမှာ ရပ်နေပါတယ်။

ခဏ အကြာမှာတော့ အပေါ်ထပ်ကနေ လှေကားအတိုင်း တစ်စုံတစ်ယောက် ဆင်းလာတဲ့အသံကို သူ ကြားရတယ်။ မှောင်ကြီးမည်းကြီးထဲမှာ တကယ့်ကို ယုံကြည်မှုအပြည့်နဲ့ ဆင်းလာတဲ့ ခြေသံပါပဲ။ ဘယ်သူဘယ်ဝါဆိုတာကိုတော့ အာတန် မသိပါဘူး။

အာတန်က အဲဒီလူကိုလှမ်းခေါ်လိုက်တယ်။

'ကယ်ပါဦးဗျာ၊ ကျွန်တော့်မှာ အကူအညီလိုနေလို့ပါ၊ ကျွန်တော်ဟာ သိပ်ကို နေမကောင်းဖြစ်နေတဲ့ အဘိုးကြီးတစ်ယောက်ပါဗျာ'

သူရဲ့စကားသံကြောင့် အပေါ်ထပ်က ဆင်းလာတဲ့သူဟာ ရပ်တန့်သွားတယ်။ 'ခင်ဗျား လမ်းလျှောက်နိုင်သလား' လို့ အဲဒီလူက မေးလိုက်ပါတယ်။ တကယ်တော့ အာတန်ဟာ မိမိလမ်းလျှောက်နိုင်ကြောင်း သူ့ကိုယ်သူ သိပါတယ်။ သို့ပေမဲ့ သူ့ကို ချီပိုးပြီး ခေါ်သွားမယ့်လူ တွေ့ရမှတော့ ဘာကြောင့် လမ်းလျှောက်တော့မှာလဲ။

'ခင်ဗျား ကျုပ်ကို သယ်ပိုးသွားပါလားဗျာ'

အာတန်က သူ့ရဲ့ လေသံကို အတတ်နိုင်ဆုံး အင်အားချည့်နဲ့နေတဲ့ လေသံမျိုး ဖန်တီးပြီး ပြောလိုက်ပါတယ်။

'ခင်ဗျားကို သယ်ပိုးသွားရမယ်'

'ဟုတ်ကဲ့၊ ကျောပိုးပြီး ခေါ်ပါလားဗျာ'

ထိုသူက သက်ပြင်းတစ်ချက် ချလိုက်တယ်။ ပြီးတော့ သူရဲ့ ခါးကို ကုန်းပေးလိုက်တယ်။ အဲဒီသူဟာ အာတန်ကို ကျောပိုးရင်း လှေကား တစ်လျှောက် ကြိုးစားပမ်းစား ဆင်းလာခဲ့တယ်။ သူ့ခန္ဓာကိုယ်ပုံပန်းဟာ အာတန်အတွက် ရင်းနှီးနေသလိုတော့ ရှိပါတယ်။ သို့ပေမဲ့ မှောင်ထဲမှာ ဆိုတော့ ဘယ်သူဘယ်ဝါဆိုတာကို ခွဲခြားနိုင်စွမ်း မရှိပါဘူး။

လှေကားရဲ့နေရာအချို့ဟာ အတော့်ကို မှောင်မိုက်လှပါတယ်။ အာတန် အဖို့ ဘာတစ်ခုမှ မမြင်နိုင်အောင် ရှိနေခဲ့တယ်။ သို့ပေမဲ့ သူ့ကို ကုန်းပိုးပြီး အောက်ဆင်းနေသူကတော့ အမှောင်ထဲမှာလည်း အလင်းရောင်အောက်မှာ မြင်နေရသလို မြင်နိုင်ပုံရပါတယ်။

'သတိထားဆင်းနော်၊ သိပ်မလောနဲ့' လို့ အာတန်က သတိပေးလိုက် တယ်။ ပြီးတော့ 'ခင်ဗျား မြင်ရရဲ့လား မမြင်ရဘူးလား' လို့ မေးလိုက်ပြန် တယ်။ ဒီအခါမှာ သူ့ကို ကျောပိုးထားသူက ရယ်လိုက်ပါတယ်။ 'အမှန်ကို ပြောရရင်တော့ ကျုပ်ဟာ ဘာကိုမှ မြင်ရတဲ့သူ မဟုတ်ဘူးဗျို့' လို့ ဖြေပါတယ်။

အဲဒီသူရဲ့အဖြေကြောင့် အာတန် စိတ်တိုသွားတယ်။ 'ဒါဟာ ကောက်ကျစ် စဉ်းလဲတဲ့ ဟာသတစ်ခုပေါ့၊ လူတိုင်းလူတိုင်းဟာ ဒီလိုချည်းပါပဲ၊ ကိုယ့်ရဲ့ သားသမီးတွေက စပြီး တစ်ကမ္ဘာလုံးမှာ ရှိရှိသမျှလူတွေဟာ ယုတ်မာ ကောက်ကျစ်ကြပါလားလို့' အာတန်ရဲ့စိတ်ထဲက တွေးလိုက်မိတယ်။

အာတန်ဟာ သူ မမြင်ရသေးတဲ့လူရဲ့ ကျောပေါ်ကနေ ထိုင်လိုက်လာရင်း နဲ့ လှေကားခြေရင်းကို ရောက်ခဲ့တယ်။ လှေကားဆီကို မော်တော်ကားအချို့က မီးတွေထိုးပြထားပါတယ်။ အာတန်ဟာ ကျောပေါ်က မဆင်းသေးဘဲ ဗင်ကား တစ်စီးဆီကို လက်ညှိုးညွှန်ပြပြီး 'ဟိုနေရာကို သွားစမ်း၊ ကျုပ်ကို အဲဒီနေရာ ကို ပို့ပေးစမ်းဗျာ' လို့ ပြောလိုက်တယ်။

'ဘယ်နေရာကိုလဲဗျာ'

'ခင်ဗျား အတော်တုံးတဲ့ သူပဲ၊ ကျုပ်လက်ညှိုးကို မမြင်ဘူးလား၊ တည့်တည့် ဆက်သွား'

အာတန်က သူ့ကို ကျောပိုးထားသူကို ကြိမ်းလိုက်ပါတယ်။

'ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဝမ်းနည်းပါတယ်ဗျာ'

ထိုသူက သူ့ကို ကျောပိုးရင်း ရှေ့ဆက်သွားပါတယ်။ ဒီအခါမှာ လူတစ်စု သူတို့ဘေးကို ဝိုင်းအုံလာကြတယ်။ ဓာတ်ပုံဆရာတစ်ယောက်က ကျောပေါ်က

မဆင်းသေးတဲ့ အာတန်နဲ့ သူ့ကို ကျော်ပိုးထားကာ ကယ်တင်လာသူတို့ကို ဓာတ်ပုံတွေ ရိုက်ယူနေပါတယ်။ စိုးရိမ်တဲ့လေသံနဲ့ တီးတိုးပြောကြတဲ့ စကားသံတွေ လူအုပ်ထဲက ထွက်ပေါ်လာတယ်။ အဲဒီနောက် အနီးအနားမှာ စုဝေးနေတဲ့ လူတွေအားလုံးက လက်ခုပ်သြဘာ တီးကြပါတယ်။

ဒီအခါမှာတော့ အာတန်ရဲ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားခဲ့တယ်။လူတွေက သူ့ကို မှတ်မိလို့လား၊ ဒါမှမဟုတ် သူ့ရဲ့ ကယ်တင်ရှင်ကိုပဲ မှတ်မိနေကြလို့လား။ ဓာတ်ပုံသမားကလည်း တဖျပ်ဖျပ်နဲ့ ဓာတ်ပုံတွေ ထပ်ရိုက်နေတယ်။ ကျော်ပိုးလာသူက အာတန်ကို အောက်ချလိုက်ပါတယ်။ အာတန်ဟာ သူ့ကို ကျော်ပိုးပြီး တိုက်အောက်အထိ သယ်ဆောင်လာသူရဲ့ မျက်နှာကို အနီးကပ် တွေ့လိုက်ရချိန်မှာတော့ အကြီးအကျယ် တုန်လှုပ်သွားပါတော့တယ်။

သူ့ကို ကျော်ပိုးပြီး ကယ်တင်လာသူဟာ မျက်စိနှစ်ကွင်းစလုံး လုံးဝ ကွယ်နေတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ တကယ်တော့ အဲဒီသူဟာ သူ့ထက် အသက် ၁၀ နှစ် ကြီးတဲ့ အိမ်နီးချင်းတစ်ဦးပါ။

ဒီအချိန်မှာပဲ တိုးတိုးတိတ်တိတ် ကြိတ်ရယ်နေတဲ့ ရယ်သံအချို့ကို အာတန် ကြားလာရတယ်။ သူတို့တွေဟာ အာတန်ကို လှောင်ရယ် ရယ်နေကြတာပါ။ အာတန်ဟာ သူရဲ့စိတ်ထဲမှာ စိုးရိမ် ပူပန်နေမှုတွေကလည်း ဗလောင်ဆူလို့ နေပါတယ်။

အာတန်ဟာ သူ့ရဲ့ စွမ်းအင်ကျဆုံးမှုနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေကို သူ့ရဲ့ အိမ်နီးနားချင်းတွေ၊ သူ့သားသမီးတွေနဲ့ လူတိုင်းရဲ့ ပါးစပ်ဖျားက ပြောကြတော့မှာပဲ ဆိုတာကို သဘောပေါက်လာခဲ့တယ်။ တကယ်လို့များ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ခဲ့တဲ့ ဓာတ်ပုံဆရာဟာ နာမည်ကြီး သတင်းစာတစ်စောင်က သတင်းထောက် ဖြစ်ခဲ့ရင်တော့ ကိုယ့်ရဲ့ ပါဝါကျဆုံးမှု အကြောင်းကို စင်ကာပူတစ်နိုင်ငံလုံး သိကုန်ကြမှာကို အာတန်တစ်ယောက် တွေးတောရင်း ဇောချွေးတွေ ပြန်နေမိတယ်။

*

# မိန်းမမာယာ သဲကိုးဖြာ

**ကျွန်တော်** တရားရုံးခန်းမထဲကို ဝင်လိုက်တာနဲ့ ဘန်ဂွန်း (အားလုံး မတ်တပ်ရပ်ကြ)လို့ **အော်လိုက်တဲ့** စာရေးကြီးရဲ့ အောင်မြင်လှတဲ့ အသံ ပေါ်ထွက်လာတယ်။ အဲဒီ အော်သံဟာ ကျွန်တော့်အတွက် သိပ်ကို နားဝင်ပီယံ ရှိလှတဲ့ အသံပါ။

ကျွန်တော်ဟာ စင်ကာပူနိုင်ငံ အုပ်ချုပ်ရေးဝန်ထမ်းအဖွဲ့ (SAS) ရဲ့ အရာရှိပေါက်စအဖြစ်နဲ့ ဝါဏိဇ္ဇပဋိပက္ခတရားရုံးမှာ တရားသူကြီးအဖြစ် တာဝန်ချထားခံခဲ့ရပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ဝိဇ္ဇာဘွဲ့ရတစ်ဦးသာဖြစ်ပြီး ဥပဒေဘာသာရပ်ကို မသင်ကြားခဲ့ရဖူးပါဘူး။

သို့ပေမဲ့ ကျွန်တော်ဟာ ရုံးတစ်ရုံး၊ ဓားတစ်စင်းနဲ့ တရားသူကြီး လုပ်ရတဲ့အဖြစ်ကို အဲဒီတုန်းက သိပ်ကို ကျေနပ်နှစ်သက်ခဲ့မိပါတယ်။ ကျွန်တော်ရဲ့ အလုပ်တာဝန်ကတော့ အောက်ရုံးတရားသူကြီးတစ်ယောက်ရဲ့ တာဝန်အဆင့်နဲ့ ညီမျှပါတယ်။

ကျွန်တော်ဟာ အလုပ်သမားတွေက မိမိတို့ အလုပ်ရှင်တွေအပေါ် တိုင်တန်း စွဲဆိုတဲ့အမှုတွေကို ကြားနာစစ်ဆေးရသူပါ။ ကျွန်တော်ဟာ သူတို့ရဲ့ အပြန်အလှန်ပြောဆိုချက်တွေ၊ အထောက်အထား တင်ပြချက်တွေကို ကြားနာပြီး ဆုံးဖြတ်ချက် ချရပါတယ်။

တကယ်လို့ ကျွန်တော့်အနေနဲ့ ဥပဒေရေးရာ ကိစ္စတွေအပေါ် မရှင်းလင်းတဲ့အတွက် ဆုံးဖြတ်ချက်တစ်ခုခုကို မချမှတ်နိုင်ဘူး ဆိုရင်လည်း ပြဿနာမရှိပါဘူး။ နောက်ထပ် ရုံးချိန်းပေးလိုက်ရုံပါပဲ။ ဒီအတွင်းမှာ ကျွန်တော့်အနေနဲ့

အမှုကို ရှေ့နေချုပ်ရုံးမှာရှိတဲ့ တကယ့် ရှေ့နေကြီးတွေဆီ ဝင်ပြပြီး အဆုံး အဖြတ် တောင်းလိုက်ရပါပဲ။

သို့ပေမဲ့ ကျွန်တော်အဖို့ ကံကောင်းချက်ကတော့ ရုံးကိုရောက်လာတဲ့ အမှု အများစုဟာ ရိုးစင်းပြီး ကျွန်တော့်ဘာသာ ဆုံးဖြတ်နိုင်တဲ့ အမှုတွေချည်း ဖြစ်နေခြင်းပါပဲ။

တချို့က ဆိုကြပါတယ်။ တရားစီရင်မှုဟာ တရားစီရင်ခံရသူတွေကို အသိ အလိမ္မာ တိုးတက်စေတယ်တဲ့။ သို့ပေမဲ့ ကျွန်တော့်အမြင်မှာတော့ တရား စီရင်ခံရသူတွေဟာ ပိုမိုခေါင်းမာလာတတ်ပြီး ပိုမို အားအင်ပြည့်ဖြိုးလာကြတယ် လို့ပဲ ထင်ပါတယ်။ အသိပညာတွေ တိုးလာသူကတော့ တရားသူကြီးထိုင်ခုံမှာ ထိုင်ရင်း တရားစီရင်မှုတွေ ပြုလုပ်ခဲ့တဲ့ ကျွန်တော်ပါပဲ။

ကျွန်တော်ဟာ တရားသူကြီးလုပ်သက် ကြာလာတဲ့အခါမှာတော့ ဆဋ္ဌမ အာရုံ ရလာသလိုပါပဲ။ လူတွေကို ကြည့်လိုက်တာနဲ့ ဘယ်သူက လူကောင်း ဘယ်သူက လူဆိုးဆိုတာရယ်၊ ဘယ်သူက အမှန်ကို ပြောပြီး ဘယ်သူကတော့ လိမ်နေတာပဲ ဆိုတာတွေကို ခွဲခြားသိလာတယ်။

ဒါ့အပြင် ကျွန်တော်ဟာ လူတစ်ယောက်ကို ကြည့်လိုက်တာနဲ့ ဒီလူ ဟာ ဘယ်လိုလူစားဖြစ်ပြီး သူ့ရဲ့အမှုကို ဘယ်လို ကိုင်တွယ်ရမလဲဆိုတဲ့ အချက် ကို သိမြင်လာပါတယ်။

ကျွန်တော့်ရဲ့ ရုံးကို ရောက်လာသူ ခေါင်းမာလှတဲ့ အလုပ်ရှင်တွေဟာ သူတို့ရဲ့ အလုပ်သမားတွေနဲ့ ပတ်သက်ပြီး မမှန်မကန် လုပ်ကြံဇာတ်လမ်း တွေကို ပြောဆိုတတ်ကြတယ်။ သို့ပေမဲ့ ကျွန်တော့်လို နတ်မျက်စိရနေသူ တစ်ဦးရှေ့မှာ သူတို့ရဲ့ လန်ကြုတ်ဇာတ်လမ်းဟာ တစ်စစီ ပြိုကွဲသွားရတာ ချည်း ပါပဲ။

ကျွန်တော့် ရှေ့မှောက်ကို ရောက်လာကြတဲ့ လူလည် အလုပ်ရှင်ကြီး တွေဟာ နောက်ဆုံးတော့ ငြိမ်ကျသွားပြီး အလုပ်သမားတွေကို ပေးစရာရှိတဲ့ လျော်ကြေးတွေကို ပေးကြရတာပါပဲ။

တစ်နေ့မှာတော့ ကျွန်တော်ဟာ ဘဝတစ်သက်တာမှာ ပညာတိုးစရာ ဖြစ်ရပ်တစ်ခုနဲ့ ကြုံခဲ့ရတယ်။ အဲဒီနေ့က တရုတ်ကျောင်းသူကလေးတွေ ဝတ်တဲ့ အဖြူရောင်ဝတ်စုံနဲ့ အမျိုးသမီးတစ်ဦး ကျွန်တော့်ရုံးကို ရောက်လာ တယ်။ သူမဟာ ကျွန်တော့်ရှေ့မှောက် ရောက်လာတယ်ဆိုရင်ပဲ တရှုံ့ရှုံ့နဲ့ ငိုပါတော့တယ်။

သူမရဲ့အဖြစ်ကို မြင်လိုက်တာနဲ့ပဲ ကျွန်တော်ဟာ လူမသမာတစ်ဦးဦး ကြောင့် ဒုက္ခရောက်ခဲ့ရရှာတဲ့ မိန်းကလေးတစ်ယောက်ပဲ ဆိုတာ အတပ် သိလိုက်ပါပြီ။

အမျိုးသမီးကလေးဟာ ရင်ကလေး ဖိုကာဖိုကာနဲ့ တသိမ့်သိမ့် ငိုကြွေး ရင်းနဲ့ သူမရဲ့ဇာတ်လမ်းကို ပြောပြရှာပါတယ်။ အမျိုးသမီးဟာ သူမရဲ့ အလုပ်ရှင်က သူမကို မတော်မတရား ပြုမူခဲ့တဲ့အဖြစ်ကို မျက်ရည်စက်လက်နဲ့ ပြောပြခဲ့တယ်။

ဒါ့အပြင် အလုပ်ရှင်က သူမကို ကြိုတင်အသိပေးခြင်း၊ တစ်လစာ လခပေးခြင်းတွေမပြုဘဲ အလုပ်က ထုတ်ခဲ့တယ်လို့ ဆိုပါတယ်။

ကျွန်တော်ဟာ ဝတ္တရားရှိတဲ့အတိုင်း အလုပ်ရှင်က သူမကို ဘယ်လို စော်ကားမော်ကားပြုခဲ့တယ် ဆိုတာနဲ့ ပတ်သက်ပြီး အသေးစိတ် အချက် အလက်တွေကို မေးခဲ့တယ်။ သို့ပေမဲ့ အမျိုးသမီးငယ်ဟာ အလုပ်ရှင်က သူမ ဟပေါ် ဆက်ဆံပြုမူတဲ့ အသေးစိတ်တွေနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြော တော့ဘဲ ငိုလို့သာ နေပါတော့တယ်။

ဒီတော့မှပဲ ကျွန်တော်ဟာ ‘သူမလို အရှက်အကြောက် ကြီးလှတဲ့ မိန်းကလေးမျိုးတွေဟာ ဒီကိစ္စမျိုးကို ဘယ်မှာ ပြောထွက်ပါ့မလဲလေ’ လို့ တွေးမိ လာပြီး ဆက်မမေးတော့ဘဲ သူမရဲ့အမှုကို တရားသဖြင့်ဖြစ်အောင် ဆောင်ရွက် ပေးမယ်လို့ ကတိပေးခဲ့ပါတယ်။

တစ်ချိန်တည်းမှာလည်း ကျွန်တော်ဟာ မိမိရဲ့အလိုကို မလိုက်လျောခဲ့တဲ့ မိန်းကလေးငယ်ကို ဘာမပြောညာမပြော အလုပ်က ထုတ်ပစ်ခဲ့တဲ့ သူမရဲ့ အလုပ်ရှင် စားနေကျ ကြောင်ဖားကြီးကို ဒေါသထွက်လာမိတယ်။

ဒို့နောက် ကျွန်တော်ဟာ ဒီလို သီလကြောင် အလုပ်ရှင်မျိုးတွေရဲ့ လက်အောက်မှာ မရှိဆင်းရဲလို့ အလုပ်လုပ်ကြရတဲ့ အမျိုးသမီးငယ်လေးတွေရဲ့ ဘဝကို ရင်နာစွာနဲ့ ခံစားလာမိတယ်။ ဒီလူယုတ်မာကောင်ကိုတော့ ဘယ်နည်း နဲ့မှ အလွတ်မပေးဘဲ မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမဖို့လည်း သန္နိဋ္ဌာန်ချခဲ့ပါတယ်။

အမှုစစ်ဆေးဖို့ ချိန်းဆိုထားတဲ့နေ့မှာတော့ မိန်းကလေးရဲ့ အလုပ်ရှင်ဟာ ရုံးကိုရောက်လာပါတယ်။ သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကတော့ ကျွန်တော့်ရဲ့ စိတ်ကူး ထဲမှာ ကြိုတင် ပုံဖော်ထားတဲ့ အတိုင်းပါပဲ။

မြန်မာ စာအုပ်များ



ဝတ်ကောင်းစားလှတွေ ဝတ်ဆင်လာတဲ့ အဲဒီသူဟာ ကိုယ့်ကိုကိုယ် ဘယ်လိုပဲ ကရုဏာရှင်ဟန်ဆောင်ထားပေမယ့် မထေမဲ့မြင်စိတ်ဓာတ်နဲ့ အလိုရမ္မက်ကြီးမှုတွေက သူ့ရဲ့မျက်နှာပေါ်မှာ အထင်းသားပေါ်လွင်နေပါတယ်။

သူဟာ ဝဝ ဗိုက်ပူပူ၊ အပြာရောင် ဘောင်းဘီရှည်၊ အပြာရောင် ကုတ်အင်္ကျီနဲ့ အဝါရောင် နက်ကတိုင်လည်စီးတွေကို သပ်ရပ်စွာ ဝတ်ဆင်ထားခဲ့တယ်။

သူ့ရဲ့ ထူလပျစ်နှုတ်ခမ်းတွေကို ရွှေသွားတွေ အားလုံးပေါ်တဲ့အထိ ဖြဲပြပြီး ကျွန်တော့်ကို နှုတ်ဆက်လာပါတယ်။ ပြီးတော့ စိန်လက်စွပ်တွေကြောင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေတဲ့ သူ့ရဲ့လက်ကို ကျွန်တော့်ဆီ ကမ်းပြီး နှုတ်ဆက်ဖို့ ကြိုးစားပါတယ်။

သို့ပေမဲ့ ကျွန်တော်ဟာ ဒီလိုလူမျိုးရဲ့ လက်ကို တုံ့ပြန်နှုတ်ဆက်မှု မပြုခဲ့ပါဘူး။ ဒီ့အတွက် သူဟာ တစ်ချက်ကလေး မျက်နှာမပျက်ဘဲ သူ့ရဲ့ အမည်ကတ်ပြားကို ကျွန်တော့်ဆီ ကမ်းပေးရင်း 'ကျွန်တော်နာမည် မစ္စတာ အိုလီပါ' လို့ ပြောပြီး ကုလားထိုင်မှာ ထိုင်ချလိုက်တယ်။

ဒီအခါမှာ ကျွန်တော်ဟာ မိန်းကလေးရဲ့တိုင်စာကို သူ့ဆီ လှမ်းပေးလိုက်ပြီး 'ဟောဒါက ခင်ဗျား အလုပ်ထုတ်ပစ်ခဲ့တဲ့ အလုပ်သမားဟောင်းတစ်ဦးက ကြိုတင်အကြောင်းကြားမှုမရှိဘဲ အလုပ်ထုတ်ခံခဲ့ရတဲ့အတွက် ခင်ဗျားဆီက လုပ်ခငွေတွေ ရလိုမှုနဲ့ တိုင်ထားတဲ့စာပဲ၊ ကျွန်တော်တို့အနေနဲ့ ခင်ဗျားရဲ့ သဘောထားကို သိချင်ပါတယ်' လို့ ပြောလိုက်တယ်။

အဲဒီသူက ကျွန်တော်ပေးလိုက်တဲ့စာကို ဖတ်နေတုန်း ကျွန်တော်ဟာ သူ့ရဲ့မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ရင်း အကဲခတ်နေခဲ့ပါတယ်။

စာကို ဖတ်နေစဉ်မှာ သူ့ရဲ့မျက်နှာဟာ ဖြူညစ်ညစ်ဖြစ်သွားရာကနေ၊ နီပုပ်ပုပ် ဖြစ်သွားပြန်ပါတယ်။ တကယ်လို့များ စာကိုဖတ်ပြီးတာနဲ့ ဒီလူဟာ အကြီးအကျယ် စိတ်ပျက်သွားမှာပဲလို့ ကျွန်တော့်အနေနဲ့ အဲဒီအချိန်က ကြိုတင်မျှော်လင့်ထားခဲ့မယ် ဆိုရင်တော့ အမှားကြီး မှားသွားမှာပဲ ဖြစ်ပါတယ်။

စာကို ဖတ်ပြီးချိန်မှာတော့ အဲဒီသူဟာ ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပါတယ်။ အဲဒီနောက် အလုပ်သမားဟောင်း ကလေးမအကြောင်းကို မြိန်ရေရှက်ရေ အပုပ်ချ ပြောဆိုပါတော့တယ်။

ကိုဗိုက်ပူက အဆိုပါ မိန်းကလေးဟာ ရမ္မက်ကြီးသူဖြစ်ပြီး အလုပ်ခွင်ထဲမှာ ရှိစဉ်က မိမိက စပြီး အောက်ဆုံးအဆင့် အလုပ်သမားများအထိ

အမျိုးသားအလုပ်သမားတွေ တစ်ယောက်ပြီး တစ်ယောက်ကို ပြည်တည်တည် လုပ်ပြီး မြှူဆွယ်ခဲ့တယ်လို့ ဆိုပါတယ်။

'တစ်ချိန်လုံးပါပဲဗျာ၊ ဟိုလူ့ကို ပရောပရည် လုပ်လိုက်၊ ဒီလူ့ကို ပြည်တည်တည်လုပ်လိုက်နဲ့ လုပ်ခဲ့တာ၊ လူတစ်ယောက်ကို စ ကပ်တော့မယ် ဆိုရင် အဲဒီ လူကို မျက်စိနဲ့စိုက်ကြည့်ပြီး ကြာပေးတော့တာပါပဲ၊ နောက် ခင်ဗျားကို သိပ်ချော သိပ်ခန့်တာပဲလို့ ပြောလိမ့်မယ်၊ ပြီးတော့ အပြင်မှာ နေ့လယ်စာစားဖို့ ချိန်းလိမ့်မယ်၊ နောက်တော့ ခင်ဗျားဆီက ငွေကို ရသမျှ နှိုက်လိမ့်မယ်'

'ပြီးရင် နောက်တစ်ယောက်ဆီ ဦးလှည့်တော့တာပါပဲ၊ ဒီလိုနဲ့ပဲ အဲဒီ မိန်းကလေးတစ်ယောက်အတွက် တစ်ရုံးလုံး ရန်သူတွေ ဖြစ်ကုန်တော့တာပဲဗျို့၊ အဲဒါကြောင့် တစ်နေ့မှာတော့ ကျွန်တော် သူ့ကိုဆုံးမဖို့ ခေါ်တွေ့ခဲ့တယ်၊ ဒီတော့ဗျာ မရွှေစာက ကျွန်တော့်ကိုတောင် ဆွယ်ဖို့ ကြိုးစားသေးတယ်'

'သူ့ရဲ့ မကောင်းတဲ့ အကျင့်စရိုက်ကြောင့် ကျွန်တော် သူ့ကို အလုပ်ထုတ်ခဲ့ တာပဲ၊ အကျင့်စာရိတ္တမကောင်းလို့ အလုပ်ထုတ်ခဲ့ရင် ဥပဒေအရ ကြိုတင် နိုတစ်ပေးဖို့ မလိုဘူး မဟုတ်လားဗျာ'

ကိုဗိုက်ပူဟာ သူ့ကို တိုင်ကြားတဲ့ မိန်းကလေးရဲ့ မကောင်းကြောင်းတွေကို လေရှည်ကြီးနဲ့ ရှင်းပြခဲ့ပြီးနောက်မှာတော့ သူ့ရဲ့ထူလပျစ် နှုတ်ခမ်းကြီးကို လျှာနဲ့ သပ်ရင်း ပြုံးဖြီးဖြီးကြီး လုပ်နေပါတယ်။

သည်အခါမှာ ကျွန်တော်က 'တိုင်စာ ပို့ထားတဲ့ မိန်းကလေးဆီက ကျုပ် ကြားထားတဲ့ အချက်တွေကတော့ ခင်ဗျားပြောတာတွေနဲ့ တခြားစီပဲ၊ အားလုံး ခြုံငုံ သုံးသပ်ကြည့်တဲ့အခါမှာတော့ ကျုပ်အနေနဲ့ အမှုတိုင်ကြားသူ တင်ပြတဲ့ အချက်တွေကို လက်ခံတယ်၊ ကျုပ်တို့ဟာ မနေ့တစ်နေ့ကမှ လူဖြစ် လာကြတဲ့ လူတွေမဟုတ်ဘူး၊ ဘယ်သူမှန်တယ် ဘယ်သူမှားတယ်ဆိုတာ ကောင်းကောင်း ဆုံးဖြတ်နိုင်ကြတယ်' လို့ ပြောလိုက်ပါတယ်။

ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ကို ကြားရတဲ့အခါမှာတော့ အဲဒီသူဟာ ကျွန်တော့် ရှေ့မှာတင်ပဲ ရှူးရှူးရှားရှားနဲ့ ပေါက်ကွဲပါတော့တယ်။ သို့ပေမဲ့ နောက်ဆုံးမှာတော့ သူဟာ ကျွန်တော့်ရဲ့ အဆုံးအဖြတ်ကို မလွန်ဆန်နိုင်ဘဲ အော်ကျယ်ဟစ်ကျယ် မကျေမနပ် ငြီးတွားရင်းနဲ့ပဲ ကျွန်တော် အမိန့်ချမှတ်တဲ့ နစ်နာကြေးငွေကို ပေးဆောင်သွားခဲ့တယ်။

နောက်တစ်နေ့မှာ ကျွန်တော့်ရဲ့ အကြောင်းကြားချက်အရ အမှုသည် အမျိုးသမီး ရောက်ရှိလာပါတယ်။ ဒီအခါမှာတော့ အမျိုးသမီးဟာ ကျောင်းသူ

မြန်မာ စာအုပ်များ



လေးတစ်ယောက် အသွင်မျိုး မဟုတ်တော့ဘဲ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ လိမ်းခြယ်ထားပြီး ခေတ်ဆန်တဲ့ ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ထားတာ တွေ့ရပါတယ်။

ကျွန်တော့် စားပွဲရှေ့ကခုံမှာ သူမ လာထိုင်လိုက်ချိန်မှာတော့ 'အင်းလေ . . . သူလည်း ဒီလို လှလှပပ ဝတ်ဆင်ဖို့လိုတဲ့ အလုပ်အကိုင်မျိုးတစ်ခုခုကို တွေ့ထားလို့ နေမှာပါ' လို့ ကျွန်တော် စိတ်ထဲက တွေးလိုက်မိတယ်။

အဲဒီနောက် ကျွန်တော်ဟာ သူမရဲ့ အလုပ်ရှင်ဟောင်းထံက ရထားတဲ့ ငွေကို သူမလက်ထဲ ထည့်လိုက်ပါတယ်။ သူမက ထုံးစံအတိုင်း ကျွန်တော့်ကို ကျေးဇူးတင်စကားနဲ့ တုံ့ပြန်ခဲ့တယ်။

ဒီအခါမှပဲ တယ်လီဖုန်းသံ ပေါ်ထွက်လာတဲ့အတွက် ကျွန်တော်ဟာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပါတယ်။ တယ်လီဖုန်းက လေကြောရှည်တတ်တဲ့ ကျွန်တော့် သူငယ်ချင်းတစ်ဦးဆီက လာတဲ့ဖုန်းပါ။ ဒါကြောင့် ကျွန်တော်ဟာ တယ်လီဖုန်း စကားပြောခွက်ကို လက်တစ်ဖက်နဲ့ ပိတ်ပြီး သူမဘက်ကို လှည့်ရင်း 'ကဲ ပြန်နိုင်ပါပြီ၊ တယ်လီဖုန်းက နည်းနည်းကြာလိမ့်မယ်ဗျာ' လို့ ပြောပြီး လက်ပြ နှုတ်ဆက်လိုက်တယ်။

ထုံးစံအတိုင်းပဲ ကျွန်တော့်သူငယ်ချင်းက လေရှည်နေတဲ့ အတွက် ကျွန်တော်ဟာ အချိန်အတော်ကြာကြာ ဖုန်းပြောခဲ့ရပါတယ်။ ဖုန်းပြောပြီးလို့ နေရာမှာ ပြန်ထိုင်လိုက်ချိန်မှာတော့ အမျိုးသမီးဟာ ကျွန်တော့်စားပွဲရှေ့မှာ ထိုင်နေဆဲဖြစ်တာကို အံ့အားသင့်စွာနဲ့ တွေ့ခဲ့ရတယ်။

သူမဟာ ကျွန်တော့်ကို ထူးဆန်းတဲ့ အကြည့်တစ်မျိုးနဲ့ ကြည့်ရင်း ပြုံးဖြဲဖြဲ လုပ်နေပါတယ်။ အဲဒီနောက် သူမရဲ့နှုတ်က ပွင့်အန်လာတဲ့ စကားတွေကတော့ ကျွန်တော့်အတွက် ပိုလို့တောင် ထူးဆန်းနေပါတော့တယ်။

သူမရဲ့ပြောစကားကတော့ 'တကယ်လို့ ရှင် ကျွန်မကို လိုလားရင် နေ့လယ်စာ စားဖို့ပဲ ဖြစ်ဖြစ် ဒါမှမဟုတ် တခြားတစ်ခုခုအတွက်ပဲ ဖြစ်ဖြစ် ကျွန်မကို ခေါ်နိုင်ပါတယ် ကိုလူချောကြီးရယ်' ပါတဲ့။

*

## စင်ကာပူဝန်ကြီးချုပ်ဟောင်းတစ်ဦးရဲ့ မျက်ရည်

ကျွန်တော်ဟာ စင်ကာပူနိုင်ငံရဲ့ ပြင်သစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဖြစ်သူ မစ္စတာ ဒေးဗစ်မာရှယ် တစ်ယောက် စင်ကာပူနိုင်ငံကို ခွင့်နဲ့ ခဏပြန်လာ တယ်ဆိုတဲ့ သတင်းကြောင့် အတော် ဝမ်းသာသွားခဲ့ပါတယ်။ မစ္စတာဒေးဗစ် မာရှယ်ဟာ စင်ကာပူရဲ့ ပထမဦးဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး တစ်ချိန်က ပြည်သူ့ ဝန်ထမ်းလောကမှာ ကျွန်တော့်ရဲ့အကြီးအကဲလည်း ဖြစ်ခဲ့ဖူးသူပါ။

နောက်ပိုင်းမှာတော့ သူနဲ့ ကျွန်တော်ဟာ အင်မတန်ကို ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်လာပါတယ်။

သူ စင်ကာပူကို ပြန်ရောက်လာတဲ့အချိန်ဟာ ကျွန်တော်တို့ရဲ့ စိန့်ဂျိုးဇက် ကျောင်း တိုးချဲ့ဆောက်လုပ်ရေးအတွက် ရန်ပုံငွေ ရှာဖွေနေချိန်နဲ့ တိုက်ဆိုင် နေပါတယ်။ မစ္စတာ ဒေးဗစ်မာရှယ်ဟာလည်း စိန့်ဂျိုးဇက် ကျောင်းသားဟောင်း တစ်ဦးဖြစ်တဲ့အတွက် ကျွန်တော်ဟာ သူ့ကိုအမှီပြုပြီး ကျွန်တော်တို့ကျောင်းရဲ့ ဂုဏ်သတင်းကို မြှင့်တင်ဖို့ စိတ်ကူးခဲ့တယ်။

ဒါကြောင့်ကျွန်တော်ဟာ မစ္စတာ ဒေးဗစ်မာရှယ်ကို ကျွန်တော်တို့ ကျောင်းကို လာရောက်ပြီး ဟောပြောဖို့ ဖုန်းဆက် ဖိတ်ခေါ်ခဲ့တယ်။

ဟောပြောပွဲနေ့မှာတော့ ကျွန်တော်ဟာ မစ္စတာဒေးဗစ်ကို သူ တည်းခိုရာ ဟိုတယ်ဆီ ကားနဲ့သွားခေါ်ခဲ့တယ်။ လမ်းတစ်လျှောက်လုံး ကားပေါ်မှာ သူဟာ စိန့်ဂျိုးဇက်ကျောင်းအကြောင်းနဲ့ ကျွန်တော်တို့ရဲ့ ကျောင်းသစ်ဆောက်လုပ်ရေး စီမံကိန်း အကြောင်းတွေနဲ့ ပတ်သက်ပြီး မေးခွန်းတွေ တရစပ်မေးခဲ့တယ်။

မြန်မာ စာအုပ်များ



ကားမောင်းရင်းနဲ့ စိန့်ဂျိုးဇက်မှာ သူနေခဲ့တဲ့ နှစ်ကာလတွေ အကြောင်းကို ကျွန်တော် မေးကြည့်ခဲ့မိပါတယ်။ သို့ပေမဲ့ မစ္စတာမာရှယ်ဟာ ကျွန်တော့်ရဲ့ အမေးကို ခပ်တိုတိုပဲဖြေပြီး စကားဖြတ်ခဲ့တယ်။ တကယ်တော့ ဒါဟာလည်း သူ့အနေနဲ့ မိမိ ကိုယ်ရေးကိုယ်တာကိစ္စထက် ကျောင်းကိစ္စကို ပိုပြီး စိတ်ဝင်စားလို့ပဲ ဖြစ်မယ်လို့ ကျွန်တော် ယူဆမိခဲ့တယ်။

ကျောင်းရဲ့ခန်းမဆောင်ထဲ ရောက်ချိန်မှာတော့ ကျွန်တော်ဟာ ဂုဏ်ယူဝင့်ကြွားစွာနဲ့ မစ္စတာဒေးဗစ်မာရှယ်ကို ပရိသတ်နဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ သို့ပေမဲ့ အဲဒီတုန်းက ကျွန်တော်ပြောခဲ့တဲ့ မိတ်ဆက်စကားတွေဟာ စင်ကာပူနိုင်ငံရဲ့ သားကောင်းတစ်ဦးဖြစ်တဲ့ ဒီပုဂ္ဂိုလ်ကြီးရဲ့ ဂုဏ်ပုဒ်တွေကို ပြည့်စုံအောင် မဖော်ကျူးနိုင်ခဲ့တာ အမှန်ပါ။

အဲဒီတုန်းက ကျွန်တော်ဟာ မစ္စတာ ဒေးဗစ်မာရှယ်ကို 'ကျွန်တော်တို့အားလုံးအတွက် ဂုဏ်ယူစရာဖြစ်တဲ့ လေးစားတန်ဖိုးထားထိုက်သူ စိန့်ဂျိုးဇက်ကျောင်းသားဟောင်းစစ်စစ်တစ်ဦး' လို့ မိတ်ဆက်ပေးခဲ့ပါတယ်။

ကျွန်တော်ဟာ ဒေးဗစ်ကို စကားပြောမိုက်ခွက်ဆီ ဖိတ်ခေါ်ဖို့ နောက်ကိုလှည့်ကြည့်လိုက်ချိန်မှာတော့ ဒေးဗစ်ရဲ့ မျက်လုံးတွေမှာတော့ မျက်ရည်စတွေ လွှမ်းနေတာ တွေ့ရပါတယ်။ အဲဒီအဖြစ်ကြောင့် ကျွန်တော်ဟာ မိမိရဲ့ မိတ်ဆက်စကားတွေကြောင့်များ ဒေးဗစ်တစ်ယောက် စိတ်လှုပ်ရှားသွားခဲ့လေသလားလို့ ထင်ခဲ့မိပါသေးတယ်။

အဲဒီနေ့က မစ္စတာဒေးဗစ်ဟာ အများမျှော်လင့်ထားသလိုပဲ အကောင်းဆုံး ဟောပြောနိုင်ခဲ့ပါတယ်။ သူဟာတကယ့်ကို စကားပြောကောင်းသူ တစ်ယောက်ပါ။ ဒါ့အပြင် အဲဒီနေ့က ဒေးဗစ်ဟာ တကယ့်ကိုတန်ဖိုးရှိတဲ့ အကြောင်းအရာတွေ ဟောပြောခဲ့ပါတယ်။

ဟောပြောပွဲ အချိန်ကြာမြင့်လာတဲ့ အခါမျိုးတွေမှာ ဟောပြောတဲ့ အကြောင်းအရာတွေကို စိတ်မဝင်စားတော့ဘဲ ကျွက်စီကျွက်စီ ဖြစ်လာတတ်တဲ့ ကျောင်းသားငယ်တွေတောင် အဲဒီနေ့က ဒေးဗစ်ရဲ့ ဟောပြောချက်တွေကို စိတ်ဝင်တစား ငြိမ်ငြိမ်ဝပ်ဝပ်နဲ့ နားထောင်ခဲ့ကြပါတယ်။

ဘရာသာကီဗင်နဲ့ ဆရာ ဆရာမတွေရဲ့ မျက်နှာတွေဟာလည်း ဝင်းပလို့နေပါတယ်။ ပရိသတ်အပေါင်းဟာ ပညာရေးဘက်မှာ ထူးချွန်တဲ့အပြင် နိုင်ငံရဲ့ ထိပ်တန်းတာဝန်တွေကိုလည်း ထမ်းရွက်ခဲ့၊ ထမ်းရွက်ဆဲဖြစ်တဲ့ ဒီပုဂ္ဂိုလ်ကြီးဟာ စိန့်ဂျိုးဇက်ရဲ့ ကျောင်းသားဟောင်းကြီးတစ်ဦးပါလား ဆိုတဲ့ အသိနဲ့ ကျေနပ် ဂုဏ်ယူလျက်ရှိကြတယ်။

မြန်မာ စာအုပ်များ



ဒေးဗစ်ကိုယ်တိုင်ဟာလည်း မိမိငယ်စဉ်က နေခဲ့ရတဲ့ကျောင်းမှာ အခုလို ဟောပြောရတာကြောင့် စိတ်လှုပ်ရှားနေပုံရပါတယ်။ ဟောပြောပွဲအပြီးမှာ တော့ ကျွန်တော်ဟာ ဒေးဗစ်ရဲ့မျက်လုံးအိမ်ထဲမှာ မျက်ရည်စတွေနဲ့ ရွှန်းလဲ့ နေတာကို ဒုတိယအကြိမ်အဖြစ် မြင်တွေ့ခဲ့ရပါတယ်။

ဒေးဗစ်အဖို့ နောက်ပွဲဆက်တစ်ခု ရှိနေတာကြောင့် ကျွန်တော်ဟာ ဟောပြောပွဲ ပြီးလျှင်ပြီးချင်းပဲ သူ့ကို ကားနဲ့လိုက်ပို့ပေးခဲ့ရတယ်။ ကားထဲ ရောက်ချိန်မှာလည်း ကျွန်တော်ဟာ ဒေးဗစ်ကို ဆက်လက်ပြီး ချီးကျူးစကား တွေ ပြောနေခဲ့မိတယ်။ သို့ပေမဲ့ ဒေးဗစ်ဟာ ကျွန်တော့်ကို ဘာမှ တုံ့ပြန် စကားမဆိုဘဲ ငြိမ်ချက်သား ကောင်းနေခဲ့တယ်။

အဲဒီနောက် ခဏအကြာမှာတော့ ဒေးဗစ်ရဲ့နှုတ်က စကားလုံးတွေ ပွင့်အန် လာပါတော့တယ်။ 'ကျွန်တော် ခင်ဗျားကို လျှို့ဝှက်ချက်တစ်ခု ပြောချင်တယ် စင်တပ်၊ တကယ်တော့ ကျွန်တော်ဟာ စိန့်ဂျိုးဇက်ကျောင်းမှာ အတန်းကုန်တဲ့ အထိ မနေခဲ့ရဘူး၊ ကျောင်းက ကျွန်တော့်ကို ထုတ်ပယ်ခဲ့တယ်ဗျာ'

ကျွန်တော်ဟာ ဒေးဗစ်ရဲ့စကားကြောင့် အကြီးအကျယ် အံ့အားသင့် သွားခဲ့တယ်။ ဒါဟာ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့လည်း ထင်ခဲ့မိတယ်။ ဒေးဗစ်ဟာ ခဏတာ နှုတ်ဆိတ်နေပြီး 'အဲဒီနေ့က အကြီးအကျယ် နာဖျားနေခဲ့တဲ့အတွက် ကျောင်းမတက်နိုင်ဘဲ ခွင့်မဲ့ ကျောင်းပျက်ခဲ့တယ်' လို့ ဆိုပါတယ်။ သို့ပေမဲ့ သူ ဒီလို ကျောင်းပျက်တာကို ကျောင်းအာဏာပိုင်တွေက တမင် ကျောင်းပြေး တာလို့ ယူဆပြီး ကျောင်းထုတ်ပစ်ခဲ့တယ်လို့ ပြောပြခဲ့ပါတယ်။

အဲဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ဒေးဗစ်က'တကယ်တော့ ဒါဟာ နားလည်မှု လွဲခဲ့တာပေါ့ဗျာ၊ ပြီးတော့ ကျွန်တော့်ရဲ့ အမှားပါပဲ၊ ဒါကြောင့် ကျွန်တော်ဟာ ကျောင်းထုတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျောင်းကို ဘယ်လိုမှ စောဒက မတက်ခဲ့ဘူးပေါ့ဗျာ' လို့ ဆက်ပြောခဲ့တယ်။

ကျွန်တော်ဟာ ဒေးဗစ်ရဲ့အဖြစ်ကို ကြားသိရတဲ့အတွက် အကြီးအကျယ် စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ တကယ့်ကို ကြောက်စရာကောင်းတဲ့ အမှား အယွင်းတစ်ခု ဖြစ်ခဲ့တာပါလားလို့လည်း စိတ်ထဲမှာ စဉ်းစားရင်း ထိခိုက် နာကျင်ခဲ့ရတယ်။

ဒေးဗစ်ဟာ ရုပ်ခန္ဓာအရရော စိတ်ဓာတ်အရပါ ကြီးမားမြင့်မြတ်သူပါ။ သို့ပေမဲ့ အဲဒီနေ့ကတော့ ကျွန်တော့်မျက်စိထဲမှာ ဒေးဗစ်ဟာ အရင်ကထက် ပိုမို ကြီးမားမြင့်မြတ်တဲ့ လူတစ်ယောက် ဖြစ်နေပါတယ်။

ကျွန်တော်တို့ဟာ စိန့်ဂျိုးဇက်ကျောင်းသစ်ကြီး ဆောက်လုပ်ပြီးစီးတဲ့ အချိန်မှာတော့ ဒေးဗစ်ရဲ့အမည်ကို ကျောင်းတည်ထောင်သူတစ်ဦးအဖြစ် ကမ္ပည်းထိုးခဲ့ကြပါတယ်။ သူဟာ ကျွန်တော်တို့ကျောင်းအတွက် အလှူငွေတွေ ကိုလည်း ရက်ရက်ရောရော ထည့်ဝင်ခဲ့ပါသေးတယ်။

ဒေးဗစ်ကွယ်လွန်ပြီးနောက်မှာ ကျွန်တော်ဟာ ဒေးဗစ်နဲ့ ပတ်သက်တဲ့ အခုဝတ္ထုတိုကို ရေးဖြစ်ခဲ့တယ်။ အဲဒီနောက် ကျွန်တော်ဟာ စာမူကို ဒေးဗစ်ရဲ့ ကျန်ရစ်သူ မုဆိုးမ ဇနီးကို ပြသခဲ့တယ်။ ဒီအခါမှာ ကျွန်တော်ဟာ ဒေးဗစ် တစ်ယောက် စိန့်ဂျိုးဇက်ကျောင်းမှ ထုတ်ပယ်ခံခဲ့ရတဲ့အကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ပြောပြခဲ့တာတွေထက် ပိုပြီးသိခဲ့ရတယ်။

'တကယ်တော့ ဒေးဗစ်တစ်ယောက် စိန့်ဂျိုးဇက်ကျောင်းက ကျောင်းထုတ် ခံခဲ့ရတာဟာ ဂျူးလူမျိုးတွေအတွက် အရေးပါတဲ့ ဘာသာရေးပွဲတော်တစ်ခုကို တက်ရောက်ခဲ့တာကြောင့် ဖြစ်တယ်' လို့ ဂျင်းက ဆိုပါတယ်။ ဂျူးလူမျိုးတွေဟာ ယွမ်ကပူး (Yom Kippor) သို့မဟုတ် ကျူးလွန်မိခဲ့သမျှ အပြစ်တွေကို ဝန်ချကာ ပြုပြင်တဲ့ ပွဲတော်နေ့မှာ ဆုတောင်းဝတ်ပြုတဲ့ အလုပ်က လွဲပြီး ဘာအလုပ်ကိုမှ လုပ်လေ့မရှိကြပါဘူး။

ဂျူးလူမျိုးတွေဟာ အဲဒီ စည်းကမ်းချက်ကို တင်းတင်းကျပ်ကျပ် စောင့်ထိန်း ကြပါတယ်။ အဲဒီနေ့က ဒေးဗစ်ဟာ သူ့ရဲ့ ဘာသာရေးပွဲတော်အတွက် ခွင့် တစ်ရက်ပေးဖို့ ကျောင်းကို တောင်းခံခဲ့တယ်။ သို့ပေမဲ့ သူ့ရဲ့ ခွင့်စာကို ကျောင်းက ပယ်ချခဲ့ပါတယ်။ ဒါကြောင့် ဒေးဗစ်က သူ့ဖခင်ကို မိမိ ဘာ ဆက်လုပ်ရမယ် ဆိုတာကို မေးမြန်းခဲ့ပါတယ်။

ဒီအခါမှာ ဒေးဗစ်ရဲ့ ဖခင်က 'မင်းဟာ ဂျူးလူမျိုး တစ်ယောက် မဟုတ်ဘူးလားကွ' လို့ ပြန်ပြောခဲ့တယ်။ အဲဒီတုန်းက ကျောင်းသားငယ်လေး တစ်ဦးသာ ဖြစ်တဲ့ ဒေးဗစ်ဟာ မိမိက မှန်ကန်တယ်လို့ ယုံကြည်တဲ့အတိုင်း ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒေးဗစ်ဟာ ယွမ်ကပူးပွဲတော်အပြီး နောက်တစ်နေ့ ကျောင်းတက်ခဲ့ရာ မှာတော့ သူ့ရဲ့နေရာကို အခြားကျောင်းသားတစ်ဦးနဲ့ အစားထိုးထားတာ တွေ့ခဲ့ရတယ်။ ဒါ့အပြင် ကျောင်းက တာဝန်ရှိသူတွေဟာ ဒေးဗစ်ကိုကျောင်းက ထွက်သွားဖို့ ပြောခဲ့ပါတယ်။

အဲဒီအချိန်ဟာ စာသင်နှစ် တစ်ဝက်ကျိုးနေပြီ ဖြစ်တာမို့ ဒေးဗစ်ဟာ ခက်ခက်ခဲခဲနဲ့ အခြားကျောင်းတစ်ကျောင်းဖြစ်တဲ့ စိန့်အင်ဒရူးမှာ တက်ခွင့် ရအောင်လုပ်ခဲ့ရတယ်။ ဒေးဗစ်ဟာ အဲဒီကျောင်းကိုတက်ရာမှာလည်း တစ်ဆင့်

မြင့်တဲ့ အတန်းကိုတက်ခဲ့ရတယ်။ ဒါကြောင့်ဒေးဗစ်ဟာ အတန်းသစ်မှာ စာတွေ လိုက်နိုင်အောင် နှစ်ဆတိုးပြီး အားထုတ်ကြိုးပမ်းခဲ့ရတယ်။ ကျွန်တော်ဟာ ဂျင်းရဲ့ ပြောစကားတွေကို နားထောင်အပြီးမှာတော့ ဘာပြောရမှန်းတောင် မသိအောင် ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက ကျောင်းတွေဟာ ကျောင်းသူ ကျောင်းသားတွေကို ဘာသာရေး ဝတ်ပြုဆုတောင်းမှုအတွက် ခွင့်ပေးခြင်း မပြုခဲ့ပါဘူး။

တကယ်တော့ အဲဒီတုန်းက အပြစ်မဲ့တဲ့ လူငယ်ကလေးတစ်ဦးဖြစ်တဲ့ ဒေးဗစ်အပေါ် ကျောင်းက ပေးခဲ့တဲ့ ပြစ်ဒဏ်ဟာ ကြီးမားလွန်းလှပါတယ်။ ကျွန်တော်ဟာ ‘ဒီတုန်းက စိန့်ဂျိုးဇက်ကျောင်းက ဒေးဗစ်အပေါ် ပြုမူခဲ့တဲ့ အပြစ်ကို ဘယ်တော့မှ ချေဖျက်လို့ မရနိုင်တော့ပါကလား’လို့ တွေးခဲ့မိတယ်။

ကျွန်တော်ဟာ ဒေးဗစ်တစ်ယောက် ကျောင်းထုတ်ခံခဲ့ရတာနဲ့ ပတ်သက်တဲ့ အဖြစ်မှန်ကို သိရှိလာရချိန်မှာတော့ ဒေးဗစ်ကို ‘ကျွန်တော်တို့တွေ အားလုံးအဖို့ ဂုဏ်ယူစရာ ကောင်းတဲ့ စိန့်ဂျိုးဇက် ကျောင်းသားဟောင်း စစ်စစ်ကြီး တစ်ယောက်’ အဖြစ် ထုတ်ဖော်ချီးကျူးခဲ့တဲ့ စကားရပ်တွေအပေါ် ပိုမိုပြီး ဂုဏ်ယူလာမိပါတော့တယ်။

*

# တန်ဖိုးကိုယ်စီ ရှိကြသည်

၁၉၉၇ ခုနှစ်ဟာ လူသားတွေအတွက် အန္တရာယ်နှစ်လို့ ဆိုရမှာပါ။ အဲဒီနှစ်မှာ စတော့ရှယ်ယာတွေ၊ ငွေကြေးဈေးကွက်တွေ ကျဆင်းခဲ့တယ်။ ကမ္ဘာ့စီးပွားရေး ကယောက်ကယက် ဖြစ်ခဲ့တယ်။ အယ်လ်နီညို ဖြစ်ပေါ်မှုကြောင့် မိုးခေါင်မှု၊ လေမုန်တိုင်းတိုက်ခတ်မှုနဲ့ ရေလွှမ်းမိုးမှုတွေ ဖြစ်ခဲ့တယ်။

အချို့နေရာတွေမှာဆိုရင် တောမီးလောင်မှုတွေကြောင့် နိုင်ငံတစ်ဝန်းလုံး မြူမှုန်တွေ ဆိုင်းခဲ့ရတယ်။

အဲဒီနှစ်မှာပဲ ဂျက်ဖရီရဲ့ကျေးဇူးရှင် ပတ်ခ်အဒမ်ဟာ အင်ဒိုနီးရှားနိုင်ငံမှာ ယာဉ်တိုက်မှုဖြစ်ပြီး ကွယ်လွန်ခဲ့ပါတယ်။

ပတ်ခ်အဒမ် ကွယ်လွန်ခြင်းအတွက် ဝတ်ပြုဆုတောင်းပွဲကို ဂျကာတာ မြို့ရှိ ဘုရားရှိခိုးကျောင်းမှာ ကျင်းပခဲ့တယ်။ ဆုတောင်းပွဲကို ပတ်ခ်အဒမ်ရဲ့ မိသားစုဝင်တွေ၊ မိတ်ဆွေတွေ၊ စီးပွားရေးလောကက အပေါင်းအသင်းတွေနဲ့ မီဒီယာလောကသားတွေ တက်ရောက်ခဲ့ကြတယ်။

အခမ်းအနားကို တက်ရောက်သူတွေထဲမှာ စင်ကာပူနိုင်ငံသားတွေ အပါအဝင် ပြည်ပက လာကြသူတွေ အများအပြား ပါဝင်ပါတယ်။ အဲဒီသူတွေ ထဲမှာ ဂျက်ဖရီအပြင် မိုက်နဲ့ဝီးဆိုတဲ့ လူငယ်နှစ်ဦးလည်း ပါဝင်ပါတယ်။ ဂျက်ဖရီဟာ သူတို့နှစ်ဦးကို ဆုတောင်းပွဲမှာမှ သိခဲ့ရတာပါ။

ပတ်ခ်အဒမ်ဟာ သက်သာဖူလုံရေး အသင်းအဖွဲ့တွေက တစ်ဆင့် အများ အကျိုးအတွက် လှူဒါန်းထောက်ပံ့မှုတွေ အများအပြားလုပ်ခဲ့သူပါ။ အခု သေဆုံးခဲ့ရတာကလည်း မြူနှင်းတွေပိတ်ဆိုင်းနေတဲ့ နံနက်ခင်းမှာ အလှူဒါန

ပြဖို့ ကိစ္စတစ်ခုအတွက် ကားနဲ့သွားရင်း ကားတိုက်မှုဖြစ်ပြီး ကွယ်လွန်ခဲ့ရတာပါ။

အခမ်းအနားမှာ ဝန်ကြီးတစ်ဦးက ပတ်ခ်အဒမ်ကို ချီးကျူးထောမနာစကားတွေ ပြောကြားခဲ့တယ်။

'ပတ်ခ်အဒမ်အဖို့ လူတစ်ဦးတစ်ယောက်တိုင်းဟာ အဖိုးထိုက်တန်ပါတယ်။ သူဟာ လူတိုင်းကို အသိအမှတ်ပြုတယ်၊ လူတိုင်းကို လေးစားတယ်၊ ဂုဏ်ပြု တယ်။ သူဟာ ဘယ်တုန်းကမှ ဝင့်ဝါသူ၊ ပလွှားသူ မဟုတ်ခဲ့ပါဘူး။

. . . အခုတော့ ဒီပုဂ္ဂိုလ်ကြီးအကြောင်း ချီးကျူးပြောဆိုတဲ့ ဘယ်လိုစကားမျိုးကမှ သူ့ကို ကျုပ်တို့ထဲပြန်လာအောင် မဆောင်ကြဉ်းနိုင်တော့ပါဘူး၊ ဘယ်လိုစကားလုံးကမှ ကျုပ်တို့ရဲ့ ပူဆွေးသောကကို ပယ်ဖျောက်နိုင်မှာ မဟုတ်ပါဘူး။

. . . အခုအခါမှာတော့ ကျွန်တော်တို့အနေနဲ့ သူလုပ်ခဲ့တဲ့ ကိုယ်ကျိုးမပါတဲ့ လုပ်ငန်းတွေကို ဆက်လက် အကောင်အထည်ဖော်ကြရင်းနဲ့ပဲ သူ့ဘဝရဲ့ အဓိပ္ပာယ်ကို ပိုပြည့်စုံလာအောင် လုပ်ဆောင်ကြဖို့ပဲ ရှိပါတော့တယ်။ သူ့အပေါ် ကျွန်တော်တို့ရဲ့ သတိရအောက်မေ့စိတ်တွေက ကျွန်တော်တို့တစ်တွေ သူ့ရဲ့ ခြေလှမ်းအတိုင်း ဆက်လျှောက်နိုင်ရေးအတွက် ခွန်အားတွေ ဖြစ်ပါစေကြောင်း ဆုတောင်းပါတယ်။

. . . အိုး ဘုရားသခင် တပည့်တော်တို့ကို စောင့်မကြည့်ရှုတော်မူပါ၊ ချစ်လှစွာသောမိတ်ဆွေကြီး ပတ်ခ်အဒမ်ကလည်း ကျွန်တော်တို့ရဲ့ ကောင်းမြတ်တဲ့ ရည်ရွယ်ချက်တွေ အောင်မြင်ရေးအတွက် ကူညီပါစေကြောင်း ပန်ကြားပါတယ်၊ ဒါ့အပြင် တစ်နေ့မှာ ကျွန်တော်တို့တစ်တွေ လူလောကမှ ထွက်ခွာသွားကြရမှာလည်း အခုလို မိတ်သင်္ဂဟတွေ စည်ကားသိုက်မြိုက်စွာနဲ့ ဂုဏ်သိက္ခာရှိစွာ ထွက်ခွာနိုင်ကြစေဖို့ ကူညီစေချင်ပါတယ်'

ဝန်ကြီးရဲ့စကားအဆုံးမှာတော့ လူရိုးလူအတစ်ယောက်ဖြစ်တဲ့ ဝီး ဟာ မရှက်မကြောက် ငိုချလိုက်ပါတယ်။ ဒီနောက် ဝီးက 'ကျုပ်ဆုံးဖြတ်လိုက်ပြီ၊ ကျုပ် အလှူဒါနတွေပြုလုပ်ဖို့ အလုပ်တွေ ပင်ပင်ပန်းပန်းလုပ်မယ်၊ ဒါမှ တစ်နေ့မှာ ပတ်ခ်က ကျုပ်သေတဲ့အခါ ဒီလို ခမ်းနားကြီးကျယ်တဲ့ ဆုတောင်းပွဲတစ်ရပ် ဖြစ်အောင် ကူညီမှာလို့' လို့ပြောပါတယ်။

ဝီးရဲ့စကားအဆုံးမှာ မိုက်ဟာ ဂျက်ဖရီကိုလှမ်းကြည့်ရင်း မျက်စပစ်လိုက်တယ်။ ပြီးတော့ ဝီးရဲ့စကားတွေကို စက်ဆုပ်တဲ့အမူအရာနဲ့ သူ့ရဲ့နှုတ်ခမ်းကို တွန့်လိုက်ပါတယ်။

'ငတုံးတစ်ယောက်ရဲ့ အိပ်မက်တွေပေါ့ဗျာ၊ ဒါပေမဲ့ စိတ်ကူးယဉ်စကားတွေ ဆက်ပြောစမ်းပါစေ၊ ရယ်ရတာပေါ့' လို့ ဂျက်ဖရီကို တီးတိုးပြောလိုက်တယ်။

ဝီး တစ်ယောက်တော့ မိုက်က သူ့ကိုသရော်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတဲ့ အဖြစ်ကို သဘောမပေါက်ပါဘူး။ သူရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ မိမိသေဆုံးတဲ့အခါမှာ ဂုဏ်သိက္ခာရှိပြီး စည်ကားသိုက်မြိုက်တဲ့ ဈာပနဆုတောင်းပွဲကျင်းပနိုင်ရေးကိုပဲ ဆက်လက်ပြောနေပါတယ်။ ဒီစကားတွေကို ပြောဆိုနေစဉ်မှာ ဝီးရဲ့ မျက်လုံးတွေဟာ တောက်ပလျက်ရှိပါတယ်။

'ကျုပ်ရဲ့ဈာပနကို လူတွေထောင်ချီပြီး တက်ရောက်ကြလိမ့်မယ်၊ ကျုပ်ကွယ်လွန်တဲ့အတွက် စင်ကာပူတစ်နိုင်ငံလုံးက ပူဆွေးကြလိမ့်မယ်၊ ပြီးတော့ကျုပ်ဈာပနကို ဝန်ကြီးတစ်ဦးတက်ရောက်ပြီး ဝမ်းနည်းစကားပြောလိမ့်မယ်၊ ဒီသတင်းကို စင်ကာပူနိုင်ငံထုတ် သတင်းစာတွေအားလုံးက မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြကြလိမ့်မယ်၊ ပြီးတော့ ကျုပ်ရဲ့ ဈာပနဆုတောင်းပွဲကို တီဗွီကလည်း တိုက်ရိုက် ထုတ်လွှင့်ပြသဦးမှာဗျ'

'ဒါထက် ခင်ဗျား မနေ့ကပဲကျုပ်ကိုပြောခဲ့သေးတယ် မဟုတ်လား၊ ခင်ဗျားလည်း ပတ်ခ်အဒမ်နဲ့အတူ တစ်ခါတည်း လိုက်သေချင်တယ်ဆို' မိုက်ကလှမ်းစလိုက်ပါတယ်။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒါ မနေ့ကပြောခဲ့တာဗျ၊ အခုတော့ ကျုပ်အနေနဲ့ပတ်ခ်အဒမ်လိုပဲ ကောင်းမွန်တဲ့ အကျိုးပြုလုပ်ငန်းတွေ အများကြီး လုပ်ချင်တယ်၊ ပြီးတော့ ကျုပ်ရဲ့ဈာပနမှာ အခုလိုစည်ကားသိုက်မြိုက်တဲ့ ပို့ဆောင်မှုမျိုး ဖြစ်စေချင်တယ်'

'ခင်ဗျားကတော့ တကယ့်အရူးပဲ၊ မဖြစ်နိုင်တာတွေကို အိပ်မက်နေတယ်၊ တကယ့်အရှိတရားကို ရင်ဆိုင်စမ်းပါ ကိုယ့်လူရာ၊ ချမ်းသာပြီး ကျော်ကြားတဲ့သူတွေသာ ဒီလို ဈာပနအခမ်းအနားမျိုးနဲ့ ပို့ဆောင်ခံကြရတာပါ၊ သာမန်လူတွေအဖို့ကတော့ ဝေးပါသေးတယ်၊ အဲ. . ခင်ဗျားက သာမန်လူတောင်မဟုတ်ဘူး၊ မျှော်လင့်ချက်ကို ဘာမှမရှိတဲ့ လူ' မိုက်က လေသံခပ်ပြတ်ပြတ်နဲ့ပြောလိုက်ပါတယ်။

'ဘုရားသခင်အဖို့တော့ မဖြစ်နိုင်တာ ဘာမှမရှိဘူးဗျ၊ ပြီးတော့ ဝန်ကြီးပြောသွားတာ မကြားဘူးလား၊ ပတ်ခ်အဒမ်အတွက် လူတစ်ဦးတစ်ယောက်တိုင်းဟာ အဖိုးထိုက်တန်တယ်ဆိုတာလေ၊ သူ့အတွက် ကျုပ်ဟာ တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ ကျုပ်သိတယ်၊ သူ ကျုပ်ကို ကူညီလိမ့်မယ်ဗျာ'

မိုက်ဟာ လက်လျှော့လိုက်တဲ့အမူအရာနဲ့ ဂျက်ဖရီကို လှည့်ကြည့်လိုက်ပြီး ပါးစပ်ကလည်း 'အရှုံး' လို့ ပြောလိုက်တယ်။ ဂျက်ဖရီက ဝီးကို ခပ်ပြုံးပြုံးနဲ့ ကြည့်နေပါတယ်။

သို့ပေမဲ့ ဂျက်ဖရီဟာ ဝီးနဲ့ ခဏတစ်ဖြုတ် ဆုံစည်းရစဉ်အတွင်းမှာပဲ 'ဝီး'တစ်ယောက် အဓိပ္ပာယ်ရှိတဲ့ ဘယ်အလုပ်မျိုးကိုမှ လုပ်နိုင်စွမ်းရှိမယ့် လူ မဟုတ်ဘူး ဆိုတာ နားလည်လိုက်ပါတယ်။ ဝီးတစ်ယောက် ဘုရားသခင်ကသာ ကူညီစောင်မမှုမပြုဘူး ဆိုရင်တော့ သူ့ဘဝရဲ့ နောက်ဆုံးအချိန်နာရီမှာ သူမျှော်မှန်းထားသလို ဂုဏ်သိက္ခာကြီးမားတဲ့ အခမ်းအနားမျိုး ဖြစ်ပေါ်ဖို့ဆိုတာ မဖြစ်နိုင်ကြောင်း ဂျက်ဖရီအနေနဲ့ သဘောပေါက်ခဲ့ပါတယ်။

တကယ့် အခြေအနေမှာတော့ ဝီးဟာ သူ့ကို ကြည့်ရှုထောက်ပံ့နေတဲ့ ပတ်ခ်အဒမ် ကွယ်လွန်ခဲ့တဲ့အတွက် ပို့ပြီး ဒုက္ခပင်လယ်ဝေဖို့ပဲ ရှိနေတာပါ။ ဝီးဟာ လူကသာ ကြီးနေပေမယ့် စိတ်ကတော့ ကလေးစိတ်ပဲ ရှိနေပါတယ်။ ဒါကြောင့် မိုက်နဲ့ဂျက်ဖရီတို့ဟာ ပတ်ခ်အဒမ်ရဲ့ ကူညီထောက်ပံ့မှုတွေကြောင့် ဘွဲ့ကိုယ်စီရခဲ့ကြပေမယ့် ဝီးတစ်ယောက်ကတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်သူပင် မဟုတ်ပါဘူး။

အဲဒီနေ့က ဂျက်ဖရီဟာ ဝီးကို မိမိတတ်နိုင်သမျှ ကူညီမှာဖြစ်ကြောင်း ကတိပေးခဲ့ပါတယ်။

ဂျက်ဖရီ၊ မိုက်နဲ့ ဝီးတို့ သုံးဦးစလုံးဟာ သောကြာနေ့လေယာဉ်နဲ့ စင်ကာပူကို ပြန်ကြဖို့ စီစဉ်ခဲ့ကြတယ်။ သို့ပေမဲ့ မိုက်က ဝီးနဲ့အတူ မပြန်ချင်ဘူးဆိုပြီး ဗုဒ္ဓဟူးနေ့ လေယာဉ်နဲ့ ပြန်ခဲ့တယ်။ ဂျက်ဖရီကလည်း စီးပွားရေးကိစ္စတစ်ခု ရုတ်တရက် ပေါ်ပေါက်လာတဲ့အတွက် ကြာသပတေးနေ့ လေယာဉ်နဲ့ ဟောင်ကောင်ကို ပြန်ခဲ့ရပါတယ်။

နောက်တစ်နေ့ဖြစ်တဲ့ ၁၉၉၇ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့မှာတော့ ဝီးဟာ ခရီးသည် ၁၀၄ ဦး လိုက်ပါလာခဲ့တဲ့ လေယာဉ်နဲ့အတူ ဂျကာတာ လေဆိပ်ကနေ စင်ကာပူကို လိုက်ပါခဲ့တယ်။ ထိုလေယာဉ်ဟာ ဆစ်ခ်အဲယား လေကြောင်းပိုင် အမ်အိုင်-၁၈၅ လေယာဉ်ပါ။ ထိုလေယာဉ်ဟာ စူမတြားရှိ မူစီမြစ်အတွင်း ပျက်ကျခဲ့ပြီး လေယာဉ်ပေါ်မှာ ပါရှိတဲ့လူအားလုံး သေဆုံးခဲ့ကြပါတယ်။

အဲဒီလေယာဉ် ပျက်ကျရာမှာ သေဆုံးခဲ့ကြရသူတွေအတွက် စင်ကာပူ နိုင်ငံဟာ တစ်မျိုးသားလုံးဆိုင်ရာ ဝမ်းနည်းကြေကွဲမှု အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့တယ်။ ထိုအခမ်းအနားကို စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင်

ကိုယ်တိုင် တက်ရောက်ကာ ဝမ်းနည်းစကား ပြောခဲ့ပါတယ်။ ဈာပနအတွက် ဆုတောင်းပွဲအခမ်းအနားကို လူပေါင်း ထောင်ချီတက်ရောက်ခဲ့ကြတယ်။

အဲဒီ အခမ်းအနားသတင်းကို စာနယ်ဇင်းတွေက မျက်နှာဖုံးမှာ ဖော်ပြကြတယ်။ အခမ်းအနားကျင်းပမှု အစီအစဉ်မှန်သမျှကိုလည်း ရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်ပြသခဲ့ပါတယ်။

ဂျက်ဖရီဟာ နေအိမ်မှာ ရုပ်မြင်သံကြားအစီအစဉ်ကို ထိုင်ကြည့်နေရင်း ဝန်ကြီးချုပ် ဂိုချုပ်တောင် ပြောတဲ့ 'လူတစ်ဦးတစ်ယောက်တိုင်းဟာ တန်ဖိုးရှိကြတယ်' ဆိုတဲ့ စကားကို ကြားလိုက်ရချိန်မှာတော့ ဝီးရဲ့ကလေးကြီးနဲ့တူတဲ့ မျက်နှာကို ကွင်းကွင်းကွက်ကွက် မြင်ယောင်လာမိပါတော့တယ်။

*

# အောင်မြင်သူ ဘယ်သူလဲ

ဟော့ခ်နဲ့ဘွန်းတို့ဟာ သူတို့ရဲ့ အိမ်ထောင်သည်ဘဝ အစပိုင်းကာလမှာ အိပ်ချ်ဒီဘီ (HDB) အိုးအိမ်ရိပ်သာရှိ အဲဆောက်အအုံတစ်ခုမှာ အခန်းနီးချင်းတွေ အဖြစ် နေထိုင်ခဲ့ကြသူတွေပါ။ သူတို့နှစ်ဦးဟာ အနီးအနားရှိ ဈေးတစ်ဈေးမှာ ချက်ပြုတ်ပြီး အစားအစာတွေကို လှည့်လည်ရောင်းချကာ အသက်မွေးခဲ့ကြတယ်။

ဟော့ခ်နဲ့ဘွန်းတို့ဟာ အခြား မိဘတွေလိုပဲ မိမိတို့ရဲ့ သားသမီးတွေကို တကယ်ချစ်ပြီး သားသမီးတွေရဲ့ဘဝကို မိမိတို့ဘဝထက် သာစေချင်သူတွေပါ။ ဒါကြောင့် သူတို့နှစ်ဦးဟာ အလုပ်ကို ကြိုးကြိုးစားစားလုပ်ကြပြီး မိမိတို့ သားသမီးတွေရဲ့ ပညာရေးကိုလည်း အားပေးခဲ့ကြတယ်။

နှစ်ပေါင်းများစွာ ကွဲသွားကြပြီးနောက် တစ်ညနေမှာတော့ ဟော့ခ်နဲ့ဘွန်းတို့ဟာ ညစာစားပွဲတစ်ခုမှာ ပြန်လည်ဆုံမိခဲ့ကြတယ်။

စားပွဲမှာ ထိုင်မိရင်ပဲ ဟော့ခ်ဟာ သူ့ရဲ့ သားနှစ်ယောက်အကြောင်းကို လေလုံးထွားထွားနဲ့ ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်ခဲ့ပါတယ်။ ဟော့ခ်က မိမိရဲ့ သားနှစ်ယောက် အံ့မခန်းအောင်မြင်မှုတွေ ရရှိခဲ့ပုံ၊ သည်လို အောင်မြင်မှုရအောင်လည်း မိမိက စနစ်တကျ အကွက်ချပြင်ဆင်ပြီး သားနှစ်ယောက်ရဲ့ ပညာရေးနဲ့ အလုပ်အကိုင်ကိစ္စတွေကို ပံ့ပိုးပေးခဲ့ပုံ စတာတွေကို အာပေါင် အာရင်း သန်သန်နဲ့ ပြောခဲ့ပါတယ်။

'ကျုပ်က သူတကာထက် ပိုပြီး အမြော်အမြင်ရှိတဲ့လူဗျ၊ ကျုပ် အရင်ဆုံး လုပ်ခဲ့တာကတော့ ထိပ်တန်းအဆင့်မှာရှိတဲ့ ကျောင်းကြီးရဲ့ ကျောင်းအုပ်ကြီးကို ပစ်ပေါင်းလိုက်တာပေါ့ဗျာ၊ ကျုပ် သူ့ရဲ့ ကျောင်းပရိုဂျက်တွေအတွက် အလှူငွေ

တွေ ထည့်ခဲ့တယ်၊ ကုန်ကုန်ပြောရရင်ဗျာ ကျောင်းရဲ့ ရန်ပုံဓငွရှာဖွေရေး ကော်မတီမှာတောင် ကျုပ် ပါဝင်ခဲ့တာကလား'

'ပြီးတော့ ပြောရဦးမယ်၊ ကျုပ်ဆိုတဲ့ကျုပ်က ကျောင်းဝင်ခွင့်ပေးတဲ့ စနစ်ကိုလည်း သိအောင်လုပ်ခဲ့တယ်၊ အဲဒီအချိန်က ကျောင်းရဲ့ အနီးအနားမှာ နေထိုင်သူတွေကိုသာ ကျောင်းသားအဖြစ် ဦးစားပေး လက်ခံခဲ့တာဗျ၊ ဒီတော့ ဘာရမလဲ ကျုပ်က ဟင်နရီနဲ့ ဟာရိုးလ်တို့အတွက် ကျောင်းရဲ့ အနီးအနားမှာ အိမ်ခန်းတစ်ခန်း ငှားပေးလိုက်တာပေါ့ဗျာ။

'ဒါ့အပြင် ကျုပ်က သူတို့အတွက် အကောင်းဆုံး ကျူရှင်ဆရာတွေကိုလည်း ငှားပေးလိုက်သေးတယ်၊ ဒီတော့ ကျုပ်ရဲ့သားတွေဟာ ပညာရေးမှာ အခြေခံကောင်းပြီး ကျောင်းမှာလည်း စာတော်ကြတော့တာပေါ့ဗျာ'

ဟော့ခ်ဟာ သူ့စကားအဆုံးမှာ ဘွန်းကို အကဲခတ်လိုက်ပါတယ်။ ဘွန်းတစ်ယောက် ဘာတစ်ခွန်းမှ ဝင်မပြောဘဲ နှုတ်ဆိတ်နေတာကို သူ တွေ့ရတယ်။ သည်အဖြစ်ကြောင့် ဘွန်းရဲ့သားဟာ မိမိသားတွေလို ပြောရလောက်အောင် ဘာအောင်မြင်မှုမှ ရခဲ့မှာမဟုတ်ဘူးလို့ သူမှန်းဆလိုက်တယ်။

ဒါ့ကြောင့် ဟော့ခ်ဟာ ဘွန်းကို တမင်သက်သက် လှမ်းကလိလိုက်ပါတယ်။

'ကဲ ဘွန်း၊ ခင်ဗျားကော ဘယ်လိုလဲ၊ ခင်ဗျားကော ခင်ဗျားသားရဲ့ ပညာရေးအတွက် ကျုပ်လုပ်သလို အောင်မြင်အောင် လုပ်နိုင်ခဲ့ရဲ့လား' လို့ ဟော့ခ်က မေးလိုက်တယ်။

'မလုပ်နိုင်ခဲ့ပါဘူး ဟော့ခ်ရယ်၊ ကျုပ် ခင်ဗျားလို အမြော်အမြင်ကြီးမှုမျိုး ရှိချင်လိုက်တာဗျာ၊ ကလေးတွေကို ပညာသင်ရာမှာ ကျောင်းကောင်းမှာ စထားဖို့ ကိစ္စဟာ သိပ်အရေးကြီးတာပေါ့၊ ဒီတုန်းက ခင်ဗျား ကျုပ်ကို ပြောရောပေါ့ဗျာ၊ ကျုပ်သားလေး ဘီလီဟာ ခပ်ညံ့ညံ့ကျောင်းမှာပဲ နေခဲ့ရတယ်၊ အဲဒီကျောင်းမှာက ဆရာ ဆရာမ အပြောင်းအလဲတွေလဲ မကြာခဏဖြစ်ခဲ့တယ်။ ဒီတော့ ဘီလီဟာ အို အဆင့်အမှတ်တွေသာ ရပြီး ဉပစာကောလိပ် ဝင်ခွင့်အတွက် အမှတ်မမီခဲ့ဘူးပေါ့ဗျာ။

'. . . တကယ်တော့ ကျုပ်သား ဘီလီဟာ လူညံ့မဟုတ်ပါဘူး၊ ဒါပေမဲ့ တက္ကသိုလ်ပညာသင်ခွင့် မရခဲ့လေတော့ သူ့ခမျာ ဘဝမှာ အောင်မြင်မှုရအောင် သူတကာထက် ပိုပြီး ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရတာပေါ့ဗျာ'

ဘွန်းဟာ မိမိရဲ့သားတော်မောင် ဘီလီတစ်ယောက် တက္ကသိုလ်ပညာကို သင်ခွင့်မရခဲ့တဲ့အဖြစ်နဲ့ ပတ်သက်ပြီး ရင်နင့်စွာနဲ့ ဖွင့်အန်ခဲ့တယ်။

မြန်မာ စာအုပ်များ



သည်အခါမှာ ဟော့ခ်က သူ့သားနှစ်ယောက်အကြောင်းကို ဆက်ပြန်ပါတယ်။

'ကျုပ်ရဲ့ သားနှစ်ယောက်စလုံး တက္ကသိုလ် ဆက်တက်ခဲ့ကြတယ်လေ၊ ကျောင်းကောင်းမှာ စထားခဲ့တော့ သူတို့အတွက် ပညာရေးတက်လမ်းက ချောမွေ့တော့တာပေါ့ဗျာ'

သည်အချိန်မှာပဲ စားပွဲဝိုင်းမှာ ထိုင်နေသူတစ်ဦးက ဟော့ခ်ရဲ့သားတွေ လက်ရှိ ဘာအလုပ်တွေ လုပ်ကိုင်နေသလဲလို့ ဝင်မေးလိုက်ပါတယ်။

'သူတို့နှစ်ယောက်စလုံး အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရှင်တွေ ဖြစ်နေကြပြီလေ၊ အဆင့်မြင့်ပညာကို မသင်ခဲ့ရတဲ့ လူတွေနဲ့တော့ ဘယ်တူပါ့မလဲဗျာ၊ ကျုပ်တို့ရဲ့ ယနေ့ခေတ်ကမ္ဘာကြီးမှာ ဘွဲ့ဒီဂရီဆိုတာ သိပ်ကို အရေးပါတာကလား၊ ဒါဟာ ဘဝအောင်မြင်မှုအတွက် နိုင်ငံကူးလက်မှတ်တစ်ခုပဲဗျ၊ ဟုတ်ဘူးလား၊ ခုဆိုရင် ဟင်နရီက ရှေ့နေကြီးဖြစ်နေပြီး ဟာရီးလ်ကတော့ ကိုယ်ပိုင် စာရင်းကိုင်ကုမ္ပဏီ ထောင်ထားတဲ့ စာရင်းကိုင်တစ်ယောက်ပေါ့ဗျာ'

'. . . ဒါထက် ခင်ဗျားသားကော၊ ဘာတဲ့ သူ့နာမည်က၊ အဲ သူကော ခုဘာဖြစ်နေပြီလဲ ဘွန်း'

'ဘီလီပါတဲ့ဗျာ၊ အဲ ဘီလီဟာ အထက်တန်းစာမေးပွဲ ဖြေအပြီးမှာ အောင်စာရင်း စောင့်ရင်းနဲ့ ဥပစာကောလိပ်ကို တက်ခဲ့တယ်ဗျာ၊ အဲ ဒါပေမဲ့ ဒါပေမဲ့ . . .'

'ဘာ ဒါပေမဲ့လဲဗျ၊ သူကျောင်းက ထွက်လိုက်တယ်ပေါ့ ဟုတ်လား'

ဟော့ခ်က ဘွန်းရဲ့စကားကို ဆုံးအောင်နားမထောင်ဘဲ ဖြတ်ပြောလိုက်တယ်။ သူ့ရဲ့မျက်နှာကတော့ သရော်ပြုံး ပြုံးလျက်ပါ။

'မဟုတ်ဘူး၊ သူက ထွက်တာမဟုတ်ဘူးဗျ၊ ကောလိပ်က ဘီလီကို ယာယီသာ ဝင်ခွင့်ပြုခဲ့တာ၊ အောင်စာရင်းတွေ ထွက်လာလို့ အို အဆင့်နဲ့ပဲ အောင်တဲ့အတွက် ကောလိပ်ကို ဆက်တက်ခွင့်မရတော့ဘူးပေါ့ဗျာ' ဘွန်းက မိမိရဲ့သားဖြစ်သူ ကောလိပ်ဆက်တက်ခွင့်မရတဲ့ အဖြစ်ကို ရင်နင့်စွာနဲ့ ရှင်းပြခဲ့ပါတယ်။

သည်အခါမှာ ဟော့ခ်က 'ဘာဖြစ်လို့လဲဗျ၊ ခင်ဗျားသားက စာမေးပွဲကို ကောင်းကောင်း မဖြေနိုင်ခဲ့ဘူးထင်တယ်' လို့ ခပ်နှိမ်နှိမ် ဝင်ပြောလိုက်ပြန်ပါတယ်။

သည်တစ်ကြိမ်မှာတော့ ဘွန်းက 'ဟုတ်တယ်ဗျာ၊ သူ ကောင်းကောင်း မဖြေနိုင်ခဲ့ဘူး' လို့ ညှိုးငယ်တဲ့မျက်နှာထားနဲ့ ဝန်ခံခဲ့ပါတယ်။

'ကဲဗျာ ဒါဆိုရင် ခင်ဗျားသား အခု ဘာလုပ်နေသလဲ၊' ကျောင်းက ထွက်ခိုင်းလို့ ထွက်ခဲ့ရပြီးနောက်မှာ ခင်ဗျားရဲ့သား လမ်းလျှောက်ဈေးသည် အလုပ်မှာပဲ ဝင်လုပ်ခဲ့ရတယ်ပေါ့၊ ဟုတ်မှာပါလေ၊ ကျုပ်တို့ နှစ်ပေါင်းများစွာက လုပ်ခဲ့တဲ့အလုပ်ကို ဝင်လုပ်ခဲ့မှာပါ'

'ပထမတော့ ဘီလီဟာ ကျုပ်ရဲ့ ဆိုင်ကလေးမှာ ဝင်လုပ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ အခုတော့ သူဟာ ကိုယ့်ဘဝကိုယ် မြှင့်တင်နိုင်ခဲ့ပြီဗျ၊ ကျုပ်တို့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက လုပ်ခဲ့တဲ့ စားစရာတွေ ရောင်းတဲ့အလုပ်ကို ဆက်မလုပ်တော့ဘူး၊ အခု သူလုပ်နေတဲ့ လုပ်ငန်းက ပိုကြီးတယ်၊ ခင်ဗျားကို ကျုပ် ပြောပြမယ်နော်'

'ဒါတွေ ထားပါလေ သူ့အတွက် ဘာကူညီရမလဲဆိုတာသာ ပြော၊ ကျုပ်သားတွေက သူတို့ ဝန်ထမ်းတွေ ခင်ဗျားသားဆီက ပစ္စည်းတွေ ဝယ်အောင် ထောက်ခံပေးနိုင်တယ်၊ အဲ ခင်ဗျား သဘောပေါက်မလားတော့ မသိဘူး၊ ခင်ဗျားသားအနေနဲ့ ရုံးက အော်ဒါအမှာတွေ ရအောင်ပေါ့ဗျာ'

ဟော့ခ်က ခပ်ကြွားကြွားပြောလိုက်ပြီး တကယ့် အကြီးအကဲတစ်ယောက်လို ပြုံးရင်းနဲ့ ဘေးကလူတွေကို မျက်လုံးဝင့်ကြည့်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ သူ့ရဲ့ သားနှစ်ဦးဟာ လူစိမ်းတစ်ယောက်နဲ့အတူ မိမိတို့ ထိုင်နေတဲ့ စားပွဲဆီ လျှောက်လာတာကို ဟော့ခ် လှမ်းမြင်ခဲ့ပါတယ်။ သည်နေရာမှာ မိမိရဲ့သားနှစ်ဦးဟာ သူတို့နဲ့ပါလာတဲ့ လူစိမ်းကို အတော်ပဲ ရိုရိုကျိုးကျိုး ဆက်ဆံနေတဲ့အဖြစ်ကိုလည်း ဟော့ခ်တစ်ယောက် သတိထားမိခဲ့တယ်။

သည်အချိန်မှာ ဟော့ခ်ဟာ မိမိ မိသားစုရဲ့ အောင်မြင်မှုပုံပြင်ကို အောက်ပါအတိုင်း ပြောကာ အဆုံးသတ်လိုက်ပါတယ်။

'ကျုပ်သား ဟင်နရီဟာ မကြာသေးမီကပဲ ဘယ်လုပ်ငန်းနဲ့မှ မတူအောင် ကြီးပွားတိုးတက်နေတဲ့ ကုမ္ပဏီကြီးတစ်ခုနဲ့ ဆက်မိခဲ့တယ်၊ အဲ့ဒီ ကုမ္ပဏီက ဟင်နရီကို သူ အရင်ကရတဲ့လစာရဲ့ နှစ်ဆပေးပြီး ခန့်ခဲ့တာဗျ'

'ပြီးတော့ တိုက်ဆိုင်ချင်တော့ အဲဒီကုမ္ပဏီပိုင်ရှင်ဟာ ဟားရီးလ်ကို သူ့ကုမ္ပဏီအတွက် အလုပ်အပ်ခဲ့ပြန်တယ်ဗျာ၊ ဒီကုမ္ပဏီကို ခင်ဗျားတို့ သိမှာပါ၊ မဟာ စားသောက်ကုန်လုပ်ငန်းတွဲများ ကုမ္ပဏီဆိုတာလေ၊ အဲဒီကုမ္ပဏီဟာ အသင့်စားနိုင်တဲ့ စားသောက်ကုန်တွေရောင်းတဲ့ ဆိုင်ခွဲပေါင်း သုံးဆယ်တောင် ရှိတာဗျ'

သည်အခါမှာ ဘွန်းက တစ်စုံတစ်ရာ ဝင်ပြောဖို့ စကားစလိုက်ပါတယ်။ သို့ပေမဲ့ ဘယ်သူကမှ သူ့ရဲ့ပြောစကားကို အာရုံ မစိုက်ခဲ့ကြပါဘူး။ ဘေး

ပရိသတ်ကတော့ သည်လူပြောမယ့် စကားဟာ သူဖွင့်ထားတဲ့ လမ်းဘေးဆိုင်မျိုးတစ်ဆိုင် နောက်ထပ်တိုးဖွင့်တဲ့ကိစ္စပဲ ဖြစ်မယ်လို့ ထင်မှတ်ကြဟန်တူပါတယ်။

လူရွယ်သုံးဦး မိမိတို့ စားပွဲအနားကို ရောက်လာချိန်မှာတော့ ဟော့ခ်ဟာ နေရာကထလိုက်ပြီး 'ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့ခင်ဗျား၊ ဟောဒီမှာ အောင်မြင်မှုတွေ တစ်ပုံတစ်ပင်ကြီး ရရှိပိုင်ဆိုင်နေတဲ့ ကျွန်တော်ရဲ့သားနှစ်ဦး ဖြစ်ကြတဲ့ ဟင်နရီနဲ့ ဟာရီးလ်တို့ကို မိတ်ဆက်ပေးပါရစေ ခင်ဗျား' လို့ အော်ကျယ်ဟစ်ကျယ်နဲ့ ပြောလိုက်ပါတယ်။

သည့်နောက် ဟော့ခ်က တတိယလူရွယ်ကို မိတ်ဆက်ပေးစေလိုတဲ့ သဘောနဲ့ သူ့သားနှစ်ဦးကို လှမ်းကြည့်လိုက်တယ်။

ဟော့ခ်ရဲ့ သားနှစ်ဦး ပါးစပ် မဟရသေးမီမှာပဲ ဘွန်းဟာ နောက်ကို လှည့်ကြည့်လိုက်ပြီး နေရာက ရုတ်တရက် ထရပ်လိုက်ပါတယ်။ ဘွန်းရဲ့ ပိုင်ပိုင်နိုင်နိုင်ရှိလှတဲ့ ဟန်ပန်ကြောင့် ပတ်ဝန်းကျင်က လူအပေါင်းဟာ သူ့ကို အာရုံစိုက်ကာ ကြည့်နေကြတယ်။

ဘွန်းဟာ ဘေးမှာရှိနေတဲ့ ဧည့်ပရိသတ်တွေကို စောင်းငဲ့ကြည့်လိုက်ပြီး 'လူကြီးမင်းများခင်ဗျား ဟောဒီက မဟာစားသောက်ကုန် လုပ်ငန်းတွဲများ ကုမ္ပဏီရဲ့ ပိုင်ရှင်ဖြစ်တဲ့ ကျွန်တော့်ရဲ့ သားတော်မောင် ဘီလီနဲ့ မိတ်ဆက်ပေးပါရစေခင်ဗျား' လို့ ပြောကြားလိုက်ပါတယ်။

*

## နောက်ဆုံးပို့စ်ကတ်

'အမေ သားပြန်လာပြီ အမေရေ. . ၊ အမေ့အိမ်ဝကို သား ရောက်နေပြီလေ၊ အမေထွက်ခဲ့ပါတော့' လို့ သူ့ရဲ့ စိတ်ထဲက ပြောနေမိတယ်။ သူဟာ အခန်းဝမှာ ဖြန့်ခင်းထားတဲ့ အမေ့ရဲ့ 'ကြိုဆိုပါ၏' ဆိုတဲ့ စာတန်းပါ ခြေသုတ်ဖျာပေါ်မှာ ခြေဖဝါးတွေကို ပွတ်တိုက်ရင်း ရပ်နေမိတယ်။ ရင်ထဲမှာတော့ အမေ့ကို မြင်ချင်စိတ်တွေက ဆူဝေနေလို့ပေါ့။

သို့ပေမဲ့ အမေကတော့ ထွက်မလာသေးပါဘူး။ 'အမေ၊ အမေ ဘာကြောင့်များ ထွက်မလာသေးတာလဲ၊ အမေ ငိုနေလို့များလား၊ အမေက သူ ငိုနေတာ ငါ့ကိုများ မမြင်စေချင်လို့ပဲလား' လို့ သူ တွေးလိုက်မိတယ်။

သို့ပေမဲ့ အမေဟာ သည်လို စိတ်ဓာတ်ပျော့ညံ့သူ မဟုတ်ဘူးဆိုတာကို သူသိထားပါတယ်။

တကယ်တော့ သူဟာ အမေ့အပေါ်မှာ တာဝန်ကျေတဲ့ သားတစ်ယောက်တော့ မဟုတ်ခဲ့ပါဘူး။ သူဟာ ကမ္ဘာတစ်ဝန်းကို အပျော်ခရီးတွေချည်း ထွက်နေခဲ့သူပါ။ ခုတစ်ကြိမ်မှာလည်း ရွယ်တူ သူငယ်ချင်းတွေနဲ့အတူ ကမ္ဘာပေါ်မှာ လူသူ အရောက်အပေါက်နည်းလှတဲ့ နေရာတွေဆီကို ခရီးရှည်ကြီး ထွက်ခဲ့ပြီး ပြန်ရောက်လာတာပါ။

သည်လို ခရီးထွက်စဉ်အတွင်းမှာ သူဟာ အမေ့ထံ စာတစ်စောင်မျှ မထည့်ခဲ့သလို ဖုန်းလည်းတစ်ခါမျှ မဆက်ခဲ့ပါဘူး။

တကယ်တော့ အမေ့မှာ သားသမီးဆိုလို့ သူတစ်ယောက်တည်းသာ ရှိတဲ့အပြင် အမေဟာ ခပ်ငယ်ငယ်ကတည်းက မျက်စိကွယ်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

မြန်မာ စာအုပ်များ



သို့ပေမဲ့ အမေဟာ ဒုက္ခိတ ဖြစ်တဲ့အတွက် အားကိုးရာမဲ့ဖြစ်နေသူတော့ မဟုတ်ပါဘူး။ အမေဟာ ဘယ်တော့မှ သူတစ်ပါးအပေါ် မှီခိုမနေဘဲ ကိုယ့်အားကိုယ်ကိုးကာ နေထိုင်သူပဲ ဖြစ်ပါတယ်။

ပြီးတော့ အမေဟာ သူ့ကို နိုင်ငံအနှံ့ စွန့်စွန့်စားစား ခရီးထွက်ဖို့ကိုလည်း အားပေးခဲ့တယ်။ အမေက ငယ်တုန်းရွယ်တုန်း ကိုယ့်မြို့ကိုယ်ရွာမှာပဲ အောင်းမနေဘဲ တိုင်းတစ်ပါးကို ခရီးဆန့်ဖို့ အားပေးခဲ့သူပါ။

အမေက အားပေးခဲ့သလို သူကိုယ်တိုင်ကလည်း ခြေထောက်မှာ ဗွေပါနေသလိုပဲ ကမ္ဘာအနှံ့ ခရီးဆန့်ခဲ့ပါတယ်။ ယခုတစ်ကြိမ်မှာလည်း သူဟာ အမေ့ကိုပစ်ပြီး သုံးလကြာမျှ ခရီးထွက်ခဲ့တယ်။

သည်တစ်ကြိမ် ခရီးထွက်ခဲ့ရာမှာ ဟယ်ရီဟာ ခရီးစဉ်တစ်လျှောက်မှာ ကြုံတွေ့ခဲ့ရတဲ့ စိတ်ဝင်စားစရာ ထူးဆန်းထွေလာတွေ၊ ခင်မင်စရာကောင်းတဲ့ အပေါင်းအသင်းတွေ၊ ပြီးတော့ ခရီးစဉ်အတွင်း သူနဲ့ မိန်းကလေးတစ်ဦးတို့ အကြား ပွင့်လန်းခဲ့တဲ့ (နောက်ပိုင်းမှာတော့ ညှိုးရော်သွားခဲ့တဲ့) ချစ်မေတ္တာ ပန်းကလေးတစ်ပွင့် စတာတွေကြောင့် သူဟာ အမေ့ထံ မဆက်သွယ်ဖြစ်ခဲ့ တာပါ။

သူ့အိမ်တံခါးဝမှာ ရပ်နေစဉ်မှာပဲ တံခါးဟာ ပွင့်လာပါတယ်။ အမေဟာ ဘာကိုမှ မြင်နိုင်စွမ်းမရှိတဲ့ သူမရဲ့ မျက်လုံးအစုံကို ဖွင့်ကာ တံခါးဝမှာ ရပ်လာ ပါတယ်။ သူဟာ အမေ့ကို ဟိုယခင်ကလိုပဲ ကျန်းကျန်းမာမာ တွေ့ရတဲ့အတွက် ဘုရားသခင်ကို စိတ်ထဲက ကျေးဇူးတင်နေမိတယ်။

သူဟာ ဘယ်ကစပြောရမှန်း မသိဘဲ နှုတ်ဆိတ်ကာ ရပ်နေမိတယ်။ သို့ပေမဲ့ အမေဟာ သူ့ရဲ့တစ်ဦးတည်းသော သားလေး သူမရှေ့မှာ ရောက်နေတဲ့ အဖြစ်ကို သိခဲ့ပါတယ်။

'ဟယ်ရီ' လို့ အံ့ဩဝမ်းသာစွာနဲ့ ခေါ်လိုက်တဲ့အသံဟာ အမေ့နှုတ်မှ ပွင့်အန်လာခဲ့တယ်။

သူဟာ ရှေ့ကိုတိုးသွားပြီး အမေ့ကို တအားဖက်ထားလိုက်မိတယ်။ 'အို ဘာကြောင့် ငိုနေရတာလဲ သားရယ်'လို့ အမေက ပြောလာပါတယ်။ အမေဟာ သူ့ရဲ့မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ရစ်ဝဲလာနေတာကို သိနေပါတယ်။

သူက အမေ့ဆီကို စာမရေးနိုင်ခဲ့တဲ့ သူ့ရဲ့အဖြစ်တွေနဲ့ ပတ်သက်ပြီး အမေ့ကိုရှင်းပြဖို့ စိတ်ကူးမိတယ်။ သို့ပေမဲ့ အမေဟာ သူ့ဆီက အဆက်အသွယ် လုံးဝမရခဲ့တာနဲ့ ပတ်သက်ပြီး တစ်ခွန်းတစ်ပါဒမှ ပြောမလာပါဘူး။

သည်အဖြစ်ကြောင့်လည်း သူဟာ အနေရခက်နေတယ်။ ပြီးတော့ သူ့အဖို့ ထူးဆန်းသလို ဖြစ်နေတယ်။ အမေဟာ မိမိထံ စာမရေး ဖုန်းမဆက်ခဲ့တဲ့ သားမိုက်ကို ဘာကြောင့်များ အပြစ်မတင်ရတာလဲ။

ဟယ်ရီဟာ အမေနဲ့အတူ မီးဖိုထဲက စားပွဲမှာ ထိုင်လိုက်တယ်။ သည်အခါမှာ အမေက'သားရေးတဲ့စာတွေ အမေရပါတယ်၊ ဘာတဲ့. . .' လို့ ပြောရာကနေ စကားဖြတ်လိုက်ပြီး သူ့အတွက် လက်ဖက်ရည်ပန်းကန် လှမ်းယူလိုက်တယ်။

ဟယ်ရီဟာ အမေ့စကားကြောင့် မျက်မှောင်ကြုတ်သွားမိတယ်။ ပြီးတော့ အမေဟာ သူ့ကို တမင် ခနဲ့နေတာများလား ဆိုတဲ့ သဘောနဲ့ အမေ့မျက်နှာကို စူးစမ်းတဲ့အကြည့်နဲ့ ကြည့်လိုက်တယ်။

'သား ရေးပို့ခဲ့တာတွေကို တစ်စောင်မကဘူး ရပါတယ်၊ ဒါပေမဲ့ သားအနေနဲ့ သားရဲ့ပို့စ်ကတ်တွေထဲမှာ ယေဘုယျ မှတ်ချက်တွေချည်း မရေးဘဲ သား မြင်တွေ့ခဲ့ရတာတွေ၊ ကြုံတွေ့ခဲ့ရတဲ့ ပျော်စရာ အတွေ့အကြုံကလေးတွေ အကြောင်း ရေးသင့်တာပေါ့ကွယ်'

အမေပြောတဲ့ ပို့စ်ကတ်တွေဆိုတဲ့ စကားကြောင့် သူဟာ ဘာပြောရမှန်း မသိအောင် ဖြစ်သွားခဲ့တယ်။ ဟယ်ရီဟာ အမေ့ရဲ့ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်လိုက်ပါတယ်။ သို့ပေမဲ့ အမေ့မျက်နှာကတော့ ပကတိရိုးသားလျက်ပါ။

အမေဟာ သူမ ပြောသလို ပို့စ်ကတ်တွေ ရခဲ့တာကတော့ အမှန်ပဲ ဖြစ်မှာပါ။ သို့ပေမဲ့ ဘာပို့စ်ကတ်တွေများလဲ၊ ပြီးတော့ဘယ်က ပို့စ်ကတ်တွေ ပါလိမ့်လို့ ဟယ်ရီတွေးနေမိပါတယ်။

'အမေ အဲဒီပို့စ်ကတ်တွေ ကျွန်တော့်ကိုပြပါဦး၊ ကြည့်ချင်လို့'

ဟယ်ရီက ပုံမှန်လေသံနဲ့ပဲ သူ့အမေကို မေးလိုက်တာပါ။

'ဟိုမှာလေ သားရဲ့၊ နံရံဘေးကစင်ပေါ်မှာ အလိုင်းအက်စ် ယူလာတဲ့ တခြားစာတွေနဲ့ အတူတူတင်ထားတယ်လေ၊ ဦးလေးအလိုင်းအက်စ်ကို သားမှတ်မိတယ် မဟုတ်လား၊ တို့တစ်တွေဆီ စာတွေ လာလာပို့နေတဲ့ စာပို့သမားကြီးလေ'

'အလိုင်းအက်စ်ဟာ တကယ့် စိတ်ကောင်းရှိတဲ့ သူတော်ကောင်းကြီးကွယ့်၊ သူဟာ အမေ့အတွက် စာတွေကိုယူလာပြီး ဖတ်ပြတတ်တယ်၊ ပြီးတော့ အချိန်ရရင်လည်း အမေ့ကိုယ်စား စာတွေနဲ့ လစာစာရင်းတွေအတွက် ပြန်စာတွေ ရေးပေးသေးတာ'

'သူသာ မကူညီရင် အမေ့အနေနဲ့ ဘယ်လိုလုပ်ရမယ် ဆိုတာတောင် မသိတော့ပါဘူးကွယ်၊ အမေ့ရဲ့ အင်ဒိုနီးရှားအိမ်ဖော်လေး မူနာဟာ အရင် ဖိလစ်ပိုင်သူ အိမ်ဖော်မလေးလောက် အကင်းလည်းမပါးဘူး၊ အင်္ဂလိပ်စာလည်း မတတ်ဘူးကွယ်'

'တစ်နေ့တော့ အလိုင်းအက်စ်က အမေ့ကို ထူးထူးခြားခြား ပြောခဲ့တယ် ကွယ့်၊ အမေ့ကို မြင်ရတော့ ကွယ်လွန်သွားခဲ့တဲ့ သူ့မိခင်ကြီးကို သတိရတယ် တဲ့လေ၊ သူ့အမေဟာလည်း အမေ့လိုပဲ မျက်စိမမြင်ရှာဘူးတဲ့ကွယ်'

'ခုရက်တွေအတွင်းမှာ အလိုင်းအက်စ်ဟာ သူ့အလုပ်တွေကို ဒီနား တစ်ဝိုက်မှာပဲ လက်စသတ်လိုက်ပြီး အမေ့ဆီလာ အာလာပသလ္လာပ ပြောတတ် တယ်၊ ခုချိန်လောက်ဆိုရင် တို့အိမ်နားတစ်ဝိုက်ကို သူရောက်နေလောက် ပြီကွယ့်'

ဟယ်ရီဟာ သူပို့လိုက်တယ်ဆိုတဲ့ ပို့စ်ကတ်တွေကို ရှာနေရာကနေ မတွေ့တဲ့အတွက် စိတ်မရှည်စွာနဲ့ 'မတွေ့ပါလားဗျာ' လို့ ခပ်ဆတ်ဆတ် ပြောလိုက်တယ်။

သို့ပေမဲ့ အမေကတော့ 'ထပ်ရှာပါဦးကွယ်၊ အဲဒီမှာရှိမှာပါ၊ အားလုံးပေါင်း ငါးခုကွယ့်' လို့ ပြန်ပြောပါတယ်။

ဟယ်ရီဟာ အမေ စိတ်ကျေနပ်အောင် နံရံဘေးက စင်ပေါ်ကို ထပ်ရှာ ကြည့်ပေမယ့် ဘာပို့စ်ကတ်ကိုမှ မတွေ့ရပါဘူး။ စင်ပေါ်မှာ သူတွေ့ရတာတွေ ကတော့ စွန့်ပစ်စာအိတ်ဟောင်းတွေနဲ့ စင်ကာပူရှိ ကုန်သည်ကြီးတွေအနေနဲ့ အမြတ်မဲ့လိုလို ထုတ်ဝေလေ့ရှိတဲ့ စူပါဆေးလ် (super sale) အရောင်း မြှင့်တင်ရေး ကြော်ငြာပို့စ်ကတ်တွေပါပဲ။

'ဘာပို့စ်ကတ်မှ မရှိတာ အမှန်ပဲ အမေ' လို့ ဟယ်ရီက သူ့မိခင်ကို ပြောလိုက်ပါတယ်။

'မဖြစ်နိုင်တာကွယ်၊ မူနာတောင် တွေ့သေးတာပဲ' လို့ပြောပြီး အမေဟာ အိမ်ဖော်မလေး မူနာကို လှမ်းခေါ်လိုက်တယ်။

ထမင်းစားခန်းထဲရောက်လာတဲ့ အိမ်ဖော်မလေးမူနာဟာ ဂနာမငြိမ်တဲ့ မျက်လုံးတွေနဲ့ ကျီးကြည့်ကြောင်ကြည့် လုပ်နေပါတယ်။

'ငါ့သား ပို့ခဲ့တဲ့ ပို့စ်ကတ်တွေကို ပြလိုက်စမ်း မူနာ' လို့ အမေက ပြော လိုက်တယ်။

မူနာဟာ စင်ပေါ်မှာရှိတဲ့ ပစ္စည်းတွေကို ဟိုဟာကိုင်ရမလို သည်ဟာ ယူရမလိုနဲ့ လုပ်ရင်း စင်ရှေ့မှာ ရပ်နေပါတယ်။ သူမဟာ ဟယ်ရီနဲ့ မျက်လုံးချင်း ဆိုင်ဖို့ ဝန်လေးနေသလိုပါပဲ။

သည့်နောက် မူနာဟာ'ဗိုက် အရမ်းနာလာပြီ အမေ၊ ကျွန်မ မအောင့် နိုင်တော့ဘူး၊ အိမ်သာ သွားပါရစေတော့' လို့ ရုတ်တရက် အော်ပြောပြီး အိမ် နောက်ဘက်ကို ပြေးထွက်သွားခဲ့တယ်။

သည်အချိန်မှာ ဘေးအိမ်က ခွေးဟောင်သံဟာ အဆက်မပြတ် ပေါ်ထွက် လာပါတယ်။ ခွေးဟောင်သံကို ကြားရချိန်မှာတော့ အမေ့ရဲ့မျက်နှာဟာ ရုတ်တရက် လင်းလက်သွားပြီး 'ဟော အဲဒါ အလိုင်းအက်စ်ပဲ၊ သူ ခုပဲ ရောက်လာတော့မှာ၊ သူ့ကို မေးကြည့်နိုင်ပြီပေါ့' လို့ ပြောလာတယ်။

အမေဟာ သူမ အထင်ကြီးလေးစားတဲ့ ပုဂ္ဂိုလ်ကြီးကို ကြိုဆိုတဲ့အနေနဲ့ အိမ်တံခါးကို ဖွင့်လိုက်တယ်။ ဟယ်ရီကတော့ ပြတင်းတံခါးမှာ တပ်ဆင်ထားတဲ့ လိုက်ကာနောက်မှာ ကွယ်ရပ်ရင်း အမေ့ရဲ့ သူတော်ကောင်း စာပို့သမားကြီးကို စောင့်ဆိုင်းနေခဲ့တယ်။

စာပို့သမားကြီးဟာ ရွှင်ရွှင်မြူးမြူးနဲ့ သီချင်းတစ်ပုဒ်ကို သီဆိုရင်းက 'ဗျို့ မစ္စလင်းမ် ဒီနေ့ ခင်ဗျားကံကောင်းတယ်ဗျို့၊ ခင်ဗျား သားဆီက နောက်ထပ် ပို့စ်ကတ်တစ်စောင် ပါလာတယ်၊ ကျွန်တော်ဖတ်ပြရမလား မစ္စလင်းမ်' လို့ ပြောပါတယ်။

ဦးလေး အလိုင်းအက်စ်ဟာ ဖောင်းဖောင်းပြည့်ပြည့် မျက်နှာကြီးနဲ့ အားရပါးရပြုံးလျက်ရှိပါတယ်။ သူဟာ လက်ထဲမှာ စူပါဆေးလ် ဈေးရောင်း ပွဲတော်ဆိုတဲ့ အနီရောင်စာလုံးကြီးတွေ ပါရှိတဲ့ ပို့စ်ကတ်တစ်ခုကိုကိုင်ထားတဲ့ အမေ့ရဲ့ သူတော်စင်ကြီး ဦးလေး အလိုင်းအက်စ်ကို တွေ့ရပါတယ်။

ဟယ်ရီဟာ သူရပ်နေတဲ့ နေရာကနေ ရုတ်တရက်ထွက်လာပြီး 'ဒီပို့စ် ကတ်ကို ဦးလေး ဖတ်မပြနဲ့တော့၊ ကျွန်တော့်ကိုသာ ပေးပေတော့၊ ကျွန်တော် ကိုယ်တိုင်ပဲ ဖတ်ပြပါ့မယ်' လို့ ပြောလိုက်ပြီး အံ့အားသင့်နေတဲ့ မစ္စတာ အလိုင်းအက်စ် လက်ထဲက စူပါဈေးရောင်းပွဲတော် ပို့စ်ကတ်ကို ဆွဲယူလိုက် တယ်။

ဟယ်ရီဟာ ဘာကိုဖတ်ပြရမယ်ဆိုတာ ဝေခွဲမရဖြစ်ကာ ခဏတာမျှ ရပ်နေမိတယ်။ သည့်နောက်မှ သူဟာ ယင်းပို့စ်ကတ်ကို ငုံ့ကြည့်ရင်း 'အမေ ရယ် အမေ့ကို ဟိုတုန်းက ကျွန်တော် အပြည့်အဝ ဂရုမစိုက်ခဲ့မိတာကို တောင်းပန်ပါရစေ၊ ရှေ့လျှောက် ကျွန်တော်ဟာ အမေနဲ့အတူ မခွဲမခွာ နေသွားတော့မယ် ဆိုတာ ကတိပြုပါတယ် အမေ' လို့ ဖတ်ပြလိုက်ပါတယ်။

*

# ဂုဏ်သိက္ခာရှိစွာ ရှုံးနိမ့်ခြင်း

တကယ်တော့ သားသမီးဇောဟာ အများကြီးမောရတာပါ။ ကျွန်တော်နဲ့ ဇနီးသည် ဆီလ်ဗီယာတို့ဟာ အခြားမိဘတွေလိုပဲ သားသမီးတွေကို ရင်အုပ်မကွာ ပြုစုကာ နေထိုင်ကြသူတွေပါ။ ကျွန်တော်တို့ဟာ သားသမီးတွေရဲ့ပညာရေး၊ ကျန်းမာရေး၊ ကာယလှုပ်ရှားမှု၊ လူမှုရေး စတဲ့ အရေးမှန်သမျှကို မိမိအရေးထက်ပင် ပိုမိုဦးစားပေးကာ ကူညီစောင့်ရှောက်ခဲ့ကြတယ်။

လွန်ခဲ့တဲ့ နှစ်အတော်ကြာ ကာလတုန်းကပါ။ ထိုနှစ်ကကျွန်တော်တို့ရဲ့ သားနှစ်ဦးဖြစ်သူ ဂျွန်နဲ့ပတ်တို့ဟာ အက်စ်ဂျေအိုင် (SJI) ခေါ် စိန့်ဂျိုးဇက်အင်စတီကျူ့ကျောင်းရဲ့ ဘင်ခရာတီးဝိုင်းမှာ ပါဝင်ခဲ့ကြတယ်။

အဲဒီတီးဝိုင်းမှာ ဂျွန်က တူဘာ လေမှုတ်ခရာကြီးကို မှုတ်ရပြီး ပက်ကတော့ ထရမ်းပက် မှုတ်ပါတယ်။

သူတို့လေးတွေ သည်လို ဘင်ခရာတီးဝိုင်းမှာ ပါကြပြီဆိုတော့ ဆီလ်ဗီယာနဲ့ ကျွန်တော်တို့လည်း ဘယ်မှာ နေသာပါတော့မလဲ။ ကျွန်တော်တို့ဟာ နေပူမရှောင်၊ မိုးရွာမရှောင် တစ်နှစ်ပတ်လုံး သူတို့လေ့ကျင့်တဲ့ နေရာဆီ လိုက်ပို့ကြရ၊ ကြိုကြရတယ်။

ကျွန်တော်တို့နှစ်ဦးဟာ ဈေးဝယ်ထွက်မှု၊ အားကစားလေ့ကျင့်မှု၊ လူမှုရေးတွေ့ဆုံစုဝေးမှု စတဲ့ မိမိတို့ကိုယ်တိုင်ရဲ့ အရေးကိစ္စမှန်သမျှကို ဦးစားမပေးနိုင်ဘဲ သားနှစ်ယောက်နောက်ကိုသာ တကောက်ကောက် လိုက်ခဲ့ကြရတယ်။

ထိုနှစ်က အက်စ်ဂျေအိုင် ဘင်ခရာအဖွဲ့ဟာ ပဏာမပြိုင်ပွဲတွေ အဆင့်ဆင့်မှာ အောင်မြင်မှုတွေ ရခဲ့ပါတယ်။ ဆီလ်ဗီယာနဲ့ကျွန်တော်ဟာ ပြိုင်ပွဲတိုင်း

မှာ သားတို့နဲ့အတူ ရှိနေခဲ့ပြီး သူတို့ရဲ့ စနစ်တကျ ချီတက်လမ်းလျှောက်မှု၊ တီးမှုတ်မှုမှန်သမျှကို အားပေးခဲ့ကြတယ်။

သည်လိုနဲ့ သားတို့ရဲ့ အက်စ်ဂျေအိုင် ဘင်ခရာအဖွဲ့ဟာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ယှဉ်ပြိုင်ရမယ့် နောက်ဆုံးပြိုင်ပွဲကြီးမှာ ဝင်ရောက် ယှဉ်ပြိုင် ခဲ့ရတယ်။

အမျိုးသားပြိုင်ပွဲရုံအတွင်းမှာ ကျောင်းပေါင်းစုံက အကောင်းဆုံး ဘင်ခရာ ဝိုင်းတွေဟာ နောက်ဆုံးပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲဖို့ စုဝေး ရောက်ရှိနေကြပါတယ်။ ပြိုင်ပွဲဝင်မယ့် အသင်းတွေဟာ ကွင်းထဲမှာ မိမိတို့နေရာ အလိုက် တန်းစီကာ ရပ်နေကြတယ်။

အဲဒီပွဲကို လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်ဟာ ၃၀,၀၀၀ ခန့်ရှိပါ တယ်။ အက်စ်ဂျေအိုင် ဘင်ခရာအဖွဲ့သားတွေဟာ ကျယ်ပြောလှတဲ့ ကွင်းကြီးရဲ့ အလယ်မှာ စနစ်တကျ ရပ်နေကြပါတယ်။ ပြိုင်ပွဲဝင်ကြမယ့် ကလေးတွေ မဆိုထားနဲ့ မိဘနှစ်ဦးဖြစ်တဲ့ ဆီလ်ဗီယာနဲ့ ကျွန်တော်တို့ပင်လျှင် သူတို့ကို ကြည့်နေရင်းနဲ့ အတော် စိတ်လှုပ်ရှားနေမိတယ်။

ရောင်စုံဝတ်စုံတွေ ဝတ်ဆင်ထားကြတဲ့ အခြားအဖွဲ့တွေရဲ့ အလယ်မှာ အစိမ်းနဲ့အဖြူရောင်ဝတ်စုံတွေ ဝတ်ဆင်ထားကြတဲ့ အက်စ်ဂျေအိုင်အဖွဲ့ကို လှမ်းမြင်ရတာ သေးငယ်သွားသယောင် ထင်ရပါတယ်။ ကျွန်တော်နဲ့ ဆီလ်ဗီယာဟာ 'အရည်အသွေးသာ အဓိကပါကွာ၊ အရေအတွက်က အဓိက မဟုတ်ပါဘူး' လို့ ပြောရင်း တစ်ဦးကိုတစ်ဦး လှမ်းအားပေးခဲ့ကြတယ်။

သည်ပြိုင်ပွဲမှာ အက်စ်ဂျေအိုင်အဖွဲ့အနေနဲ့ အဓိကပြိုင်ရမယ့် အသင်း တစ်သင်းကတော့ အင်ဂလို ချိုင်းနိစ်စကူးလ် (ACS) ရဲ့ ဘင်ခရာအဖွဲ့ပါပဲ။ လောင်းကြေးဒိုင်တွေက သူတို့ဘက်က လောင်းကြေးတွေ ထပ်နေကြတယ် ဆိုတဲ့ ပြောစကားတွေကို ကျွန်တော်တို့ ကြားထားပါတယ်။

အလားတူ ရပ်ဖဲလ်စ်အင်စတီကျူ့ (RI) ဟာလည်း စိုးရိမ်စရာ ပြိုင်ဘက် ဖြစ်ပါတယ်။ သူတို့အဖွဲ့ဟာ လူတွေရဲ့ တစ်ခဲနက် အားပေးခြင်းခံရတဲ့ အဖွဲ့ပါ။ ပြီးတော့ ခရက်စ်ဆင့် (Crescent) မိန်းကလေးများကျောင်းကိုလည်း လျှော့ တွက်လို့မရပါဘူး။ သည်ကလေးမလေးတွေဟာ သူတို့ရဲ့ အရောင်အသွေး လှပတဲ့ စကတ်တွေ အင်္ကျီတွေကြောင့်သာ ပရိသတ်ရဲ့အားပေးမှုကို ရရှိနေတာ မဟုတ်ပါဘူး။ သူတို့ဟာ တီးမှုတ်ရာမှာရော ချီတက်လမ်းလျှောက်ရာမှာပါ တကယ်တော်ကြသူတွေ ဖြစ်ပါတယ်။

မြန်မာ စာအုပ်များ



ကျောင်းပေါင်းစုံက လက်ရွေးစင် ဘင်ခရာအသင်းတွေဟာ ပြိုင်ပွဲကွင်းကြီးအတွင်း တန်းစီကာ၊ အားကြိုးမာန်တက် ယှဉ်ပြိုင်ကြဖို့ အသင့်ဖြစ်နေကြပါပြီ။ အသင်းတိုင်းဟာ အားမာန်အပြည့်ရှိနေပုံလည်း ရပါတယ်။ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦးဟာ ကွင်းလယ်မှာရပ်နေကြတဲ့ အသင်းတွေကို ကြည့်ရင်း ပိုမို စိတ်လှုပ်ရှားလာပါတော့တယ်။

ကျွန်တော့်ဘေးက ဆီလ်ဗီယာကတော့ မျက်နှာငယ်လေးနဲ့ 'ကျွန်မတို့ ဆုတောင်းကြရုံပဲ ရှိတာပေါ့' လို့ ပြောရင်း ချက်ချင်းပဲ ဘုရားသခင်ထံ ဆုတောင်းခဲ့တယ်။

ပြိုင်ပွဲ စတင်ပါပြီ။ ဦးစွာ ချီတက်လာတဲ့ အဖွဲ့ကတော့ အေစီအက်စ် ဘင်ခရာအဖွဲ့ပါ။ အေစီအက်စ်အဖွဲ့သားတွေဟာ ကြွကြွရွရွနဲ့ ဂုဏ်ယူဝင့်ကြွားစွာ ချီတက်လာကြတယ်။ တီးဝိုင်းခေါင်းဆောင်က ဘင်တီးတဲ့တုတ်ကို ကိုင်ပြီး အမှားအယွင်းကင်းစွာနဲ့ ဦးဆောင်တီးခတ်ခဲ့ပါတယ်။ အေစီအက်စ်ဟာ ပြိုင်ပွဲဝင်နေစဉ်အတွင်း တီးခတ်မှု၊ ချီတက်လမ်းလျှောက်မှု၊ လှုပ်ရှားမှုမှန်သမျှမှာ အတော်ပဲ ကောင်းမွန်အောင် ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။

အလားတူ အာရ်အိုင် (RI) ခေါ် ရပ်ဖဲလ်အင်စတီကျူ့ဟာလည်း နာမည်နဲ့လိုက်အောင် အကောင်းဆုံး တီးမှုတ်သွားခဲ့တယ်။ ဒရမ်ခေါင်းဆောင်ဟာ တုတ်တံကို လှည့်ကာပတ်ကာ ကိုင်တွယ်ရင်း အမှားအယွင်းမရှိဘဲ စိုးရိမ်စိတ်ကင်းစွာနဲ့ တီးခတ်ခဲ့ပါတယ်။ ပရိသတ်ကလည်း တစ်ခဲနက် အားပေးလျက် ရှိကြတယ်။

သည့်နောက် အက်စ်ဂျေအိုင် (SJI) အဖွဲ့ ယှဉ်ပြိုင်ရမယ့် အလှည့်ကျရောက်လာပါတယ်။ ဇနီးသည် ဆီလ်ဗီယာနဲ့ ကျွန်တော်ဟာ ပွဲကြည့်စင်ပေါ်ကနေပြီး စိတ်လှုပ်ရှားစွာနဲ့ ကြည့်ရှုနေကြပါတယ်။ ဝေးလံလှတဲ့ ကျွန်တော်တို့ရဲ့ ထိုင်ခုံနေရာတွေကနေပြီး သူတို့ကို သဲသဲကွဲကွဲ မမြင်နိုင်သည့်တိုင်အောင် ကျွန်တော်တို့ဟာ ကလေးတစ်ဦးချင်းစီကို စေ့စေ့စပ်စပ် ကြည့်နေမိတယ်။ သူတို့ရဲ့ လှုပ်ရှားမှုတိုင်း၊ သူတို့တီးမှုတ်တဲ့ ဂီတသံတိုင်းကို လွတ်မသွားရအောင် မျက်တောင်မခတ်ဘဲ ကြည့်နေခဲ့မိတယ်။

ထိုနေ့က အက်စ်ဂျေအိုင်အဖွဲ့ တီးမှုတ်ရာမှာ အမှားအယွင်း တစ်ခုမှ မရှိခဲ့ဘူး။ သူတို့လေးတွေရဲ့ တီးမှုတ်မှုမှန်သမျှဟာ ထူးထူးခြားခြားပဲ ခန့်ညားလှပါတယ်။ ချီတက်လမ်းလျှောက်ရာမှာလည်း သူတို့ဟာ ခြေတစ်လှမ်းမှ စည်းအပြင်ကို မထွက်ခဲ့ကြပါဘူး။

ဒရမ်ခေါင်းဆောင်ဟာ အကောင်းဆုံး ဦးဆောင်တီးခတ်သွားခဲ့တယ်။ သူဟာ အမှားအယွင်းမရှိဘဲ အလှည့်အပြောင်း အကွေ့အဝိုက်တွေနဲ့ ကျွမ်းကျင်စွာ တီးခတ်ရင်း အဖွဲ့ကို ပီပီပြင်ပြင် ခေါင်းဆောင်သွားနိုင်ခဲ့တယ်။ ယှဉ်ပြိုင်မှုပြီးဆုံးချိန်မှာ အက်စ်ဂျေအိုင် ဘင်ခရာအဖွဲ့ဟာ အခြားအဖွဲ့တွေထက် ပိုမိုပြီး အရှည်ကြာဆုံး၊ အကျယ်လောင်ဆုံး လက်ခုပ်ဩဘာပေးမှုကို ရရှိခဲ့တယ်။

ထိုအချိန်မှာ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦးဟာ နေရာကထပြီး တစ်ယောက်ကိုတစ်ယောက် လက်ချင်းဆုပ်ကာ ခုန်လိုက်ပေါက်လိုက်နဲ့ ပျော်မဆုံးအောင် ရှိခဲ့ပါတယ်။

'သားတို့အဖွဲ့ နိုင်လိမ့်မယ်ကွ' လို့ ကျွန်တော်က ပြောလိုက်တယ်။ ဆီလ်ဗီယာက ကျွန်တော်ပြောတာကို သဘောတူကြောင်း ခေါင်းညိတ်ပြခဲ့ပါတယ်။

သို့ပေမဲ့ မကြာမီမှာပဲ ပြိုင်ပွဲမှာ အနိုင်ရခဲ့တဲ့အသင်း အမည်ကို ကြေညာခဲ့ပါတယ်။ အက်စ်ဂျေအိုင် မနိုင်ခဲ့ပါဘူး။ ထိုပွဲမှာ အနိုင်ရခဲ့တဲ့ ချန်ပီယံအသင်းဟာ အေစီအက်စ်လား၊ သို့မဟုတ် အခြားဘယ်အဖွဲ့လည်း ဆိုတာကိုတော့ ကျွန်တော်မမှတ်မိတော့ပါဘူး။ 'အက်စ်ဂျေအိုင် မနိုင်ဘူး' ဆိုတဲ့ စေတသိက်ကသာ ကျွန်တော့်ရဲ့အာရုံကို လွှမ်းမိုးဖိစီးလျက်ရှိပါတယ်။ ဆီလ်ဗီယာနဲ့ ကျွန်တော်တို့နှစ်ဦးစလုံး စကားတစ်ခွန်းမှ မပြောနိုင်ကြတော့ပါဘူး။

ကျွန်တော်တို့ဟာ မျက်ရည်မကျခဲ့ကြပေမယ့် ကျွန်တော်တို့ရဲ့ နှလုံးသားတွေကတော့ ငိုကြွေးလျက် ရှိနေကြပါတယ်။

အနိုင်အရှုံး ကြေညာချက် ထွက်ပေါ်လာပြီး တစ်ပြိုင်နက်မှာပဲ ကွင်းထဲမှာရော ပွဲကြည့်စင်တွေရှိ ပရိသတ်အကြားမှာပါ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ပါတယ်။ အနိုင်ရတဲ့အဖွဲ့ဟာ ပျော်ရွှင်မှုကြောင့် ထိန်းမနိုင်သိမ်းမနိုင် ဖြစ်ကာ ဆူညံစွာ အော်ဟစ်လျက်ရှိတယ်။ သူတို့ဟာ တန်းစီနေရာမှ ထွက်ကာ တစ်ဦးကို တစ်ဦး ဖက်ယမ်းနှုတ်ဆက်ခဲ့ကြတယ်။ အချို့ဟာ ဦးထုပ်တွေ မိုးပေါ်မြှောက်ပစ်ခဲ့ကြပြီး အချို့ကတော့ သူတို့ တီးမှုတ်တဲ့ ကိရိယာတွေကိုပင် အပေါ်မြှောက်ကာ ပစ်ခဲ့ကြတယ်။

တစ်ချိန်တည်းမှာပဲ ရှုံးနိမ့်ခဲ့တဲ့ အဖွဲ့တွေမှ အဖွဲ့သားတွေဟာလည်း ဆောက်တည်ရာမရဖြစ်ပြီး ဟိုသည်လျှောက်နေကြတယ်။ အချို့ဟာ စိတ်ပျက်လက်ပျက်နဲ့ မြေကြီးပေါ် ထိုင်ချကြပြီး အချို့ကတော့ တစ်ဦးပခုံးပေါ် တစ်ဦးမှီကာ ငိုကြွေးနေခဲ့ကြတယ်။

မြန်မာ စာအုပ်များ



အဆိုပါမြင်ကွင်းဟာ တကယ့်ကို စိတ်ထိခိုက်စရာကောင်းလှပါတယ်။ သူတို့လေးတွေဟာ ယနေ့ကျင်းပခဲ့တဲ့ ပြိုင်ပွဲကြီးမှာ ပါဝင်ဖို့ မျှော်လင့်ခြင်းကြီးစွာနဲ့ တစ်နှစ်ပတ်လုံး ကြိုးပမ်းလာသူတွေပါ။

ငယ်ရွယ်သူတွေရဲ့ ဘဝမှာ ပထမဆုံး တွေ့ကြုံခံစားရတဲ့ ရှုံးနိမ့်မှုဟာ တကယ့်ကို ထိခိုက်နာကျင်စရာ ကောင်းလှပါတယ်။

ထိုအချိန်မှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့တယ်။ အခြားအဖွဲ့ဝင်တွေ ရှုတ်ရှုတ်သဲသဲ ဖြစ်နေချိန်မှာ အက်စ်ဂျေအိုင်အဖွဲ့ဟာ သူတို့ရဲ့ နေရာမှာ စနစ်တကျတန်းစီပြီး ရပ်နေတာ တွေ့ရပါတယ်။ ဒရမ်ခေါင်းဆောင်က သူ့ရဲ့ အဖွဲ့သားတွေကို တစ်စုံတစ်ရာ ပြောဆိုနေတာကို မြင်ရပါတယ်။

သည့်နောက် မကြာမီမှာပဲ တီးဝိုင်းခေါင်းဆောင်ဟာ လက်ထဲက နှင်တံကို မြှောက်လိုက်ပါတယ်။ ဆူညံလှတဲ့ အသံဗလံတွေကြားက ဒရမ်တီးသံ ခပ်သဲ့သဲ့ ပေါ်ထွက်လာတယ်။ သည့်နောက် ကျွန်တော်တို့ ကြားနေကျဖြစ်တဲ့ အက်စ်ဂျေအိုင်အဖွဲ့ရဲ့ ဒရမ်တီးသံဟာ ပိုမို ကျယ်လောင်စွာ ပေါ်ထွက်လာတယ်။

အက်စ်ဂျေအိုင်အဖွဲ့ တီးမှုတ်နေတဲ့ နေရာတစ်ဝိုက်က ဆူညံသံတွေဟာ ငြိမ်သက်သွားတယ်။ သည့်နောက် ငြိမ်သက်ခြင်းဟာ အခြားနေရာတွေကိုပါ ကူးစက်သွားခဲ့တယ်။ ပရိသတ်ကြီးဟာ တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်ပေါ်နေပြီဆိုတာကို ခံစားလာမိကြတယ်။

အစိမ်းနဲ့ အဖြူရောင်ဝတ်စုံတွေ ကိုယ်စီ ဝတ်ဆင်ထားကြတဲ့ အက်စ်ဂျေအိုင် အဖွဲ့သားတွေဟာ ရှုံးနိမ့်ခဲ့လင့်ကစား သူတို့ရဲ့ တူရိယာပစ္စည်းတွေကို အမှားအယွင်းမရှိ ဂုဏ်ယူဝင့်ကြွားစွာ တီးမှုတ်ရင်းနဲ့ ဖျတ်လတ်တက်ကြွတဲ့ အမူအရာတွေ၊ ခြေလှမ်းတွေနဲ့ လမ်းကြောင်းအတိုင်း ဆုတ်ခွာခဲ့ကြတယ်။

မိမိတို့ ထိုင်ခုံတွေမှ ထွက်ခွာလာကြတဲ့ ပရိသတ်အပေါင်းဟာ သူတို့ ရောက်ရာနေရာမှာ ရပ်ရင်း အက်စ်ဂျေအိုင်အဖွဲ့ရဲ့ တီးမှုတ်မှုကို စိတ်ဝင်တစားနားထောင်လျက်ရှိကြတယ်။ သူတို့ဟာ ကလေးတွေရဲ့ လှုပ်ရှားမှုမှန်သမျှကို ကြည့်ရှုနေကြတယ်။

ပရိသတ်ကြီးဟာ အက်စ်ဂျေအိုင်အဖွဲ့ကို နှုတ်မှ အော်ဟစ်ချီးကျူးလျက်ရှိကြတယ်။ ပရိသတ်အချို့ဟာ အက်စ်ဂျေအိုင်အဖွဲ့တွေကို လက်ဝှေ့ယမ်းကာ ချီးကျူးနှုတ်ဆက်ကြသလို အချို့ကလည်း လက်ခုပ်သြဘာတီးကာ ချီးကျူးကြတယ်။ ပရိသတ်ရဲ့ လက်ခုပ်သြဘာသံတွေဟာ အနိုင်ရခဲ့တဲ့အဖွဲ့ကို ချီးကျူးခဲ့စဉ်ကထက်ပင် ပိုမိုကျယ်လောင်ခဲ့ပါတယ်။

ဟင်နရီဟာ အရောင်းအဝယ်တွေ ကျဆင်းနေချိန်မှာ ဂိုးလ်ဒါးစ်ဂရင်း (Golders Green) ရှိ အခန်းတွဲ အဆောက်အအုံဟောင်းကြီးတစ်ခုကို ဝယ်ခဲ့တယ်။ သည့်နောက် မကြာမီမှာ ဈေးကွက်ဟာ ပြန်တက်လာခဲ့ပါတယ်။ သို့ပေမဲ့ ဟင်နရီဟာ အိမ်ခြံမြေဈေးတွေ သည့်ထက်မြင့်တက်လာဦးမယ်လို့ ခန့်မှန်းပြီး သူဝယ်ထားတဲ့ အဆောက်အအုံကို မရောင်းဘဲ ထားခဲ့တယ်။

မကြာမီမှာပဲ ဖွံ့ဖြိုးရေး လုပ်ငန်းရှင်တစ်ဦးက ဟင်နရီဝယ်ထားတဲ့ အဆောက်အအုံနဲ့ ကပ်လျက်မြေကွက်မှာ ပရိုဂျက်တစ်ခု လာရောက်အကောင်အထည် ဖော်ခဲ့ပါတယ်။ သည်အခါမှာ စီးပွားရေးသမားတွေဟာ ဟင်နရီဝယ်ထားတဲ့ အဆောက်အအုံကို ပြန်ဝယ်ဖို့ အလုအယက်ကမ်းလှမ်းလာကြတယ်။ ယင်းအဆောက်အအုံရဲ့ တန်ဖိုးဟာလည်း အကြီးအကျယ် မြင့်တက်လာပါတော့တယ်။

သည့်နောက်မှာတော့ ဟင်နရီဟာ မကြာမီမှာ အိမ်မြေ အရောင်းအဝယ် လုပ်ငန်းတွေ ကျဆင်းလာတော့မယ့် အရိပ်လက္ခဏာတွေကို မြင်တွေ့လာခဲ့တယ်။ သူဟာ မိမိရဲ့မြေနဲ့အဆောက်အအုံကို ပြန်ရောင်းဖို့ ဆုံးဖြတ်လိုက်ပြီးနောက် ဈေးအမြင့်ဆုံးပေးတဲ့ အေးဂျင့်နှစ်ဦးနဲ့ တွေ့ခဲ့ရတယ်။

ဟင်နရီဟာ အဆိုပါ အေးဂျင့်နှစ်ဦးအနက် ဈေးပိုပေးတဲ့အေးဂျင့်ထံ မိမိရဲ့ အဆောက်အအုံကို ရောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သည်ရက်အတွင်းမှာပဲ ဒုတိယအေးဂျင့်က ‘မိမိကို အချိန်နည်းနည်း ထပ်ပေးခဲ့ရင် ဟင်နရီရဲ့အဆောက်အအုံကို ယခုဝယ်မယ့်လူထက် ဈေးအများကြီးပိုပေးပြီး ဝယ်ပါ့မယ်’ လို့ ကမ်းလှမ်းလာပါတယ်။

သို့ပေမဲ့ နောက်ထပ် အချိန်ဘယ်လောက်စောင့်ရမယ် ဆိုတာကိုတော့ မစ္စတာဒိုနာ့ဖ်ဆိုတဲ့ အဆိုပါ အေးဂျင့်က အတိအကျ မပြောနိုင်ခဲ့ပါဘူး။ ဒိုနာ့ဖ်က ‘ကျုပ်ကိုယုံပါဗျာ၊ ခဏသာစောင့်ပါ၊ ခင်ဗျား ခုရတာထက် ပိုပြီးအကျိုးရှိစေပါမယ်’ လို့ ပြောခဲ့တယ်။

ဟင်နရီက ‘မိမိအနေနဲ့ မရေမရာနဲ့စောင့်ရမယ့် အလုပ်မျိုးကို မလုပ်နိုင်ဘူး’လို့ ခပ်ပြတ်ပြတ် ပြန်ပြောခဲ့ပါတယ်။

သည်အခါမှာ မစ္စတာဒိုနာ့ဖ်က ‘ခင်ဗျားတော့ မဟာ အမှားတော်ပုံကြီးတစ်ခု ကျူးလွန်မိပြီ၊ ကျုပ်ပေးတဲ့ အခွင့်အရေးကို လက်လွှတ်ရတဲ့အတွက် နောင်တရမယ့်အဖြစ်နဲ့ ကြုံရလိမ့်မယ်၊ ကျုပ်ကိုစောင့်ရင် ခင်ဗျားအနေနဲ့ နောက်ထပ် ပေါင်တစ်သိန်း နှစ်သိန်းလောက် ရမှာ’ လို့ ပြောခဲ့တယ်။ သို့ပေမဲ့ ဟင်နရီကတော့ သူရဲ့ပြောစကားတွေကို အလေးမမူခဲ့ပါဘူး။

မြန်မာ စာအုပ်များ



လမ်းတစ်လျှောက် ကားတွေပိတ်ဆို့နေတာကြောင့် ဟင်နရီဟာ ဟီသရိုးလေဆိပ်ကို နောက်ကျမှ ရောက်ရှိခဲ့တယ်။ လူဝင်မှုစစ်ဆေးရေးဌာနကောင်တာရှေ့မှာ တန်းစီနေတဲ့လူတန်းကြီးတောင် အတော်ရှည်နေပါပြီ။ သူဟာ လူတန်းတွေရဲ့ နောက်ဆုံးကဝင်ပြီး တန်းစီလိုက်တယ်။

သူ့ရှေ့မှာ တန်းစီနေသူကတော့ ဟောင်ကောင်ကလို့ ယူဆရတဲ့ တရုတ်လူငယ်တစ်ဦးပါ။ အဆိုပါ လူငယ်ရဲ့ အင်္ဂလိပ်စကားသံဟာ ဟောင်ကောင်လေသံ ထွက်နေပါတယ်။

သူ့ရှေ့က တရုတ်လူငယ်ရဲ့ အလှည့် ရောက်ချိန်မှာတော့ အခြေအတင်ပြောဆိုသံကို ကြားလာရတယ်။ လူငယ်က တောင်းပန်သံနဲ့ ပြောဆိုနေပေမယ့် လူဝင်မှုအရာရှိကတော့ ဘယ်လိုမှမလိုက်လျောခဲ့ပါဘူး။ အရာရှိက 'ခင်ဗျား ဒီမှာရှိတဲ့ ဟောင်ကောင်ရုံးခွဲကို သွားပါ၊ ပြီးတော့ မနက်ဖြန် ဒီကိုပြန်လာခဲ့ပါဗျာ' လို့ ဆိုပါတယ်။

သို့ပေမဲ့ လူငယ်က 'ကျွန်တော်နောက်နေ့အထိ မစောင့်နိုင်လို့ပါဗျာ၊ ကျွန်တော် ဒီလေယာဉ်နဲ့ လိုက်ကိုလိုက်ရမှ ဖြစ်မယ်' လို့ ထပ်ကာတလဲလဲ ပြောနေပါတယ်။

သည်လိုနဲ့ သူတို့နှစ်ဦးအကြား ဆွေးနွေးမှုဟာ မပြေလည်ခဲ့ပါဘူး။ သည့်နောက်မှာတော့ လူဝင်မှုအရာရှိက လူငယ်ကို ဘေးမှာ ရပ်စောင့်ခိုင်းပါတယ်။ သည့်အခါမှာတော့ လူငယ်ဟာ လူတန်းရဲ့ ဘေးတစ်နေရာမှာ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းငိုက်စိုက်ကျကာ ထိုင်ချလိုက်ပါတယ်။

ဟင်နရီဟာ စိတ်ဓာတ်အကြီးအကျယ်ကျနေပုံရတဲ့ လူငယ်ကို လှမ်းကြည့်လိုက်တယ်။ ဟင်နရီဟာ ဒီလူငယ်အနေနဲ့ သူ့ပြဿနာအတွက် အကြံဉာဏ်များ လိုနေသလား၊ ဒါမှမဟုတ် လန်ဒန်မှာ နောက်တစ်ရက်ထပ်နေဖို့အတွက် ငွေလိုနေတာများလား၊ သူ့ကို ခရီးစဉ်ရဲ့ အဆုံးကနေ စောင့်နေတဲ့သူတစ်ဦးဦးများ ရှိနေသလား၊ အဲသည်စောင့်ဆိုင်းနေသူထံ အမှာပါးချင်တဲ့ သူ့ရဲ့သတင်းစကားကိုဆောင်ယူသွားမယ့် လူတစ်ဦးဦးများ သူ့အတွက် လိုနေလေမလား စသည်ဖြင့် မျိုးစုံအောင် စဉ်းစားနေမိပါတယ်။

ဟင်နရီဟာ အဲဆိုပါလူငယ်ဆီကို သွားဖို့ စဉ်းစားလိုက်မိတယ်။ သို့ပေမဲ့ လက်ပတ်နာရီကို ကြည့်လိုက်တော့ အချိန်အတော်လင့်နေပြီဆိုတာ သိလိုက်ရတယ်။ သည်အချိန်မှာပဲ 'ကျေးဇူးပြုပြီး နောက်တစ်ယောက်လာပါ' ဆိုတဲ့ လူဝင်မှုအရာရှိရဲ့အသံ ပေါ်ထွက်လာပါတယ်။

မြန်မာ စာအုပ်များ



ဟင်နရီဟာ အရောင်းအဝယ်တွေ ကျဆင်းနေချိန်မှာ ဂိုးလ်ဒါးစ်ဂရင်း (Golders Green) ရှိ အခန်းတွဲ အဆောက်အအုံဟောင်းကြီးတစ်ခုကို ဝယ်ခဲ့တယ်။ သည့်နောက် မကြာမီမှာ ဈေးကွက်ဟာ ပြန်တက်လာခဲ့ပါတယ်။ သို့ပေမဲ့ ဟင်နရီဟာ အိမ်ခြံမြေဈေးတွေ သည့်ထက်မြင့်တက်လာဦးမယ်လို့ ခန့်မှန်းပြီး သူဝယ်ထားတဲ့ အဆောက်အအုံကို မရောင်းဘဲ ထားခဲ့တယ်။

မကြာမီမှာပဲ ဖွံ့ဖြိုးရေး လုပ်ငန်းရှင်တစ်ဦးက ဟင်နရီဝယ်ထားတဲ့ အဆောက်အအုံနဲ့ ကပ်လျက်မြေကွက်မှာ ပရိုဂျက်တစ်ခု လာရောက်အကောင်အထည် ဖော်ခဲ့ပါတယ်။ သည်အခါမှာ စီးပွားရေးသမားတွေဟာ ဟင်နရီဝယ်ထားတဲ့ အဆောက်အအုံကို ပြန်ဝယ်ဖို့ အလုအယက်ကမ်းလှမ်းလာကြတယ်။ ယင်းအဆောက်အအုံရဲ့ တန်ဖိုးဟာလည်း အကြီးအကျယ် မြင့်တက်လာပါတော့တယ်။

သည့်နောက်မှာတော့ ဟင်နရီဟာ မကြာမီမှာ အိမ်မြေ အရောင်းအဝယ် လုပ်ငန်းတွေ ကျဆင်းလာတော့မယ့် အရိပ်လက္ခဏာတွေကို မြင်တွေ့လာခဲ့တယ်။ သူဟာ မိမိရဲ့မြေနဲ့အဆောက်အအုံကို ပြန်ရောင်းဖို့ ဆုံးဖြတ်လိုက်ပြီးနောက် ဈေးအမြင့်ဆုံးပေးတဲ့ အေးဂျင့်နှစ်ဦးနဲ့ တွေ့ခဲ့ရတယ်။

ဟင်နရီဟာ အဆိုပါ အေးဂျင့်နှစ်ဦးအနက် ဈေးပိုပေးတဲ့အေးဂျင့်ထံ မိမိရဲ့ အဆောက်အအုံကို ရောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သည်ရက်အတွင်းမှာပဲ ဒုတိယအေးဂျင့်က 'မိမိကို အချိန်နည်းနည်း ထပ်ပေးခဲ့ရင် ဟင်နရီရဲ့အဆောက်အအုံကို ယခုဝယ်မယ့်လူထက် ဈေးအများကြီးပိုပေးပြီး ဝယ်ပါ့မယ်' လို့ ကမ်းလှမ်းလာပါတယ်။

သို့ပေမဲ့ နောက်ထပ် အချိန်ဘယ်လောက်စောင့်ရမယ် ဆိုတာကိုတော့ မစ္စတာဒိုနာ့ဖ်ဆိုတဲ့ အဆိုပါ အေးဂျင့်က အတိအကျ မပြောနိုင်ခဲ့ပါဘူး။ ဒိုနာ့ဖ်က 'ကျုပ်ကိုယုံပါဗျာ၊ ခဏသာစောင့်ပါ၊ ခင်ဗျား ခုရတာထက် ပိုပြီးအကျိုးရှိစေပါမယ်' လို့ ပြောခဲ့တယ်။

ဟင်နရီက 'မိမိအနေနဲ့ မရေမရာနဲ့စောင့်ရမယ့် အလုပ်မျိုးကို မလုပ်နိုင်ဘူး'လို့ ခပ်ပြတ်ပြတ် ပြန်ပြောခဲ့ပါတယ်။

သည်အခါမှာ မစ္စတာဒိုနာ့ဖ်က 'ခင်ဗျားတော့ မဟာ အမှားတော်ပုံကြီးတစ်ခု ကျူးလွန်မိပြီ၊ ကျုပ်ပေးတဲ့ အခွင့်အရေးကို လက်လွှတ်ရတဲ့အတွက် နောင်တရမယ့်အဖြစ်နဲ့ ကြုံရလိမ့်မယ်၊ ကျုပ်ကိုစောင့်ရင် ခင်ဗျားအနေနဲ့ နောက်ထပ် ပေါင်တစ်သိန်း နှစ်သိန်းလောက် ရမှာ' လို့ ပြောခဲ့တယ်။ သို့ပေမဲ့ ဟင်နရီကတော့ သူရဲ့ပြောစကားတွေကို အလေးမမူခဲ့ပါဘူး။

လမ်းတစ်လျှောက် ကားတွေပိတ်ဆို့နေတာကြောင့် ဟင်နရီဟာ ဟီသရိုး လေဆိပ်ကို နောက်ကျမှ ရောက်ရှိခဲ့တယ်။ လူဝင်မှုစစ်ဆေးရေးဌာန ကောင်တာရှေ့မှာ တန်းစီနေတဲ့လူတန်းကြီးတောင် အတော်ရှည်နေပါပြီ။ သူဟာ လူတန်းတွေရဲ့ နောက်ဆုံးကဝင်ပြီး တန်းစီလိုက်တယ်။

သူ့ရှေ့မှာ တန်းစီနေသူကတော့ ဟောင်ကောင်ကလို့ ယူဆရတဲ့ တရုတ် လူငယ်တစ်ဦးပါ။ အဲဒီလူငယ်ရဲ့ အင်္ဂလိပ်စကားသံဟာ ဟောင်ကောင် လေသံ ထွက်နေပါတယ်။

သူ့ရှေ့က တရုတ်လူငယ်ရဲ့ အလှည့် ရောက်ချိန်မှာတော့ အခြေအတင် ပြောဆိုသံကို ကြားလာရတယ်။ လူငယ်က တောင်းပန်သံနဲ့ ပြောဆိုနေပေမယ့် လူဝင်မှုအရာရှိကတော့ ဘယ်လိုမှမလိုက်လျောခဲ့ပါဘူး။ အရာရှိက 'ခင်ဗျား ဒီမှာရှိတဲ့ ဟောင်ကောင်ရုံးခွဲကို သွားပါ၊ ပြီးတော့ မနက်ဖြန် ဒီကိုပြန်လာခဲ့ ပါဗျာ' လို့ ဆိုပါတယ်။

သို့ပေမဲ့ လူငယ်က 'ကျွန်တော်နောက်နေ့အထိ မစောင့်နိုင်လို့ပါဗျာ၊ ကျွန်တော် ဒီလေယာဉ်နဲ့ လိုက်ကိုလိုက်ရမှ ဖြစ်မယ်' လို့ ထပ်ကာတလဲလဲ ပြောနေပါတယ်။

သည်လိုနဲ့ သူတို့နှစ်ဦးအကြား ဆွေးနွေးမှုဟာ မပြေလည်ခဲ့ပါဘူး။ သည့်နောက်မှာတော့ လူဝင်မှုအရာရှိက လူငယ်ကို ဘေးမှာ ရပ်စောင့်ခိုင်းပါ တယ်။ သည့်အခါမှာတော့ လူငယ်ဟာ လူတန်းရဲ့ ဘေးတစ်နေရာမှာ စိတ်ပျက် လက်ပျက်နဲ့ ခေါင်းငိုက်စိုက်ကျကာ ထိုင်ချလိုက်ပါတယ်။

ဟင်နရီဟာ စိတ်ဓာတ်အကြီးအကျယ်ကျနေပုံရတဲ့ လူငယ်ကို လှမ်း ကြည့်လိုက်တယ်။ ဟင်နရီဟာ ဒီလူငယ်အနေနဲ့ သူ့ပြဿနာအတွက် အကြံ ဉာဏ်များ လိုနေသလား၊ ဒါမှမဟုတ် လန်ဒန်မှာ နောက်တစ်ရက်ထပ်နေဖို့ အတွက် ငွေလိုနေတာများလား၊ သူ့ကို ခရီးစဉ်ရဲ့ အဆုံးကနေ စောင့်နေတဲ့သူ တစ်ဦးဦးများ ရှိနေသလား၊ အဲသည်စောင့်ဆိုင်းနေသူထံ အမှာပါးချင်တဲ့ သူ့ရဲ့ သတင်းစကားကိုဆောင်ယူသွားမယ့် လူတစ်ဦးဦးများ သူ့အတွက် လိုနေလေ မလား စသည်ဖြင့် မျိုးစုံအောင် စဉ်းစားနေမိပါတယ်။

ဟင်နရီဟာ အဲဒီလူငယ်ဆီကို သွားဖို့ စဉ်းစားလိုက်မိတယ်။ သို့ပေမဲ့ လက်ပတ်နာရီကို ကြည့်လိုက်တော့ အချိန်အတော်လင့်နေပြီဆိုတာ သိလိုက် ရတယ်။ သည်အချိန်မှာပဲ 'ကျေးဇူးပြုပြီး နောက်တစ်ယောက်လာပါ' ဆိုတဲ့ လူဝင်မှုအရာရှိရဲ့အသံ ပေါ်ထွက်လာပါတယ်။

ဟင်နရီဟာ ရှေ့ကိုလျှောက်ရင်းနဲ့ ဟောင်ကောင်သားလူငယ်ကို လှမ်းကြည့်လိုက်ချိန်မှာတော့ အဆိုပါလူငယ်နဲ့ မျက်လုံးချင်း ဆုံသွားပါတယ်။ လူငယ်ဟာ လုံးဝကို စိတ်ဓာတ်ကျဆင်းနေတဲ့ပုံ ပေါ်နေတယ်။

'လူကြီးမင်းကို ခေါ်တာပါ၊ ရှေ့ကိုတိုးပါ' လို့ လူဝင်မှုကြီးကြပ်ရေးအရာရှိက ထပ်ပြောပါတယ်။

သည်တော့မှ ဟင်နရီဟာ လူဝင်မှုအရာရှိထံ စာရွက်စာတမ်းတွေ တင်ပြလိုက်တယ်။ သည့်နောက် သူဟာ အဲဒီနေ့လေယာဉ်နဲ့ အမိနိုင်ငံဆီ ပြန်ခဲ့ပါတယ်။ သို့ပေမဲ့ ဟင်နရီဟာ မိမိရဲ့အိမ်ပြန်ရောက်သည့်တိုင် ဟီသရိုးလေဆိပ်မှာ တွေ့ခဲ့ရတဲ့ ဟောင်ကောင်သားလူငယ်ရဲ့ စိတ်ပျက်အားငယ်နေတဲ့ မျက်နှာကိုသာ မြင်ယောင်လျက် ရှိခဲ့တယ်။

သူ့ရဲ့စိတ်ထဲမှာလည်း အဲဒီလူငယ်ရဲ့အခက်အခဲကို မမေးမြန်းခဲ့၊ မကူညီနိုင်ခဲ့တဲ့အတွက် အပြစ်မကင်းသလို ခံစားနေမိတယ်။

ဟင်နရီ စင်ကာပူ ပြန်ရောက်ခဲ့ပြီးနောက် မကြာမီမှာပဲ 'သည်စတင်းဒတ်' (The Standard) သတင်းစာ ဖြတ်ပိုင်းတစ်စောင်ကို စာတိုက်မှ လက်ခံရရှိခဲ့တယ်။ အဲဒီ သတင်းစာဖြတ်ပိုင်းနဲ့အတူ 'ခင်ဗျားသိရှိသင့်တဲ့ သတင်းတစ်ရပ်ကို ပို့လိုက်ရပါတယ်၊ ခင်ဗျားတော့ အခွင့်အလမ်းကောင်းတစ်ခု ဆုံးရှုံးသွားပြီဗျို့' လို့ ရေးထားတဲ့ ဒိုနဉ်ဖ်ရဲ့ စာတိုလေးတစ်စောင်ကို တွေ့ခဲ့ရတယ်။

ဟင်နရီ သတင်းစာဖြတ်ပိုင်းထဲက မင်နီ တားထားတဲ့ သတင်းကို ဖတ်လိုက်တယ်။ အဆိုပါ သတင်းကတော့ သူ ရောင်းချခဲ့တဲ့ ဂိုးလ်ဒါးစ်ဂရင်းရှိ အဆောက်အအုံနဲ့မြေကို သူ့ထံမှ ဝယ်ခဲ့သူက အခြားကုမ္ပဏီတစ်ခုထံ မတန်တဆ မြင့်မားတဲ့ဈေးနဲ့ ပြန်လည်ရောင်းချနိုင်ခဲ့တဲ့ သတင်းပါပဲ။

ဟင်နရီဟာ အခွင့်အလမ်းကြီးတစ်ရပ်ကို တကယ်ပဲ လက်လွှတ်ခဲ့ရပါပြီ။ သူဟာ တစ်ခဏတာမျှ စိတ်ပျက်လက်ပျက် ဖြစ်သွားတယ်။ သို့ပေမဲ့ နောက်တစ်ခဏအတွင်းမှာပဲ ဟင်နရီဟာ သူ့ဘဝမှာရရှိခဲ့တဲ့ အောင်မြင်မှုတွေဟာ ဆုံးရှုံးမှုတွေထက် များခဲ့တယ်ဆိုတာကို သိမြင်လာပြီး စိတ်သက်သာရာ ရလာပါတယ်။

သည့်နောက် သူဟာ သတင်းစာစာရွက် တစ်နေရာမှာပါရှိတဲ့ သတင်းတစ်ပုဒ်ဆီကို မျက်စိရောက်သွားခဲ့တယ်။ အဆိုပါ သတင်းကတော့ ဟီသရိုးလေဆိပ်ရဲ့ အထွက်နားမှာ ဟောင်ကောင်လူငယ်တစ်ဦး အပြင်းမောင်းလာတဲ့ ဘတ်စ်ကားရှေ့မှာ လှဲချပြီး မိမိကိုယ်ကို သတ်သေခဲ့တဲ့ သတင်းပါ။ ထိုဖြစ်ရပ်

မြန်မာ စာအုပ်များ



ဖြစ်ပွားခဲ့တဲ့နေ့ကတော့ ဟင်နရီ ဟီသရိုးလေဆိပ်ကနေ လေယာဉ်နဲ့ ပြန်ခဲ့တဲ့ နေ့ပါပဲ။

သည်သတင်းကို ဖတ်ပြီးချိန်မှာတော့ သူဟာ ဟောင်ကောင်သား လူငယ် အတွက် အကြီးအကျယ် စိတ်ထိခိုက်မိခဲ့တယ်။ လူငယ်သေဆုံးခြင်းအတွက် ဖြေမဆည်နိုင်အောင် ခံစားလာမိတယ်။ ဟင်နရီဟာ လူ့အသက်တစ်ချောင်း ကို ကယ်တင်နိုင်ဖို့ အခွင့်အရေး ကြုံကြိုက်ခဲ့ပါလျက်နဲ့ မကယ်တင်ခဲ့တဲ့ မိမိရဲ့ အဖြစ်ကို ခွင့်မလွှတ်နိုင်အောင် ရှိခဲ့တယ်။ တကယ်တော့ ဟင်နရီဟာ မိမိဘဝ မှာ အလွန်မွန်မြတ်တဲ့ အခွင့်အရေးကောင်းတစ်ခုကို လက်လွှတ် ဆုံးရှုံးခဲ့ရပြီ မဟုတ်ပါလား။

*

## မကျေနပ်ချက်ချင်းတော့ မတူပါလေ

ဝန်ထမ်းလောကမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ စာေစာပိုင်းကာလအတွင်းက ကျွန်တော်ဟာ ပညာရေးဝန်ကြီးဌာနမှာ ဝန်ထမ်းတွေရဲ့ မကျေနပ်ချက်တွေကို ဖြေရှင်းပေးရတဲ့ ဌာနခွဲကို တာဝန်ယူခဲ့ရပါတယ်။

ယင်းဌာနမှာ လုပ်ကိုင်ရတဲ့ ကာလအတွင်းမှာ ကျွန်တော်ဟာ နေ့စဉ်ဆိုသလိုပဲ ကျောင်းဆရာ၊ ဆရာမတွေက မိမိတို့ရင်ထဲက မကျေနပ်ချက်အပေါင်းကို ဖွင့်အန်ခဲ့တာတွေ မှန်သမျှကို နားထောင်ခဲ့ရတယ်။ အချို့ ဆရာ၊ ဆရာမတွေက မိမိတို့ရဲ့ ကျောင်းအုပ်ကြီးအပေါ် မကျေနပ်မှုတွေကို တိုင်တန်းပြောဆိုခဲ့ကြသလို အချို့ဆိုရင်လည်း မိမိနဲ့ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမတွေအပေါ် မကျေနပ်ချက်တွေကိုပင် ရင်ဖွင့်ခဲ့ကြတယ်။

အချို့သော ဆရာ၊ ဆရာမတွေက အပြောင်းအရွှေ့ ကိစ္စတွေအပေါ် မိမိတို့ရဲ့ မကျေနပ်ချက်တွေကို တိုင်တော ပြောဆိုခဲ့တယ်။ ဆရာ၊ ဆရာမအချို့ကတော့ ဘာမဟုတ်တဲ့ အသေးအဖွဲ့ကိစ္စလေးတွေကိုပင် ကျွန်တော့်ထံလာရောက် တိုင်တောကြပါတယ်။

တကယ်တော့ ကျောင်းဆရာ၊ ဆရာမဆိုတဲ့ အာစရိယဂိုဏ်းဝင်တွေဟာ ကျွန်တော် လေးစားတန်ဖိုးထားသူတွေပါ။ သည်ပုဂ္ဂိုလ်တွေဟာ ကျောင်းသားလူငယ်တွေကို ရှေ့ဆောင်လမ်းပြလုပ်ရတဲ့ သူတွေပါ။ ဒါကြောင့် ကျောင်းဆရာဆရာမဆိုသူတွေဟာ ပညာဉာဏ်ပြည့်ဝသူတွေ၊ စိတ်သဘောထား ပြည့်ဝသူတွေရယ်လို့ ကျွန်တော့်စိတ်ထဲမှာ သတ်မှတ် ပြဋ္ဌာန်းထားခဲ့ပါတယ်။

သို့ပေမဲ့ ကျွန်တော် အထင်ကြီးလေးစားတဲ့ အဲဒီသူတွေထဲက ထစ်ခနဲဆို တိုင်ဟယ်တောဟယ်နဲ့ မကျေမနပ် တိုင်တန်းမှုတွေ မကြာခဏ ပေါ်ပေါက်

နေတာ တွေ့ရတဲ့အခါမှာတော့ ကျွန်တော့်စိတ်ထဲမှာ ကျောင်းဆရာ၊ ဆရာမ တွေအပေါ် အမြင်တစ်မျိုး ပြောင်းလာခဲ့ပါတယ်။

ဆရာ၊ ဆရာမလောကမှာ ဘာတွေဖြစ်ကုန်ပါလိမ့်လို့လည်း ကျွန်တော့် စိတ်ထဲမှာ စိုးရိမ်လာခဲ့မိပါတယ်။

ကျွန်တော့်ရဲ့ တစ်ဆင့်မြင့် အထက်အရာရှိကတော့ 'မင်းက မကျေနပ် ချက်တွေ၊ တိုင်တန်းမှုတွေကို ဖြေရှင်းရတဲ့အလုပ် လုပ်တဲ့အတွက် အခုလို မကျေနပ်ချက်တွေကို လာရောက်တင်ပြတဲ့သူတွေနဲ့ တွေ့ရတာ သဘာဝပဲကွ။ ဒါပေမဲ့ မင်းဆီလာပြီး တိုင်တောတဲ့သူတွေဟာ ထောင်ချီရှိတဲ့ ကျောင်းဆရာ ဆရာမတွေနဲ့စာရင် ပီဘိသေးငယ်တဲ့ အစိတ်အပိုင်းလေးပါကွာ' လို့ ပြောကာ ကျွန်တော့်ကို နှစ်သိမ့်ပါတယ်။

သို့ပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ စိတ်မသက်မသာ ဖြစ်မှု တွေကတော့ လျော့ပါးမသွားခဲ့ပါဘူး။ တစ်ခါတစ်ရံ ကျွန်တော့်စိတ်ထဲမှာ 'ငါ့ကို လာတွေ့တဲ့ ဆရာ ဆရာမတွေထဲမှာ သဘောကောင်း မနောကောင်း တစ်ဦး တလေပါရင် ကောင်းလေစွ' လို့လည်း အတွေးပေါက်မိခဲ့တယ်။

သည်ကာလအတွင်းမှာ ကျောင်းဆရာ၊ ဆရာမတွေ အပေါ် ကျွန်တော့်ရဲ့ အဆိုးမြင်မှုတွေဟာ လျော့ပါးမသွားခဲ့ပါဘူး။ တစ်ခါတစ်ရံဆိုရင် ကျွန်တော်ဟာ မိမိထံလာရောက်ပြီး မကျေနပ်ချက်တွေကို တိုင်တန်းကြတဲ့ ဆရာ၊ ဆရာမ အချို့ကို ခပ်ကြမ်းကြမ်း တုံ့ပြန်ပြောဆိုမိတဲ့အထိ ဖြစ်လာခဲ့ပါတယ်။

တစ်နေ့မှာ လင်မ်ဆိုတဲ့ ကျောင်းဆရာတစ်ဦး ကျွန်တော့်ထံရောက်လာ ပါတယ်။ လင်မ်က သူဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဂုဏ်အဆင့်အတန်း မြင့်တဲ့ တက္ကသိုလ်တစ်ခုက ဘွဲ့ရရှိခဲ့သူဖြစ်တဲ့အတွက် သူ့ကို လစာတိုးမြှင့်ပေးဖို့ တောင်းဆိုလာတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးလောကမှာ ဂုဏ်အဆင့်မြင့်တဲ့ တက္ကသိုလ် တစ်ခုခုက ဘွဲ့ရခဲ့သူ ကျောင်းဆရာတွေကို ဘွဲ့ဒီဂရီကြေးပေးတဲ့ သတ်မှတ်ချက် ရှိပါတယ်။ ဒါကြောင့် လင်မ်က သူ့ကို ဘွဲ့ဒီဂရီကြေးပေးဖို့ တောင်းဆိုတာပါ။

ကျွန်တော်ဟာ အဆိုပါကျောင်းဆရာကို သူ့ရဲ့တင်ပြချက်နဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ပြီးနောက် အကြောင်းပြန်မယ်လို့ ပြောလိုက်ပါ တယ်။ ထိုကာလတုန်းက တရုတ်နိုင်ငံမှာ ဥက္ကဋ္ဌကြီးမော် ဘုန်းမီးနေလ တန်ခိုး ထွားနေတဲ့ အချိန်ပါ။ ထိုစဉ်က ကျွန်တော်တို့အနေနဲ့ လင်မ်ဟာ ဘွဲ့ရတစ်ဦး ဟုတ်မဟုတ် ဆိုတာကို တရုတ်နိုင်ငံရှိ တက္ကသိုလ်နဲ့ဆက်သွယ်ပြီး အတည် ပြုချက်ရယူဖို့ဆိုတာ မလွယ်ကူလှပါဘူး။

ဒါကြောင့် ကျွန်တော်ဟာ ကျွန်တော့်ဌာနမှာရှိတဲ့ ဝန်ထမ်းတွေထဲက တရုတ်နိုင်ငံမှာ ပညာသင်ဖူးသူတွေကို မေးမြန်းကြည့်ခဲ့တယ်။ ထိုသူတွေက လင်မ် ဘွဲ့ရခဲ့တယ်ဆိုတဲ့ တက္ကသိုလ်ဟာ နာမည်ကောင်းရထားတဲ့ တက္ကသိုလ် တစ်ခုမဟုတ်ဘူးလို့ ပြောခဲ့ကြတယ်။

သည့်နောက် ကျွန်တော်ဟာ ကံအားလျော်စွာပဲ လင်မ် ဘွဲ့ရခဲ့တယ်ဆိုတဲ့ တရုတ်နိုင်ငံက တက္ကသိုလ်မှာ တက်ရောက်သင်ကြားခဲ့ဖူးတဲ့ ကျောင်းဆရာ နှစ်ဦးနဲ့ ဆက်မိခဲ့တယ်။ အဆိုပါ ကျောင်းဆရာတွေဟာ ယင်းတက္ကသိုလ်မှာ သူတို့နဲ့ အတူတက်ခဲ့တဲ့ လင်မ်ကို မှတ်မိနေပါတယ်။

ကျောင်းဆရာနှစ်ဦးက အဆိုပါတက္ကသိုလ်ဟာ တရုတ်နိုင်ငံရဲ့ သိက္ခာ ကြီးမြင့်တဲ့ တက္ကသိုလ်တွေထဲမှာ မပါဝင်ဘူးလို့ဆိုတယ်။ ဒါ့အပြင် ထိုသူတွေက မိမိတို့နှစ်ဦးဟာ အဆိုပါ တက္ကသိုလ်မှဘွဲ့မရဘဲ ထွက်ခဲ့ကြပြီး လင်မ်ဟာလည်း မိမိတို့လိုပဲ ဘွဲ့မရဘဲ ယင်းတက္ကသိုလ်မှ ထွက်ခဲ့သူဖြစ်တယ်လို့ ပြောဆိုပါတယ်။

ကျွန်တော့်ရဲ့ စုံစမ်းမှုတွေအရ လင်မ်ဟာ ဘွဲ့မရခဲ့ဘူးဆိုတာ သိခဲ့ရပါ တယ်။

လင်မ် ကျွန်တော့်ထံ နောက်တစ်ကြိမ် လာရောက်တဲ့ အခါမှာတော့ ကျွန်တော်ဟာ သူ့ရဲ့တောင်းဆိုချက်ကို မထောက်ခံနိုင်ဘူးလို့ ပြောလိုက်ပါ တယ်။ ကျွန်တော်က 'မိမိရဲ့ စုံစမ်းစစ်ဆေးမှုတွေအရ သူ့ရဲ့တောင်းဆိုမှုကို ထောက်ခံနိုင်တဲ့ အထောက်အထား မတွေ့ရတဲ့အတွက် မလိုက်လျောနိုင် ပါဘူး' လို့ ယဉ်ယဉ်ကျေးကျေးပဲ ပြောခဲ့ပါတယ်။

ကျွန်တော့်စကားအဆုံးမှာတော့ လင်မ်ဟာ အကြီးအကျယ် ဒေါသူပုန် ထပြီး ကျွန်တော့်ကို ကြမ်းပေ့ဆိုတဲ့ စကားအသုံးအနှုန်းတွေနဲ့ ခေါ်ဝေါ်ကာ ရှုတ်ချပါတော့တယ်။ ထိုအချိန်က ကျွန်တော့်လက်အောက်က ဗလကောင်း ကောင်းနဲ့ စာရေးတစ်ဦးသာ ကျွန်တော့်အခန်းထဲ ရောက်မလာခဲ့ရင်တော့ လင်မ်ဟာ ကျွန်တော့်ကို ကိုယ်ထိလက်ရောက် တိုက်ခိုက်မယ့်သဘော ရှိပါ တယ်။

သည့်နောက်တော့ သူဟာ ကျောင်းဆရာသမဂ္ဂကို တိုင်မယ်၊ နိုင်ငံရေး သမားတွေကို တိုင်မယ်၊ သတင်းစာထဲက အော်မယ် စတဲ့ ခြိမ်းခြောက်စကား တွေ မျိုးစုံအောင်ပြောပြီး မကျေမနပ်နဲ့ ထွက်သွားခဲ့တယ်။

သူထွက်သွားတော့မှပဲ ကျွန်တော်ဟာ ဟင်းချပြီး ကုလားထိုင်ကိုမှီကာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပါတယ်။ သို့ပေမဲ့ ကျွန်တော် သက်ပြင်းချလို့မှ

ရပ်ပစ်ဖို့ပါပဲ၊ အခု ကျွန်တော်ဟာ စင်ကာပူနိုင်ငံသားဖြစ်လာပြီမို့ ဒီငွေကို ကျွန်တော် လက်မခံနိုင်တော့ဘူးဗျာ'

တကယ်တော့ မစ္စတာဖရန့်စစ်သောမတ်စ်အနေနဲ့ ဆက်ပြီး လက်ခံနေသည့်တိုင်အောင် သူခံစားခွင့်ရှိခဲ့တဲ့ ပင်္ဂိုလ်ညာဉ်သဘောအရ ပြဿနာမရှိပါဘူး။ သို့ပေမဲ့ မစ္စတာသောမတ်စ်အနေနဲ့ ယခုလို သူ့ရဲ့ခံစားခွင့်ကို ပြန်အပ်တာကတော့ သူ့ရဲ့ အမှန်နဲ့အမှားပေါ်မှာ နားလည်သိမြင်မှုနဲ့ ကျင့်ဝတ်သိက္ခာဆိုင်ရာ စောင့်ထိန်းမှုတို့ကြောင့်ပါ။ ဒါ့အပြင် စင်ကာပူနိုင်ငံသား ဖြစ်မှုအပေါ် ဂုဏ်ယူမှုကလည်း မစ္စတာသောမတ်စ်ကို ယခုလို ဆုံးဖြတ်စေခဲ့တာပါ။

ထိုနေ့က မစ္စတာသောမတ်စ်နဲ့ တွေ့ဆုံခဲ့ပြီးနောက်မှာတော့ ကျောင်းဆရာလုပ်ငန်းအပေါ်မှာ ထားရှိခဲ့တဲ့ ကျွန်တော့်ရဲ့ လွဲမှားတဲ့အမြင်တွေဟာ နေရောင်ခြည်နဲ့ တွေ့တဲ့ နှင်းပွင့်တွေအလား လွင့်စဉ်ပျောက်ကွယ်သွားခဲ့ပါတော့တယ်။

*

## မာယာများတဲ့ ကံတရား

ခုတလော မိမိရဲ့ဇာတာဟာ အတော်လေး တက်လာပါလားလို့ တွေးရင်း ပေါ်လာပီလေးတစ်ယောက် ပီတိတွေ ဖြာဝေနေပါတယ်။ လွန်ခဲ့တဲ့လကပဲ ပေါ်လာဟာ ဖိုးဒီ (4D) ကံစမ်းမဲပေါက်ပြီး ငွေအတော်အသင့် ရခဲ့သေးတယ်။

ဒါ့အပြင် များမကြာမီက ပေါ်လာဟာ အိမ်ထောင်ဦးစီး ကွယ်လွန်သွားတဲ့ အိမ်ထောင်စုတစ်စုကို ဒေါ်လာ ၂၀၀ လှူခဲ့တဲ့အတွက် အလှူငွေ လက်ခံရယူခဲ့သူ ဘုန်းတော်ကြီးထံမှ ကျေးဇူးတင်လွှာတစ်စောင် ရရှိခဲ့တယ်။

အဆိုပါစာထဲမှာ ဆရာဘုန်းကြီးက သူမကို Luke ကျမ်းအခန်း ၆၊ အပိုဒ် ၃၈ မှာ ဖော်ပြထားတဲ့ စာပိုဒ်ကို ဖတ်ကြည့်ဖို့ ညွှန်ကြားခဲ့တယ်။

ပေါ်လာဟာ ဆရာဘုန်းတော်ကြီးရဲ့စာကို ရရချင်းပဲ ဝမ်းသာအားရနဲ့ Luke ကျမ်းကို လှန်ကြည့်လိုက်တယ်။ ညွှန်းဆိုထားတဲ့ စာမျက်နှာမှာ 'သူတစ်ပါးကို ပေးကမ်းစွန့်ကြဲပါလေ၊ သင့်ကိုလည်း ဘုရားသခင်က ပေးကမ်းချီးမြှင့်ပါလိမ့်မည်' ဆိုတဲ့ ယေရှုခရစ်တော်ရဲ့ အဆိုအမိန့်စာပိုဒ်ကို တွေ့ရှိရတယ်။

သည်စာကို ဖတ်ရချိန်က စပြီး ပေါ်လာတစ်ယောက် အတော့်ကို စိတ်လက်ပေါ့ပါးပြီး ဝမ်းသာနေမိတယ်။ ငါဟာ ကံကောင်းလာနေပြီလို့လည်း အကြိမ်ကြိမ် တွေးနေမိတယ်။

ပေါ်လာဟာ လာမယ့် ရက်သတ္တပတ်အကုန်မှာ သူမရဲ့သူငယ်ချင်း တစ်စုနဲ့အတူ သာယာလှပတဲ့ တောင်ကုန်းဒေသဆီကို ခရီးထွက်ဖို့ စီစဉ်ထားတာပါ။ သူငယ်ချင်းတွေနဲ့အတူ ခရီးထွက်ရင် ကြုံတွေ့ရမယ့် ပျော်စရာ

အချိန်လေးတွေကို ကြိုတင်တွေးမိရင်းနဲ့ သူမရဲ့စိတ်တွေဟာ ကြည်နူးလန်းဆန်းလာပါတယ်။

တကယ်တော့ သူမရဲ့ သူငယ်ချင်းတွေဟာလည်း မိမိတို့ဟာ ကံကောင်းသူတွေလို့ ကိုယ့်အတွေးနဲ့ကိုယ် ကြည်နူးနေကြသူတွေပါ။ လာမယ့် ရုံးပိတ်ရက်တွေမှာ ခရီးထွက်ကြဖို့ သူတို့ငှားထားတဲ့ အဝေးပြေးဘတ်စ်ကားကြီးရဲ့ နံပါတ်က ၁၈၈၈ ပါ။

သည်နံပါတ်ဟာ တရုတ်လူမျိုးတွေအဖို့ 'ကံကောင်းချက်တစ်ခုကြောင့် လမ်းခရီးတစ်လျှောက်လုံးမှာ အောင်မြင်ချောမွေ့ပါလိမ့်မယ်' ဆိုတဲ့ အဓိပ္ပာယ်ရကြောင်း ပေါ်လာရဲ့ တရုတ်လူမျိုး သူငယ်ချင်းတွေက ရှင်းပြခဲ့တယ်။

ထိုနေ့မနက်က ခရီးထွက်ဖို့အတွက် ပေါ်လာတစ်ယောက် အထုပ်အပိုးတွေ ပြင်ဆင်ထုပ်ပိုးနေစဉ်မှာပဲ သူမနဲ့ အခန်းချင်းကပ်လျက်က အိမ်ဖော်မလေး သူမထံ ပြေးလာပြီး ငိုမလိုမျက်နှာထားနဲ့ အကူအညီ တောင်းလာပါတယ်။

ထိုကလေးမက မိမိရဲ့အိမ်ရှင်မဟာ အပြင်းဖျားနေပြီး၊ သားငယ်လေး စတီဖီဟာလည်း သူ့အမေကို ကြည့်ပြီး မရပ်မနား ငိုနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် သူမက မိမိရဲ့ဆရာ အိမ်ရှင်အမျိုးသားကလည်း နိုင်ငံခြားရောက်နေတဲ့အတွက် အားကိုးရမယ့်လူ မရှိတာကြောင့် မိမိအိမ်ရှင်မကို လိုက်ကြည့်ပေးဖို့ အကူအညီ တောင်းလာပါတယ်။

ပေါ်လာဟာ အိမ်ဖော်မလေးနဲ့အတူ သူမရဲ့ အိမ်နီးချင်း တီနာတန်တို့နေအိမ်ဆီကို ကပျာကယာလိုက်သွားခဲ့တယ်။ အိမ်ရောက်တော့ တီနာတန်တစ်ယောက် နာကျင်မှုဝေဒနာကို မခံမရပ်နိုင်အောင် ခံစားနေရတာ တွေ့ရတယ်။ သူမဟာ အူအတက်ပေါက်ဝေဒနာကို ခံစားနေရတာပါ။

ပေါ်လာဟာ ဆေးရုံက လူနာတင်ယာဉ်တစ်စီးကို လှမ်းခေါ်ပေးပြီး သူမအနေနဲ့ ခရီးထွက်စရာရှိလို့ ပြန်ခွင့်ပြုဖို့ တီနာကို တောင်းပန်လိုက်တယ်။ သို့ပေမဲ့ တီနာဟာ နာကျင်မှုဝေဒနာကို မချိမဆံ့ခံစားရင်း စိုးရိမ်တဲ့မျက်နှာလေးနဲ့ ပေါ်လာကို လှမ်းကြည့်လိုက်တယ်။

တီနာက ပေါ်လာကို သူမနဲ့အတူနေပေးဖို့ တောင်းတောင်းပန်ပန်နဲ့ ပြောလာပါတယ်။

ပေါ်လာဟာ သူငယ်ချင်းတစ်စုနဲ့ တပျော်တပါး ခရီးထွက်ရမယ့် အဖြစ်ကို တွေးရင်း အခက်ကြုံနေရပါတယ်။ ခုလောက်ဆိုရင် သူမရဲ့သူငယ်ချင်းတွေက သူမကို ကားစခန်းက စောင့်နေကြရော့မယ်လို့ တွေးလိုက်မိတယ်။

တီနာကို ဆေးရုံတင်ပြီး ချက်ချင်းပဲ ဆေးရုံက ခွဲစိတ်မှုပြုပါတယ်။ ခွဲစိတ်မှုပြုလုပ်အပြီးမှာတော့ ပေါ်လာဟာ စတီဖီလေးကို အိမ်ပြန်ပို့ပေးခဲ့တယ်။ သည်အချိန်မှာ အဝေးပြေးကားစခန်းကို လိုက်သွားရင် သူငယ်ချင်းတွေနဲ့ ဆုံနိုင်ပါသေးတယ်။ ဒါကြောင့် ပေါ်လာဟာ ကားစခန်းကိုသွားဖို့ ထလိုက်တယ်။

သို့ပေမဲ့ စတီဖီလေးဟာ ပေါ်လာကို အတင်း တွယ်ကပ်နေပါတယ်။ 'အန်တီပေါ်လာ သားနဲ့အတူတူနေရမယ်'ဆိုပြီး အတင်း နားပူနားဆာ လုပ်လာပါတယ်။ တကယ်တော့လည်း မိမိတို့အိမ်ကို ရောက်လာတာ မကြာသေးတဲ့ အိမ်ဖော်မလေးနဲ့ အတူမနေချင်တဲ့ စတီဖီလေးရဲ့ ဆန္ဒကို ပေါ်လာ နားလည် စာနာမိပါတယ်။

ဒါ့ကြောင့် ပေါ်လာဟာ သည့်တစ်ညအဖို့ စတီဖီလေးနဲ့ အတူနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။ နောက်တစ်နေ့ တနင်္ဂနွေနေ့ ရောက်မှပဲ မိမိရဲ့ သူငယ်ချင်းတွေဆီကို လိုက်သွားတော့မယ်လို့ ပေါ်လာ ဆုံးဖြတ်လိုက်ပါတယ်။

သို့ပေမဲ့ နောက်နေ့မှာလည်း ပေါ်လာဟာ တောင်ပေါ်ဒေသကို မသွားဖြစ်ခဲ့ပါဘူး။ တနင်္ဂနွေနေ့မနက်မှာ တီနာတန်ရဲ့ ခင်ပွန်းဖြစ်သူ မစ္စတာတန်က ဖုန်းလှမ်းဆက်ခဲ့တယ်။ မစ္စတာတန်က နောက်လေယာဉ်နဲ့ လိုက်လာရင်တောင် စင်ကာပူကို အစောဆုံး တနင်္လာနေ့မှ ရောက်မှာဖြစ်တဲ့အတွက် ပေါ်လာကို မိမိတို့ရဲ့သားလေးကို ဆက်စောင့်ရှောက်ပေးဖို့ တောင်းတောင်း ပန်ပန်နဲ့ ပြောလာပါတယ်။

ဒါ့အပြင် မစ္စတာတန်က သားလေးစတီဖီဟာ စိတ်ထိခိုက်စရာ ခံစားရင် တက်တတ်တဲ့ ဝေဒနာ ရှိသူဖြစ်ပြီး ဟောင်ကောင်မှာ နေတုန်းကဆိုရင် နှစ်ရက် လုံးလုံး သတိမေ့ခဲ့ဖူးတယ်လို့ ဆိုတယ်။

ပေါ်လာ ဖုန်းပြောနေချိန်မှာ စတီဖီလေးဟာ ပေါ်လာကို စိုးရိမ်မှုလွှမ်းတဲ့ မျက်လုံးရွှဲကြီးတွေနဲ့ မော့ကြည့်ရင်း အနားကမခွာဘဲ ရှိနေပါတယ်။

နောက်ဆုံးမှာတော့ ပေါ်လာဟာ မစ္စတာတန် ပြန်ရောက်တဲ့အထိ စတီဖီလေးကို စောင့်ရှောက်ပါမယ် ဆိုတဲ့ ကတိပေးလိုက်ပါတယ်။

သည့်နောက်တော့ ပေါ်လာဟာ တောင်ပေါ်စခန်းသာကို ရောက်နေကြတဲ့သူငယ်ချင်းတွေထံ သူမ မလာဖြစ်တော့တဲ့ ဖြစ်စဉ်နဲ့ပတ်သက်ပြီး ဖုန်းဆက်လိုက်တယ်။ သည်လို ဖုန်းဆက်လိုက်တော့မှပဲ သူမအတွက် မချင့်မရဲ ပိုဖြစ်လာရတယ်။

ပေါ်လာရဲ့သူငယ်ချင်းတစ်စုက သူတို့စီးတဲ့ ကားနံပါတ် ၁၈၈၈ ကြောင့် မိမိတို့လူစု ကံကောင်းပုံကို ဖုန်းထဲက ဝမ်းသာအားရ ပြောပြကြတယ်။ သူတို့က မိမိတို့လူစုထဲက အားလုံးဟာ ငွေကြေးအနည်းအကျဉ်းစီ ရခဲ့ကြတယ်လို့ ပြောဆိုပါတယ်။

သူတို့တွေက 'မင်းတော့ ကံကောင်းနံပါတ် ၁၈၈၈ ရဲ့ အကျိုးပေးမှုတွေနဲ့ လွဲချော်သွားခဲ့ရပြီ' လို့ ကရုဏာသက်စွာနဲ့ ပြောကြတယ်။

ပေါ်လာဟာ သူမ သူငယ်ချင်းတွေရဲ့ ပြောစကားကြောင့် တွေသွားပါတယ်။ သူတို့တွေကတော့ သူတို့တွေးထင်ထားတဲ့အတိုင်း ၁၈၈၈ ရဲ့ အကျိုးပေးမှုတွေကို ခံစားခဲ့ကြရပြီပဲ။ သည်လိုဆိုရင် မိမိအတွက် ဆရာဘုန်းကြီးက ညွှန်းဆိုခဲ့တဲ့ Luke ကျမ်းရဲ့ အခန်း၆၊ အပိုဒ် ၃၈ ကရော ဘာကြောင့်အကျိုးမပေးသေးတာလဲ တွေးရင်း စိတ်ထဲမှာ မကျေမချမ်းဖြစ်လာပါတယ်။

'သူတစ်ပါးကို ပေးကမ်းပါလေ၊ သင့်ကိုလည်း ဘုရားသခင်က ပေးကမ်းချီးမြှင့်ပါလိမ့်မည်' ဆိုတဲ့အတိုင်း သူမဟာ သူတစ်ပါးကို ငွေကြေး၊ အချိန်၊ ကရုဏာတရားနဲ့ စိုးရိမ်မှုတွေ ပေးခဲ့ပြီးပြီပဲ။ သည်တော့ ခုအချိန်မှာ သူမကို ဘုရားသခင်က ဘာများပြန်ပေးမှာပါလဲ။

နောက်နေ့နံနက်မှာ ပေါ်လာဟာ ရုပ်မြင်သံကြားက ကြေညာတဲ့ သတင်းတစ်ခုကို စိတ်ဝင်စားစွာနဲ့ နားထောင်လိုက်မိတယ်။ 'အသေအပျောက်စာရင်းကို နောက်ဆုံးရေတွက်ပြီးချိန်မှာတော့ ငါးဦးသေဆုံးပြီး ၁၂ ဦး အပြင်းအထန် ဒဏ်ရာရခဲ့ကြောင်း သိရှိရပါတယ်။ သေဆုံး ဒဏ်ရာရခဲ့သူတွေရဲ့ အမည်တွေကိုတော့ သက်ဆိုင်သူတွေရဲ့ ဆွေမျိုးမိဘတွေကို အသိပေးမပြီးမီအထိ ထုတ်ဖော်ကြေညာခြင်း မပြုသေးဘူးလို့ သိရပါတယ်' လို့ ရုပ်မြင်သံကြား သတင်းကြေညာသူက ပြောကြားခဲ့တယ်။

သည့်နောက် ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှာ အဆိုပါသတင်းနဲ့ သက်ဆိုင်တဲ့ပုံတွေ ပေါ်လာပါတယ်။ ပေါ်လာဟာ ထိတ်လန့်စိုးရိမ်မှုအပြည့်နဲ့ တီဗွီကို စိုက်ကြည့်နေမိတယ်။ တီဗွီဖန်သားပြင်ပေါ်မှာ တောင်ကြားလျှိုတစ်ခုထဲ ကျကာ တိမ်းမှောက်နေတဲ့ ကားတစ်စီးကို တွေ့ရတယ်။ တီဗွီကင်မရာက တိမ်းမှောက်နေတဲ့ ကားရဲ့ပုံကို ဖြည်းဖြည်းချင်း မှန်ဘီလူးနဲ့ ဆွဲပြီးရိုက်ပြပါတယ်။

မြန်မာ စာအုပ်များ



တိမ်းမှောက်နေတဲ့ ကားရဲ့ပုံဟာ တီဗွီဖန်သားပြင်နဲ့ တဖြည်းဖြည်း နီးလာပြီး နောက်ဆုံးမှာတော့ အဝေးပြေးကားကြီးရဲ့ နံပါတ်ဟာ ဖန်သားပြင်ပေါ်မှာ ထင်ထင်ရှားရှား ပေါ်လာပါတယ်။ အဲသည့်ကားရဲ့ နံပါတ်ကတော့ ၁၈၈၈ ပါ။

*

## အထက်အရာရှိကပင် လေးစားရသူ

ကျွန်တော် သင်္ဘောသားများ ဖူလုံရေးရုံးမှာ တာဝန်ထမ်းခဲ့စဉ် ကာလကပါ။ ထိုစဉ်က အဆိုပါရုံးမှာ အရာရှိဆိုလို့ ကျွန်တော်နဲ့ ကျွန်တော့်လက်အောက်က အမှုဆောင်အရာရှိတစ်ဦး၊ ပေါင်း နှစ်ဦးသာရှိပါတယ်။ ထိုစဉ်က ကျွန်တော်တို့ နှစ်ဦးဟာ သင်္ဘောသားတွေနဲ့ ဆက်နွယ်တဲ့ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းပေးရပါတယ်။

တစ်နေ့မှာတော့ ပူပုံပန်းမျက်နှာနဲ့ ညှိုးညှိုးငယ်ငယ်ရှိတဲ့ အမျိုးသမီးတစ်ဦးဟာ လက်ထဲမှာ ကလေးငယ်တစ်ယောက်ကို ချီပိုးပြီး ရုံးထဲ ဝင်လာပါတယ်။ သူမလက်ထဲက ကလေးငယ်ကလည်း တစ်ရုံးလုံးဆူညံသွားအောင်ကို အော်ဟစ်ငိုယိုလျက် ရှိပါတယ်။

အဆိုပါအမျိုးသမီးဟာ ကျွန်တော့်ရဲ့ လက်အောက်အရာရှိကို တွေ့ဆုံဖို့ လာတာပါ။ ကျွန်တော်တို့ဌာနမှာ အရာရှိနှစ်ဦးသာ ရှိတာမို့ သူနဲ့ကျွန်တော်ဟာ တစ်ဦးမရှိရင် ကျန်တစ်ဦးက ရုံးအပြင်ရောက်နေသူရဲ့ အလုပ်တာဝန်ကို ကူညီဖြေရှင်းပေးနေကျပါ။

သို့ပေမဲ့ ထိုနေ့ကတော့ ကျွန်တော်ကိုယ်တိုင်ကလည်း အပြင်မှာ သမဂ္ဂဝင်တွေနဲ့ ချိန်းထားတာမို့ ဧည့်သည်အမျိုးသမီးရဲ့ ပြဿနာကို ချက်ချင်းဖြေရှင်းမပေးနိုင်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်က အဆိုပါအမျိုးသမီးကို သူမရဲ့ကိစ္စဟာ လူမှုဖူလုံရေးကိစ္စဆိုရင်တော့ ကျွန်တော်ပြန်လာတဲ့အထိစောင့်ဖို့ ပြောခဲ့ပြီး ရုံးက ထွက်ခွာခဲ့ပါတယ်။ အဆိုပါအမျိုးသမီးကတော့ ကျွန်တော့်ကို မယုံမရဲမျက်နှာနဲ့ ကြည့်ရင်း ရုံးမှာကျန်ခဲ့ပါတယ်။

မြန်မာ စာအုပ်များ



သူမဟာ ကျွန်တော့်ရှေ့မှာ မလှုပ်မယှက် ဆက်ထိုင်နေပါတယ်။ အလားတူပဲ ကျွန်တော်ကလည်း 'သေချာမှုမရှိရင် ဘာတစ်ခွန်းမှ မပြောပါနဲ့' ဆိုတဲ့ ကိုလိုနီ ပဋိညာဉ်ခံ ဝန်ထမ်းလောကရဲ့ အဆိုအမိန့်တစ်ခုအတိုင်း ရေငုံနှုတ်ပိတ်ကာ ထိုင်နေခဲ့ပါတယ်။

ခဏအကြာမှာတော့ အမျိုးသမီးက သူမအနေနဲ့ ကျွန်တော်ရဲ့ လက်ထောက်အရာရှိကို အပြင်မှာ ထိုင်စောင့်လို့ရမလားလို့ မေးလာပါတယ်။ သည်အခါမှာ ကျွန်တော်က 'သူမအနေနဲ့ စောင့်ချင်ရင် အပြင်မှာ ထိုင်စောင့်နိုင်ကြောင်း' ခပ်ဆတ်ဆတ်ပဲ ပြန်ပြောလိုက်တယ်။ ဘာပဲပြောပြော သည်နည်းလမ်းကြောင့် ကျွန်တော့်ကျောပေါ်က အထုပ်ကြီးတစ်ထုပ် ကျသွားခဲ့ပါတယ်။

ခဏအကြာမှာတော့ ကျွန်တော့်ရဲ့ လက်ထောက်အရာရှိ အပြင်က ပြန်လာပါတယ်။ သူဟာ ထိုင်စောင့်နေတဲ့အမျိုးသမီးကို မြင်ရင်ပဲ ချက်ချင်း မှတ်မိခဲ့ပါတယ်။ သူက သူမကို ငယ်ပေါင်းကြီးဖော်တစ်ဦးလို လှိုက်လှိုက်လှဲလှဲ ပြုံးပြပြီး ကြိုဆိုတယ်။ သူက သူမရဲ့နာမည်ကိုခေါ်ပြီး နှုတ်ဆက်လိုက်တယ်။

(ကျွန်တော်ကတော့ အမျိုးသမီးရဲ့နာမည်ကို မှတ်စရာမလိုဘူးထင်တဲ့ အတွက် မမှတ်ခဲ့ပါဘူး၊ လုပ်ငန်းနဲ့ဆက်နွယ်ပြီး ကျွန်တော်တို့ထံ လာသူမှန်သမျှ ဘယ်သူ့နာမည်မဆို သိချင်တဲ့အခါ ရုံးဖိုင်ထဲမှာ ကြည့်လို့ရတာပဲ)

'လာလေ အထဲဝင်ထိုင်၊ ဒါ ခင်ဗျားသား အငယ်ဆုံးလား၊ တခြားကလေးတွေကော ဘယ့်နှယ်နေကြလဲ'

သည့်နောက် ကျွန်တော့်မိတ်ဆွေက ကလေးတစ်ဦးစီရဲ့ နာမည်တွေ လျှောက်ရွတ်ပြပါတယ်။ သည်အခါမှာတော့ ခပ်စောစောက အသက်ဝိညာဉ် ကင်းမဲ့သလို ရှိနေတဲ့ အမျိုးသမီးရဲ့မျက်နှာဟာ တစ်မုဟုတ်ချင်း ပြောင်းလဲလာပါတယ်။ ကျွန်တော့်မိတ်ဆွေဟာ လူမှုဖူလုံရေးကိစ္စရပ်တစ်ခုကို လူသားဆိုင်ရာ ကိစ္စရပ်တစ်ခုအဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲပစ်ခဲ့တယ်။

အမျိုးသမီးရဲ့မျက်လုံးတွေဟာ အသက်ဝင်လာပြီး သူမရဲ့မျက်နှာပေါ်မှာ အပြုံးရိပ်တွေသန်းလာပါတယ်။

'အင်း ကိုယ့်လူကတော့ လူမှုဆက်ဆံရေး ကောင်းပါပေ့ကွာ၊ ဒါပေမဲ့ လက်တွေ့မှာကော တကယ် ကူညီနိုင်မှာတဲ့လား' လို့ ကျွန်တော့်စိတ်ထဲက ပြောလိုက်မိတယ်။

အမျိုးသမီးဟာ ရုံးခန်းထဲက ထွက်ချိန်မှာတော့ စိတ်ပါလက်ပါ ရယ်မောလို့ နေတယ်။ ကျွန်တော့်ရဲ့မိတ်ဆွေက နောက်ကနေပြီး 'မှတ်ထားနော် ဘာမှ မစိုးရိမ်နဲ့၊ ခင်ဗျား အစီအစဉ်အတိုင်း ဆက်သာလုပ်၊ ကျုပ်တို့ လိုတဲ့ငွေကို

တစ်နည်းမဟုတ်တစ်နည်းနဲ့ ရှာပေးမယ်ဗျာ၊ ကျုပ်ကတိပေးတယ်' လို့ လှမ်းပြောပါတယ်။

အမျိုးသမီး ထွက်သွားခဲ့ပြီးနောက်မှာတော့ ကျွန်တော်ဟာ ကျွန်တော့်မိတ်ဆွေကို လှမ်းခေါ်လိုက်တယ်။

'ကဲ ဆိုစမ်းပါဦးဗျာ၊ ခင်ဗျား အဲဒီအမျိုးသမီးအတွက် ငွေကို ဘယ်လိုရှာမှာလဲ'

'ကျွန်တော်လည်း အတိအကျတော့ မသိသေးပါဘူးဗျာ၊ ဒါပေမဲ့ ဒီအမျိုးသမီးအနေနဲ့ ကျွန်တော်တို့ရဲ့ လူမှုဖူလုံရေးအကူအညီကို အားကိုးပြီး ရပ်တည်နေရတဲ့ ဘဝကနေ ရုန်းထွက်ဖို့ ကြိုးစားလာတာကိုက အံ့ဩစရာ မကောင်းဘူးလား၊ ဒီတော့ ကျွန်တော်တို့အနေနဲ့ သူ့အတွက် ငွေရှာပေးရုံပဲပေါ့၊ ဒီနည်းလမ်းကသာ သူ့အဖို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်လာအောင် လုပ်နိုင်မှာလေ၊ ဒီအချိန်ဟာ ခင်ဗျားနဲ့ ကျွန်တော်တို့အတွက် တကယ့်ကို တောက်ပတဲ့အချိန်ကာလပဲ၊ ကျွန်တော်တို့ရဲ့ လူမှုဖူလုံရေးလုပ်ငန်းဆိုတာ ဒါပဲ မဟုတ်လား'

ကျွန်တော်ဟာ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်ခဲ့ရပါတယ်။ သည့်အရင်က ကျွန်တော်ဟာ သည်လိုအတွေးမျိုးကို တစ်ခါမှ မစဉ်းစားမိခဲ့ပါဘူး။

'ခင်ဗျား သတိထားမိလား၊ ကျွန်တော်တို့ ဘုန်းတော်ကြီးကျောင်းတွေ၊ ဘုရားကျောင်းတွေကို မချဉ်းကပ်ဖူးသေးဘူးလေ၊ ကျွန်တော်တို့တစ်တွေ ဖြစ်နိုင်သမျှ နည်းလမ်းတွေအားလုံး အကုန်အစင် အသုံးမချရသေးဘူး မဟုတ်လား'

ကျွန်တော့်မိတ်ဆွေရဲ့ စိတ်အားထက်သန်မှုဟာ ကျွန်တော့်ထံကို ကူးစက်လာပါတော့တယ်။ ကျွန်တော်တို့နှစ်ယောက်အနေနဲ့ ဆင်းရဲနွမ်းပါးတဲ့ အမျိုးသမီးတစ်ဦးကို ကူညီနိုင်တော့မယ်ဆိုတဲ့ အသိစိတ်ကြောင့် ကျွန်တော်ဟာ အလိုလိုပြုံးလာမိတယ်။ ကျွန်တော့်ရဲ့ စိတ်ဟာလည်း လှုပ်ရှားတက်ကြွလာပါတယ်။

ကျွန်တော့်ရဲ့အပေါင်းအသင်းဟာ သမားရိုးကျ လူမှုဖူလုံရေးလုပ်ငန်းကို ဘာသာရေးလုပ်ငန်းတာဝန်အဖြစ် အသွင်ကူးပြောင်းသွားစေနိုင်ခဲ့သူပါ။

သည့်နောက် သူက 'နောက်ဆုံး ဘယ်ကမှ အကူအညီတောင်းလို့မရရင်တော့ ကျွန်တော်တို့ကိုယ်တိုင်ပဲ ဒီအမျိုးသမီးကို ငွေထုတ်ချေးရတော့မှာပေါ့ဗျာ၊ ဟုတ်ဖူးလား'လို့ ပြောလာတယ်။

သူ့ရဲ့ လူတစ်ဖက်သားကို ကူညီချင်တဲ့စိတ်နဲ့ အရှုံးမပေးတဲ့အပြုံးတွေကြောင့် ကျွန်တော်ဟာ သူ့ရဲ့စကားကို ငြင်းချင်စိတ် ရှိခဲ့မယ်ဆိုရင်တောင် ငြင်းမိမှာ မဟုတ်ပါဘူး။

လူတွေကို ယုံကြည်မှုနဲ့ လူအများကိုကူညီလိုတဲ့ ကျွန်တော့် အပေါင်းအသင်းရဲ့ စိတ်ဓာတ်တွေဟာ ကျွန်တော့်ရဲ့ ယုံကြည်မှုနဲ့ စိတ်ဓာတ်တွေ ဖြစ်လာခဲ့တယ်။ ကျွန်တော်ဟာ ကျွန်တော့်ထက် ကြီးမြတ်တဲ့ ကျွန်တော့်ရဲ့ လက်အောက် ဝန်ထမ်းထံမှ လူမှုဖူလုံရေး အနုပညာနဲ့ နည်းပညာတွေကို သင်ယူရရှိခဲ့တဲ့ အဲသည်အချိန်ကစပြီး ပြည်သူ့ဝန်ထမ်းကောင်းတစ်ယောက် အဖြစ်ရော၊ ကရုဏာတရား လက်ကိုင်ထားသူ လူသားတစ်ယောက်အဖြစ်ပါ တိုးတက်ဖြစ်ထွန်းလာခဲ့တယ်။

အဲသည်အချိန်က ကျွန်တော်ရဲ့ လက်အောက်ဝန်ထမ်း ဖြစ်ခဲ့သူကတော့ တစ်နေ့သောအခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူတွေကို ထိပ်ဆုံးအဆင့်ကနေ အလုပ်အကျွေးပြုခွင့်ရလာတဲ့ စင်ကာပူနိုင်ငံရဲ့ သမ္မတကြီး မစ္စတာအက်စ် အာဂန်နာသန်ပါပဲ။

*

# အလှူဒါနပြုကြရာဝယ်

၁၉၆၁ ခုနှစ် မေလ ၂၅ ရက်က ကျွန်တော်တို့နိုင်ငံမှာ သမိုင်းတွင်အောင် ဆိုးရွားလှတဲ့ မီးကြီးလောင်ခဲ့ပါတယ်။ ထိုမီးကြောင့် ဘူးကစ်ဟိုဆွိဆိုတဲ့ ရွာကြီးတစ်ရွာလုံး ပြုတ်ပြုတ်ပြုန်းခဲ့ရတယ်။ လူပေါင်း ၁၆၀၀၀ခန့် အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရတယ်။ ထိုစဉ်က အစိုးရအနေနဲ့ အနီးအနား ကင်မ်ဆန်လမ်းမှာရှိတဲ့ ကျောင်း ငါးကျောင်းလုံးကို လောလောဆယ်မှာ နေစရာမရှိတဲ့ မီးဘေး ဒုက္ခသည်ပေါင်း ၁၂၀၀၀အတွက် ကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ပေးခဲ့ ရတယ်။

သည်တုန်းက ကျွန်တော်ဟာ လူမှုဖူလုံရေးဌာနရဲ့ ဒုတိယအကြီးအကဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်အထက်အရာရှိ ဝန်ဝါဆီဟန်ရဲ့ တာဝန်ပေးမှုအရ မီးဘေးကယ်ဆယ်ရေးစခန်းမှာ စခန်းမှူးတာဝန်ယူခဲ့ရတယ်။

ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရတဲ့ ပထမ နေ့ရက်တွေကတော့ တကယ့်ကို ဝရုန်းသုန်းကားနေ့ရက်တွေပါ။ ကျွန်တော်တို့ဌာနမှာ သတ်မှတ် ထားတဲ့ လုပ်ငန်းဆောင်ရွက်မှုစံတွေ ရှိပေမယ့် ကျွန်တော်တို့ဟာ ယခုလို ကြီးမားတဲ့ ကယ်ဆယ်ရေးလုပ်ငန်းမျိုးကိုတော့ ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးပါဘူး။

ကယ်ဆယ်ရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်ရတဲ့ ပထမရက်တွေ မှာဆိုရင် ကျွန်တော်တို့ရဲ့ ကယ်ဆယ်ရေးစခန်းမှာ လူတွေပျားပန်းခပ်မျှ ရှုပ်ထွေးနေပါတယ်။ စခန်းစဖွင့်ပြီးနောက် ပထမ နှစ်ဆယ့်လေးနာရီအတွင်း မှာပဲ ကျွန်တော်ရဲ့ ရုံးခန်းရှေ့မှာ ကျွန်တော့်ကို တွေ့လိုတဲ့လူတွေဟာ တန်းစီ စောင့်နေကြပါတယ်။

ထိုသူတွေထဲက အများစုကတော့ မီးဘေးဒုက္ခသည်တွေနဲ့ သူတို့ရဲ့ ဆွေမျိုးတွေပါ။ တန်းစီနေသူတွေကို တွေ့ဆုံတဲ့ အလုပ်ကို ကျွန်တော့်ကိုယ်စား ကျွန်တော့်ရဲ့လက်ထောက်တစ်ယောက်က ကူညီဆောင်ရွက်ပေးပါတယ်။ သို့ပေမဲ့ ကျွန်တော်ဟာ အချိန်ရရင်ရသလိုပဲ ထိုသူတွေကို ကျွန်တော်ကိုယ်တိုင် ထွက်တွေ့ခဲ့တယ်။

သည်လိုနဲ့ စခန်းဖွင့်ပြီး ဒုတိယမြောက်နေ့ရဲ့နံနက် အရုဏ်တက်ချိန် ရောက်ခဲ့ပါတယ်။ ကျွန်တော်ဟာ အညောင်းအညာဆန့်ရင်းနဲ့ အပြင်က အခြေအနေကိုလည်း ကြည့်ရှုဖို့အတွက် ရုံးခန်းထဲကနေ အပြင်ကိုထွက်ခဲ့တယ်။

အပြင်မှာတန်းစီနေတဲ့ လူတန်းထဲမှာကျွန်တော်နဲ့ရင်းနှီးပြီးဖြစ်တဲ့ ပုံပန်းသဏ္ဌာန်နဲ့ လူတစ်ယောက်ကို ကျွန်တော် လှမ်းမြင်လိုက်ရတယ်။ အင်္ကျီဖြူခပ်နွမ်းနွမ်းနဲ့ ဘက်ဂီဘောင်းဘီပွကိုဝတ်ကာ မျက်မှန်တပ်ထားတဲ့ လူတစ်ယောက်ကို လူအုပ်ကြားထဲမှာ တွေ့ရပါတယ်။ ကျွန်တော် သူ့ကို ချက်ချင်း မှတ်မိခဲ့တယ်။ ကျွန်တော်က ဒါလီတွတ်လို့ ခပ်ကျယ်ကျယ် ခေါ်လိုက်ပါတယ်။ သူဟာ စင်ကာပူ နိုင်ငံတစ်ဝန်းမှာ အလှူဒါနပြုရာမှာ အရက်ရောဆုံး ပုဂ္ဂိုလ်တစ်ဦးပါ။ သူ့ကို လူတန်းထဲမှာ ဘာလုပ်ဖို့တန်းစီနေတာလဲလို့ ကျွန်တော်က မေးလိုက်တယ်။ ဒီအခါမှာ ဒါလီတွတ်က 'ခင်ဗျားကိုတွေ့ဖို့ တန်းစီစောင့်နေတာလေ' လို့ ပြောပါတယ်။

'အောင်မလေးဗျာ၊ ခင်ဗျားအနေနဲ့ ကျုပ်ကိုတွေ့ဖို့ တန်းစီစရာမလိုပါဘူး၊ အထဲတန်းဝင်လာရင် ရတာပဲလို့' ပြောရင်း ကျွန်တော်ဟာ အနားမှာရှိတဲ့ အစောင့်ရဲသားကို မကျေနပ်တဲ့အကြည့်နဲ့ လှမ်းကြည့်လိုက်တယ်။ သည်အခါမှာ ဒါလီတွတ်က 'သူကလည်း ဒီလိုပဲပြောပါတယ်ဗျာ၊ ဒါပေမဲ့ ဒီလူတွေအားလုံးဟာ ကျွန်တော့်အရင် စောင့်နေကြသူတွေ မဟုတ်လား၊ ကျွန်တော် ဘယ်လိုလုပ်ပြီး သူတို့ကို ကျော်ဝင်လာလို့ဖြစ်မှာလဲဗျာ' လို့ပြောပါတယ်။

သည့်နောက် ဒါလီတွတ်ဟာ သူ့ရဲ့အိတ်ထဲက ဒေါ်လာ ၃၀၀၀၀၀ တန် ချက်လက်မှတ်တစ်စောင် ထုတ်ယူလိုက်ပြီး မီးဘေးဒုက္ခသည်တွေ အတွက် လှူဒါန်းပါတယ်။ ထိုကာလက ဒေါ်လာ ၃၀၀၀၀၀ ဆိုတဲ့ငွေဟာ စင်ကာပူနိုင်ငံရဲ့ တကယ့် လူကုံထံရပ်ကွက်မှာ ဘန်ဂလိုအိမ်လေးတစ်လုံး ဝယ်နိုင်လောက်တဲ့ ငွေပါ။

ဒါလီတွတ် လှူတဲ့ငွေဟာ တကယ့်ကိုရက်ရက်ရောရောနဲ့ လှူလိုက်တဲ့ ငွေပါပဲ။ ဒါဟာ ပဏာမအလှူပဲ ရှိပါသေးတယ်။ သူဟာ နောက်ပိုင်းမှာလည်း မီးဘေးဒုက္ခသည်တွေအတွက် ထပ်ပြီးလှူဦးမှာပါ။

ကျွန်တော်ဟာ ဒါလီတွတ်ရဲ့ရက်ရောမှုနဲ့ အကြင်နာစိတ်ထားကြောင့် တုန်လှုပ်သွားမိတယ်။ ကျွန်တော်သူ့ကို ကျေးဇူးတင်စကား ပြောပြီးနောက် ခဏလောက် စောင့်နိုင်မလားလို့ မေးလိုက်တယ်။

ကျွန်တော်က ဒါလီတွတ်ကို သူအလှူငွေပေးအပ်နေတာကို ဓာတ်ပုံရိုက်ချင်တဲ့အတွက် ဓာတ်ပုံဆရာရောက်လာတဲ့အထိ ခဏစောင့်ဖို့ ပြောလိုက်ပါတယ်။ သည်အခါမှာ ဒါလီတွတ်က ခေါင်းကို တွင်တွင်ခါယမ်းပြီး 'မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ဗျာ၊ မလိုပါဘူး' လို့ ပြောပါတယ်။

ဒါလီတွတ်ဟာ အဲဒီလောက်အထိ စိတ်သဘောထား ကြီးမြတ်ပြီး ထင်ပေါ်မှုကိုလည်း မလိုလားတဲ့သူပါ။ ထိုခဏမှာပဲ လူတွေကို တိုးဝှေ့ဖယ်ရှားရင်း ကျွန်တော့်ထံလျှောက်လာတဲ့ လူတစ်ဦးကို တွေ့ရပါတယ်။ ထိုသူက အနားက ရဲသားကိုမာန်မဲရင်း သူ့မှာ လှူဒါန်းဖို့ပစ္စည်းတွေပါလာကြောင်းနဲ့ ကယ်ဆယ်ရေးစခန်းရဲ့ အကြီးအကဲနဲ့တွေ့လိုကြောင်း အော်ကြီးဟစ်ကျယ် ပြောနေကြတာ ကျွန်တော် ကြားရပါတယ်။

သည်ခဏမှာပဲ အနားမှာရပ်နေတဲ့ ဒါလီတွတ်က 'ကျွန်တော်ခင်ဗျားကို အနှောင့်အယှက်ပေးလို့ မဖြစ်တော့ဘူးဗျို့' လို့ပြောရင်း ခပ်သုတ်သုတ် ထွက်ခွာသွားခဲ့တယ်။ ကျွန်တော်ထံ နောက်ထပ်လာတဲ့သူကလည်း အလှူရှင်တစ်ဦးပါပဲ။ သူဟာ သူနဲ့အတူယူလာတဲ့ အညိုရောင်စက္ကူအိတ်ကြီးကို ဖွင့်လိုက်ပါတယ်။ သည့်နောက် နို့ဆီဘူးတစ်ဒါဇင်လောက်ကို အိတ်ထဲက ထုတ်ယူလိုက်ပါတယ်။ သူယူလာတဲ့ နို့ဆီဘူးတွေထဲက တစ်ဘူး၊ နှစ်ဘူးဟာ နှုတ်ခမ်းမှာ သံချေးတက်နေပြီး သိပ်လတ်ဆတ်ပုံလည်း မရပါဘူး။

တကယ်တော့ ထိုပုဂ္ဂိုလ်ယူဆောင်လာတဲ့ ပစ္စည်းမျိုးတွေဟာ ဂိတ်ပေါက်မှာ စောင့်တဲ့ ဝန်ထမ်းတွေထံမှာ လှူဒါန်းလို့ရမှာပါ။ သို့ပေမဲ့ ကျွန်တော်ဟာ သူ့ပစ္စည်းတွေကိုလက်ခံပြီး ထုံးစံအတိုင်း ကျေးဇူးတင်စကားပြောခဲ့တယ်။

ထိုပုဂ္ဂိုလ်ဟာ လှူဒါန်းပြီးပေမယ့်လည်း နေရာကမခွာဘဲ ရှိနေတယ်။ ဒါ့ကြောင့် ကျွန်တော်ဟာ နောက်တစ်ကြိမ်ထပ်မံပြီး ကျေးဇူးတင်စကားပြောလိုက်ပါတယ်။ သို့ပေမဲ့ ထိုသူဟာ ကျွန်တော့်ရှေ့မှာ ရပ်မြဲတိုင်းရပ်နေခဲ့တယ်။ ဒါ့ကြောင့် လူကြီးမင်းခင်ဗျား၊ တခြား အကြောင်းကိစ္စများ ရှိပါသေးသလားလို့ ကျွန်တော်က တဲ့တိုးပဲမေးလိုက်ပါတယ်။

'ခုနလေးတင်က ခင်ဗျားတို့ပြောနေတာ ကြားလိုက်ပါတယ်၊ ဘာတဲ့၊ မကြာခင် ဓာတ်ပုံဆရာတစ်ယောက် ရောက်လာမယ်ဆိုလားပဲ၊ မိတ်ဆွေကြီး

မြန်မာ စာအုပ်များ



အနေနဲ့ ကျွန်တော့်ရဲ့ဆိုင်နာမည်ကိုရော ကျွန်တော်လှူနေတဲ့ပုံကိုပါ ဓာတ်ပုံရိုက်မပေးနိုင်ဘူးလားဗျာ'

ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောချင်လောက်အောင်ပဲ ရင်ထဲမှာ မောဟိုက်သွားပါတယ်။ သတင်းစာဆရာအဖွဲ့ ရောက်လာချိန်မှာ ထိုသူဟာ သူလှူဒါန်းတဲ့ နို့ဆီဘူးတစ်ဆယ့်နှစ်လုံးနဲ့ သူ့ရဲ့ဆိုင်နာမည့်ပါတဲ့ အညိုရောင် စက္ကူအိတ်ကို ရှေ့မှာစီပြီး ဟန်ပါပါနဲ့ ကင်မရာဘက်ကိုမျက်နှာမူကာ ဓာတ်ပုံ အရိုက်ခံခဲ့တယ်။

သို့ပေမဲ့ နောက်ရက်တွေမှာ သူ့ရဲ့ဓာတ်ပုံကို ဘယ်သတင်းစာမှာမှ တွေ့မိမယ်လို့ ကျွန်တော်မထင်မိပါဘူး။ နောက် ရက်သတ္တပတ်တွေ အတွင်းမှာလည်း ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ထင်ပေါ်လိုခြင်းမရှိဘဲ နှိမ့်နှိမ့်ချချနဲ့ လှူတဲ့ အလှူရှင်တွေကို တွေ့ရသလို မိမိကိုယ်မိမိ နှိမ့်ချမှုမရှိဘဲ မိမိရဲ့အလှူဒါနကို ကြေညာမောင်းခတ်ပြီး လှူကြတဲ့ အလှူရှင်တွေကိုလည်း တွေ့ရပါတယ်။

*

# နတ်မိမယ်ရဲ့ အပြုံး

ဖရင်ကီရဲ့တူကလေးဖြစ်တဲ့ ဘီလီဟာ အသက်ကိုးနှစ် ရှိပြီဖြစ်ပေမယ့် ဉာဏ်ရည်ဖွံ့ဖြိုးမှု နှေးကွေးသူလေး ဖြစ်တယ်။ ဘီလီလေးဟာ ဖွံ့ဖြိုးမှုအပိုင်းမှာ နှေးကွေးလွန်းတဲ့အတွက် သူ့ကို ဖရင်ကီနဲ့တကွ အမျိုးတွေက ထူးကဲပုဂ္ဂိုလ်လေးလို့ ခေါ်ဝေါ်ကြတယ်။ တကယ်တော့လည်း ဘီလီကလေးမှာ ဉာဏ်ရည်ချို့တဲ့မှုကို ထေမိစေဖို့အတွက် သဘာဝကပေးထားတဲ့ လက်ဆောင်တစ်ခုကို ပိုင်ဆိုင်ထားသူပါ။

ဘီလီကလေးဟာ အင်မတန်ချစ်စရာကောင်းတဲ့ ကလေးတစ်ဦးလည်း ဖြစ်ပါတယ်။ တစ်ညမှာ ဖရင်ကီဟာ သူ့ရဲ့တူတော်မောင် ဘီလီကိုခေါ်ပြီး နတ်သမီး နတ်သားတွေ သီချင်းဆိုတဲ့ တင်ဆက်မှုပါဝင်တဲ့ ခရစ်တော် ဖွားမြင်ခန်း ပြဇာတ်တစ်ခုကို ကြည့်ရှုခဲ့တယ်။

ဘီလီဟာ ပြဇာတ်ကြည့်ကာ ပါးစပ်ဟောင်းလောင်း ဖြစ်နေရင်းက 'ဦးလေး ဖရင်ကီ ကျွန်တော့်ကို ပြောပြစမ်းပါ နတ်သား၊ နတ်သမီးတွေကို ဦးလေးမြင်ဖူးသလား' လို့ ကောက်ကာငင်ကာ မေးပါတယ်။

ဖရင်ကီဟာ ဘီလီရဲ့ ချို့ရွှင်လှတဲ့ မျက်နှာကလေးကို ကြည့်ရင်း 'မြင်ဖူးတာပေါ့ကွ' လို့ ပြန်ပြောလိုက်တယ်။ သည်အခါမှာ ဘီလီဟာ 'မဟုတ်ဘူးလေ ဦးလေးရဲ့၊ ကျွန်တော်ပြောတာက နတ်သားတွေလိုဝတ်ထားတဲ့ ကလေးတွေ မဟုတ်ဘူး၊ တကယ့် နတ်သား နတ်သမီးတွေကို မြင်ဖူးသလားလို့ ပြောတာဗျ' လို့ ထပ်ပြီးမေးလာပါတယ်။

ဘီလီဟာ တကယ့်ကိုလေးနက်တဲ့အမူအရာနဲ့ ယင်းမေးခွန်းကိုမေးခဲ့တာပါ။ ဒါကြောင့် ဖရင်ကီကလည်း မျက်နှာကို လေးနက်တဲ့သဏ္ဍာန်ပြုရင်း

မြန်မာ စာအုပ်များ



'ဒီလိုရှိတယ်ကွယ့် ဘီလီရဲ့၊ တကယ့် နတ်သားနတ်သမီးတွေဆိုတာ ကောင်းကင်ကနေ မကြာခဏ ဆင်းလာတတ်တာ မဟုတ်ဘူးကွယ့်၊ အဲ ဒါပေမဲ့ ငါ့တူဟာ လူကောင်းကလေးဖြစ်ပြီး ကကောင်းမယ်ဆိုရင်တော့ နတ်သား နတ်သမီးတွေ ကောင်းကင်က ဆင်းလာပြီး ငါ့တူကို မိနစ်အနည်းငယ်လောက် လာတွေ့လိမ့်မယ်ကွယ့်'

'ဒီလိုဆိုရင် နတ်သားနတ်သမီးတွေ လာတဲ့အခါ ကျွန်တော်က ဘယ်လို သိရမှာလဲဗျ'

'ဒါတော့ဦးလေးလည်း မသိဘူးလေ၊ ငါ့တူကိုယ်တိုင် တစ်နည်းနည်းနဲ့တော့ သိရမှာပဲကွယ့်'

သည့်နောက်မှာတော့ ဘီလီဟာ သူ့ကိုလာတွေ့မယ့် နတ်သမီးလေးကို စောင့်နေခဲ့ပါတယ်။ သို့ပေမဲ့ လတွေ အတော်ကြာသည့်တိုင် ဘယ်နတ်သား နတ်သမီးမှ သူ့ကိုလာမတွေ့ခဲ့ပါဘူး။

ဖရင်ကီဟာ ညနေအချိန်တွေမှာ မက်ရစ်ချီ ရေလှောင်ကန်ဥယျာဉ်ဆီကို သွားပြီး အဆိုပါ ဥယျာဉ်အတွင်းမှာ ကျန်းမာရေးလေ့ကျင့်သူတွေနဲ့ ရောနှောကာ ရွရွပြေးတဲ့ လေ့ကျင့်မှု ပြုလုပ်ခဲ့ပါတယ်။

ဖရင်ကီနှင့်ဘီလီတို့ဟာ ရွရွပြေးတဲ့ လေ့ကျင့်မှုကို ပြုလုပ်ကြရာမှာ ဘီလီဟာ အသက်လေးဆယ်အရွယ်ခန့် ရှိပြီဖြစ်တဲ့ သူ့ဦးလေးထက် ပိုပြီး ဝေးဝေးပြေးနိုင်ခဲ့ပါတယ်။

တစ်ညနေမှာတော့ ဖရင်ကီဟာ ရွရွပြေးတဲ့ လေ့ကျင့်ခန်းကို ခါတိုင်း ထက်ပိုပြီး စောစောအဆုံးသတ်ခဲ့တယ်။ သည့်နောက် ဖရင်ကီဟာ မိတ်ဆွေ အချို့နဲ့ စကားလက်ဆုံကျရင်း ဘီလီကိုစောင့်နေခဲ့တယ်။ သည့်နောက်မှာတော့ ဖရင်ကီရဲ့ မိတ်ဆွေတွေဟာလည်း သူ့ကိုနှုတ်ဆက်ပြီး ပြန်သွားကြတယ်။

သည်အချိန်မှာ မာစီဒီးကားတစ်စီးဟာ ဂိတ်ဝဆီကိုရောက်လာခဲ့တယ်။ ကားမောင်းသူကတော့ မျက်နှာသစ်တစ်ဦးပါ။ ထိုသူဟာ ကားထဲမှာထိုင်ရင်းနဲ့ တစ်စုံတစ်ဦးကို စောင့်နေပုံရပါတယ်။ ဖရင်ကီဟာ လက်ပတ်နာရီကို ကြည့်လိုက်ပါတယ်။ ဘီလီဟာ ပြန်ရောက်ချိန်တိုင်နေပေမယ့် ပြန်မရောက်သေးပါဘူး။ ဖရင်ကီဟာ ဘီလီတစ်ယောက် ပြေးလမ်းတစ်လျှောက် ဆက်ပြေးရင်း မိမိကိုများ လိုက်ရှာနေသလားလို့ တွေးလိုက်မိပြန်တယ်။

ထိုအချိန်မှာ မာစီဒီးကားထဲကလူဟာ လက်ကိုင်တယ်လီဖုန်းကို ကိုင်ရင်း တစ်စုံတစ်ဦးနဲ့ စကားပြောလျက်ရှိတယ်။ သည့်နောက် ထိုသူဟာ ဖရင်ကီကို လှမ်းကြည့်လိုက်ပြီး သူ့ကားထဲက ထွက်လာပါတယ်။

မြန်မာ စာအုပ်များ



ထိုသူက ဖရင်ကီကို သူ့အတွက် အကူအညီတစ်ခုပေးဖို့ မေတ္တာရပ်ခံလာပါတယ်။ သူဟာ ရွှရွှပြေးတဲ့ လေ့ကျင့်ခန်းလုပ်နေတဲ့ မိမိရဲ့အဘွားကို လာစောင့်နေတာပါ။ ယခုတော့ အခြားသူတစ်ဦးကို အရင်သွားကြိုစရာ ရှိနေတာမို့ သူ့အဘွားရောက်လာရင် စောင့်နေဖို့ ပြောပေးစေချင်တဲ့အတွက် ဖရင်ကီကို အကူအညီတောင်းလာတာပါ။

သူ့ရဲ့အဘွားဖြစ်သူ မစ်ချဲလ်ဟာ ငွေရောင်ဆံပင်ရှိပြီး အသက်က ခုနစ်ဆယ်ဒနံ့ရှိပြီလို့ ဆိုပါတယ်။

'အသက် ၇၀ ၊ ဒါနဲ့တောင် ပြေးတုန်းပဲလား'

'ဟုတ်တယ်ဗျ၊ ပြေးနိုင်လိုက်တာမှ လွန်ပါရော၊ ကျွန်တော့်ကိုတောင်နိုင်အောင်ပြေးနိုင်မှာ' လို့ ထိုသူက ရယ်မောရင်း ပြောပါတယ်။

ထိုသူက မိမိတို့ စင်ကာပူကို ပြောင်းရွှေ့မလာမီကာလကတည်းက မိမိရဲ့ အဘွားဟာ နာရီပေါင်းများစွာ ရွှရွှပြေးတဲ့အလုပ်ကို လုပ်ခဲ့တယ်လို့ ပြောပြတယ်။ ဖရင်ကီဟာ စိတ်ထဲက အဘွားကြီးနဲ့ဘီလီ ဘယ်သူများ အရင် ရောက်လာမလဲလို့ စဉ်းစားရင်းနဲ့ စောင့်ဆိုင်းနေခဲ့တယ်။

ခဏအကြာမှာတော့ အဘွားအို မစ်ချဲလ်က အရင်ရောက်လာပါတယ်။ ဖရင်ကီက မစ်ချဲလ်ကို သူ့မြေး မှာထားတဲ့စကားကို ပြောလိုက်တယ်။ သူမက ခေါင်းညိတ်လိုက်ပြီး သူ့ဘေးမှာဝင်ထိုင်ပါတယ်။ အဘွားအိုဟာ စကားတစ်ခွန်းမှ မပြောပါဘူး။ သို့ပေမဲ့ အဆက်မပြတ် ပြုံးလို့သာနေပါတယ်။

သူမဟာ ဘီစကစ်တစ်ထုပ်ကို ထုတ်လိုက်ပြီး ဖရင်ကီကိုကျွေးပါတယ်။ ဖရင်ကီက 'ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မစားပါဘူး' လို့ ပြောကာငြင်းလိုက်တယ်။ ဖရင်ကီက သူမနဲ့ အာလာပသလ္လာပပြောဖို့ ကြိုးစားတဲ့အခါမှာတော့ မစ်ချဲလ်ဟာ ခေါင်းခါပြပြီး သူမရဲ့ပါးစပ်ကို လက်ညှိုးထိုးပြကာ မပီမသအသံတွေ လုပ်ပြပါတယ်။ သည်တော့မှဖရင်ကီဟာ အဘွားအို စကားမပြောနိုင်မှန်း သိလာပြီး 'ဝမ်းနည်းပါတယ်ခင်ဗျာ' လို့ ပြောလိုက်တယ်။ သူ့ရဲ့ မျက်နှာဟာ ဖျော့တော့သွားပါတယ်။

သည်အခါမှာ အဘွားအိုမစ်ချဲလ်က ဖရင်ကီကို နှစ်သိမ့်တဲ့အနေနဲ့ သူ့ရဲ့ လက်တစ်ဖက်ကို သူမရဲ့ လက်နဲ့ ဆုပ်ကိုင်လိုက်တယ်။ သည့်နောက် သူမရဲ့ နွေးထွေးတဲ့အပြုံးနဲ့ သူ့ကိုစိတ်သက်သာအောင် ပြုလုပ်ခဲ့ပါတယ်။ တကယ်တော့ အဘွားအိုအနေနဲ့ စကားတစ်လုံးမှ ပြောဖို့မလိုပါဘူး။ ဖရင်ကီဟာ အဘွားအို ထံမှ ထွက်ပေါ်လာတဲ့ ဖြူစင်တဲ့မေတ္တာကို ခံစားလာရတယ်။ ဒါဟာ သူသိခဲ့ဖူးတဲ့ သက်ကြီးရွယ်အိုတွေထံမှာ တွေ့ရခဲ့တဲ့ အရည်အသွေးတစ်ရပ်ပေါ့။

ဖရင်ကီသိခဲ့ဖူးတဲ့ သက်ကြီးရွယ်အိုတွေထဲက အများစုဟာ ပုဂ္ဂလိက ကမ္ဘာငယ်လေးတွေထဲမှာ နစ်မြုပ်နေကြသူတွေပါ။ သူတို့ဟာ ဖရင်ကီကို အလွန် အလှမ်းဝေးကွာတဲ့ အဖြစ်နဲ့သာ သတိပြုမိကြတာပါ။ သူတို့ဟာ ဖော်ပြခြင်းငှာမစွမ်းနိုင်တဲ့ နာကျင်မှုတွေကြောင့် ခံစားမှုကင်းမဲ့နေကြသူတွေပဲ ဖြစ်ပါတယ်၊ သူတို့ထဲက အချို့သော အဘိုးအို၊ အဘွားအိုတွေဆိုရင် ကမ္ဘာကြီးနဲ့ အဆက်အသွယ် ဖြတ်တောက်ပစ်ခဲ့ကြတယ်။ တကယ်တော့ ကမ္ဘာကြီးက သူတို့ကို အဆက်အသွယ်ဖြတ်ခဲ့တာလည်း ဖြစ်နိုင်တာပါ။

သို့ပေမဲ့ ဖရင်ကီ ယခု ဆုံတွေ့နေရတဲ့ အဘွားအို မစ်ချဲလ်ကတော့ လူတွေနဲ့ ဆက်ဆံရာမှာ အားနည်းချက် ရှိနေပေမယ့် တကယ့်ကို သည် ကမ္ဘာကြီးနဲ့ တစ်သားတည်းရှိနေသူပါ။ သူမရဲ့ တောက်ပတဲ့အပြုံးဟာ လူတိုင်း ကို မေတ္တာဓာတ်တွေနဲ့ စေတနာကောင်းတွေ ပေးဝေနေပါတယ်။ သည်အချိန် မှာ မာစီဒီးနဲ့လူ ပြန်ရောက်လာတယ်။ ဖရင်ကီဟာသူတို့ကို ကားဆီသို့ လိုက်ပို့ရင်း နှုတ်ဆက်ခဲ့တယ်။ အဘွားအိုမစ်ချဲလ်ရဲ့ မျက်နှာပေါ်က အပြုံး ကတော့ ရွှန်းလဲ့ တောက်ပနေဆဲပါ။

'ခင်ဗျားရဲ့အဘွားဟာ တကယ့်ကို အံ့သြစရာကောင်းတဲ့ အမျိုးသမီးကြီး ပဲဗျ။ ကျွန်တော် သူနဲ့စကားပြောရတာ တကယ်ပျော်တယ်ဗျာ၊ အဲ ကျွန်တော် ဆိုလိုတာက သူမနဲ့ အတူထိုင်နေရတာကိုက စိတ်ချမ်းသာတယ်လို့ ပြောတာ'

ဖရင်ကီက မစ်ချဲလ်ရဲ့မြေးဖြစ်သူကို ထုတ်ဖော်ပြောလိုက်မိတယ်။ 'အင်း ခင်ဗျားလည်း ကျွန်တော့်အဘွား အပြုံးရဲ့ ဖမ်းစားမှုကို ခံရသူတစ်ယောက် ဖြစ်လာပြီပေါ့၊ လူအတော်များများ ဒီလိုပဲ ဖြစ်ကြတယ်ဗျ' လို့ ပြောရင်း မစ်ချဲလ်ရဲ့မြေးဟာ ရယ်မောကာ ထွက်ခွာသွားပါတယ်။

မကြာမီမှာ ဘီလီတစ်ယောက် ကခုန်ပြေးလွှားရင်း ရောက်လာတယ်၊ သူ့မျက်နှာဟာ ပြုံးလျက်ရှိနေတယ်။ အဲသည်အပြုံးဟာ ငါတွေ့ဖူးခဲ့တဲ့အပြုံး ပါလားလို့ ဖရင်ကီ တွေးနေမိတယ်။ 'မင်း တစ်ခုခု၊ ကောင်းတဲ့တစ်ခုခုတော့ ဖြစ်လာပြီ မဟုတ်လား'

'ဟုတ်တယ် ဦးလေးရေ၊ တကယ့်ကို ထူးဆန်းတဲ့ကိစ္စ ဖြစ်ခဲ့တယ်၊ ဦးလေး သိတယ်မဟုတ်လား၊ ကျွန်တော်ဟာ ရွှရွှပြေးပြီးရင် မြေပေါ် လှဲ့အိပ်ပြီး မျက်လုံး မှိတ်ကာ ဘုရားသခင်ကို ကျေးဇူးတင်ကြောင်း ပန်ကြားတတ်တဲ့ ကျွန်တော့် အလေ့အထကို၊ ဒီနေ့တော့ ကျွန်တော်ဟာ ဘုရားသခင်ကိုကျေးဇူးတင်ကြောင်း ပြောလို့မပြီးမီ မျက်လုံး ဖွင့်ကြည့်ခဲ့တယ်ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့် ဘေးမှာ တစ်စုံတစ်ဦးရောက်နေတယ်လို့ ခံစားရလို့ပဲ၊ သူရောက်နေတာ

ဦးလေးရဲ့ နတ်သမီးလေ၊ ဟုတ်တယ် ဦးရဲ့ ကျွန်တော်သူ့ကို မြင်ခဲ့ရတယ်၊ သူမရဲ့မျက်နှာပေါ်က အပြုံးဟာ သိပ်ကိုလှတယ်ဗျာ’

‘ဟုတ်ရဲ့လားကွာ၊ အဲဒီနတ်သမီးက ဘာပြောသေးလဲ’

‘ဘာမှမပြောဘူး၊ ပြောစရာလည်း မလိုဘူးလေ၊ သိပ်ကို ငြိမ်းချမ်းတာဗျာ၊ ကျွန်တော်တို့ ပြုံးပြီးရင်း ပြုံးရင်းနဲ့နေကြတာ၊ သူနဲ့ထိုင်ရင်းပြုံးရတာ သိပ်ကို စိတ်ချမ်းသာတယ်ဗျာ၊ ဒီနောက် ကျွန်တော်ဟာ ဆုတောင်းဖို့အတွက် မျက်လုံးမှိတ်လိုက်တယ်၊ အဲ ကျွန်တော်မျက်လုံးလည်း ပြန်ဖွင့်ရော သူမရှိ တော့ဘူး၊ သို့ပေမဲ့ သူ့ရဲ့အပြုံးကို ကျွန်တော် ခံစားရတုန်းပဲဗျာ၊ သူမရဲ့ အပြုံးဟာ ကျွန်တော့် မျက်နှာပေါ်ကိုကူးစက်လာတယ်’

‘အဲဒီနတ်သမီးက ငွေရောင်ဆံပင်နဲ့လားကွယ့်’

‘ဟုတ်တယ် ဦး၊ ဦးဆီကိုလည်း သူလာသလား၊ အဲဒီနတ်သမီးကြီးက ကျွန်တော့်ကို ဘီစကစ်မုန့်တွေတောင် ပေးသေးတာဗျ’

ဖရင်ကီက ခေါင်းညိတ်လိုက်တယ်။ ပြီးတော့ သူတို့နှစ်ယောက် တစ်ဦးကို တစ်ဦး ကြည့်လိုက်ကြတယ်။ တစ်ဦးမျက်နှာပေါ်က အပြုံးကို တစ်ဦးက မှတ်မိနေကြတယ်။ သူတို့နှစ်ဦးရဲ့ မျက်နှာပေါ်မှာ နတ်မိမယ်ရဲ့အပြုံးတွေက ကပ်ရောက် တွယ်ငြိနေပါတော့တယ်။

*

# ခွင့်လွှတ်ပါရှင်

စင်ကာပူနိုင်ငံရဲ့ လုပ်ငန်းရှင်သူဌေးကြီး မစ္စတာဟိုဟာ သူ့ရဲ့လုပ်ငန်းရှင် အပေါင်းအသင်း လေးငါးဦးကို ဖိတ်ကြားပြီး မကြာမီကဖွင့်လှစ်ခဲ့တဲ့ သူ့ရဲ့ ဆိုင်ခန်း ပဒေသာကုန်တိုက်ကြီးကို ပြသခဲ့တယ်။ ကျွန်တော်ဟာ စင်ကာပူ နိုင်ငံရဲ့ လူကုံထံ သူဌေးကြီးတစ်ဦးမဟုတ်ပေမယ့် ပရိုပရှေးဘဝကံကြောင့် ယခုဘဝမှာ မစ္စတာဟိုရဲ့ တူတော်စပ်နေတာမို့ အဲဒီနေ့ကသူဌေးကြီးတွေ ကြားမှာ ကန့်လန့် ကန့်လန့်နဲ့ လိုက်ခဲ့ရပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ကျွန်တော့်ဦးလေးရဲ့ စိတ်ထား သဘောထားကို သိပ်ပြီး ကြိုက်လှတယ်တော့ မဟုတ်ပါဘူး။ ကျွန်တော့်အမြင်အရ ပြောရရင်တော့ မစ္စတာဟိုဟာ အကြွား သန်ပြီး သဘောထား သေးသိမ်သူတစ်ဦးလို့ ဆိုချင်ပါတယ်။

အခုပဲကြည့်လေ၊ သူနဲ့ ဘဝတူတွေကြားမှာ ပြောနေတဲ့ ကျွန်တော့် ဦးလေးရဲ့ ပြောပေါက်ဆိုပေါက်တွေကို။ သူ့ရဲ့ ကုန်တိုက်ကြီးကို စရိတ်အသက် အသာဆုံး ဖြစ်အောင်ဘယ်လိုဆောက်ခဲ့ပုံ၊ ဗိသုကာတွေကို ပေးရတဲ့ စရိတ် အသက်သာဆုံးဖြစ်အောင် ဘယ်လိုလှည့်ပတ်ခဲ့ပုံ၊ ပြီးတော့ သူ့ရဲ့ဆိုင်ခန်းတွေ ဈေးကောင်းရအောင် ဈေးကွက်အတွင်းမှာ လုပ်ကြံသတင်းတွေ ဘယ်လို လွှင့်ထုတ်ခဲ့ပုံစတဲ့ အကြောင်းအရာတွေကို ကျွန်တော့်ရဲ့ဦးလေး တစ်ယောက် မြှိန်ရေရှက်ရေ ပြောနေပါတော့တယ်။

ကျွန်တော်တို့တစ်တွေ ကုန်တိုက်ကြီးအတွင်းမှာ တစ်ဆိုင်ဝင် တစ်ဆိုင် ထွက် လှည့်လည်နေစဉ်မှာတော့ မစ္စတာဟိုဟာ ဟောသည် ဆိုင်ခန်းအငှား သမားကို ဘယ်လိုရိတ်လိုက်တယ်၊ ဟိုဆိုင်ခန်းကလူကိုတော့ ဘယ်လိုလှိုးလိုက် တယ် စသည်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဆက်ပြီးပြောခဲ့ပါတယ်။

မြန်မာ စာအုပ်များ



ကျွန်တော့် ဦးလေးရဲ့ ပြောစကားတွေကို သူရဲ့ အပေါင်းအသင်းတစ်စုဟာ အားရကျေနပ်တဲ့ မျက်နှာတွေနဲ့ နားထောင်လျက် ရှိကြတယ်။ သူတို့ထဲက တစ်ဦးဆိုရင် 'ဟုတ်လိုက်လေ'ဟို'ရယ်၊ ခင်ဗျား တကယ်လျင်တဲ့လူပဲ၊ ခင်ဗျားကတော့ တကယ့်ကို ပါရမီရှင်တစ်ယောက်ပဲဗျာ' လို့ ဝမ်းပန်းတသာ ချီးကျူးခဲ့တယ်။

ကျွန်တော့်ဦးလေးရဲ့ စကားတွေကြောင့် အတော့်ကိုစိတ်မသက်မသာဖြစ်လာမိတယ်။ ကျွန်တော်ဟာ ဖြစ်နိုင်ရင် သည်လူစုအနားက ချက်ချင်းပဲထွက်ခွာသွားချင်ပါရဲ့။ သို့ပေမဲ့ တကယ့်အဖြစ်မှာတော့ ကျွန်တော်ဟာ သူတို့အနားက ဖယ်ခွာသွားဖို့အတွက် အကြောင်းပြချက်တစ်စုံတစ်ရာ ရှာနိုင်စွမ်းမရှိအောင်ကိုပဲ ညံ့ဖျင်းခဲ့တယ်လေ။

သည်လိုနဲ့ ကျွန်တော်ဟာ မစ္စတာဟိုတို့ လူစုနဲ့အတူ ကုန်တိုက်ကြီးအတွင်းမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကို လိုက်ပါပြီး နေ့လယ်စာ စားဖြစ်ခဲ့ပါတယ်။

သည့်နောက်ကျွန်တော်တို့လူစုဟာ နက်ကတိုင်လည်စည်းတွေချည်းသီးသန့်ရောင်းတဲ့ အရောင်းဆိုင်တစ်ဆိုင်ကို ဝင်ခဲ့ကြတယ်။ ဆိုင်ထဲမှာတော့ မိန်းကလေး ခပ်ငယ်ငယ်တစ်ဦးတည်း ရှိနေပါတယ်။ မျက်လုံးရွဲကြီးတွေနဲ့ မထိရက် မကိုင်ရက်စရာ အဆိုပါ ကလေးမလေးရဲ့အမည်ဟာ ဒေစီဖြစ်တယ်ဆိုတာကိုတော့ သူမရဲ့ အင်္ကျီရင်ဘတ်ပေါ်က နာမည်ရင်ထိုးပြားက ဖော်ပြနေပါတယ်။

ဒေစီဟာ သူမရဲ့အလုပ်အကိုင်နဲ့ စိမ်းနေသေးပုံရပါတယ်။ ဟို နဲ့ သူ့ရဲ့ အပေါင်းအဖော်တွေဟာ ဆိုင်ခန်းထဲမှာရှိတဲ့ နက်ကတိုင်လည်စည်းတွေကို ကြည့်ရှုနေကြတယ်။ ကျွန်တော်ဟာ လည်စည်းတွေပေါ်မှာ ချိတ်တွဲထားတဲ့ ဈေးနှုန်းကတ်ပြားတွေကို မြင်မိတာနဲ့ တစ်ပြိုင်နက်မှာပဲ သည်လည်စည်းတွေအပေါ်မှာ စိတ်ဝင်စားမှု မရှိတော့ပါဘူး။ အဲသည် လည်စည်းတွေရဲ့ဈေးနှုန်းဟာ ကျွန်တော်အဖို့ လက်လှမ်းမမီနိုင်လောက်အောင်ကို မြင့်လွန်းနေတာပါ။

သူမရဲ့ဆိုင်ခန်းထဲကို ဝယ်သူတွေ ဝင်လာတာတွေ့တဲ့ ဒေစီဟာ မျှော်လင့်တကြီးနဲ့ ရှေ့ကိုထွက်လာပါတယ်။ ကျွန်တော် ဒီကလေးမလေးကို စိတ်ထဲက ကြိတ်ပြီး သနားနေမိတယ်။ တကယ်တော့ သူမရဲ့ရှေ့မှာ ရောက်ရှိနေကြတဲ့ ကော်တရာကပ်စေးနဲ့ သူဌေးကြီးတွေဟာ ခြူးတစ်ပြား အကုန်ခံမယ့် သူတွေ မဟုတ်ကြပါဘူး။ သို့ပေမဲ့ ဒေစီဟာ နက်ကတိုင်တစ်ခုတလေ ရောင်းရလို ရောင်းရငြားနဲ့ စင်ကာပူ သူဌေးကြီးတစ်စုရဲ့ မေးခွန်းတွေကို ဖြေနေရှာလေရဲ့။

သူတို့ထဲက တန်ဆိုတဲ့ပုဂ္ဂိုလ်က 'မင်းဒီနေရာမှာ လည်စည်းတွေတင်ပဲ ရောင်းတာလား၊ တခြားကော ရောင်းဖို့ ဘာမှမရှိဘူးလား ဒေစီ'လို့ မေးရင်းနဲ့ သူ့မိတ်ဆွေတွေကို အဓိပ္ပာယ်ပါပါနဲ့ လှမ်းကြည့်လိုက်တယ်။ သည့်နောက် တန်ဟာ ဒေစီရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို တပ်မက်တဲ့မျက်လုံးတွေနဲ့ ကြည့်လိုက်ပြန်တယ်။

ဘာမှနားမလည်နိုင်ရှာတဲ့ ဒေစီကလေးကတော့ 'တခြား ရောင်းစရာ မရှိပါဘူးရှင်' လို့ ပြန်ဖြေပါတယ်။ သည်အခါမှာ သူတို့လူတစ်စုဟာ အဓိပ္ပာယ်တစ်မျိုးဖွင့်ဆိုပြီး ဟီး ဟီး ဟား ဟားနဲ့ ရယ်ကြပြန်တယ်။

သည့်နောက် 'ဟို' ဟာ အတော့်ကို သားနားလှပတဲ့ နက်ကတိုင်လည်စည်းတွေ ခင်းကျင်းပြသထားရာ ကောင်တာဆီ ချဉ်းကပ်သွားပါတယ်။ အနားရောက်တဲ့အခါမှာတော့ သူဟာ နက်ကတိုင်တစ်ခုကို လှမ်းကိုင်လိုက်တယ်။

သည်အခါမှာ 'ခွင့်လွှတ်ပါရှင်၊ အဲဒီ လည်စည်းတွေဟာ တကယ်ကို ဈေးကြီးလှပါတယ်၊ လူတိုင်းမဝယ်နိုင်ကြပါဘူး၊ ဈေးသက်သာတဲ့ လည်စည်းတွေက ဒီဘက်မှာပါရှင်' ဆိုတဲ့ ဒေစီရဲ့ စကားသံတွေဟာ ကရားရေလွှတ်ထွက်ပေါ်လာတယ်။

ကျွန်တော် ကိုယ့်နားတောင်ကိုယ် မယုံနိုင်အောင်ဖြစ်သွားပါတယ်။ အဲဒီမိန်းကလေးဟာ ကမ္ဘာပေါ်မှာ အထုံဆုံးတစ်ယောက်ပါလားလို့ တွေးထင်လိုက်မိတယ်။ တကယ်တော့ သူမဟာ'ဟို'တို့လူစုလို အဖိုးတန်ဝတ်ကောင်းစားလှတွေဝတ်ဆင်ထားသူတွေကို မဆိုထားနဲ့ သာမန်လူတွေကိုပင်လျှင် သူ ခုနက ပြောလိုက်တဲ့ စကားမျိုး မပြောသင့်ဘူး မဟုတ်လား။

သည်ခဏမှာ 'ဟို' ရဲ့ အပေါင်းအသင်းတစ်စုဟာ အသံတွေတိတ်သွားခဲ့ကြတယ်။ ကျွန်တော်ဟာ ဘေးမှာရပ်နေရင်းနဲ့ 'ဟို' က သည်မိန်းကလေးကိုများ တစ်သက်တာမှတ်သွားအောင် ဆူပူကြိမ်းမောင်းလေမလား ဒါမှမဟုတ် ရှုးရှုးရှားရှားနဲ့ ကြိမ်းလိုက် မောင်းလိုက်လေမလား ဆိုပြီး စိုးရိမ်နေခဲ့မိတယ်။

သို့ပေမဲ့ 'ဟို' ဟာ ကျွန်တော်ထင်သလို မလုပ်ခဲ့ပါဘူး။ သူဟာ တန်ဖိုးကြီးလှပါတယ် ဆိုတဲ့ အဆိုပါလည်စည်းတွေထဲက ဒါဇင်ဝက်ကို အဆင်တောင်မရွေးဘဲ ဆွဲယူလိုက်တယ်။ ပြီးတော့ ဟိုက 'ဒါတွေ အားလုံး ကျုပ်ယူမယ်' လို့ ကြေညာလိုက်ပါတော့တယ်။

တန်ဖိုးကြီးမားလှပါတယ်ဆိုတဲ့ လည်စည်းခြောက်ခုကို တစ်ပြိုင်နက်တည်း ရောင်းလိုက်ရတဲ့ ဒေစီကလေးရဲ့ မျက်နှာပေါ်မှာ အံ့ဩမှု အရိပ်

အယောင်တွေ မဖုံးနိုင်မဖိနိုင် ပေါ်ထွက်လာခဲ့ပါတယ်။ ပြီးတော့ 'ဟုက်ကဲ့ပါ ဆရာ၊ ကျွန်မ အကုန် ထုပ်ပိုးလိုက်ပါ့မယ်၊ အားလုံး ဒေါ်လာ ၅၂၀ ကျပါတယ် ဆရာ' လို့လည်း သူမရဲ့နှုတ်က စကားသံတွေ ဝမ်းသာတုန်လှုပ်စွာနဲ့ ထွက်ပေါ် လာပါတယ်။

ကျွန်တော့်ရဲ့ ဦးလေးဟိုနဲ့ လူကုံထံတစ်စုဟာ မျက်လုံးအပြူးသားနဲ့ အံ့သြတုန်လှုပ်နေတဲ့ ဒေစီလေးရဲ့မျက်နှာကို အရသာခံပြီး စူးစိုက်ကြည့်ခဲ့ကြ တယ်။ သည်နောက်မှာတော့ ကျွန်တော်တို့ဟာ နောက်ဆိုင်တစ်ဆိုင်ဘက်ကို ကူးခဲ့ကြပါတယ်။

ဒေစီဟာ တကယ့်ကိုထုံ အလှတဲ့ အရောင်းစာရေးမလေးပါ။ သို့ပေမဲ့ သူမရဲ့လည်စည်းတွေကတော့ ရောင်းထွက်ခဲ့ပါတယ်။ ကျွန်တော်ဟာ သူဌေး ကြီးတစ်စုနဲ့ နေ့လယ်စာ စားလို့မပြီးမီမှာပဲ ကျွန်တော်ဟာ သူတို့တွေလို မဟုတ်ဘဲ ရုံးကို မွန်းလွဲ ၂း၀၀နာရီမှာ အရောက်ပြန်ရမှာမို့ ကျွန်တော့်ကို ပြန်ခွင့်ပြုဖို့ မစ္စတာဟိုနဲ့ သူ့ရဲ့အပေါင်းအဖော်တွေကို ခွင့်တောင်းခဲ့ပါတယ်။

ကျွန်တော့်ရဲ့အပြန်လမ်းမှာ ဒေစီလေးရဲ့ဆိုင်ရှေ့က ဖြတ်ပြန်ခဲ့ရပါတယ်။ ကျွန်တော် ဆိုင်ထဲကို မျက်လုံးတစ်ချက်ဝေ့ပြီး ကြည့်လိုက်မိတယ်။ အဲဒီ အချိန်မှာ သူမရဲ့ဆိုင်ထဲမှာ ငွေကြေးချမ်းသာပုံရတဲ့ ဝယ်သူအချို့ရောက်နေ တာကို လှမ်းတွေ့လိုက်ပါတယ်။ ဝယ်သူတွေရဲ့အနားမှာ မျက်လုံးအဝိုင်းသားနဲ့ အလွန် ရိုးသားအပြစ်ကင်းစင်ပုံရတဲ့ ဒေစီလေးရဲ့မျက်နှာကို ကျွန်တော် လှမ်းမြင်လိုက်မိပါတယ်။

ကျွန်တော်ဟာ ရုံးကို အရောက်ပြန်ရမယ့်အချိန်ကို သတိရလာတာနဲ့ ရှေ့ဆက်ဖို့ ခြေလှမ်းပြင်လိုက်ပါတယ်။ သည်အခါမှာတော့ ကျွန်တော့်နားထဲကို ရင်းနှီးပြီးဖြစ်တဲ့ ဒေစီလေးရဲ့ စကားသံဟာ ရုတ်တရက် ပေါ်ထွက်လာပါ တော့တယ်။

'ခွင့်လွှတ်ပါရှင်၊ အဲဒီလည်စည်းလေးတွေဟာ တကယ့်ကိုဈေးကြီးလှပါ တယ်၊ လူတိုင်းမဝယ်နိုင်ကြပါဘူး၊ ဒီထက် ဈေးသက်သာတဲ့ လည်စည်းတွေက ဒီဘက်မှာပါရှင်။'

*

# ရှက်မိပါသည်

ကျွန်တော်ဟာ အက်အေအက်စ်ဝန်ထမ်းတစ်ဦး ဖြစ်လာပြီးနောက် ကိုလိုနီ အတွင်းဝန်ရုံး (CSO) မှာ 'ဂ' အဆင့် လက်ထောက် အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့ရပါတယ်။

ယင်းရာထူးကို ရစမှာတော့ ကျွန်တော်ဟာ မိမိအထက်က လက်ထောက် အတွင်းဝန် 'က'နဲ့ 'ခ'တို့လိုပဲ ရုံးခန်းနဲ့ လက်အောက်ငယ်သားတွေနဲ့ စားပွဲ ကုလားထိုင်အပြည့်နဲ့ ရုံးထိုင်ခဲ့ရတယ်။ ဒါကြောင့်ပဲ ပထမပိုင်းမှာတော့ ကျွန်တော်ဟာ 'တယ်ဟုတ်တဲ့ ငါပါလား' လို့ ကိုယ့်ကိုယ်ကိုယ် အထင် ရောက်ခဲ့တယ်။

သို့ပေမဲ့ မကြာမီမှာပဲ ကျွန်တော့်အနေနဲ့ 'မိမိဟာ လက်ထောက် အတွင်းဝန် 'က' နဲ့ 'ခ' အဆင့် အရာရှိတွေလို အရေးပါတဲ့အလုပ်တွေ လုပ်ရသူမဟုတ်ဘဲ တောက်တိုမယ်ရ အလုပ်တွေသာ လုပ်နေရသူပါလား ဆိုတာကို သဘောပေါက်လာပါတော့တယ်။

ထိုစဉ်က လက်ထောက်အတွင်းဝန် 'ဂ' အနေနဲ့ ကျွန်တော် ထမ်းရွက်ခဲ့ ရတဲ့ မဟာတာဝန်တွေထဲက တစ်ခုကတော့ နိုင်ငံအထက်ပိုင်း (မလေးရှား အနောက်ပိုင်း) ကနေ ဆင်းလာတဲ့ အငယ်တန်း အမ်စီအက်စ် (MCS) (ပဋိညာဉ်ခံဝန်ထမ်း) အရာရှိတွေရဲ့ ဇနီးတွေကို ကြိုဆိုရတဲ့ တာဝန်ပါပဲ။ ကျွန်တော့်ရဲ့ အလုပ်ကတော့ ဘူတာရုံသွားပြီး အဆိုပါ အမ်စီအက်စ်တွေရဲ့ ကတော်တွေကို ကားနဲ့ကြိုကာ ဟိုတယ် သို့မဟုတ် အခြားတည်းခိုရမယ့် နေရာ တစ်နေရာဆီကို ပို့ပေးရတဲ့အလုပ်ပါ။

မြန်မာ စာအုပ်များ



ကျွန်တော်ဟာ အဲသည်အလုပ်တာဝန်တွေကို ရှက်ဆောင်ရင်းနဲ့ တစ်နေ့မှာတော့ မျက်နှာဖြူအမျိုးသမီးတစ်ဦးနဲ့ အစာမကြေစရာ ကြုံဆုံခဲ့ရပါတယ်။

သူမကတော့ ကျွန်တော့ထက် တစ်နှစ် နှစ်နှစ်လောက် လုပ်သက်ရင့်တဲ့ အမ်စီအက်စ်အရာရှိတစ်ဦးရဲ့ ဇနီးပါ။ သို့ပေမဲ့ ထိုစဉ်က မျက်နှာဖြူ အမျိုးအနွယ်ဆိုတဲ့ သူမရဲ့ အသားအရောင်အဆင်းက သူမရဲ့ အမ်စီအက်စ် ကတော်ဆိုတဲ့အဆင့်ကို ပိုပြီး ကြီးမြင့်စေခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ သပ်သပ်ရပ်ရပ်ဝတ်ပြီး အဆိုပါ အမျိုးသမီးကို ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာအပြောအဆိုတွေနဲ့ ဘူတာရုံမှာ ကြိုဆိုပြီး သူမတည်းခိုချင်တဲ့ နေရာဆီကို ကားနဲ့ပို့ပေးပြီးရင် ကျွန်တော့်တာဝန်ဟာ ပြီးပြီလို့ ဆိုရမှာပါ။

ထိုနေ့ညက ကျွန်တော်ကြိုဆိုခဲ့ရတဲ့ အမျိုးသမီးကတော့ အိုင်ပိုခရိုင်မှာ တာဝန်ထမ်းဆောင်နေတဲ့ ခရိုင်အရာရှိတစ်ဦးရဲ့ ဇနီးဖြစ်သူပါ။ ထိုအချိန်က အိုင်ပိုခရိုင်မှာ ကွန်မြူနစ်တွေက ပြောက်ကျားစစ်ပွဲ ဆင်နွှဲလျက် ရှိနေပါတယ်။

ကွန်မြူနစ်ပြောက်ကျားတွေဟာ အဆိုပါဒေသအတွင်းမှာ ယာဉ်တွေကို ချုံခိုတိုက်ခိုက်တာတို့၊ ရဲစခန်းတွေကို စီးနင်းတာတို့ စတဲ့ လုပ်ဆောင်ချက်တွေကို ဆောင်ရွက်လျက်ရှိတယ်။ ကွန်မြူနစ်သူပုန်တွေဟာ မျက်နှာဖြူ အရာထမ်း အချို့နဲ့ မျက်နှာဖြူ စိုက်ပျိုးရေးသမားအချို့ကိုပင် သတ်ဖြတ်ခဲ့ကြပါတယ်။

ထိုအဖြစ်တွေကြောင့်ပဲ မိမိရဲ့ခင်ပွန်းအတွက် စိုးရိမ်ပူပန်မှုတွေ များနေပုံရတဲ့ လူဖြူကတော်ဟာ အာရုံကြောဝေဒနာ စွဲကပ်လာပုံရပါတယ်။ သူမ ယခုလာရောက်ခြင်းဟာလည်း မိမိရဲ့ဝေဒနာကို စင်ကာပူရှိ အထူးကုဆရာဝန်ကြီးနဲ့ ပြသဖို့ လာရောက်ခြင်းပဲ ဖြစ်တယ်။

အဲဒီညက ရထားဟာ ညဆယ်နာရီမှာ ဆိုက်ရောက်ရမယ့်အစား နံနက်တစ်နာရီမှာမှ ဆိုက်ခဲ့ပါတယ်။ ကျွန်တော်ဟာ ရထားပေါ်က ဆင်းလာတဲ့ မျက်လုံးတွေ ဂနာမငြိမ်ရှိနေတဲ့ ကော့ကေးဆပ် အမျိုးသမီးတစ်ဦးကို တွေ့ရတယ်။ သူမဟာ အဝတ်အထည်တွေနဲ့ ပြည့်ဖောင်းနေတဲ့ အိတ်တစ်လုံးကို လက်ကဆွဲထားပါတယ်။ သူမဟာ မျက်မှောင်ကြုတ်လျက်ရှိနေပြီး မျက်နှာကလည်း မကြာခဏ တွန့်လိုက်ရှုံ့လိုက် ဖြစ်နေပါတယ်။

ကျွန်တော်ဟာ သူမရဲ့အနားကို လျှောက်သွားရင်းနဲ့ 'မစ္စစ်ဝှိုက် ဟုတ်ပါစခင်ဗျာ' လို့ ပြောလိုက်တယ်။ သည့်နောက် သူမရဲ့လက်ထဲက အိတ်ကို လှမ်းယူဖို့အတွက် ကျွန်တော့်ရဲ့လက်ကို လှမ်းလိုက်ပါတယ်။

မြန်မာ စာအုပ်များ



သို့ပေမဲ့ သူမဟာ အိတ်ကိုင်ထားတဲ့လက်ကို နောက်ကို ရုပ်ရင်း 'ရှင်က အင်္ဂလိပ်စကားပြောတတ်သလား' လို့ မေးလာပါတယ်။ ကျွန်တော်ဟာ သူ့ရဲ့ အမေးကြောင့် အတော်လေး အံ့အားသင့်သွားမိတယ်။ ကျွန်တော့်ရဲ့ စိတ်ထဲကတော့ ကျွန်တော့်အနေနဲ့ အင်္ဂလိပ်စာနဲ့ပတ်သက်ရင် သူမ တတ်ထားတာထက်ပင် ပိုတတ်ထားကြောင်း သက်သေပြနိုင်ပါတယ်လို့ ပြန်ပြောလိုက်ချင်စိတ် ပေါက်ခဲ့ပါတယ်။

သို့ပေမဲ့ ကျွန်တော့်ရဲ့ နှုတ်က 'ဟုတ်ကဲ့ပါခင်ဗျာ' လို့ပဲ ပြောလိုက်ပါတယ်။

သည်အခါမှာတော့ 'သူတို့ ကျွန်မကိုကြိုဖို့ လွှတ်လိုက်မယ်ဆိုတဲ့ အထက်တန်းအရာရှိဆိုတာ ဘယ်မှာလဲ' လို့ စိတ်ဆိုးမာန်ဆိုးနဲ့မေးရင်း မျက်လုံးကလည်း ပလက်ဖောင်းတစ်ဝိုက်ကို ဝေ့ဝိုက်ကြည့်ကာ ရှာဖွေခဲ့တယ်။

သည်အခါမှာပဲ 'အဲဒီလူဟာ ကျွန်တော်ပါပဲ ခင်ဗျာ၊ ကျွန်တော့်နာမည် ဂိုပါ။ ကျွန်တော်ဟာ ကိုလိုနီအတွင်းဝန်ကြီးရုံးက လက်ထောက်အတွင်းဝန်ပါ' လို့ အားတက်သရော ပြောလိုက်မိပါတယ်။

ကျွန်တော့်စကားအဆုံးမှာတော့ သူမက 'ရှင်' ဆိုတဲ့ စကားလုံး တစ်လုံးကိုသာ နှုတ်မှ ရွတ်ခဲ့တယ်။ သူမ ပြောလိုက်တဲ့ အဆိုပါ စကားလုံးဟာ ကျွန်တော့်အပေါ် သူမရဲ့ မနှစ်မြို့မှု၊ စက်ဆုပ်မှုတွေအားလုံးကို ဖော်ပြနိုင်စွမ်း ရှိခဲ့ပါတယ်။

တကယ်တော့ သူမရဲ့ မျက်နှာအမူအရာက သူမရဲ့စကားလုံးထက် ပိုပြီး အဓိပ္ပာယ်ပေါ်လွင်စေခဲ့တာပါ။ 'ရှင်' ဆိုတဲ့ စကားလုံးကို ပြောလိုက်စဉ်မှာတော့ သူမဟာ မိမိရဲ့မျက်လုံးတွေကို တစ်ဝက်တစ်ပျက်မှေးစင်းရင်း မျက်နှာကိုလည်း မော့ထားခဲ့ပါတယ်။

သည့်နောက်မှာတော့ မျက်နှာဖြူအမျိုးသမီးဟာ သူမရဲ့ရင်ထဲမှာ ပြည့်သိပ်စွာ ရှိနေတဲ့စကားလုံးတွေကို အန်ထုတ်ခဲ့တယ်။

'သူတို့က ဘာကြောင့်များ အနောက်တိုင်းသားတစ်ဦးဦးကို အစား မလွှတ်လိုက်တာပါလိမ့်'

သူမဟာ ကားထဲကို အရောက်မှာတော့ ကားနောက်ခန်းရှိ ထိုင်ခုံရဲ့ အလယ်တည့်တည့်မှာ ထိုင်လိုက်ပြီး သူမရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ထီးနဲ့ လွယ်အိတ်တို့ကို တင်ထားခဲ့ပါတယ်။ သူမရဲ့ အပြုအမူကတော့ ကျွန်တော့်ကို သူမရဲ့နံဘေးမှာ လာမထိုင်နဲ့လို့ ခပ်ရှင်းရှင်းပြောလိုက်ခြင်းပါပဲ။

ထိုနေ့က ကျွန်တော်ဟာ ကားရှေ့က ဒရိုင်ဘာဘေးမှာ ဝင်ထိုင်လိုက်ပြီး သူမကို ဟိုတယ်ဆီ ပို့ပေးခဲ့ပါတယ်။

အဲသည်အကြိမ်ဟာ ကျွန်တော့်အဖို့ အဆိုပါအမျိုးသမီးကို ပထမဆုံးနဲ့ နောက်ဆုံးတွေ့ခြင်းပါပဲ။ သို့ပေမဲ့ မစ္စစ်ပို့က်ဟာ ကျွန်တော့်ရဲ့ဘဝကို အလှည့်အပြောင်းတစ်ခု ဖြစ်စေခဲ့တယ်။

ကျွန်တော်ဟာ မစ္စစ်ပို့က်နဲ့ ဆုံတွေ့ခဲ့ရပြီးနောက်မှာတော့ ကိုလိုနီဆန့်ကျင်ရေးစိတ်ဓာတ်တွေ ပိုမိုပြင်းထန်လာခဲ့ပါတယ်။ ကျွန်တော်ဟာ ဌာနဆိုင်ရာ ကိစ္စတွေမှာ ဝန်ထမ်းသမဂ္ဂဝင်တွေနဲ့ အတူရပ်ကာ အမ်စီအက်စ်ခေါ် မလေးရှား ပဋိညာဉ်ခံအရာရှိကြီးတွေကို အတိုက်အခံလုပ်ခဲ့ပါတယ်။

သည်လိုနဲ့ နှစ်ပေါင်းသုံးဆယ် ကုန်လွန်ခဲ့ပါတယ်။ သည်အချိန်မှာ ကျွန်တော်တို့ရဲ့ စင်ကာပူနိုင်ငံဟာ ကမ္ဘာမှာ စီးပွားရေးအရ ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်နေပါပြီ။ စင်ကာပူနိုင်ငံသားတွေဟာ လူနေမှုအဆင့်မှာဆိုရင်လည်း အနောက်နိုင်ငံအများအပြားရှိ လူဖြူတွေထက်ပင် မြင့်ခဲ့ပါပြီ။

ယခုအခါမှာ ကျွန်တော်တို့ ရရှိခံစားနေရတဲ့ ဘဝပျော်ရွှင်မှုများထဲမှာ အားလပ်ရက်တွေအတွင်း နိုင်ငံခြားတိုင်းပြည်တွေဆီ ခရီးထွက်မှုတွေလည်း ပါဝင်ပါတယ်။

တစ်ကြိမ်မှာတော့ ကျွန်တော်ဟာ ခရီးသွားဖော် စင်ကာပူနိုင်ငံသားတစ်စုနဲ့အတူ ယူဂိုစလားဗီးယားနိုင်ငံကို သွားခဲ့ပါတယ်။

ကျွန်တော်တို့ဟာ ဇာဂရက်လေဆိပ်ကို ဆိုက်ရောက်ခဲ့ကြတယ်။ ထိုနေရာကတစ်ဆင့် လေယာဉ်ပြောင်းပြီး ကျွန်တော်တို့ သွားလိုတဲ့ မော့စတာကို သွားကြရမှာ ဖြစ်ပါတယ်။ သို့ပေမဲ့ ဇာဂရက်လေဆိပ်ကို အရောက်မှာတော့ ပြဿနာနဲ့ ကြုံရပါတော့တယ်။

ဇာဂရက်လေဆိပ်မှာ ကျွန်တော်တို့ကို အသင့်ကြိုဆိုနေရမယ့် ခရီးသွားကုမ္ပဏီရဲ့ စင်ကာပူနိုင်ငံသား ကိုယ်စားလှယ်ကို မတွေ့ရပါဘူး။ ဒါ့အပြင် လေဆိပ်က အရာရှိတွေကလည်း မော့စတာကို သွားမယ့်လေယာဉ်မှာ ကျွန်တော်တို့ လူစု နေရာ မရနိုင်တဲ့အတွက် ကားနဲ့ပဲသွားဖို့ ပြောလာပါတယ်။ ဒါဟာ အာဏာပိုင်တွေရဲ့ အဆုံးအဖြတ်ပဲလို့ ပြောခဲ့ကြတယ်။

သို့ပေမဲ့ ကျွန်တော်တို့ကတော့ မိမိတို့ စီးနင်းလိုက်ပါရမယ့် နေရာတွေကို သူတို့ရဲ့ပါတီကေဒါတွေကို ပေးရတဲ့အတွက် ယခုလိုဖြစ်ရတာပဲလို့ ယူဆပြီး မကျေမနပ်ဖြစ်ခဲ့ကြတယ်။

လေယာဉ်လက်မှတ် မရရှိတဲ့အဖြစ်ကို ကျွန်တော်တို့တစ်တွေက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြတယ်။ ထိုအဖြစ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့တစ်တွေ တစ်ယောက်တစ်ပေါက် မကျေမနပ် ပြောဆိုခဲ့ကြတယ်။

သည်အခါမှာ မျက်နှာရှစ်ခေါက်ချိုးနဲ့ ဗျူရိုကရက်အရာရှိအချို့ ရုံးခန်းထဲက ထွက်လာပြီး ကျွန်တော်တို့ကို တွေ့ပါတယ်။ သို့ပေမဲ့ သူတို့က အင်္ဂလိပ်စကား မပြောတတ်သလို ကျွန်တော်တို့ကလည်း စလိုဗိုနစ်စကား မပြောတတ်ကြတဲ့အတွက် စကားမပေါက်ဘဲ ရှိပါတယ်။

မိမိတို့ပြောသမျှကို အတွန့်မတက်ဘဲ နာခံကြသူတွေကိုသာ တွေ့ကြုံခဲ့ရတဲ့ သူတို့ဟာ ကျွန်တော်တို့ရဲ့ အခက်အခဲကို ဂရုမစိုက်ပါဘူး။ သူတို့ကတော့ သူတို့ပြည်သူတွေကို ဆက်ဆံသလိုပဲ ကျွန်တော်တို့အပေါ် မှာလည်း ဆက်ဆံခဲ့တယ်။

သည်လိုနဲ့ ကျွန်တော်တို့လူစုဟာ လေဆိပ်အဆောင်ထဲမှာ အတော်ကြာမျှ ခြေချုပ်မိနေခဲ့တယ်။

သည်အချိန်မှာပဲ ကျွန်တော်တို့ခရီးစဉ်ကို တာဝန်ယူခဲ့တဲ့ ခရီးသွားကုမ္ပဏီရဲ့ အမှတ်တံဆိပ်ပါ လက်ဆွဲအိတ်တစ်လုံးကို ကိုင်ဆွဲထားတဲ့ မျက်နှာဖြူအမျိုးသမီးတစ်ဦး ရောက်ရှိလာပါတယ်။ သူ့ရဲ့ ကိုယ်လုံးကိုယ်ထည်ဟာ သေးကွေးပြီး သူ့ကိုကြည့်ရတာ ပင်ပန်းနွမ်းနယ်နေပုံရပါတယ်။

ကျွန်တော်က သူမကို လှမ်းကြည့်လိုက်စဉ်မှာတော့ မျက်မှောင်ကြုတ်ထားပြီး ဟိုတစ်ကွက် သည်တစ်ကွက် တွန့်လိုက်ရှုံ့လိုက်ဖြစ်နေတဲ့ သူမရဲ့ မျက်နှာကို သတိပြုလိုက်မိတယ်။ သူမကို မြင်တွေ့ရစဉ် တစ်ခဏမှာပဲ ကျွန်တော့် စိတ်ထဲမှာ သည်မျက်နှာမျိုးကို ဘယ်တုန်းက ဘယ်နေရာမှာ မြင်ခဲ့ဖူးပါလိမ့်လို့ တွေးလိုက်မိတယ်။

သူမက ကျွန်တော်တို့ပြောတာတွေကို နားထောင်ပြီးနောက်မှာတော့ မနီးမဝေးမှာရှိတဲ့ ယူနီဖောင်းဝတ် အရာရှိကြီးတွေဆီ သွားကာ စကားပြောခဲ့တယ်။ သို့ပေမဲ့ သူမဟာ ထိုသူတွေကို ကြောက်ရွံ့နေပုံရပါတယ်။ ခဏအကြာမှာတော့ သူမဟာ ကျွန်တော်တို့ဆီကို လျှောက်လာပြီး ကြုံလှီလှတဲ့ သူမရဲ့ပခုံးနှစ်ဖက်ကို တွန့်ပြပါတယ်။

ကျွန်တော်တို့လူစုကတော့ မိမိတို့ရဲ့ မကျေနပ်ချက်တွေအားလုံးကို သူမရှေ့မှာ ဖွင့်အန်ခဲ့ကြတယ်။ မျက်နှာဖြူအမျိုးသမီးဟာ ခေါင်းတယမ်းယမ်းနဲ့ ဟိုကြည့်သည်ကြည့် လုပ်ရင်း ကျွန်တော်တို့ပြောသမျှကို ခံနေရပါတယ်။

သည်အခါမှာ ကျွန်တော့်အနေနဲ့ တို့ပြောတာတွေ သူ နားမှလည်ရဲ့လားလို့ စိတ်ထဲမှာ အတွေးဝင်လာတယ်။ ဒါကြောင့်ပဲ ကျွန်တော်ဟာ 'မင်း အင်္ဂလိပ်စကား ပြောတတ်လား' လို့ မေးလိုက်ပါတယ်။

သူမက နှိမ့်ချတဲ့အမူအရာနဲ့ 'ဟုတ်ကဲ့ပါဆရာ' လို့ ပြန်ပြောပါတယ်။ 'ဘယ်မှာလဲ မင်းတို့ကုမ္ပဏီက တို့ကိုကြိုဖို့ လွှတ်လိုက်မယ်ဆိုတဲ့ ခရီးသွားလုပ်ငန်း ကိုယ်စားလှယ်' လို့ ဆက်မေးလိုက်တယ်။

'ကျွန်မပါပဲ ဆရာ'

သူမက နှိမ့်ချအားငယ်စွာနဲ့ ဖြေကြားခဲ့ပါတယ်။

'ဘာကြောင့်များ ဒီကုမ္ပဏီက စင်ကာပူနိုင်ငံသားတစ်ဦးဦးကို အစား မလွှတ်ရတာလဲ'

ကျွန်တော်ဟာ ကျွန်တော်တို့အတွက် ဘာမှအသုံးမဝင်တဲ့ သူမကိုမှ ဘာကြောင့် လွှတ်လိုက်ရတာလဲဆိုတဲ့ စကားကိုတော့ ဆက်မပြောတော့ဘဲ ရပ်ထားလိုက်ပါတယ်။

သူမဟာ ဘာတစ်ခွန်းမှ ပြန်မပြောခဲ့ပါဘူး။ မျက်နှာဖြူအမျိုးသမီးရဲ့ မျက်နှာဟာ ပိုမိုဖြူရော်သွားခဲ့ပါတယ်။ သူမအနေနဲ့ ကျွန်တော့်စိတ်ကို သိနေသလိုပါပဲ။ သူမဟာ နှုတ်ခမ်းကိုကိုက်ပြီး ခပ်ကုပ်ကုပ်နဲ့ လှည့်ထွက်သွားခဲ့တယ်။ အဲသည်လို လှည့်ထွက်သွားတဲ့ သူမရဲ့ဟန်ပန်ဟာ ကျွန်တော့်မျက်လုံးထဲမှာ အတော်ကြာအထိ စွဲထင်လျက် ရှိခဲ့ပါတယ်။

နောက်ပိုင်းမှာတော့ ကျွန်တော်ဟာ စင်ကာပူနိုင်ငံသားတစ်ယောက် အနေနဲ့ အခြားလူမျိုးတစ်ဦးအပေါ် မောက်မာခဲ့မိတဲ့အဖြစ်အတွက် အရှက်ရလာမိတယ်။ တကယ်တော့ သူမဟာ အာဏာပါဝါရှိသူတွေ ပြောသမျှကို စောဒက တက်ခွင့်ရှိသူမှ မဟုတ်ပေပဲ။ တစ်ချိန်တည်းမှာပဲ ကျွန်တော်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ခန့်က ဆုံတွေ့ခဲ့ရတဲ့ မျက်မှောင်ကြုတ်ကာ မျက်နှာ ကလည်း တွန့်လိုက်ရှုံ့လိုက်ဖြစ်နေတဲ့ လူဖြူအမျိုးသမီးရဲ့ မျက်နှာကို သတိရလာပါတယ်။

ယခုတော့ ကျွန်တော်လည်း မိမိကိုယ်မိမိ အဲသည်အမျိုးသမီးနဲ့ တန်းတူ အဆင့်နိမ့်သွားအောင် လုပ်ခဲ့မိပြီပေါ့။

*

## ကျောက်နံရံကို ခေါင်းနှင့် ဆောင့်ခြင်း

'ခင်ဗျားဟာ ကျုပ်တို့ဌာနကို ရောက်လာတဲ့ ပထမဆုံးသော စီမံခန့်ခွဲရေး အရာရှိပဲဗျ သိလား' လို့ ပြောရင်းနဲ့ လက်ထောက် ညွှန်ကြားရေးမှူးက ကျွန်တော့်ရဲ့ လက်ကို လျော့ရဲရဲကိုင်ကာ လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။ သူ့ရဲ့မျက်နှာပေါ်မှာ ဘယ်လို ခံစားချက်မျိုးကိုမှ မတွေ့ရပါဘူး။

'ကျုပ်တို့ဌာနမှာ အဲဒီရာထူးကို မခန့်ဘဲ အလုပ်တွေ လုပ်ခဲ့တာ နှစ်ပေါင်း များစွာ ကြာပြီပေါ့ဗျာ'လို့ ခံစားမှုကင်းမဲ့တဲ့ မျက်နှာပိုင်ရှင် နောက်တစ်ဦးက ဝင်ပြောပါတယ်။ သူဟာလည်း လက်ထောက်ညွှန်မှူးတစ်ယောက်ပါ။

'အင်း . . . ဒါပေမဲ့ ဘဏ္ဍာရေးကိစ္စတွေ၊ စာရင်းစစ်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အရာရှိကြီးတွေနဲ့ ထိတွေ့ရ ဆိုတော့ ခင်ဗျားရဲ့ အတွေ့အကြုံနဲ့ အဆက်အသွယ်တွေက အသုံးကျမှာပါလေ'

လက်ထောက်ညွှန်ကြားရေးမှူး နောက်တစ်ဦးက ဝင်ပြောလိုက်တာပါ။ သည်ပုဂ္ဂိုလ်ရဲ့ မျက်နှာပေါ်မှာတော့ အပြုံးရိပ် တစ်ဝက်တစ်ပျက်ကို တွေ့ရပါတယ်။ သူကတော့ ပထမပုဂ္ဂိုလ်နှစ်ယောက်ထက်စာရင် တင်းမာမှု နည်းနည်း လျော့ပါးတဲ့ လက္ခဏာရှိတာ တွေ့ရတယ်။

သူတို့ဟာ ကျွန်တော်နဲ့ ဆက်ဆံရာမှာ သတိရှိရှိနဲ့ တမင်တကာကို ခပ်တန်းတန်း ဆက်ဆံနေကြတာပါ။ တကယ်တော့ သူတို့နဲ့ မတွေ့မီကတည်းက ကျွန်တော် သတင်းရခဲ့ပြီးပါပြီ။ သူတို့ရဲ့ လက်ထောက်ရာထူးဖြစ်တဲ့ ဒုတိယ ညွှန်ကြားရေးမှူးအဖြစ်နဲ့ သူတို့ဌာနဆီ ကျွန်တော် ရောက်လာတဲ့ အဖြစ်ကို သည်လူတွေ မလိုလားဘူးဆိုတဲ့ သတင်းကိုတော့ ကျွန်တော်ဟာ ကြိုတင် ကြားသိထားခဲ့တယ်။

ကျွန်တော့်ရဲ့ ကိုယ်ရေးအတွင်းရေးမှူးကဆိုရင် 'သူတို့က ဆရာ အခုရတဲ့ ရာထူးကို လူမှုဖူလုံရေးလုပ်ငန်းထဲက သူတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးဦးကို ခန့်စေချင်နေတာ' လို့ တိုးတိုးတိတ်တိတ် ပြောခဲ့တယ်။

သို့ပေမဲ့ ကျွန်တော်ဟာ လုံးဝကို သုံးမရအောင် တုံးနေတဲ့ လူတစ်ယောက် မဟုတ်တဲ့အတွက် နောက်ဆုံးမှာတော့ သူတို့ ကျွန်တော့်ကို လက်ခံလာတဲ့ အခြေအနေရောက်အောင် အလုပ်တွေကို ကြိုးစားပမ်းစား လုပ်ခဲ့ပါတယ်။ လက်ထောက်ညွှန်မှူး သုံးဦးဟာ ကျွန်တော့်ကို သူတို့ရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ဦးအဖြစ် တဖြည်းဖြည်း လက်ခံလာခဲ့တယ်။

အဲသည့်အချိန်တိုင်အောင်လည်း ကျွန်တော်ဟာ တီပီလက်ခံလာအောင် ကြိုးပမ်းဖို့ အတော့်ကို အခက်တွေ့နေရပါတယ်။ တီပီဆိုတဲ့ ပုဂ္ဂိုလ်ကတော့ လူမှုဖူလုံရေးဌာနက အရာရှိတွေထဲမှာ အလုပ်ကြိုးစားဆုံးနဲ့ အတော်ဆုံး အရာရှိတစ်ဦးပါ။ ဒါ့အပြင် သူဟာ အရာရှိတွေထဲမှာ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံရသူ ဖြစ်ပြီး ဌာနအတွင်းမှာ စံထားရသူလည်း ဖြစ်ပါတယ်။

တီပီဟာ ဘဝမှာ မအောင်မမြင် ဖြစ်နေသူတွေ၊ အပယ်ခံတွေနဲ့ ကူညီစောင့်ရှောက်မှု လိုအပ်နေသူတွေရဲ့ မိတ်ဆွေစစ်ပဲ ဖြစ်ပါတယ်။

လူမှုဖူလုံရေးဌာနကို ကျွန်တော် ရောက်ရှိခဲ့ပြီးနောက် အတော်ကြာတဲ့ အထိ တီပီဟာ ကျွန်တော့်အပေါ် ဆက်ဆံရာမှာ အေးစက်စက်ရှိခဲ့တယ်။ သူဟာ ဖွင့်မပြောပေမယ့် ကျွန်တော့်အပေါ် ခင်မင်မှုမရှိဘူး ဆိုတာကို ကျွန်တော် ခံစားမိနေပါတယ်။ ဒါ့အပြင် တစ်ခါတစ်ရံမှာ ကျွန်တော့်အပေါ် အလိုမကျတဲ့ သဘောတွေကိုပင် သူ့ရဲ့မျက်နှာပေါ်မှာ တွေ့ခဲ့ရတယ်။

သည်လိုနဲ့ ဌာနအတွင်း ဆက်ဆံရေးနယ်ပယ်မှာ တီပီနဲ့ ဆက်ဆံရေး ကောင်းလာဖို့ကိစ္စဟာ ကျွန်တော့်အတွက် စိန်ခေါ်မှု တစ်ရပ်လို ဖြစ်လာပါတော့တယ်။

ကျွန်တော်က အပြင်မှာ ကျွန်တော်နဲ့ တစ်ခုခုလိုက်စားဖို့ ဖိတ်ခေါ်လေတိုင်းမှာ တီပီဟာ အကြောင်းတစ်ခုခုပြပြီး ငြင်းလေ့ရှိတယ်။ တကယ်တော့လည်း ကျွန်တော် ဖိတ်ခေါ်တာကို ငြင်းပယ်ရာမှာ အကြောင်းပြခဲ့တဲ့ သူရဲ့ အကြောင်းပြချက်တွေဟာ အမြဲတမ်း မှန်ကန်နေတာချည်းပါပဲ။

တီပီဟာ ရုံးတာဝန်ချိန် မဟုတ်တဲ့ အချိန်တွေမှာလည်း သနားစဖွယ် ဒုက္ခအခက်အခဲ ကြုံနေရသူ တစ်ဦးဦးအတွက် တစ်စုံတစ်ရာ ဆောင်ရွက်ပေးဖို့ အလုပ်တစ်ခုခု ရှိနေတာချည်းပါပဲ။ ဒါ့အပြင် တီပီဟာ တစ်ခါတစ်ရံမှာဆိုရင်လည်း မိမိဖြေရှင်းရမယ့် ပြဿနာတွေကို ဖြေရှင်းနိုင်စွမ်း မရှိတဲ့အတွက်

သနားစရာ အဖြစ်မျိုးကြုံနေရသူ လူမှုဖူလုံရေးဝန်ထမ်းတွေရဲ့ ပြဿနာတွေကို ဝင်ရောက် ဖြေရှင်းပေးနေတတ်ပါတယ်။

တကယ်တော့ ကျွန်တော်ဟာ တီပီရဲ့သနားစရာကောင်းလောက်အောင် ဒုက္ခရောက်နေသူတွေ စာရင်းထဲမှာ မပါဝင်ပါဘူး။ ကျွန်တော်ဟာ တီပီရဲ့ မိတ်ဆွေဘဝကို ရောက်ဖို့မဆိုထားနဲ့ သူနဲ့ သာမန်ရင်းနှီးတဲ့သူ အဆင့်ကို ရောက်ဖို့တောင် မလွယ်တဲ့ အခြေအနေမှာ ရှိနေတာပါ။

တစ်နေ့တော့ ကျွန်တော့်ရဲ့ ရည်မှန်းချက်ပြည့်ဝဖို့ အခြေအနေ ဖန်တီးလာခဲ့ပါတယ်။ ကျွန်တော်ရဲ့ ကားဟာ အခြားကားတစ်စီးကို ဝင်တိုက်မိခဲ့ပြီး ပျက်စီးသွားခဲ့တယ်။ ကျွန်တော်ဟာလည်း ဒဏ်ရာတွေရကာ ဆေးရုံပေါ် ရောက်ခဲ့ရတယ်။

ကားတိုက်မှုကြောင့် ကျွန်တော့် တစ်ကိုယ်လုံးဟာ ပွန်းပဲ့ဒဏ်ရာတွေ ရခဲ့တယ်။ ကျွန်တော်ရဲ့ အရိုးတွေဟာလည်း ကျိုးကြေကုန်ပြီလို့ ခံစားခဲ့ရတယ်။ ဆေးရုံရောက်ချိန်မှာ ကျွန်တော်ဟာ အိပ်ဆေးထိုးထားတဲ့အတွက် သတိမရ တစ်ချက် ရတစ်ချက် ဖြစ်နေခဲ့တယ်။ ကျွန်တော့်ရဲ့ ဦးခေါင်းဟာလည်း ရှုပ်ထွေး နောက်ကျိနေပါတယ်။

ကျွန်တော် အသိပြန်ဝင်လာချိန်မှာတော့ စိုးရိမ်ပူပန်နေတဲ့ ကျွန်တော့် ဇနီးသည်ရဲ့ နံဘေးမှာ အတော်လေးရင်းနှီးတဲ့ မျက်နှာတစ်ခုကို တွေ့လိုက်ရတယ်။ အဲသည်မျက်နှာပိုင်ရှင်ကတော့ တီပီပါပဲ။ တီပီဟာ ကျွန်တော့်ရဲ့ သတင်းကို ကြားလျှင်ကြားချင်း ဆေးရုံကို အပြေးအလွှား ရောက်လာခဲ့တယ်။

နောက်နေ့တွေမှာလည်း သူဟာ နေ့စဉ်ရက်ဆက်ပဲ ကျွန်တော့်ထံ ရောက်လာခဲ့ပါတယ်။

ကျွန်တော် နေသာထိုင်သာ ရှိလာတဲ့ ရက်တွေမှာတော့ တီပီဟာ ကျွန်တော့်ထံ လူနာကြည့်လာရင်းနဲ့ စကားတွေ တရင်းတနှီး ပြောခဲ့တယ်။ တီပီဟာ လူမှုဖူလုံရေး လုပ်ငန်းအကြောင်းတွေ၊ ကျွန်တော်တို့ ဌာနက လူတွေ အကြောင်းတွေ၊ သူ့သဘောကျတဲ့ အကြောင်းအရာတွေနဲ့ သဘောမတွေ့တဲ့ အချက်တွေ အကြောင်း၊ သူ့ရဲ့မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေနဲ့ သူ့ရဲ့ ဒဿနတွေကို ကျွန်တော့်အနားမှာ ထိုင်ရင်း ဖွင့်အန်ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် သူဟာ ကျွန်တော် ဆေးရုံပေါ်မှာ တက်ရောက်နေချိန်မှာရော အိမ်ပြန်ရောက်ပြီး အနားယူနေစဉ်မှာပါ ကျွန်တော့်အတွက် လိုအပ်မယ် ထင်တဲ့ ပစ္စည်းမှန်သမျှကို ယူလာပြီး ပေးခဲ့ပါတယ်။ ထိုအချိန်ကစပြီး ယနေ့

တိုင်အောင် တီပီနဲ့ ကျွန်တော်တို့ဟာ အမာခံ မိတ်ကောင်းဆွေကောင်းတွေ ဖြစ်လာခဲ့တယ်။

နောင်ကာလမှာတော့ ကျွန်တော့်ရဲ့ဇနီးက 'သူမနဲ့ တီပီတို့ ဆေးရုံမှာ ကျွန်တော့်ကို ပထမဆုံးအကြိမ် တွေ့မြင်ခဲ့ရစဉ်က ကျွန်တော်ရဲ့ အခြေအနေဟာ သိပ်ကို ကြောက်စရာကောင်းတယ်' လို့ ပြောခဲ့ပါတယ်။ 'ထိုစဉ်က ကျွန်တော့် တစ်ကိုယ်လုံးကို ပတ်တီးတွေစည်းထားပြီး ကျွန်တော့်ရဲ့ လက်မောင်းတွေ ပါးစပ်တွေနဲ့ ဆက်ထားတဲ့ သွေးသွင်းပိုက်တွေ၊ ဒရစ်ပ် (drip) သွင်းတဲ့ ပိုက်တွေ၊ ကိရိယာတန်ဆာပလာတွေဟာလည်း ကျွန်တော့်ရဲ့ အထက်မှာ ချိတ်ဆွဲထားတာ တွေ့ရတယ်' လို့ ကျွန်တော့်ဇနီးက ပြောခဲ့တယ်။

ထိုစဉ်က ကျွန်တော့်ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းဟာ သနားစရာကောင်းလှတဲ့ ဒုက္ခိတတစ်ဦးရဲ့ သွင်ပြင်လက္ခဏာတွေ ဖုံးလွှမ်းနေမှာပါ။

သို့ပေမဲ့ ကျွန်တော် တကယ်ရရှိခဲ့တဲ့ ဒဏ်ရာတွေက ဒါလောက် မဆိုးလှပါဘူး။ ကျွန်တော်ဟာ ခန္ဓာကိုယ်တစ်ခုလုံးမှာ ကိုးနေရာလောက်သာ အရိုးအနည်းငယ်စီ အက်ခဲ့တာပါ။

သည် ဒဏ်ရာတွေဟာ ကျောက်သားနံရံကြီးတစ်ခုကို ဝင်ဆောင့်တာလောက် မပြင်းထန်ပါဘူး။

သို့ပေမဲ့ တစ်နည်းအားဖြင့်တော့ ကျွန်တော်ဟာ ကျောက်သား နံရံကြီးတစ်ခုကို ဝင်ဆောင့်ခဲ့တာပါပဲ။

တကယ်တော့ ကျွန်တော်ဟာ တီပီရဲ့ ကျွန်တော့်အပေါ် မယုံမကြည်နဲ့ ခပ်စိမ်းစိမ်းဆက်ဆံခဲ့တဲ့ ကျောက်သားနံရံကြီးကို အောင်မြင်စွာ ဖြိုခွဲနိုင်ခဲ့ပြီ မဟုတ်ပါလား။

*

# ချမ်းသာခြင်းရဲ့ အဓိပ္ပာယ်

၁၉၈၀ ပြည့်နှစ်တွေအတွင်းတုန်းက ဖြစ်ရပ်တစ်ခုပါ။ ထိုစဉ်က စိန့်ဂျိုးဇက်ကျောင်း (SJI) ရဲ့ အကြီးအကဲဖြစ်တဲ့ ဘရာသာ ကီဗင်နဲ့ ကျွန်တော်ဟာ မယ်လ်ကွမ်လမ်းမှာ ကျောင်းသစ်တစ်ခု တည်ထောင်ဖို့အတွက် ရန်ပုံငွေ ရှာဖွေခဲ့ကြတယ်။ ကျွန်တော်တို့ဟာ အလှူရှင်တွေအနေနဲ့ သူတို့ရဲ့ ဘဝ တစ်သက်တာမှာ အကြီးမားဆုံး အလှူဒါနအဖြစ် တစ်ဦးလျှင် အနည်းဆုံး (စင်ကာပူ) ဒေါ်လာ ၁၀၀၀ စီ လှူဒါန်းကြဖို့ နှိုးဆော်ခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ မိမိတို့လုပ်ငန်းမှာ လိုအပ်တဲ့ ဒေါ်လာသုံးသန်းရဖို့အတွက် အလှူရှင် ၃၀၀၀ ထံမှ အလှူခံရဖို့ ရည်ရွယ်ခဲ့တာပါ။ တစ်နေ့မှာ ဘရာသာ ကီဗင်နဲ့ ကျွန်တော်ဟာ မိမိတို့ အလှူခံစာ ပို့ထားသူတွေထံ နှိုးဆော်စာတွေ ထပ်ပို့ဖို့ ပြင်ဆင်နေစဉ်မှာပဲ ကျွန်တော်တို့ထံကို စာတစ်စောင် ရောက်လာပါတယ်။

စာအိတ်ပေါ်က လိပ်စာကို မြင်လိုက်တာနဲ့ပဲ သည်စာဟာ ကျွန်တော်တို့နိုင်ငံရှိ လူချမ်းသာတွေ နေထိုင်တဲ့ ရပ်ကွက်တစ်ခုမှာ နေထိုင်လျက်ရှိပြီး စီးပွားရေးမှာ အတော်အောင်မြင်နေတဲ့ လုပ်ငန်းရှင် လူငယ်တစ်ဦးထံမှ စာဖြစ်တာကို သိလိုက်ရတယ်။ ကျွန်တော်တို့နှစ်ဦးဟာ ယင်းပုဂ္ဂိုလ်ထံ အလှူခံစာ ပို့ကတည်းက သူ့အနေနဲ့ အနည်းဆုံး ဒေါ်လာ ၁၀,၀၀၀ လောက် လှူလိမ့်မယ်လို့ မျှော်လင့်ထားခဲ့ကြတယ်။

ကျွန်တော်ဟာ ကျွန်တော်တို့ ပထမဆုံးလက်ခံရရှိတဲ့ အလုံးအရင်းနဲ့ လှူလိုက်တဲ့ အလှူငွေအတွက် ဘရာသာ ကီဗင်တစ်ယောက် ပီတိသောမနဿ

မြန်မာ စာအုပ်များ



ဖြစ်စေဖို့ သူ့ကိုပဲ စာအိတ်ဖွင့်ဖောက်စေပါတယ်။ ဘရာသာ ကီဗင်ဟာ စာကို အပြန်ပြန်ဖတ်ရင်း နှုတ်ဆိတ်လို့နေပါတယ်။

ထိုပုဂ္ဂိုလ်ဟာ ကျွန်တော်တို့ကို တစ်ပြားတစ်ချပ်မှ မလှူပါဘူး။ ထိုသူက 'မိမိဟာ ဒိစတြိတ်ရပ်ကွက် ၁၀ အတွင်းရှိ ဒေါ်လာ ၇၅၀,၀၀၀ တန် ကွန်ဒို မီနီယံ အဆောက်အအုံတစ်ခုမှာ ရင်းနှီးမြှုပ်နှံထားတဲ့အတွက် သူ့မှာ ငွေကြေး ကျပ်တည်းနေပါတယ်' လို့ သူ့စာထဲမှာ ရေးခဲ့ပါတယ်။

ဆက်လက်ပြီး ထိုသူက 'ကျွန်တော် ပစ္စည်းအပေါင်ထားပြီး ချေးယူထားတဲ့ငွေတွေကို အရစ်ကျ ပြန်ဆပ်တဲ့ကိစ္စ မပြီးသေးမီ နောက် ၁၅ နှစ်ကာလ အတွင်း အလှူငွေထည့်တဲ့ အလုပ်တွေ လုပ်နိုင်ဦးမှာ မဟုတ်သေးဘူး' လို့ ရေးခဲ့တယ်။ သည့်နောက် သူ့ရဲ့ စာအဆုံးမှာတော့ 'ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားတို့ကို ဘုရားသခင် ကြည့်ရှု စောင့်ရှောက်တော်မူပါစေလို့ ကျွန်တော် ဆုမွန်ခြွေပါတယ်' လို့ ရေးခဲ့ပါတယ်။

'ကျွန်တော်တို့ သူ့ဆီက အလှူငွေတွေ သောင်းဂဏန်း ရလိမ့်မယ်လို့ မျှော်လင့်ခဲ့တာ သွားပြီပေါ့နော်' ကျွန်တော်က မိမိရဲ့ စိတ်ပျက်မှုကို မဖုံးနိုင် မဖိနိုင်ဘဲ အန်ထုတ်လိုက်မိတယ်။ သည့်နောက် စားပွဲပေါ်မှာ တင်ထားတဲ့ ကျွန်တော်တို့ရဲ့ အလှူခံပန်ကြားလွှာဆီကို ရုတ်တရက် မျက်စိရောက်သွားမိ ပါတယ်။

ကျွန်တော်တို့ ပန်ကြားလွှာစာရွက်ရဲ့ ထိပ်မှာ ရေးထားတဲ့ 'ကျွန်ုပ်တို့၏ ကျောင်းသည် မိမိ၏တန်ဖိုးအား အမြဲတစေ ထိန်းသိမ်းထားခြင်းအပေါ် အစဉ် ထာဝရ ဂုဏ်ယူပြီး အခြားသူများ၏အရေးကို ထာဝစဉ်အလေးဂရုပြုပါသည်' ဆိုတဲ့ စာတန်းအပေါ် ကျွန်တော့်မျက်စိက ရောက်သွားပါတယ်။

သည်အချိန်မှာ ဘရာသာ ကီဗင်က 'အနည်းဆုံးတော့ သူ့အနေနဲ့ ကျုပ်တို့ကို စာပြန်ရေးပြီး ဆုတောင်းပေးဖော်တော့ ရသေးတာပဲဗျာ၊ ဘယ်လိုပဲ ဖြစ်ဖြစ် တစ်နည်းနည်းနဲ့ ကျုပ်တို့ ဆက်ကြိုးစားရမှာပေါ့' လို့ ပြောဆိုပါတယ်။

နောက် စာတစ်စောင်ကို ကျွန်တော်တို့ ချက်ချင်းဖောက်လိုက်ပါတယ်။ ယင်းစာအိတ်ထဲမှာ ဒေါ်လာတစ်ထောင်တန် ချက်လက်မှတ်တစ်စောင် တွေ့ရ တယ်။ 'ဟော တစ်ထောင်တန် ချက်လက်မှတ်ဗျို့၊ ကျွန်တော်တို့အတွက် ပထမဆုံး အလှူငွေပဲ' လို့ ကျွန်တော့်နှုတ်က ပြောလိုက်မိတယ်။

ကျွန်တော့်စကားကြောင့် ဘရာသာ ကီဗင်ဟာ အတော်ဝမ်းသာသွား ပါတယ်။ သို့ပေမဲ့ ကျွန်တော့် စိတ်ထဲမှာတော့ မတင်မကျနဲ့ ဒွိဟတွေ ပွားနေ မိတယ်။

သည်အလှူငွေဟာ ကျွန်တော်နဲ့ ကောင်းကောင်း သိကျွမ်းတဲ့ ဂျိုးဂုမ်းစ်ထံက လာတာပါ။ တကယ်တော့ ကျွန်တော်ဟာ အလှူခံလွှာပို့ရမယ့် လူတွေစာရင်းထဲမှာ ဂျိုးဂုမ်းစ်ရဲ့ အမည်ကို မထည့်ခဲ့ပါဘူး။ ကျွန်တော်တို့ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးက သူ့နာမည်ကို အလှူခံလွှာပို့ရမယ့် ပုဂ္ဂိုလ်တွေ စာရင်းထဲမှားယွင်းထည့်ခဲ့တာ ဖြစ်နိုင်ပါတယ်။

ဂျိုးဟာ ကျွန်တော်တို့ကျောင်းနဲ့ ပတ်သက်တဲ့ ကိစ္စအဝဝကို ပါဝင်ကူညီခဲ့သူပါ။ သို့ပေမဲ့ ယခင်က ကျွန်တော်ဟာ သူ့ကို ကျွန်တော်တို့ ကျောင်းရန်ပုံငွေအတွက် ပြုလုပ်ခဲ့တဲ့ ကံစမ်းမဲအစီအစဉ်တွေ၊ ရန်ပုံငွေ ပျော်ပွဲ ရှင်ပွဲအစီအစဉ်နဲ့ အလှူငွေ ကပွဲပြပွဲတွေ ကျင်းပတဲ့အခါမှာသာ ဖိတ်ရမယ့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရှုမြင်ထားခဲ့တာပါ။ ယခုလို တိုက်ရိုက် အလှူခံတဲ့ကိစ္စတွေမှာတော့ သူ့ကို အလှူခံဖို့ ရည်ရွယ်မထားခဲ့ဘူး။

တကယ်တော့ ဂျိုးဟာ စီးပွားရေးမှာ အဆင်ပြေသူတစ်ဦး မဟုတ်သလို ပညာရေးမှာလည်း အောင်မြင်တဲ့ စိန့်ဂျိုးဇက် ကျောင်းသားဟောင်းတစ်ဦး မဟုတ်ပါဘူး။ ယခု အလှူငွေကို ပေးလှူတဲ့ အချိန်မှာဆိုရင် သူဟာ ဂွတ်ရှက်ပတ် (Good Shepherd) ဘုရားကျောင်းရဲ့ အစောင့်အလုပ်ကို လုပ်ကိုင်နေရပြီး ဘုရားကျောင်းက ပေးထားတဲ့ ကျောင်းနောက်ဘက်က အစောင့်အိမ်ကလေးမှာ နေနေရတာပါ။

ပြီးတော့ သူ့မှာ ဝင်ငွေဆိုလို့ ဘုရားကျောင်းကထောက်ပံ့တဲ့ ငွေကြေး အသင့်အတင့်သာ ရှိပါတယ်။ တကယ်တော့ သူဟာ စကားပုံတွေထဲမှာ ဖော်ပြတဲ့ ဘုရားကျောင်းက ကြွက်လောက်ကို ဆင်းရဲသူပါ။

ကျွန်တော်က ကျွန်တော့်စိတ်ထဲ ဖြစ်ပေါ်နေတဲ့ စိုးရိမ်မှုကို ဘရာသာကီဗင်ကို ပြောပြလိုက်တယ်။

'ဘရာသာရေ၊ လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းကပဲ ဂျိုးတစ်ယောက် ကြွေးတွေ လည်ပင်းခိုက်နေလို့ ကျွန်တော်တို့ သူရဲ့ အကြွေးတွေ ဆပ်ဖို့ နီးစပ်ရာတွေဆီ လှည့်ပြီး အလှူခံပေးကြရသေးတယ် မဟုတ်လား၊ ကျွန်တော်တို့ သူ့ငွေကို ပြန်ပေးလိုက်ကြပါစို့ရဲ့ဗျာ'

ဘရာသာ ကီဗင်ကလည်း ကျွန်တော့်အဆိုကို သဘောတူခဲ့ပါတယ်။

တနင်္ဂနွေနေ့ဖြစ်တဲ့ နောက်နေ့မှာတော့ ကျွန်တော်ဟာ ဘုရားကျောင်းရဲ့ ဝတ်ပြုဆုတောင်းပွဲအပြီးမှာ ဂျိုးကို လက်တို့ပြီး တစ်နေရာကို ခေါ်သွားခဲ့တယ်။ 'ဒီမယ် ဂျိုး ခင်ဗျား ရက်ရက်ရောရော လှူဒါန်းတာကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့. . . . .'

'ဘာလဲဗျ ကူညီရမှာပေါ့၊ ခင်ဗျားတို့အနေနဲ့ ကောင်းတဲ့ အလုပ်လုပ်နေတာပဲ၊ ခင်ဗျားတို့က ကျုပ်တို့ကျောင်းအတွက် ကျောင်းသစ်ဆောက်ပြီး ကျောင်းသားအများအပြားရဲ့ အနာဂတ်ကောင်းစားရေးကို လုပ်နေတာပဲ'

'ဒီတော့ ကျုပ်က ဘယ့်နဲ့လုပ်ပြီး ဘေးက ရပ်ကြည့်နေနိုင်မှာလဲ၊ ကျုပ်တတ်နိုင်သလောက်တော့ ကူညီရမှာပေါ့ဗျာ'

ကျွန်တော်ဟာ လည်ချောင်းရှင်းလိုက်ပြီး အသံခပ်နိမ့်နိမ့်နဲ့ 'စိတ်မဆိုးနဲ့နော် ဂျိုး၊ ခင်ဗျားကို ကျုပ်ပြောစရာရှိတယ်၊ ဒေါ်လာတစ်ထောင်ဆိုတာ နည်းတဲ့ငွေ မဟုတ်ဘူးနော်၊ ဒီငွေကို ခင်ဗျား တကယ်မှ လှူနိုင်ရဲ့လားဗျာ' လို့ ပြောလိုက်မိပါတယ်။

ကျွန်တော့် စကား အဆုံးမှာတော့ ဂျိုးဟာ ချက်ချင်း ပြန်မပြောသေးဘဲ ကျွန်တော့်ရဲ့မျက်နှာကို စူးစမ်းတဲ့မျက်လုံးတွေနဲ့ စိုက်ကြည့်ပါတယ်။ သူ့ရဲ့ အကြည့်ကြောင့် ကျွန်တော်ဟာ ထိတ်ခနဲ ဖြစ်သွားခဲ့ရတယ်။ ကျွန်တော့်ရဲ့ စကားက သူ့ကို စော်ကားသလိုများ ဖြစ်နေသလား၊ ကျွန်တော် သူ့ကို အထက်စီးလေသံနဲ့ ပြောလိုက်မိလေသလား၊ ဒါမှမဟုတ် ကျွန်တော်က သူ့ကို အထင်သေးနေတယ်လို့များ ဂျိုးတစ်ယောက် ထင်လေမလား စတဲ့ အတွေးတွေဟာ ကျွန်တော့် ဦးနှောက်ထဲမှာ ရုတ်တရက် ပြေးလွှားနေပါတယ်။

ကျွန်တော် သူ့ကို စိုးရိမ်တဲ့မျက်နှာနဲ့ ရိုးသားစွာ ပြန်ကြည့်လိုက်မိတယ်။ ဂျိုးဟာ ကျွန်တော့်ကို မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကြည့်ရင်းနဲ့ ကျွန်တော် ဘယ်တော့မှမမေ့နိုင်တဲ့ စကားကို ပြောခဲ့ပါတယ်။

'စိတ်မပူပါနဲ့ မစ္စတာဂို၊ ကျွန်တော့်မှာ ချွတ်ခြုံကျတဲ့အထိ မဖြစ်သေးပါဘူး၊ ပီအိုအက်စ်ဘီ (POSB) ဘဏ်က စုငွေစာရင်းမှာ ကျွန်တော်ပိုင်တဲ့ ငွေရာပေါင်း အနည်းငယ်တော့ ကျန်ပါသေးတယ်'

ဂျိုးရဲ့ ပြောစကားဟာ နောင်ကာလ အတော်ကြာအထိ ကျွန်တော်တို့ လူစုထဲမှာ ပြောစမှတ် ပြုခဲ့ကြရပါတယ်။ ဒါ့အပြင် စိန့်ဂျိုးဇက် ကျောင်းသစ်ဆောက်လုပ်ရေးအတွက် ရန်ပုံငွေ ရှာဖွေနေကြတဲ့ ကျွန်တော်တို့ တစ်တွေဟာ 'ဂျိုးလိုလူတွေ အများအပြား ငါတို့ဘက်မှာ ရှိနေပါလား' ဆိုတဲ့ အသိစိတ်ကြောင့် အားတက်ကြရတယ်။

ကျွန်တော်ဟာ ဂျိုးရဲ့ ပြောစကားကို ဘရာသာ ကီဗင်ကို ပြန်ပြောပြခဲ့ပါတယ်။ ဂျိုးပြောခဲ့တဲ့စကားကို ကြားရချိန်မှာ ဘရာသာကီဗင်ရဲ့ မျက်နှာဟာ ဝင်းလက်တောက်ပသွားခဲ့တယ်။ ပြီးတော့ ဘရာသာကြီးက ဂျိုးနဲ့ ဆက်နွယ်ပြီး အောက်ပါအတိုင်း ကောက်ချက်ချ ပြောဆိုခဲ့ပါတယ်။

မြန်မာ စာအုပ်များ



'တကယ်တော့ ချမ်းသာတယ်ဆိုတာဟာ လက်ထဲမှာ ငွေကြေးတွေ ပိုင်ဆိုင်တာကို ပြောတာမဟုတ်ဘူးနော်၊ လက်ထဲမှာ ငွေရှိတာ မရှိတာ အပထား၊ တချို့သူတွေဟာ ငွေတွေ လက်ထဲမှာရှိနေပေမယ့် အမြဲဆင်းရဲနေမှာပဲ၊ တချို့ကတော့ လက်ထဲမှာ ငွေမရှိပေမယ့် အမြဲချမ်းသာနေမှာပဲ' လို့ ဘရာသာကီဗင်က ပြောခဲ့ပါတယ်။

*

## အိမ်နီးချင်းကောင်းဆိုတာ

ဂျော့နိုင်ဒူးဟာ ရပ်ကွက်နေ လူထုအနက် အိမ်နီးချင်းကောင်း ပီသမှုမှာ စံပြု ထိုက်သူတစ်ဦးပါ။ ဒါကြောင့်ပဲ သည်ရပ်ကွက်အတွင်း အိမ်နီးချင်းကောင်း စည်းရုံးလှုပ်ရှားမှုတစ်ရပ် ဆင်နွှဲဖို့ရှိလာချိန်မှာတော့ မဲဆန္ဒနယ်လွှတ်တော် ကိုယ်စားလှယ်က ဂျော့နိုင်ဒူးကို အလုပ်အဖွဲ့ခေါင်းဆောင်အဖြစ် ရွေးချယ် ခဲ့တာပါ။

ဂျော့နိုင်ဒူးကလည်း သူ့ကိုပေးအပ်ခဲ့တဲ့ တာဝန်ကို ကိုယ်ဖိရင်ဖိ ထမ်းရွက် ခဲ့တယ်။ သူဟာ ရပ်ကွက်အတွင်း လှည့်လည်ပြီး ငွေကြေးအလှူငွေ သို့မဟုတ် ပစ္စည်းလှူဒါန်းမှုတွေကို ကောက်ခံခဲ့တယ်။ ရပ်ကွက်အတွင်းမှာ ဆောင်ရွက် မယ့် ဂျော့နိုင်ဒူးတို့ရဲ့ လုပ်ငန်းစဉ်ကတော့ လာမယ့် ခရစ်စမတ်ပွဲတော်အကြို ကာလမှာ ရပ်ကွက်အတွင်း နေထိုင်ကြတဲ့ သက်ကြီးရွယ်အိုတွေနဲ့ မကျန်းမာ သူတွေ၊ မသန်မစွမ်းဖြစ်နေသူတွေရဲ့ နေအိမ်ခန်းတွေဆီ သွားရောက်ပြီး အိမ်သုံးပစ္စည်းတွေကို ပြင်ဆင်ပေးခြင်း၊ အိမ်ခန်းတွေ ဆေးသုတ်ပေးခြင်းနဲ့ အိမ်တွင်း သန့်ရှင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ပါပဲ။

သည်နေရာမှာ ဂျော့နိုင်ဒူး ရင်ဆိုင်ရတဲ့ တကယ့်အခက်အခဲကတော့ လုပ်အားပေးအဖွဲ့ဝင်တွေရအောင် ဆောင်ရွက်ရတဲ့ ကိစ္စပါပဲ။ သူ့ရဲ့အဖွဲ့ဝင် ဖြစ်လာသူတွေထဲမှာ အများစုက လူငယ်တွေပါ။ သို့ပေမဲ့ လူငယ်တိုင်းဟာ ကူညီလိုစိတ် ရှိသူတွေတော့ မဟုတ်ကြပါဘူး။

အသားညိုညိုနဲ့ လူငယ်တစ်ဦးကဆိုရင် 'ကျွန်တော် ခင်ဗျားတို့ အလုပ်ကို လေးစားပါတယ်ဗျာ၊ ဘုရားသခင်က ခင်ဗျားတို့ကို စောင်မကြည့်ရှုမှာ သေချာ

မြန်မာ စာအုပ်များ



ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားတို့ကို မကူညီနိုင်တာ စိတ်မရှိနဲ့နော်၊ ကျွန်တော့်အနေနဲ့ အလုပ်အားတဲ့ရက်တွေမှာ နားချင်တယ်ဗျာ၊ ပြန်ပြီး အားဖြည့်တဲ့ သဘောပေါ့' လို့ ဆိုပါတယ်။

'ဒါဖြင့် တနင်္ဂနွေနေ့တွေမှာကောဗျာ၊ အဲဒီနေ့တွေမှာ ခင်ဗျား ပိုလွတ်လပ်မှာပေါ့'

'ဝမ်းနည်းပါတယ် မိတ်ဆွေ၊ ကျုပ်က ဘာသာတရားကို လေးစားတဲ့သူဗျ၊ တနင်္ဂနွေဆိုရင် မနက်ပိုင်းမှာ ဘုရားဝတ်ပြုတယ်၊ မွန်းလွဲပိုင်းမှာ သမ္မာကျမ်းစာကို လေ့လာတယ်၊ တစ်ခါ ညဘက်ကျတော့ ဝတ်ပြုဆုတောင်းပွဲတွေမှာ ပါရပြန်တယ်ဗျာ'

သည့်နောက်မှာတော့ ထိုလူငယ်က ဂျော့နိုင်ဒူးကို ရွှရွှပြေးတဲ့အခါမှာ သူစီးတဲ့ ဖိနပ်စုတ်တစ်ရန်ကို ပေးပါတယ်။ 'ခန္ဓာကိုယ်ဟာ သန်မာပေမယ့် စိတ်ဝိညာဉ်က အားနည်းတယ်ဗျာ' လို့လည်း ပြောပါသေးတယ်။

ဂျော့နိုင်ဒူးက ထိုလူငယ်ကို စိုက်ကြည့်ရင်း 'လုံးဝကို မှန်တာပေါ့ဗျာ' လို့ ပြန်ပြောလိုက်ပါတယ်။

နောက် အိမ်နီးချင်းတစ်ဦးကတော့ သူ့ထက် ပိုဆိုးပြီး စာနာမှုလည်း လုံးဝကင်းမဲ့သူပါ။ သူဟာ အောင်မြင်နေတဲ့ စီးပွားရေးသမားတစ်ဦးလည်း ဖြစ်တယ်။ ထိုသူက 'ဟေ့လူ၊ ဒါဟာ လည်သူစားစတမ်း လောကကြီးဗျ၊ ခရစ်စမတ်ကာလ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အဲဒီလူမျိုးတွေအတွက် ကျုပ်တို့ အကောင်းဆုံး လုပ်ပေးနိုင်တာကတော့ သူတို့အတွက် ကူညီလုပ်ဆောင်မှုတွေ မလုပ်ဖို့ဘဲ၊ သူတို့ကို မိမိကိုယ်မိမိ ကူညီနိုင်အောင် လုပ်ကြဖို့သာ ပြောပြလိုက်ပါ၊ ပထမဆုံးရမယ့် သင်ခန်းစာကတော့ 'ကိုယ့်ကိုယ်ကိုယ် မကူညီနိုင်ရင် ခံရဖို့သာ ပြင်ပေတော့ ဆိုတာပဲဗျို့' လို့ အော်ကြီးဟစ်ကျယ်နဲ့ ပြောခဲ့ပါတယ်။

သူ့လို ရေပေါ်ဆီ နောက်တစ်ဦးကလည်း 'ကျုပ်က သိပ်ကို အလုပ်များတဲ့လူဗျ၊ ကျုပ်ရဲ့အခန်းကို သန့်ရှင်းရေးလုပ်ဖို့ အချိန်မရပါဘူး၊ ဒါကြောင့် ခင်ဗျားတို့အနေနဲ့ ကျုပ်ကိုလည်း သူတစ်ပါး အကူအညီကို လုံးဝလိုအပ်နေသူတွေ စာရင်းထဲမှာ ထည့်နိုင်ပါတယ်။ ဘယ့်နှယ်လဲ၊ ခင်ဗျားတို့ ကျုပ်အခန်းကို ဆေးလာသုတ်ပေးကြပါလားဗျာ၊ ကျုပ် အလှူငွေထည့်ပါ့မယ်' လို့ အားမနာလျှာမကျိုး ပြောခဲ့ပါတယ်။ ဒါ့အပြင် ဂျော့နိုင်ဒူးတို့ တွေ့ဆုံခဲ့တဲ့ လူတွေထဲမှာ အလုပ်သိပ်မများပါပဲနဲ့ သူတစ်ပါးကို ကူညီရေးကိစ္စအတွက် အချိန်မပေး

မြန်မာ စာအုပ်များ



နိုင်တဲ့သူ အများအပြား ပါဝင်ပါတယ်။ အာလောင်ဆိုတဲ့ ပုဂ္ဂိုလ်ဆိုရင် အလုပ်ရှိတစ်လှည့် မရှိတစ်လှည့် ဖြစ်နေသူပါ။

သို့ပေမဲ့ ဂျော့နိုင်ဒူးတို့လူစုဟာ ထိုသူကို လုပ်အားပေးကိစ္စအတွက် ဘယ်လိုမှ စည်းရုံးလို့မရပါဘူး။ အာလောင်က 'ကျုပ် အလုပ် လုပ်ရတဲ့အချိန်မှာ ဘယ်လောက် ပင်ပင်ပန်းပန်း လုပ်ရတယ်ဆိုတာ ခင်ဗျားတို့ မသိဘူးနော်၊ ဒါကြောင့် ကျုပ်အနေနဲ့ အားလပ်တဲ့အချိန်တွေမှာ အေးအေးလူလူနေချင်တယ်ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်က ခရစ်ယာန်တစ်ယောက်လည်း မဟုတ်ဘူးလေ' လို့ ပြောပါတယ်။

သည့်နောက် နိုင်ဒူးဟာ ရပ်ကွက်ထဲကို အသစ်ပြောင်းလာတဲ့ အိုမာဆိုသူရဲ့ အခန်းကို သွားခဲ့တယ်။ သူဟာ အခန်းဝမှာ တပ်ဆင်ထားတဲ့ အချက်ပေး ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်ပါတယ်။ အခန်းထဲက တုံ့ပြန်သံ မကြားရပါဘူး။ သည့်နောက် သူဟာ ခလုတ်ကို သည့်ထက် ခပ်ကြာကြာ နှိပ်လိုက်တယ်။

သည်တစ်ကြိမ်မှာတော့ 'ခဏလေးစောင့်ပါ' လို့ ပြောလိုက်တဲ့ အလွန်အားပျော့တဲ့ အသံတစ်သံ အခန်းထဲက ပေါ်ထွက်လာပါတယ်။ သည့်နောက် အခန်းတစ်ခါးပွင့်လာပြီး အသက် ၆၅ နှစ်ခန့် ရှိပြီဖြစ်တဲ့ လူတစ်ယောက် ထွက်လာပါတယ်။ ထိုသူဟာ သူထိုင်နေတဲ့ ဘီးတပ်ကုလားထိုင်ကို လက်နှစ်ဖက်က တွန်းရင်း တံခါးဆီကို ထွက်လာတာပါ။ ထိုသူက နိုင်ဒူးကို ပြုံးကြည့်ရင်း 'စောင့်ရတာ အားနာစရာဖြစ်နေပြီ၊ ကျွန်တော် မေ့ခနဲ အိပ်ပျော် သွားလို့ပါ ခင်ဗျာ' လို့ တောင်းပန်စကား ပြောပါတယ်။

သူတို့နှစ်ဦး တစ်ယောက်ကို တစ်ယောက် မိတ်ဆက်ခဲ့ကြတယ်။ အိုမာက မိမိဟာ မိမိရဲ့ တူပိုင်တဲ့ ယခု အခန်းကျဉ်းကလေးကို ပြောင်းလာတာ မကြာသေးဘူးလို့ ရှင်းပြတယ်။ အိုမာက သည်အခန်းကျဉ်းကလေးထဲမှာ သူတစ်ဦးတည်း လွတ်လွတ်လပ်လပ် နေထိုင်နေတာ ဖြစ်တယ်လို့ ပြောပြပါတယ်။

စကားပြောနေစဉ်မှာ ဂျော့နိုင်ဒူးဟာ အခန်းကို အကဲခတ်လိုက်ပါတယ်။ အိုမာရဲ့ အခန်းဟာ ဆေးရောင်တွေ မှိန်ပြီး နည်းနည်း ညစ်ထေးနေပါတယ်၊ 'ဒီအဖိုးကြီးရဲ့ အခန်းကို ဆပ်ပြာနဲ့ တိုက်ဆေးပေးပြီး အိမ်သုတ်ဆေး တစ်ထပ်လောက် သုတ်လိုက်ရင်တော့ အရောင်ထွက်သွားမှာပဲ' လို့ နိုင်ဒူး တစ်ယောက် တွေးလိုက်မိတယ်။

နိုင်ဒူးက 'နှစ်စဉ် ခရစ်စမတ်အားလပ်ရက်တွေ အတွင်းမှာ ကျွန်တော်တို့ မဲဆန္ဒနယ် လွှတ်တော်အမတ်ရဲ့ စီစဉ်မှုအရ အိမ်နီးချင်းကောင်း လှုပ်ရှားမှု

မြန်မာ စာအုပ်များ



တစ်ရပ်ကို ဆောင်ရွက်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ရပ်ကွက်အတွင်းမှာ နေထိုင်ကြသူတွေထဲက ခရစ်ယာန်ဘာသာဝင် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ မတတ်နိုင်သူတွေ သို့မဟုတ် ကိုယ်လက်အင်္ဂါနဲ့ ကျန်းမာရေး ချို့တဲ့သူတွေကို အိမ်မှုကိစ္စတွေ ကူညီလုပ်ကိုင်ပေးကြပါတယ်။

. . . ဒီလုပ်ငန်းအတွက် အချို့က ငွေကြေးလှူဒါန်းကြပြီး အချို့ကတော့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်အားပေးကြပါတယ်၊ သို့ပေမဲ့ ဒါဟာ အလှူခံတဲ့ လုပ်ငန်းမဟုတ်ဘူးနော်၊ အကူအညီပေးသူကို ကူညီတဲ့သဘောပါပဲ၊ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကတော့ တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်တဲ့ အိမ်နီးချင်းကောင်းတွေ စုဝေးရာ ပတ်ဝန်းကျင်တစ်ခု ဖြစ်လာရေးပါပဲ'

ဂျော့နိုင်ဒူးက မိမိတို့ရဲ့ အိမ်နီးချင်းကောင်း လှုပ်ရှားမှုအကြောင်းကို ရှည်ရှည်ဝေးဝေး ရှင်းပြခဲ့တယ်။ အဲသည်လို ရှင်းပြနေစဉ်မှာလည်း နိုင်ဒူးဟာ ခရစ်ယာန်တစ်ယောက် မဟုတ်တဲ့ အိုမာရဲ့မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်နေခဲ့ပါတယ်။

'ဟုတ်ကဲ့ဗျာ၊ ခင်ဗျားတို့ရဲ့ လုပ်ငန်းစဉ်အကြောင်းကို ကျွန်တော့် တူကလည်း ပြောပြထားပါတယ်၊ သူတစ်ပါးကို ကူညီတယ်ဆိုတာ ကြင်နာတဲ့ လုပ်ရပ်ပဲ၊ အထူးသဖြင့် လူတွေအတွက် အိမ်မှုအလုပ်တွေကို လုပ်တယ်ဆိုတာ ကောင်းတဲ့ အလုပ်ပဲပေါ့ဗျာ' လို့ အိုမာက ဝမ်းသာအားရ ပြောလာပါတယ်။

'ကဲ ဒီတော့ ကျွန်တော်တို့ရဲ့ မှတ်ပုံတင်စာအုပ်ထဲမှာ စာရင်းသွင်းလိုက်မယ်နော်၊ ဝန်မလေးဘူးဆိုရင်တော့ နာမည်၊ မိသားစု အချက်အလက်တွေနဲ့ အခြားအချက်တွေကို ပြောပြစေချင်ပါတယ်'

ဂျော့နိုင်ဒူးဟာ အိုမာက လိုလိုလားလား ဖြေဆိုခဲ့တဲ့ အချက်အလက်တွေကို သူ့ရဲ့ မှတ်ပုံတင်စာအုပ်ကြီးထဲမှာ ရေးဖြည့်ခဲ့ပါတယ်။

'ကျွန်တော်တို့ရဲ့ စေတနာ့ဝန်ထမ်း လုပ်အားပေးတွေက အိမ်ကြမ်းပြင်တွေကို ဆေးပေးပါ့မယ်၊ ပြီးတော့ နံရံတွေ၊ ပြတင်းတံခါးတွေနဲ့ ပန်ကာတွေကိုလည်း ဆေးကြောပြီး ဆေးပြန်သုတ်ပေးမှာပါ၊ ဒီနောက် ထမင်းအိုး ဟင်းအိုးတွေ ဒယ်အိုးတွေကိုလည်း တိုက်ချွတ်ဆေးကြောပေးပြီး အိမ်ထောင်ပစ္စည်းတွေကိုလည်း ပြင်ဆင်ပေးဦးမှာပါ၊ မိတ်ဆွေ သဘောပေါက်ပါတယ်နော်'

'ဟုတ်ကဲ့ ခင်ဗျ'

'ကျွန်တော်တို့ရဲ့ စေတနာ့ဝန်ထမ်း လုပ်အားပေးတွေဟာ အလုပ်လုပ်ရာမှာ သူတို့ ကိုယ်ပိုင်တံမြက်စည်းတွေ၊ ဝက်မှင်ဘီးတွေ၊ ဆပ်ပြာတုံးတွေ၊ ရေပုံးတွေ အဝတ်စုတ်တွေကို ယူဆောင်လာကြမှာပါ'

'ဟုတ်ကဲ့၊ ဒါဆိုရင် ကျွန်တော်နဲ့တော့ အံကိုက်ပဲ'

'ဒီလိုဆိုရင် ကျွန်တော် ခင်ဗျားနာမည်ကို ရေးမှတ်လိုက်မယ်နော်'

'ဟာ မှတ်လိုက်ပါဗျာ၊ သေချာတာပေါ့'

'လာမယ့် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းဆိုရင် ခင်ဗျားအတွက် အဆင်ပြေပါတယ်နော်'

'ဟုတ်ကဲ့ ဖြစ်ပါတယ်'

'ကောင်းပြီလေ၊ အဲဒီနေ့မှာ လုပ်အားပေးနှစ်ယောက် ခေါ်လာမယ်၊ သူတို့ကို ခင်ဗျားနဲ့ မိတ်ဆက်ပေးမယ်၊ မွန်းလွဲ နှစ်နာရီဆိုရင် အဆင်ပြေမလား'

'အဆင်ပြေပါတယ်၊ နှစ်နာရီဆိုရင်'

တနင်္ဂနွေနေ့အရောက်တော့ ဂျော့နိုင်ဒူးဟာ လုပ်အားပေးနှစ်ဦးနဲ့အတူ အိုမာရဲ့အခန်းမှာ အလုပ်လုပ်ဖို့ သွားရောက်ခဲ့ကြတယ်။ သူတို့ဟာ အခန်းဝက ခေါင်းလောင်းကို နှိပ်လိုက်ပါတယ်။

သည်အခါမှာ ချက်ချင်း တံခါးပွင့်လာပြီး ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်ကာ ပြုံးပြုံးကြီးလုပ်နေတဲ့ အိုမာကို သူတို့ တွေ့ကြရတယ်။ အိုမာနဲ့အတူ တံမြက်စည်း၊ ဝက်မှင်ဘီး၊ ဆပ်ပြာခွက်၊ ရေပုံးနဲ့ အဝတ်စုတ်တွေကို တွေ့ရပါတယ်။

ဂျော့နိုင်ဒူးတို့ကို တွေ့ချိန်မှာတော့ အိုမာဟာ အားရပါးရ ပြုံးလိုက်ပြီး 'အခု ကျုပ်တို့ ဘယ်သူ့အခန်းကို အရင်သွားပြီး လုပ်အားပေးကြမှာလဲဗျို့' လို့ မေးလိုက်ပါတယ်။

*

## စိုသောလက်များကို မခြောက်စေခဲ့ပါ

ကျွန်တော်ဟာ ဆရာ့ဆီက စာကို လက်မှာကိုင်ရင်း ငိုင်တွေနေမိပါတယ်။ ကျွန်တော်ဟာ ဆရာ့စာကို ရလို့ ဝမ်းသာရပေမယ့် တစ်ချိန်တည်းမှာလည်း စိုးရွံ့တုန်လှုပ်နေမိတယ်။ ဆန်ဆေး (Sensei) သို့မဟုတ် ဆရာဟာ စင်ကာပူ နိုင်ငံကို ဂျပန်တွေသိမ်းပိုက်အုပ်စိုးနေတဲ့ကာလမှာ ကျွန်တော်အပါအဝင် စင်ကာပူလူငယ်တွေကို ဂျပန်စာသင်ပေးနေတဲ့ ဆရာပဲ ဖြစ်ပါတယ်။

ယခု ၁၉၄၅ ခုနှစ်အရောက်မှာတော့ အခြေအနေတွေဟာ တစ်မျိုး ပြောင်းခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျပန်တွေ စစ်ရှုံးခဲ့ရပြီးနောက် စင်ကာပူဟာ ဗြိတိသျှတပ်တွေရဲ့ လက်အောက်ကို ရောက်ခဲ့ရပါပြီ။

ဒါ့အပြင် ဂျပန်လူမျိုးဖြစ်တဲ့ ဆရာဟာ အခြားသော ဂျပန်လူမျိုးတွေ ဂျပန်စစ်သားတွေနဲ့အတူ သုံ့ပန်းစခန်းမှာ ဖမ်းဆီးခံနေရပါတယ်။

ယခု ဆရာ့ဆီက ကျွန်တော်ရရှိတဲ့စာဟာ စင်ကာပူ အကျဉ်းစခန်းတစ်ခုမှ ပေးပို့လိုက်တဲ့စာပါ။ ဆရာက သူ့ရဲ့ စာထဲမှာ 'မိမိဟာ ဘယ်မိတ်ဆွေနဲ့မှ မတွေ့ရတာကြာပါပြီ၊ မိမိထံကို ဘယ်မိတ်ဆွေမှ လာမတွေ့ကြဘူး' လို့ ဖော်ပြထားတယ်။ ဒါ့အပြင် ဆရာက ကျွန်တော့်ကို သူ့ထံ လာတွေ့နိုင်မလားလို့ တွေးနေမိကြောင်း ရေးထားပါတယ်။

သည့်နောက် ဆရာက ကျွန်တော် သူ့ဆီလာရင် တစ်ခါက သူ ကျွန်တော့် ကို ပေးထားခဲ့တဲ့ သူ့ရဲ့ရှူးဖိနပ်ကို ပြန်ယူလာဖို့ပါ သူ့စာထဲမှာ ထည့်ရေးခဲ့ပါ တယ်။ ဆရာက သူစီးနေတဲ့ လက်ရှိဖိနပ်ဟာ စုတ်ပြတ်ပြီး စီးမရလောက် အောင် အခြေအနေ ဆိုးနေတဲ့အတွက် ယခုလို ပြန်တောင်းရတာပါလို့ တောင်းတောင်းပန်ပန်နဲ့ ရေးထားပါတယ်။

ဆရာနဲ့ ကျွန်တော် နောက်ဆုံး တွေ့ခဲ့ရတာကတော့ ကာဗာနတ်လမ်းမှာ ရှိတဲ့ ဆရာ့ရဲ့အိမ်မှာပါ။ ထိုစဉ်က ဆရာဟာ ကျွန်တော့်ခြေထောက်ထက် အများကြီးကြီးတဲ့ သူ့ရဲ့ ရှူးဖိနပ် အသစ်တစ်ရံ ကျွန်တော့်ကို ပေးခဲ့ပါတယ်။ သည်လိုပေးရင်းနဲ့ ဆရာက 'မင်းဟာ ဖွံ့ဖြိုးဆဲ လူငယ်တစ်ယောက်ပဲကွာ၊ ဒီဖိနပ်ဟာ လောလောဆယ် မင်းခြေထောက်နဲ့ မတော်ပေမယ့် နောင်တစ်နေ့မှာ မင်းစီးလို့ ရလာမှာပါကွာ' လို့ ပြောခဲ့တယ်။

ဆရာ့စာကို ဖတ်ပြီးနောက်မှာ ကျွန်တော်ဟာ အတွေးတွေ တစ်သီကြီး ဖြန့်ကြက်နေမိတယ်။

အခုဆိုရင် ဆရာတစ်ယောက် ပြိတ်သျှတွေရဲ့ အကျဉ်းစခန်းမှာ တစ်ကိုယ်တည်း စိတ်ပျက် အားငယ်နေမှာပဲလို့လည်း စဉ်းစားမိတယ်။ ပြီးတော့ ဟိုတစ်ချိန်က ကျွန်တော်တို့အပေါ် ပြုမူခဲ့တဲ့ ဆရာရဲ့ ကျေးဇူးတွေကိုလည်း တွေးနေမိတယ်။ ဆရာဟာ ဂျပန်လူမျိုးတစ်ယောက် ဖြစ်ပေမယ့် ဂျပန်စစ်သားတွေလို မောက်မာ့ရမ်းကားတတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ဆရာဟာ ကျွန်တော်တို့နဲ့ရော အခြားလူတွေနဲ့ ဆက်ဆံရာမှာပါ နူးညံ့သိမ်မွေ့စွာ ဆက်ဆံတတ်သူပဲ ဖြစ်တယ်။

ဆရာဟာ မိမိရဲ့ တပည့်တွေ ဖြစ်တဲ့ ကျွန်တော်တို့အပေါ် မှာလည်း အလွန်ကောင်းခဲ့သူပါ။ အစားအသောက် ရှားပါးလှတဲ့ ဂျပန်ခေတ်တစ်လျှောက်မှာ ဆရာဟာ ကျွန်တော်တို့တစ်တွေအတွက် ရိက္ခာတွေ ရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့တယ်။ ဆရာဟာ ကမ္ဘာကြီးတစ်ခုလုံး ရှုံးသွပ်နေချိန်မှာ မိမိရဲ့ တပည့်တွေကို ကျင့်ဝတ်စိတ်ဓာတ် တန်ဖိုးတွေအကြောင်း နားလည်လာအောင် သင်ပေးခဲ့သူပါ။

ဆရာဟာ မိမိရဲ့ တပည့်တွေ အလုပ်အကိုင်ရရှိအောင်လည်း ကူညီပြောဆိုပေးတတ်သူပဲ ဖြစ်တယ်။

ဒါ့အပြင် ဆရာဟာ မိမိတပည့်တွေရဲ့ ဆွေမျိုးမိဘတွေနဲ့ ပတ်သက်တဲ့ အရေးကိစ္စတွေမှာတောင် ကိုယ်တိုင်ကိုယ်ကျ ကူညီခဲ့ပါတယ်။

တစ်ခါကဆိုရင် ကျွန်တော်နဲ့ စာသင်ဖက်ဖြစ်တဲ့ ဖွန်ဆိုသူ ကျောင်းသားတစ်ယောက်ရဲ့ ဖခင်ဟာ အရက်တွေ အလွန်အကျွံမူးပြီး ဂျပန်အလံကို ခြေထောက်နဲ့ သွားကန်ခဲ့တယ်။ ဂျပန်ခေတ်မှာ သည်လို လုပ်တာဟာ တကယ့်ကို ရာဇဝတ်အိုး တုတ်နဲ့ထိုးဆိုတဲ့ လုပ်ရပ်ပါ။

သည်တုန်းက ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်နေတဲ့ ဂျပန် ကင်ပေတိုင်တွေဟာ ဖွန်ရဲ့ဖခင်ကို နာရီမဆိုင်းဘဲ ဖမ်းသွားခဲ့တယ်။ သည်ကိစ္စအတွက် ဖွန်က ဆရာ့ထံသွားပြီး အကူအညီတောင်းခဲ့ပါတယ်။

မြန်မာ စာအုပ်များ



ဆရာဟာ သနားစဖွယ် မျက်နှာငယ်လေးနဲ့ မိမိကို အကူအညီ တောင်းနေတဲ့ တပည့်ငယ်ကို ကြည့်ရင်းနဲ့ စိတ်မကောင်း ဖြစ်နေခဲ့တယ်။ တကယ်တော့ ဖွန်ရဲ့ဖခင် ကျူးလွန်ခဲ့တဲ့အပြစ်ဟာ ဘယ်လောက်အထိ ကြီးမားတယ်ဆိုတာကို ဆရာကောင်းကောင်း သဘောပေါက်ထားပါတယ်။

ဒါ့ကြောင့်ပဲ ဆရာဟာ မိမိလို အရပ်ဘက်က ဂျပန်စာသင်တဲ့ ဆရာတစ်ယောက်အနေနဲ့ သည်ကိစ္စမှာ ကူညီနိုင်စွမ်းရှိပါ့မလားလို့လည်း တွေးတောခဲ့တယ်။

သို့ပေမဲ့ နောက်ဆုံးမှာတော့ ဆရာဟာ ဖွန်ရဲ့ဖခင်ကို ကယ်ဖို့အတွက် ကင်ပေတိုင်ရုံးကို သွားခဲ့ပါတယ်။ ထိုစဉ်က ဆရာ့ရဲ့ ကျေးဇူးကြောင့် ဖွန်ရဲ့ဖခင်ဟာ ကင်ပေတိုင်အကျဉ်းစခန်းက လွတ်ခဲ့ပါရဲ့၊ သို့ပေမဲ့ အဖိုးကြီးဟာ ခေါင်းပေါ်က ဆံပင်တွေလည်း ဖွေးဖွေးလှုပ် ဖြူသွားခဲ့ရပြီး ကင်ပေတိုင်တွေရဲ့ နှိပ်စက်မှုကြောင့် ခြေထောက်တစ်ဖက်ဟာလည်း သုံးလို့မရအောင် ဖြစ်သွားခဲ့တယ်။

အဆိုပါဖြစ်ရပ်ရဲ့ နောက်ပိုင်းမှာတော့ ကျွန်တော်တို့တစ်တွေရဲ့ မျက်စိထဲမှာ ဆရာဟာ တကယ့်သူရဲကောင်းကြီး ဖြစ်လာခဲ့ပါတယ်။

ကျွန်တော်ဟာ ဆရာနဲ့ပတ်သက်တဲ့ နောက်ကြောင်းတွေကို ပြန်တွေးမိချိန်မှာတော့ ကျွန်တော့်အနေနဲ့ ဆရာ့ဆီကို သွားတွေ့သင့်တယ်လို့ ယူဆလာမိခဲ့တယ်။

သို့ပေမဲ့ ဆရာနဲ့ သွားတွေ့ဖို့ စဉ်းစားမိတိုင်းမှာ ဆရာနဲ့ သွားတွေ့တဲ့အတွက် ကျွန်တော်ကြုံတွေ့လာရနိုင်တဲ့ အန္တရာယ်တွေက ကျွန်တော့်စိတ်ကို ခြိမ်းခြောက်လာခဲ့ပါတယ်။

ကိုလိုနီခေတ်မှာ ဗြိတိသျှ လျှို့ဝှက်ပုလိပ်တွေက မိမိတို့ရဲ့ လက်အောက်ခံပြည်သူတွေရဲ့ စာတွေကို ဖောက်ဖတ်တာတွေ၊ ထောက်လှမ်းတာတွေ ရှိနိုင်ပါတယ်။ 'အခုလောက်ဆိုရင် အကျဉ်းထောင်ထဲ ရောက်နေတဲ့ ရန်သူ ဂျပန်တစ်ယောက်က စာနဲ့ ဆက်သွယ်ခဲ့တဲ့ ကျွန်တော့်ကို ဗြိတိသျှ လျှို့ဝှက်ပုလိပ်တွေအနေနဲ့ စောင့်ကြည့်နေလောက်ပြီ' ဆိုတဲ့ အတွေးတွေက ကျွန်တော့်ကို ခြိမ်းခြောက်လာပါတယ်။

ဒါ့အပြင် လူထုကြားမှာလည်း စစ်အတွင်းတုန်းက စင်ကာပူနိုင်ငံမှာ ဂျပန်တွေ ကျူးလွန်ခဲ့တဲ့ ရက်စက်မှုတွေနဲ့ ပတ်သက်ပြီး စုတ်တသပ်သပ်နဲ့ ပြောဆိုလျက် ရှိနေပါတယ်။

ဒါကြောင့်ပဲ ကျွန်တော့်အနေနဲ့ ဆရာ့ထံ သွားတွေ့သင့် မတွေ့သင့် ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော့်ရဲ့ အနီးကပ် သူငယ်ချင်းတွေကို ဖွင့်ဟ

မြန်မာ စာအုပ်များ



တိုင်ပင်တဲ့အခါမှာ ကျွန်တော့်သူငယ်ချင်းအားလုံးက မသွားဖို့ ကန့်ကွက်ကြတယ်။ အချို့က ဆိုရင် 'ဟော့ကောင်ရေ သူလည်း ဂျပန်ပဲကွ၊ ဂျပန်ဆိုတာ အတူတူပဲ၊ တို့တစ်တွေအပေါ် ရက်စက်ခဲ့တာပဲ' လို့ ခါးခါးသီးသီး ပြောကာ ကန့်ကွက်ခဲ့ကြတယ်။

ဒါ့ကြောင့် နောက်ဆုံးမှာတော့ ကျွန်တော်ဟာ ဆရာ့ထံကို ကျွန်တော် မလာရောက်နိုင်တဲ့ အကြောင်းနဲ့ ပတ်သက်ပြီး မုသားတွေတစ်ပုံကြီး ပြည့်နေတဲ့ စာတစ်စောင်ကို ရေးလိုက်ပါတယ်။

ကျွန်တော့်ရဲ့ စာထဲမှာ ကျွန်တော့်အနေနဲ့ ကျောင်းစာတွေ ပိနေလို့ မအားမလပ်ရှိနေတာတွေ၊ ဆရာရှိတဲ့ အကျဉ်းစခန်းကို လာတွေ့ဖို့ သွားရေးလာရေး အဆင်မပြေတာတွေ၊ ကျွန်တော် ကိုယ်တိုင်ကလည်း မလာတတ်တာတွေ စတဲ့ မုသားတွေ ဝေဆာနေတဲ့ စာတစ်စောင်ကို ဆရာ့ထံ ရေးပို့လိုက်တယ်။

သည်လိုနဲ့ ဆန်ဆေး (ဆရာ)ထံ သွားတွေ့ရေးကိစ္စဟာ တစ်ခန်းရပ်ခဲ့ပါတယ်။ ကျွန်တော်ဟာ ဗြိတိသျှအကျဉ်းစခန်းမှာ အကျဉ်းသားတစ်ဦးဖြစ်နေတဲ့ ဆန်ဆေးကို မေ့မေ့ပျောက်ပျောက် ရှိနေခဲ့တယ်။

တစ်နေ့မှာတော့ ကျွန်တော်ဟာ တရုတ်တန်းရဲ့ လမ်းတစ်လမ်းပေါ်မှာ လမ်းသလားနေခိုက် ချိုင်းထောက်ကို အားပြုပြီး ခြေထောက်တစ်ဖက် တရွတ်ဆွဲကာ တုန့်ဆိုင်းတုန့်ဆိုင်းနဲ့ လမ်းလျှောက်နေတဲ့ ဦးခေါင်းတစ်ခုလုံး ဆံပင်တွေ ဖွေးဖွေးလှုပ်နေတဲ့ အဖိုးကြီးတစ်ဦးကို တွေ့ခဲ့ရတယ်။

သည်အချိန်မှာ ကျွန်တော်ဟာ ဆန်ဆေးကို ရုတ်တရက် သတိရလာမိတယ်။ ပြီးတော့လည်း ကျွန်တော့်စိတ်ထဲမှာ လူတွေအပေါ် ဆရာ့အနေနဲ့ ပေးဆပ်ခဲ့တဲ့ ကူညီမှုတွေကို သတိရလာခဲ့တယ်။

သည့်နောက်မှာတော့ ကျွန်တော်ဟာ အကျဉ်းစခန်းမှာ ရှိနေတဲ့ ဆရာ့ထံ သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

မကြာမီနေ့တစ်နေ့မှာ ကျွန်တော်ဟာ ကျွန်တော့်ကို ဆန်ဆေးပေးခဲ့တဲ့ ရှူးဖိနပ်ကို ကိုင်ပြီး ဆရာရှိရာ အကျဉ်းစခန်းကို သွားရောက်ခဲ့တယ်။ ကျွန်တော်ဟာ ဂိတ်ပေါက်အဆင့်ဆင့်ကို ကျော်ဖြတ်ခဲ့ပြီးနောက်မှာ အကျဉ်းစခန်းထဲမှာ ရှိတဲ့ စားသောက်ခန်းတစ်ခုထဲမှာ ဆရာနဲ့ တွေ့ခွင့်ရခဲ့ပါတယ်။

ပထမတော့ ဆရာဟာ ကျွန်တော့်ကို မမှတ်မိသလို ကြည့်နေခဲ့တယ်။ ဒါမှမဟုတ် ဆရာ့အနေနဲ့ ကျွန်တော့်ကို အသိအမှတ် မပြုချင်တော့တာလည်း ဖြစ်နိုင်ပါတယ်။ ဆရာဟာ စကားပြောနေစဉ်မှာလည်း ကျွန်တော့်ကို မျက်လုံး

မြန်မာ စာအုပ်များ



ချင်း မဆိုင်ဘဲ ပြောခဲ့တယ်။ ဆရာ့နှုတ်က ထွက်ပေါ်လာတဲ့ စကားလုံးတွေဟာ ယဉ်ကျေးပေမယ့် နွေးထွေးပျူငှာမှု မရှိတော့ပါဘူး၊ ဆရာဟာ စကား ပြောရာမှာ စကားလုံးတွေကို ခပ်တိုတိုပဲ ရွေးပြီး ပြောခဲ့တယ်။

ကျွန်တော်က 'ဆရာ့ထံ ကျွန်တော်ရေးခဲ့တဲ့ စာထဲမှာပါတဲ့ အချက်တွေဟာ တစ်ခုမှ မမှန်ဘဲ လိမ်ပြီးရေးခဲ့တာတွေသာ ဖြစ်တယ်၊ ကျွန်တော် ဆရာ့ဆီ မလာတာကတော့ ကြောက်ရွံ့မိလို့ မလာတာသာဖြစ်တယ်' လို့ ဝန်ခံ ပြောကြားလိုက်ပါတယ်။ ဆရာဟာ သူ့ဖိနပ်ကို ကျွန်တော် ပြန်ပေးပေမယ့် လက်မခံခဲ့ပါဘူး။

ကျွန်တော်က စကားတွေကို ကရားရေလွှတ် ပြောနေပေမယ့် ဆရာကတော့ ရေငုံနှုတ်ပိတ်လျက်ပါ။ ဆရာဟာ ကျွန်တော် ယခုလာတွေ့ခြင်း အပေါ် မယုံသင်္ကာရှိနေပုံလည်း ရပါတယ်။ ကျွန်တော့်အနေနဲ့ ဆရာ့ကို အရင်တုန်းကလို ရွှင်ရွှင်ပျပျနဲ့ စကားတွေ ပြောလာအောင် ဘယ်လိုပင် ဆွဲဆောင်ခဲ့ပေမယ့် ဆရာဟာ ကျွန်တော့်ကို ခွန်းတုံ့မပြန်ဘဲ ရှိနေတယ်။

'ဆရာရယ်၊ ကျွန်တော် ဆရာ့ဆီ စာရေးတုန်းက မုသားတွေ မသုံးခဲ့သင့်ဘူးဆိုတာ သိပါတယ်၊ ဒီအတွက် ကျွန်တော့်အနေနဲ့ ဘယ်လိုများ ပြန်ပြီး ပြုပြင်ရမလဲ ဆရာ၊ ကျွန်တော့်ကို စိတ်မရှိပါနဲ့ ဆရာရယ်၊ ဒီနေ့ ဒီအချိန်ဟာ ဆရာနဲ့ ကျွန်တော် နောက်ဆုံး အတူတူဆုံကြရတဲ့အချိန်လည်း ဖြစ်နိုင်ပါတယ်၊ ဒီတော့ ကျွန်တော်တို့နှစ်ဦး မိတ်ဆွေတွေအဖြစ်နဲ့ပဲ ခွဲခွာကြရင် မကောင်းဘူးလား ဆရာ'

ကျွန်တော်က စိတ်ထိခိုက်ကြေကွဲစွာနဲ့ ဖွင့်ဟတောင်းပန်ခဲ့ပေမယ့် ဆရာကတော့ မတုန်မလှုပ်ဘဲ ရှိနေတယ်။ ဆရာဟာ ကျွန်တော့်ကို မျက်လုံးချင်းပင် စိုက်မကြည့်ပါဘူး။

ကျွန်တော်ဟာ ဆရာ ကျွန်တော့်အပေါ် ပြန်လည် ခင်မင်လာအောင် ဘယ်နည်းနဲ့ ဆွဲဆောင်ရမလဲလို့ စဉ်းစားနေမိတယ်။ သည့်နောက်မှာတော့ ကျွန်တော်ဟာ ဆရာ ကျွန်တော်တို့ကို သွတ်သွင်းပေးခဲ့တဲ့ နစ်ပွန်ဆိုင်ရှင်း (Nippon Seishin) စိတ်ဓာတ်နဲ့ပဲ ဆရာ့ကို ပြန်လည်ဆွဲဆောင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော်ဟာ စားသောက်ခန်းထဲမှာရှိတဲ့ အကျဉ်းသားတွေ၊ ဧည့်သည်တွေနဲ့ ပြိတ္တာသျှထောက်လှမ်းရေး ဖြစ်နိုင်သူတွေရဲ့ ရှေ့မှောက်မှာ မရှက်မကြောက်နဲ့ ထရပ်လိုက်ပြီး တစ်ခါက ဆရာ ကျွန်တော့်ကို သင်ပေးခဲ့တဲ့ အေအိုဂီဘာ (Aogeba) ဆိုတဲ့ သီချင်းကို အသံနေ အသံထားနဲ့ ဆိုလိုက်ပါတယ်။

အဆိုပါ သီချင်းကတော့ ဘွဲ့နှင်းသဘင် အခမ်းအနားတွေမှာ ဂျပန် ကျောင်းသားတွေက မိမိတို့ရဲ့ ဆရာတွေကို နှုတ်ဆက်တဲ့အနေနဲ့ သီဆိုပြတဲ့ သီချင်းပါ။

အေအိုဂီဘာ တို-တိုရှို

ဝါဂါ-ရှိ နို အွန်

ကျွန်တော့်ရဲ့ သီချင်းသံ ပေါ်ထွက်လာချိန်မှာတော့ အခန်းတစ်ခန်းလုံး ငြိမ်ကျသွားပါတယ်။ သည့်နောက်မှာတော့ အခန်းထဲမှာရှိတဲ့ လူတွေဟာ ကျွန်တော်နဲ့အတူ တစ်ယောက်ပြီးတစ်ယောက် လိုက်ပါ သီဆိုလာကြတယ်။

အိုရှို နိုနိဝါ နီမို

ဟာယိုင်ကူ တိုဆီ

သည်အချိန်မှာ ကျွန်တော့်အတွက် ဝမ်းသာမဆုံးဖြစ်ရတာကတော့ သီချင်းဆိုသံတွေထဲမှာ ဆန်ဆေးရဲ့အသံကို ကြားလာရခြင်းပဲ ဖြစ်တယ်။ ဆရာရဲ့ သီချင်းဆိုသံဟာ ဖျော့တော့နေပေမယ် စိတ်ပါလက်ပါတော့ ရှိနေပါတယ်။

အိုမိုဘာ အီတိုတိုရှို

ကိုနို တိုရှိဆူကီ

အီမာ ကိုဆိုဝါကာရီမီ

အီဇာဆာရာရာဘာ. . .

'ဟုတ်တယ်ဟေ့ တို့တစ်တွေ ခွဲခွာကြရတော့မှာပဲ၊ ဒါပေမဲ့ ငါတို့ဟာ မိတ်ဆွေတွေအဖြစ် ခွဲခွာသင့်ကြတာပေါ့ကွာ'

ဆန်ဆေးက သီချင်းရဲ့ နောက်ဆုံးအပိုဒ်စာသားတွေကို ရည်ညွှန်းပြီး ပြောခဲ့ပါတယ်။ ကျွန်တော့်ရဲ့ မျက်လုံးတွေကို စူးစိုက်ကာကြည့်နေတဲ့ ဆရာ့ မျက်လုံးတွေဟာ တောက်ပလို့ နေပါတယ်။

ဆရာဟာ ကျွန်တော့်ကို အားရပါးရပြုံးကာ ကြည့်ရင်းနဲ့ 'ရော့ ဒီဖိနပ်ကို သိမ်းထား၊ သူတို့ ငါ့ကို ဖိနပ်အသစ်တစ်ရံ ထုတ်ပေးထားတယ်' လို့ ပြောခဲ့တယ်။

ကျွန်တော့်ရဲ့ စိတ်ထဲမှာတော့ တစ်နေ့မှာ ကျွန်တော်ဟာ ဆန်ဆေးရဲ့ ရှူးဖိနပ်တွေကို စီးနိုင်လောက်အောင်ကို ကြီးထွားလာလိမ့်မယ်လို့ ခံစားတွေးတောနေမိပါတယ်။

*

## ဘဝတာရဲ့ ပထမဆုံး စိန်ခေါ်ပွဲ

ကျွန်တော်ဟာ မိမိရဲ့ဘဝတစ်လျှောက်မှာ ပြည်သူ့ဝန်ထမ်း၊ ဘဏ်လုပ်ငန်း လုပ်သူ၊ အဆောက်အအုံ ဆောက်သူ၊ စာရေးဆရာနဲ့ အခြားအလုပ်တွေ အမျိုးမျိုးကို လုပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ဘဝမှာ ပထမဆုံး လုပ်ခဲ့ရတဲ့ အလုပ်လောက် ကျွန်တော့်ကို စိတ်ရော ကိုယ်ပါ အကြီးအကျယ် လှုပ်ရှားစေခဲ့တဲ့ အလုပ်မျိုး မကြုံခဲ့ရဖူးပါဘူး။

၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှာ ဂျပန်စစ်တပ်တွေ စင်ကာပူနိုင်ငံထဲကို စတင် ဝင်ရောက်ခဲ့ပါတယ်။ အဲသည်အချိန်ကစပြီး ကျွန်တော်တို့ မိသားစုရဲ့ဘဝဟာ ကပြောင်းကပြန်ဖြစ်ခဲ့ရတယ်။ ထိုအချိန်တုန်းက အသက် ၁၄ နှစ်သာ ရှိသေးတဲ့ ကျွန်တော်ဟာ အမေ့ရဲ့ အသည်းကျော်ကလေးပါ။

ဂျပန်စစ်တပ်တွေ စင်ကာပူနိုင်ငံထဲ ဝင်လာတယ်ဆိုရင်ပဲ ဗြိတိသျှဘဏ်တစ်ခုမှာ စာရေးအဖြစ် အလုပ်လုပ်နေတဲ့ ကျွန်တော်တို့မိသားစုရဲ့ ထမင်းရှင် အဖေဟာ အလုပ်ပြုတ်ခဲ့ရပါတယ်။ အဖေဟာ လပေါင်းများစွာ အလုပ်ရှာမရဘဲ တလည်လည်နဲ့ ရှိနေခဲ့တယ်။ ထိုစဉ်က ကျွန်တော်တို့ မိသားစုရဲ့ အခြေအနေဟာ အတော်ဆိုးရွားခဲ့တယ်။

သည်အချိန်မှာ အသက် ၁၆နှစ် ရှိပြီဖြစ်တဲ့ ကျွန်တော့်ရဲ့ အစ်ကို ချားလ်ဟာ အိမ်ထောင့်တာဝန်ကို ပွေ့ဆော်ဦး ယူခဲ့ပါတယ်။ မြို့ကြီးပြကြီးမှာ ဘယ်လို အသက်မွေးဝမ်းကျောင်းရမယ် ဆိုတာကို ကျွန်တော့်ထက် ပိုနားလည်ကျွမ်းကျင်တဲ့ ချားလ်ဟာ အရောင်းအဝယ်လုပ်ငန်းတစ်ခုကို လုပ်ခဲ့ပါတယ်။

သူဟာ အစားအသောက်ဘူးတွေနဲ့ အခြားကုန်စည်တွေကို ရအောင်ရှာဝယ်ပြီး အမြတ်တင် ရောင်းခဲ့တယ်။ မကြာမီမှာပဲ သူ့ရဲ့ လုပ်ငန်းဟာ

မြန်မာ စာအုပ်များ



အတော်လေး တွင်ကျယ်လာတဲ့အတွက် ချားလ်ဟာ သစ်ခွလမ်းဈေးမှာ ဆိုင်ခန်းတစ်ခန်း ဝယ်ခဲ့တယ်။

သူ့ရဲ့အောင်မြင်မှုက ကျွန်တော့်ရဲ့ စိတ်ဓာတ်ကို တက်ကြွစေခဲ့တယ်။ ဒါကြောင့် ကျွန်တော်ဟာ အဖေ အလုပ်မရမီ ကာလအတွင်းမှာ အိမ်အတွက် တစ်ဖက်တစ်လမ်းက ငွေရှာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ကျွန်တော် အလုပ် လုပ်မယ်ဆိုတော့ ချားလ်ဟာ မယုံမရဲ ရှိခဲ့ပေမယ့် သူတတ်နိုင်တဲ့ဘက်က ကူညီခဲ့တယ်။ ချားလ်ဟာ ကျွန်တော်တို့နေတဲ့ မြစိမ်းတောင် လမ်းအနီးက ကရာမတ်လမ်းမှာရှိတဲ့ ပေါင်မုန့်ဆိုင် တစ်ဆိုင်ဆီ ကျွန်တော့်ကို ခေါ်သွားပြီး မိတ်ဆက်ပေးခဲ့တယ်။ သူက မနက်တိုင်း ကျွန်တော့်ကို လက်ကားဈေးနဲ့ ပေါင်မုန့်တစ်ဒါဇင်မျှ ရောင်းဖို့ ဆိုင်ရှင်ကို ပြောပေးခဲ့တယ်။

ပေါင်မုန့် စပြီးမရောင်းမီ ညမှာတော့ ကျွန်တော်ဟာ အိပ်ရာထဲမှာ တလူးလူး တလွန့်လွန့်နဲ့ အိပ်မပျော်ခဲ့ပါဘူး။ ကျွန်တော်ဟာ မနက်ဖြန်မှာ ကြုံတွေ့ရမယ့် အတွေ့အကြုံသစ်တွေကို ကြိုတင်တွေးတောပြီး စိုးရိမ်စိတ်တွေ ပွားနေမိခဲ့တယ်။ တကယ်လို့များ ပေါင်မုန့် ၁၂ လုံးစလုံး တစ်လုံးမှ မရောင်းရရင် ဘယ်လိုလုပ်ရပါ့မလဲဆိုတဲ့ စိုးရိမ်မှုက ကျွန်တော့်ကို ခြောက်လှန့်နေခဲ့တယ်။

ထိုညက ကျွန်တော်ဟာ မပျော်တစ်ဝက် ပျော်တစ်ဝက်နဲ့ အိပ်ပျော်သွားခဲ့ချိန်အတွင်းမှာလည်း ကျွန်တော်ဟာ ခြောက်အိပ်မက်တွေ မက်ခဲ့ရတယ်။ ကျွန်တော့်ရဲ့ အိပ်မက်တွေကတော့ ပေါင်မုန့်သည်လေး ကျွန်တော်က အိမ်တံခါး ခေါင်းလောင်းကို နှိပ်မိလို့ အိမ်ရှင်မတွေက ဒေါသတကြီးနဲ့ထွက်ပြီး ရန်တွေ့တာတွေ၊ ခွေးဆိုးကြီးတွေက ကျွန်တော့်ရဲ့ ပေါင်မုန့်တွေကို လုယူကိုက်ဖဲ့ပစ်တာတွေနဲ့ ပေါင်မုန့်တောင်းကြီး လွယ်ပြီး တလည်လည် အော်ရောင်းနေတဲ့ ကျွန်တော့်ကို အနီးအနားက လူတွေက လှောင်ကြပြောင်ကြတဲ့ အကြောင်းအရာတွေပဲ ဖြစ်တယ်။

နောက်နေ့ မနက်မှာတော့ ကျွန်တော်ဟာ အိပ်ရာက စောစီးစွာ ထခဲ့တယ်။ အမေက ကျွန်တော့်အတွက် မနက်စောစီးစာကို ပြင်ပေးခဲ့တယ်။

ပြီးတော့ အမေက ‘အလုပ်သမားတစ်ယောက်ဟာ အလုပ်ခွင်ကို မသွားမီ စားကောင်းသောက်ဖွယ် တစ်ခုခုတော့ စားဖို့ လိုတယ်ကွယ့်’ လို့ ပြောခဲ့ပါတယ်။ အမေရဲ့ စကားဟာ ကျွန်တော့်အတွက် အမေ ပြင်ကျွေးခဲ့တဲ့ ဆန်ပြုတ်ထက်ကို ပိုပြီး အားရှိစေခဲ့ပါတယ်။ သည့်အရင်ကဆိုရင် အမေဟာ ကျွန်တော့်ကို

မြန်မာ စာအုပ်များ



အလုပ်သမားကြီးတစ်ယောက်အဖြစ် မပြောနဲ့ လူကြီးတစ်ယောက်အဖြစ်တောင် မမြင်ခဲ့ပါဘူး။

ကျွန်တော်ဟာ ပေါင်မုန့်ဆိုင်က ပေါင်မုန့်တွေကို ခြင်းတောင်းတစ်လုံးနဲ့ သွားဝယ်ခဲ့တယ်။ ပြီးတော့ လေးလံလှတဲ့ ခြင်းတောင်းကြီးကို မနိုင့်တနိုင်သယ်ရင်း ကျွန်တော်တို့နေထိုင်ရာ ရပ်ကွက်ဆီကို လျှောက်ခဲ့တယ်။ ပေါင်မုန့်ဆွဲခြင်းကို ကိုင်ကာ လျှောက်ရင်းနဲ့ ကျွန်တော်ဟာ မိမိကိုယ်မိမိ ပေါင်မုန့်သည်တစ်ဦး အဖြစ်သာမကဘဲ မိသားစုကို ရှာဖွေကျွေးနေတဲ့ အလုပ်သမားတစ်ယောက်အဖြစ်ပါ ခံစားလာမိခဲ့တယ်။

သည်လိုနဲ့ မြစိမ်းတောင်လမ်းကို အရောက်မှာတော့ ကျွန်တော်ဟာ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်တံခါးကို ခေါက်လိုက်တယ်။ သူငယ်ချင်း အာဆန်ဟာ တံခါးပေါက်ဝ လာရပ်ရင်း 'ဘာလဲကွ၊ ကစားမလို့လား' လို့ မေးပါတယ်။ သည်အခါမှာ ကျွန်တော်က ဟန်ပါပါနဲ့ 'ဘယ်ဟုတ်ရမှာတုန်းကွ၊ ငါ့မှာ အလုပ် လုပ်စရာတွေ ရှိတယ်၊ သိပ်ကို အရေးကြီးတဲ့ အလုပ်ကွ' လို့ ပြောလိုက်ပြီး ပေါင်မုန့်ခြင်းကို လက်နဲ့ ညွှန်ပြလိုက်တယ်။

အာဆန်ဟာ သူ့အမေကို ဝမ်းသာအံ့သြဟန်နဲ့ လှမ်းခေါ်လိုက်ပါတယ်။ သည့်နောက် ကျွန်တော့်ဆီက ပေါင်မုန့်တစ်လုံးလောက် ဝယ်ဖို့ အာဆန်က သူ့မိခင်ကို ပူဆာခဲ့တယ်။ သည်လိုနဲ့ ကျွန်တော် အာဆန်တို့အိမ်မှာ ဈေးဦးပေါက်အဖြစ် ပေါင်မုန့်တစ်လုံး ရောင်းခဲ့ရပါတယ်။

အာဆန်တို့အိမ်က အထွက်မှာတော့ အာဆန်ဟာလည်း ကျွန်တော့်ကို ဈေးကူရောင်းပေးချင်တယ်ဆိုပြီး ကျွန်တော်နဲ့အတူ လိုက်ပါခဲ့တယ်။ သို့ပေမဲ့ နောက်အိမ်တွေမှာတော့ ပေါင်မုန့်တစ်လုံးမှ မရောင်းခဲ့ရပါဘူး။ တချို့အိမ်ရှင်တွေကတော့ အိမ်တံခါးဖွင့်ပေးပြီး ခပ်ပြုံးပြုံးနဲ့ 'မဝယ်သေးပါဘူး' လို့ ပြောခဲ့ကြတယ်။

တချို့ကလည်း ပေါင်မုန့်ခြင်းနဲ့ အိမ်ပေါက်ဝမှာ ရပ်နေတဲ့ ကျွန်တော်တို့ကို မြင်ရုံနဲ့ပဲ တံခါးကို ဝုန်းခနဲ ပြန်ပိတ်လိုက်ကြပါတယ်။ သည်လိုအဖြစ်မျိုး သုံးလေးကြိမ် ကြုံလာရတဲ့အခါမှာတော့ ကျွန်တော့်သူငယ်ချင်း အာဆန်က စိတ်ပျက်ငြီးငွေ့စွာနဲ့ ကျွန်တော့်ကို ထားရစ်ကာ အိမ်ပြန်သွားခဲ့တယ်။

အာဆန် သူ့အိမ်ကို ပြန်သွားခဲ့ပြီးနောက်မှာ ကျွန်တော်ဟာ တစ်ကိုယ်တည်း စိတ်ပျက်အားငယ်စွာနဲ့ အမျိုးမျိုးစဉ်းစားနေမိခဲ့တယ်။

'ဒီလိုသာ တစ်နေကုန်တဲ့အထိ ပေါင်မုန့်တစ်လုံးတည်းသာ ရောင်းရရင် ဘယ့်နှယ့်လုပ်ရပ့်ါမလဲ၊ ကျွန်တော့်ရဲ့ ပထမဆုံး ရောင်းတဲ့နေ့မှာ အရင်းတောင်

မရဘဲ အရှုံးပေါ်ခဲ့ရင်ကော ဘယ်လို လုပ်ရပါ့မလဲ' စသည်ဖြင့် စဉ်းစားနေခဲ့မိတယ်။ အဆိုပါ စိတ်ပျက်အားငယ်တဲ့ အတွေးတွေ ကျွန်တော့်ခေါင်းထဲ ဝင်လာချိန်မှာတော့ ကျွန်တော့်လက်ထဲက ပေါင်မုန့်တောင်းကြီးဟာ ပိုမိုလေးလံလို့ လာပါတယ်။

ကျွန်တော်ဟာ လေးလံလှတဲ့ ပေါင်မုန့်တောင်းကြီးကို ဆွဲရင်း မတ်စောက်တဲ့ တောင်ကုန်းလမ်းကလေးအတိုင်း တက်ခဲ့ပါတယ်။ ကျွန်တော် တောင်တက်လမ်းအတိုင်း တက်နေစဉ်မှာ ကျွန်တော်ရဲ့အဖြစ်ကို သတိထားမိတဲ့ အမျိုးသမီးကြီးတစ်ယောက်က ကျွန်တော့်ဆီက ပေါင်မုန့်တစ်လုံးကို ဝယ်ခဲ့ပါတယ်။ သည့်နောက် အဆိုပါ အမျိုးသမီးက လှပတဲ့အပြုံးနဲ့ ကျွန်တော့်ကို ကြည့်ရင်း 'သား ဘာမှ စိတ်မပူနဲ့ ဆက်သာကြိုးစား၊ မင်းအောင်မြင်မှာပါကွယ်' လို့ အားပေးခဲ့တယ်။

ကျွန်တော်ဟာ အမျိုးသမီးကြီးရဲ့ ပြောစကားမှန်တယ်ဆိုတာကို မကြာမီမှာ တွေ့လာရပါတယ်။ အိမ်ခပ်များများက ကျွန်တော့်ဆီက ပေါင်မုန့်တွေကို မဝယ်ကြပေမယ့်လည်း မကြာမီမှာပဲ ကျွန်တော့်ရဲ့ ပေါင်မုန့်ခြင်းဟာ ထက်ဝက်လောက် လျော့သွားခဲ့တယ်။ သည်အခါမှာတော့ ကျွန်တော်ဟာ အရေးပါတဲ့ သင်ခန်းစာတစ်ရပ်ကို ရခဲ့ပါတယ်။

'အောင်မြင်မှုဆိုတာ လွယ်လွယ်ကူကူနဲ့ ရတဲ့အရာ မဟုတ်ဘဲ ဇွဲနပဲနဲ့ စွဲစွဲမြဲမြဲကြိုးပမ်းမှ ရရှိတတ်တဲ့ အရာဖြစ်ကြောင်း' ကျွန်တော် သဘောပေါက်လာခဲ့တယ်။

သည့်နောက် ကျွန်တော်ဟာ လူချမ်းသာတွေ နေထိုင်တဲ့ ဟူးလက်လမ်းနဲ့ ဆောင်းဒါးလမ်းတွေဘက်ကို လျှောက်ခဲ့တယ်။ အဲသည်လမ်းတွေ အရောက်မှာတော့ ကျွန်တော့်ရဲ့ လက်ကျန်ပေါင်မုန့်တွေကို တစ်လုံးပြီး တစ်လုံး ရောင်းခဲ့ရတယ်။

ကျွန်တော့်ရဲ့ တောင်းထဲက နောက်ဆုံးပေါင်မုန့်ကို ဝယ်ခဲ့တဲ့ အမျိုးသမီးကြီးကဆိုရင် 'ပေါင်မုန့်တစ်လုံးတည်းပဲ ကျန်ပါတော့လားကွယ့်၊ နောက်နေ့တွေမှာ အဒေါ်အိမ်ကို အရင်ဝင်နော် ကြားလား' လို့ ပြောခဲ့ပါတယ်။

ကျွန်တော်ဟာ မိမိရဲ့လုပ်ငန်း အောင်မြင်စွာ ပြီးမြောက်ခဲ့တာကြောင့် အပျော်ကြီး ပျော်ပြီး စိတ်လက်ပေါ့ပါးစွာနဲ့ ခြင်းတောင်းကို ဝှေ့ယမ်းကာ အိမ်ကို ပြန်ခဲ့ပါတယ်။ ဒီနေ့ အိမ်ပြန်ချိန်မှာ ကျွန်တော်ဟာ မိသားစုကို ရှာဖွေကျွေးမွေးနေတဲ့ အလုပ်သမားကြီးတစ်ယောက်အဖြစ်နဲ့ အမေ့လက်ထဲ အပ်ဖို့ အမြတ်ငွေ တစ်ဒေါ်လာကျော်ကျော် လက်ထဲမှာ ပါလာခဲ့ပြီပဲ။ အမေဟာ

အိမ်တံခါးဝကနေ ကျွန်တော့်ကို ထွက်မျှော်နေတာ တွေ့ရပါတယ်။ ဝမ်းသာပီတိ ဖြစ်နေတဲ့ ကျွန်တော့်ရဲ့ မျက်နှာနဲ့ ဗလာကျင်းနေတဲ့ ကျွန်တော့်လက်ထဲက ပေါင်မုန့်တောင်းကို မြင်တွေ့ရချိန်မှာတော့ အမေ့ရဲ့ မျက်နှာဟာ ပြုံးလာပါတယ်။

ကျွန်တော့်အပေါ် ကျေနပ်ဂုဏ်ယူလျက်ရှိတဲ့ အရိပ်အယောင်တွေကို အမေရဲ့ မျက်လုံးတွေထဲမှာ ကျွန်တော် မြင်တွေ့လိုက်ရပါတယ်။ 'မနက်က ပေါင်မုန့်ရောင်းဖို့ အိမ်က ထွက်ခွာသွားခဲ့စဉ်တုန်းက လူငယ်လေးတစ်ယောက်သာ ဖြစ်ခဲ့တဲ့ သူမရဲ့သားလေးဟာ ညနေခင်း အိမ်ပြန်လာချိန်မှာတော့ တကယ့်ကို လူကြီးတစ်ယောက်အဖြစ် ပြောင်းလဲသွားခဲ့ပြီကော' လို့ အမေ့ရဲ့ စိတ်ထဲမှာ စဉ်းစားနေမှာ သေချာပါတယ်။

*

# မြတ်သောဆရာ

ကျွန်တော်ဟာ လွန်ခဲ့တဲ့ အားလပ်ရက်အတွင်းက တတ်စ်မားနီးယား (Tasmania) မှာ အနားယူ အပန်းဖြေခဲ့တယ်။ သည်လို အနားယူနေစဉ်မှာ စင်ကာပူ နိုင်ငံသားတစ်ဦးနဲ့ တွေ့ခဲ့တယ်။ သူဟာ ကျွန်တော့်ကို တွေ့တယ်ဆိုရင်ပဲ ညီရင်းအစ်ကိုပမာ ရင်းရင်းနှီးနှီးနဲ့ ခေါ်ပြောနှုတ်ဆက်ခဲ့တယ်။

ပြီးတော့ အဲဒီပုဂ္ဂိုလ်က သူနဲ့ ကျွန်တော်ဟာ ငယ်စဉ် ကျောင်းသားဘဝကတည်းက သိခဲ့ကြသူတွေလို့ ပြောပြီး သူ့နာမည်ကိုပင် ပြောခဲ့ပါတယ်။ သို့ပေမဲ့ အသက် ၆၀ ရဲ့ နယ်နိမိတ်ထဲ ချင်းနင်းရောက်ရှိခဲ့တဲ့ အချိန်ကစပြီး ကျွန်တော်တို့ရဲ့ မှတ်ဉာဏ်တွေဟာ အားနည်းလာခဲ့ပါတယ်။

အသက် ၆၀ တန်း ရောက်ခဲ့တဲ့ ကျွန်တော်တို့ဟာ သည်လောကမှာ အသိမိတ်ဆွေတွေ တိုးလာခဲ့ပေမယ့် မှတ်မိသူတွေတော့ နည်းလာခဲ့တယ်။

ထိုသူဟာ ခန္ဓာကိုယ် ထွားထွားကြိုင်းကြိုင်းရှိပြီး သူဟာ အဘက်ဘက်က အောင်မြင်နေသူတစ်ဦး ဖြစ်ကြောင်း သူ့ရဲ့ အသွင်အပြင်က ဖော်ပြနေပါတယ်။

'ဆရာ တီအိုကင်မ်ဆွန်းရဲ့ အတန်းကို ကျွန်တော်တို့ တက်ခဲ့ရတဲ့ ပထမဆုံးနေ့ကို မှတ်မိသေးလား' လို့ သူက မေးပါတယ်။ သည့်နောက် သူက ဆက်ပြီး 'ဒီတုန်းကဗျာ. . . ကျွန်တော်တို့ရဲ့ အတန်းပိုင်ဆရာ ဘယ်သူများ ဖြစ်မလဲလို့ စိုးရိမ်လိုက်ရတာ၊ ကျွန်တော်တော့ ဆရာ ဖရက်ဒီရှုတင်လို စည်းကမ်းကြီးတဲ့ ဆရာနဲ့ မတွေ့ရပါစေနဲ့လို့ ဆုတောင်းလိုက်ရတာဗျာ'

ကျွန်တော်ဟာ သူပြောတဲ့ ဆရာ ဖရက်ဒီရှုတင်ကို မှတ်မိနေပါတယ်။ သူသင်တဲ့ အတန်းမှန်သမျှဟာ အောင်ချက်ကောင်းတာချည်းပါပဲ။ သို့ပေမဲ့

ဆရာ ဖရက်ဒီဟာ အရိုက်ကြမ်းတဲ့ နေရာမှာတော့ နာမည်ကြီးသူပါ။ ဆရာဟာ ကျောက်သင်ပုန်းဘက် လှည့်ကာ စာသင်နေရာကနေ သူမမြင်ဘူး ထင်ပြီး ဆော့ကစားနေတဲ့ ကျောင်းသားတွေကို ရုတ်တရက်လှည့်ပြီး မြေဖြူနဲ့ ပေါက်လေ့ ရှိပါတယ်။

ဒါ့ကြောင့် အချို့ကျောင်းသားတွေကဆိုရင် ဆရာ ဖရက်ဒီရဲ့ ဦးခေါင်း နောက်ပိုင်းမှာ မျက်စိ ရှိနေတယ်လို့ ရယ်စရာအဖြစ် ပြောခဲ့ကြတယ်။

ကျွန်တော်တို့ရဲ့ အတန်းပိုင်ဆရာ မစ္စတာတီအိုဟာ အတန်းထဲကို ပထမဆုံး ဝင်လာတဲ့နေ့ကို ကျွန်တော် ပြန်လည်သတိရနေပါတယ်။ ကျွန်တော်တို့ဟာ ထိုစဉ်က မစ္စတာတီအိုနဲ့ ပတ်သက်တဲ့ အကြောင်းအချက် မှန်သမျှကို ဘာတစ်ခုမှ မသိကြသေးပါဘူး။ သို့ပေမဲ့ ဆရာတီအိုရဲ့ မျက်နှာပေါ်မှာ ကြင်နာမှုရှိတဲ့ အရိပ်အယောင်တွေကိုတော့ တွေ့ရပါတယ်။

ဒါ့အပြင် ဆရာတီအိုရဲ့ အသံဟာလည်း ပျော့ပျောင်းညင်သာလှပါတယ်။ ဆရာတီအိုကို တွေ့တွေ့ချင်း သိမြင်ရတဲ့ အဆိုပါ အချက်နှစ်ချက်ကြောင့် ကျွန်တော်တို့ဟာ တဒင်္ဂအားဖြင့် စိတ်သက်သာရာ ရခဲ့ကြတယ်။ ဆရာတီအို ဟာ အတန်းထဲကို ရောက်ချိန်မှာ သူ့အရင် ဆရာတစ်ဦးက နံရံမှာ ချိတ်ထား ခဲ့တဲ့ ကြိမ်လုံးကို မြင်တွေ့သွားခဲ့တယ်။

သည်အခါမှာ ဆရာဟာ ကြိမ်လုံးကိုယူပြီး အခန်းထောင့်က ဗီရိုပေါ်ကို တင်လိုက်ပါတယ်။ သည်အဖြစ်ကြောင့် ထိုစဉ်က ကျွန်တော်တို့ ကျောင်းသူ ကျောင်းသားတွေ အားလုံးဟာ အတော့်ကို စိတ်သက်သာရာ ရသွားခဲ့ကြတယ်။

ကျွန်တော့်မိတ်ဆွေကြီးက ထိုအဖြစ်ကို ကျွန်တော် မှတ်မိအောင် ပြန် ပြောပြခဲ့တာပါ။ သည်အချိန်မှာ ဆရာတီအိုနဲ့ ပတ်သက်တဲ့ အကြောင်းအရာ တွေဟာ ကျွန်တော့်ရဲ့ အာရုံထဲကို တစ်ခုပြီးတစ်ခု ဝင်ရောက်လာခဲ့တယ်။

တစ်နေ့မှာတော့ ဆရာက ကျွန်တော်တို့ တစ်တန်းလုံးကို သင်္ချာ စာမေးပွဲ စစ်မယ်လို့ ကြေညာခဲ့တယ်။ ဆရာ့စကားကို ကြားရချိန်မှာ အတန်းတစ်ခုလုံး ညည်းသံညူသံတွေ လွှမ်းမိုးသွားခဲ့ပါတယ်။ သို့ပေမဲ့ ဆရာက ချက်ချင်းပဲ 'သင်္ချာ စစ်ဆေးရာမှာ အောင်မှတ်ရတဲ့ သို့မဟုတ် အမှတ်ကောင်းတဲ့ ကျောင်းသားတွေဟာ ကင်ဒီ (Candy) သကြားချောင်းတစ်ချောင်းစီ ဆုချ ခံရမှာ ဖြစ်တယ်' လို့ ပြောဆိုခဲ့တယ်။

ထိုနေ့က သင်္ချာဖြေဆိုရာမှာ ကျွန်တော်ဟာ ဘယ်ကျောင်းသားမှ ဖြေနိုင် မှာ မဟုတ်တဲ့ ပုစ္ဆာတစ်ပုဒ်တလေကလွဲရင် ပုစ္ဆာအားလုံးကို လွယ်လွယ်ကူကူပဲ ဖြေနိုင်ခဲ့ပါတယ်။

မြန်မာ စာအုပ်များ



နောက်နေ့မှာတော့ သင်္ချာဖြေဆိုရာမှာ ကျွန်တော် ပထမရကြောင်း ဆရာတီအိုက ကြေညာခဲ့ပြီး ကျွန်တော့်ကို ကင်ဒီ သကြားချောင်းတစ်ချောင်း ဆုချီးမြှင့်ခဲ့တယ်။ သည့်နောက် ဆရာဟာ သင်္ချာဖြေရာမှာ အသင့်အတင့် ဖြေနိုင်သူတွေကိုရော လုံးဝနီးနီး မဖြေဆိုနိုင်သူတွေကိုပါ သကြားချောင်း တစ်ချောင်းစီ ဆုချီးမြှင့်ခဲ့တယ်။

နောက်ဆုံးတော့ အဲဒီနေ့က ကျွန်တော်တို့ အတန်းသူ အတန်းသားအားလုံး ဟာ ကင်ဒီသကြားချောင်းတွေ ကိုယ်စီရခဲ့ကြပါတယ်။

ကျွန်တော်ဟာ ဆရာတီအို ရောက်မလာခင်တုန်းကဆိုရင် အတန်းထဲမှာ ပညာရည် အလယ်အလတ်အဆင့်လောက်သာ ရှိသူပါ။ သို့ပေမဲ့ ဆရာ တီအိုက ကျွန်တော့်မှာရှိတဲ့ အရည်အသွေးကို ဖော်ထုတ်ပေးခဲ့ပြီး ကျွန်တော့်ကို အောင်မြင်မှုတွေရအောင် ဆွဲတင်ပေးခဲ့တယ်။

အဲဒီအချိန်က ကျွန်တော်တို့ရဲ့ စင်ကာပူနိုင်ငံဟာ စီးပွားရေးမှာ သိပ်ပြီး မဖွံ့ဖြိုးသေးပါဘူး။ ထိုစဉ်က ကင်ဒီသကြားချောင်းဆိုတာ ကျွန်တော်တို့ ကျောင်းသားတွေ အမြဲစားနိုင်တဲ့ သရေစာ မဟုတ်ပါဘူး။

ဒါကြောင့် ကျွန်တော်ဟာ နောက်ပိုင်းမှာပါ ဆရာတီအို ချီးမြှင့်ခဲ့တဲ့ ကင်ဒီ သကြားချောင်းတွေကို မစားရက်ဘဲ ဗီရိုအံဆွဲတွေထဲမှာရော ခေါင်းအုံး အောက်မှာပါ အမြတ်တနိုး သိမ်းထားခဲ့ပါတယ်။ သို့ပေမဲ့ တစ်နေ့မှာတော့ အမေဟာ ပုရွက်ဆိတ်တွေ နိုင်းချင်းတက်နေတဲ့ အဲဆိုပါ သကြားချောင်းတွေကို တွေ့သွားပြီး လွှင့်ပစ်ခဲ့ပါတယ်။

ဆရာတီအိုဟာ အတန်းထဲရှိ ကျောင်းသားတွေအားလုံးအတွက် အချိန် ပေးခဲ့သလို အဆိုပါ ကျောင်းသားတွေထဲက အရည်အချင်းရှိသူတွေကိုလည်း ဖော်ထုတ်ခဲ့တယ်။

ချန်ဆိုတဲ့ ကျောင်းသားတစ်ယောက်ဆိုရင် သိပ်ကို အစားမက်တဲ့သူပါ။ ဒါ့အပြင် ချန်ဟာ အိမ်စာပေးလိုက်ရင်လည်း ဖြစ်ကတတ်ဆန်းသာ တွက်ချက် လာတတ်ပါတယ်။ ထိုစဉ်က ဆရာဟာ ကျောင်းချိန်ရဲ့အပြင်ဖြစ်တဲ့ အချိန်တွေ မှာတောင် ချန်အတွက် အချိန်ကုန်ခံပြီး သင်ပြခဲ့တယ်။

တစ်နေ့မှာတော့ ဆရာက ကျွန်တော့်ကို တိုးတိုးတိတ်တိတ် ခေါ်ပြီး 'မင်းသူငယ်ချင်း ချန်ဟာ သူ့အနေနဲ့ စာထဲမှာ အခုထက် ပိုအာရုံစိုက်ပြီး ပိုကြိုးစားလာမယ်ဆိုရင် အခုထက် ပိုတော်လာနိုင်တယ်ကွ၊ ဒီတော့ ချန်ကို မင်းပါ ကူပြီး သင်ပေးစမ်းပါကွာ' လို့ ပြောလာပါတယ်။

ကျွန်တော်ဟာ ဆရာ့ပြောစကားကို ကြားရချိန်မှာ အတော့်ကို ဝမ်းသာဂုဏ်ယူမိခဲ့တယ်။ တကယ်တော့ ဆရာဟာ ကျွန်တော့်ရဲ့ အတန်းဖော်တစ်ယောက်ကို သူစာသင်ပြရာမှာ ကျွန်တော့်ကို အားထားယုံကြည်စွာ ကူညီသင်ခိုင်းနေခြင်းပဲ ဖြစ်ပါတယ်။

ထိုနေ့ကစပြီး ချန်ဟာ ကျွန်တော်ရဲ့ တွန်းအားကြောင့် စာကျက်ရာမှာရော၊ သင်္ချာတွေ တွက်ရာမှာပါ ပိုပြီး ကြိုးစားလာခဲ့တယ်။ ချန်ဟာ သူ့မှာရှိခဲ့တဲ့ ပေါ့ပေါ့နေတတ်တဲ့ အလေ့အကျင့်ကို စွန့်ပယ်ခဲ့တယ်။ သည့်နောက်မကြာမီမှာပဲ ချန်ဟာ အတန်းထဲမှာ လူတော်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ယနေ့အချိန်မှာတော့ ချန်ဟာ စင်ကာပူနိုင်ငံရဲ့ အောင်မြင်တဲ့ စီးပွားရေးသမားကြီးတစ်ဦး ဖြစ်နေပါပြီ။

သို့ပေမဲ့ ထိုစဉ်က ကျွန်တော်တို့ရဲ့ အတန်းထဲမှာ ဆရာတီအိုအနေနဲ့ ကိုင်တွယ်လို့ မလွယ်တဲ့ ကျောင်းသားအချို့လည်း ရှိခဲ့တယ်။ ကျွန်တော်တို့အတန်းထဲမှာ ဝမ်ဆိုတဲ့ ကျောင်းသားတစ်ယောက် ရှိပါတယ်။ သူဟာ စာကျက်ပျင်းရုံတင်မကဘူး။ ဆရာ့စကားကိုလည်း နားမထောင်ဘဲ ခံတန်တန်လုပ်တတ်သူပါ။

သူဟာ ဆရာပေးတဲ့ အိမ်စာတွေကို ကြိမ်ဖန်များစွာ မလုပ်ဘဲ နေခဲ့တယ်။ တစ်နေ့မှာတော့ ဆရာက သူ့ကို ဘာကြောင့် အိမ်စာတွေ လုပ်မလာသလဲလို့ မေးခဲ့တယ်။ သည်အခါမှာ ဝမ်က 'ဘာကြောင့်မလုပ်သလဲ ဆိုတာ ပြောရရင်တော့ ဆရာပေးတဲ့ အိမ်စာတွေက သိပ်ကို မတရားများနေလို့ပဲ' လို့ မထီမဲ့မြင်အမူအရာနဲ့ ခပ်မာမာ ပြန်ပြောခဲ့ပါတယ်။

သူ့စကားအဆုံးမှာတော့ သူ့ရဲ့ အပေါင်းအသင်းတွေက သူ့ကို ထောက်ခံတဲ့သဘောနဲ့ တခစ်ခစ် ရယ်ကြပါတယ်။ တချို့ဆိုရင်လည်း ဝမ်ကို တလေးတစားနဲ့ လှမ်းကြည့်ကြတယ်။

ဆရာတီအိုရဲ့ မျက်နှာဟာ နီမြန်းသွားပါတယ်။

သည့်နောက် ဆရာက 'ကောင်းပြီ၊ ဒါဆိုရင် မုန့်စားဆင်းချိန်မှာ မင်းအပြင်မထွက်ရဘူး၊ ဆရာပေးတဲ့ အိမ်စာတွေ ပြီးတဲ့အထိ အကုန်လုပ်ရမယ်၊ အခုချိန်ကစပြီး နေ့စဉ် အိမ်စာလုပ်လို့မပြီးတဲ့ ကျောင်းသားမှန်သမျှ ဘယ်သူမှ နေ့စဉ် မုန့်စားမဆင်းရဘူး' လို့ အမိန့်ထုတ်လိုက်ပါတယ်။

သည်အခါမှာ ကျောင်းသားတွေထဲမှာ မကျေမနပ်နဲ့ ပြောဆိုသံတွေ တီးတိုးပျံ့လွင့်လာခဲ့တယ်။ ဆရာဟာ အခန်းထောင့်က ဗီရိုဆီကို လျှောက်သွားပြီး ဗီရိုပေါ်မှာတင်ထားတဲ့ ကြိမ်လုံးကို ဆွဲယူလိုက်ကာ နံရံမှာ ချိတ်ထားလိုက်

မြန်မာ စာအုပ်များ



ပါတယ်။ ဆရာတီအိုဟာ သူ့ရဲ့ အမိန့်ကို ပြင်ဆင်လျှော့ပေါ့မှာ မဟုတ်ဘူး ဆိုတာကို ကျွန်တော်တို့အားလုံး သဘောပေါက်သွားခဲ့ကြတယ်။

ထိုနေ့ကစပြီး ဝမ်ဟာ ကျွန်တော်တို့တစ်တွေရဲ့ သူရဲကောင်း မဟုတ်တော့ ပါဘူး၊ သူဟာ ဆရာတီအိုရဲ့ ကြိမ်လုံးတန်ခိုးကြောင့် နေ့လယ် မုန့်စား ဆင်းချိန်တွေမှာ ကျွန်တော်တို့နဲ့အတူ မကစားနိုင်တော့ပါဘူး။ သည့်နောက်ပိုင်း မှာတော့ ဝမ်ဟာ ဆရာပေးတဲ့ အိမ်စာတွေကို အိမ်က အပြီးအပြတ်လုပ်လာ ခဲ့ပါတယ်။

ကျွန်တော်က မိမိမှတ်မိနေသေးတဲ့ ကျောင်းသားဘဝက ဖြစ်ရပ်ကလေး တွေကို ပြန်ပြောပြခဲ့တယ်။ သူဟာ ကျွန်တော့်စကားတွေကို ခေါင်း တညိတ်ညိတ်နဲ့ ထောက်ခံရင်း ပြုံးပြုံးကြီး လုပ်နေပါတယ်။

သည်အခါမှာ ကျွန်တော်က 'ဝမ်တစ်ယောက် သူ့ဘဝတစ်လျှောက်လုံးမှာ မစ္စတာတီအိုပေးတဲ့ သင်ခန်းစာကို မေ့မှာ မဟုတ်ဘူးလို့ ကျွန်တော် ပြောရဲ တယ်ဗျာ၊ ဆရာတီအိုဟာ တခြား ကျောင်းသားတွေက သူ့ကို အထင်ကြီး အားကျနေတဲ့အဖြစ်ကို ပြောင်းလဲပစ်ခဲ့တယ်၊ ဒီထက် အရေးကြီးတာကတော့ ဆရာတီအိုရဲ့ လုပ်ရပ်ကြောင့် ဝမ်ဟာ ကျောင်းစာတွေကို အလေးထား ကျက်မှတ်လာပြီး စိတ်သစ်လူသစ် ပြောင်းလဲလာခဲ့တယ်ဗျာ၊ ဒီပြောင်းလဲမှုက နောင်ကာလမှာ သူ့ဘဝကို ပိုပြီး ကောင်းလာစေမှာပဲ' လို့ တောက်လျှောက် ပြောချလိုက်တယ်။

ကျွန်တော့်စကားအဆုံးမှာတော့ ကျွန်တော့်ရဲ့မိတ်ဆွေက 'ခင်ဗျား ပြောတာတွေဟာ လုံးဝ မှန်ပါတယ်ဗျာ၊ တကယ်တော့ ကျွန်တော်တို့ရဲ့ဆရာ မစ္စတာ တီအို ကင်မ်ဆွန်ဟာ တကယ် ကျောင်းဆရာပီသတဲ့ ဆရာတစ်ဦးပါပဲ' လို့ ပြောပါတယ်။

ဆက်လက်ပြီး သူက 'သိပ်မှန်တာပေါ့ဗျာ၊ ဒီတုန်းက ဆရာ့ရဲ့လုပ်ရပ်က ကျွန်တော့်ကို လူသစ်စိတ်သစ်ပြောင်းစေခဲ့တာ အမှန်ပါဗျာ' လို့ ဆက်ပြော ခဲ့ပါတယ်။

*

## လိုက်လွမ်းယူ ထံမှလာသော တယ်လီဖုန်း

စနေနေ့ ရွေးကောက်ပွဲတုန်းက တွေ့ကြုံခဲ့ရတဲ့ ပြဿနာကြောင့် ကျွန်တော့် စိတ်တွေဟာ တနင်္လာနေ့ ရုံးတက်တဲ့အထိ မတည်မငြိမ် ဖြစ်နေခဲ့ပါတယ်။ ကျွန်တော်ဟာ အခြား ဝန်ထမ်းအပေါင်းအသင်းတွေနဲ့အတူ စနေနေ့က ရွေးကောက်ပွဲမှာ တာဝန်ကျခဲ့တယ်။ ကျွန်တော်ဟာ မဲရုံလေးရုံရှိတဲ့ မဲဆန္ဒနယ် တစ်ခုကို ကြီးကြပ် တာဝန်ယူခဲ့ရပါတယ်။

ရွေးကောက်ပွဲ မတိုင်မီမှာ ကျွန်တော်အပါအဝင် တာဝန်ကျသူတွေကို မိမိတို့ရဲ့ လုပ်ငန်းတာဝန်တွေနဲ့ ပတ်သက်ပြီး သက်ဆိုင်သူတွေက ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့တယ်။ ဒါကြောင့် ကျွန်တော်ဟာ မိမိရဲ့ လုပ်ပိုင်ခွင့်တွေဟာ ဘာတွေဆိုတာနဲ့ မိမိ မလုပ်ရမယ့် ကိစ္စတွေဟာ ဘာဖြစ်တယ်ဆိုတဲ့ အချက် တွေကို အသေအချာ သိထားပါတယ်။

ကျွန်တော်ဟာ ရွေးကောက်ပွဲနေ့က မိမိအနေနဲ့ ဥပဒေစည်းမျဉ်းဘောင် အတွင်းက မှန်မှန်ကန်ကန် ဆောင်ရွက်ခဲ့တယ်လို့ အသေအချာ ယုံကြည်ထား တယ်။ သို့ပေမဲ့လည်း ကျွန်တော့်စိတ်ထဲမှာ ကိန်းအောင်းနေတဲ့ စိုးရိမ်မှုတွေ ကတော့ လျော့ပါးမသွားခဲ့ဘူး။

တကယ်တော့ မှန်တာကို လုပ်တိုင်းလည်း အခါခပ်သိမ်း အန္တရာယ် ကင်းတာမှ မဟုတ်ဘဲ။

ရွေးကောက်ပွဲနေ့ မနက်က ကျွန်တော်ဟာ မဲရုံတွေကို လှည့်လည် စစ်ဆေးခဲ့တယ်။ မဲရုံတစ်ရုံ အရောက်မှာတော့ မဲရုံအရာရှိနဲ့ လူတစ်စုတို့ အခြေ အတင် စကားပြောနေကြတာကို တွေ့ရပါတယ်။ ယင်းမဲရုံက တာဝန်ခံ

အရာရှိကို လူတစ်စုက ဒေါသတကြီးနဲ့ တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းပြီး ပြောဆိုနေကြတာပါ။

ကျွန်တော်ဟာ မဲရုံမှူးကို တစ်နေရာခေါ်သွားပြီး ဖြစ်ကြောင်းကုန်စင်ကို မေးလိုက်ပါတယ်။

သည်အခါမှာ မဲရုံမှူးက 'အဆိုပါလူစုက မဲရုံထဲမှာ သူတို့ပါတီမှ အကဲခတ်နှစ်ဦး ထားခွင့်ပြုဖို့ သူ့ကို တောင်းဆိုနေကြတာ ဖြစ်တယ်' လို့ ပြောပြပါတယ်။

ကျွန်တော်က 'မဲရုံတစ်ရုံမှာ အမတ်လောင်းတစ်ဦးအတွက် အကဲခတ်တစ်ယောက်ပဲ ခွင့်ပြုတာမဟုတ်လား' လို့ မေးလိုက်တယ်။

'ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဒါကိုပဲ ရှင်းပြနေတာပါ၊ သို့ပေမဲ့ သူတို့က အတင်းအကျပ် ပြောနေကြတယ်လေ' သည့်နောက် မဲရုံမှူးက ကျွန်တော့် နားနားကို ကပ်ပြီး 'သူတို့က ပီအေပီ (People's Action Party) က လူတွေလေ' လို့ ခပ်တိုးတိုး ပြောပါတယ်။ ပီအေပီဆိုတာက စင်ကာပူနိုင်ငံရဲ့ အာဏာရပါတီပါ။

'ဘယ်ပါတီဖြစ်ဖြစ် အကုန်တန်းတူ အခွင့်အရေးခံစားရမှာပဲ၊ ကျုပ် သူတို့ကို ပြောမယ်' လို့ ကျွန်တော်က ပြောလိုက်တယ်။

သည့်နောက် ကျွန်တော် အဲသည်လူစုကို ရှင်းပြခဲ့တယ်။ ပီအေပီက လူတွေက ကျွန်တော့်ကို တစ်ယောက်တစ်ပေါက်နဲ့ စောဒကတက်ကြပြန်တယ်။ သို့ပေမဲ့ ကျွန်တော်ကတော့ မူဘောင် စည်းမျဉ်းတွေကနေ တစ်ပြားသားမှ အလျှော့မပေးနိုင်ဘူးလို့ ပြောလိုက်ပါတယ်။

သည်အခါမှာ အဲသည်လူစုတွေဟာ မကျေမနပ်နဲ့ မဲရုံကနေ ထွက်ခွာသွားကြတယ်။ သို့ပေမဲ့ မဲရုံဆီကို သူတို့ ပြန်လာကြဦးမယ်ဆိုတာကို ကျွန်တော်တို့ သိထားကြပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ မဲရုံတာဝန်ခံနဲ့အတူ မဲရုံမှာ ထိုင်စောင့်နေခဲ့တယ်။

မဲရုံတာဝန်ခံကတော့ ကျွန်တော် စောင့်နေပေးတဲ့အတွက် သိပ်ကို ကျေးဇူးတင်နေပုံ ရပါတယ်။

တကယ်တော့လည်း သူ စိုးရိမ်တာဟာ အပိုမဟုတ်ဘူး ဆိုတာကို ကျွန်တော် နားလည်ထားပါတယ်။ ပီအေပီဟာ အရပ်ဘက်ဝန်ထမ်းတွေရဲ့ အကြီးအမှူးအစိုးရ ဖြစ်လာဖို့ သေချာသလောက်ဖြစ်နေတဲ့ ပါတီပါ။

လောလောဆယ်မှာကိုပဲ ပီအေပီဟာ မြို့တော်ကောင်စီကို ထိန်းချုပ်ထားနိုင်နေပါပြီ။ ပီအေပီပါတီမှ မြို့တော်ဝန်ရဲ့ သတင်းတွေဆိုရင် နေ့စဉ်

မြန်မာ စာအုပ်များ



ဆိုသလိုပဲ သတင်းစာမျက်နှာဖုံး ခေါင်းစည်းတွေမှာ စာလုံးမည်းကြီးတွေနဲ့ ဖော်ပြခံနေရတယ်။

ဒါ့အပြင် ပီအေပီတွေ မြို့တော်ကောင်စီမှာ အာဏာရလာပြီးနောက် ဝန်ထမ်းတွေဟာ အကြီးအကျယ် အရေးယူဝေဖန်မှုတွေ ခံခဲ့ရပါတယ်။ ဒါ့ကြောင့် အချို့ဝန်ထမ်းတွေဆိုရင် မိမိတို့ အနာဂတ်အတွက် စိုးရိမ်ပူပန်နေကြတယ်။

'အကယ်၍ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ပီအေပီပါတီက လူတွေကို စိတ်ဆိုးအောင်လုပ်ခဲ့မိရင် သူတို့အနေနဲ့ တို့အပေါ် တစ်နည်းနည်းနဲ့ လက်တုံ့ပြန်ကြမှာပဲ'ဆိုတဲ့ အတွေးဟာ ဝန်ထမ်းတွေရဲ့ စိတ်ထဲမှာ ကိန်းအောင်းလျက် ရှိနေပါတယ်။

ခဏအကြာမှာတော့ ကျွန်တော်တို့ မျှော်လင့်ထားတဲ့အတိုင်းပဲ ပီအေပီပါတီက လူတွေ မဲရုံဆီကို ပြန်လာကြတယ်။ သည်တစ်ကြိမ်မှာတော့ ကျွန်တော် မှတ်မိနေတဲ့ သူတို့ပါတီရဲ့ အကြီးအကဲတစ်ဦးလည်း ပါလာပါတယ်။

အဆိုပါ ပုဂ္ဂိုလ်ဟာ စိတ်ဆိုးမာန်ဆိုး အမူအယာနဲ့ ကျွန်တော့်ထံ တန်းတန်းမတ်မတ် လျှောက်လာပြီး 'ဒီမဲရုံမှာ မိမိတို့ပါတီအတွက် အကဲခတ် စောင့်ကြည့်သူနှစ်ဦး ထားခွင့်ပြုဖို့' ပြောလာပါတယ်။

သည်အခါမှာ ကျွန်တော်က ရွေးကောက်ပွဲ စည်းမျဉ်းဥပဒေအရ မဲရုံတစ်ရုံမှာ အမတ်လောင်းတစ်ဦးအတွက် အကဲခတ်စောင့်ကြည့်သူ တစ်ဦးသာ ထားခွင့်ရှိတာမို့ သူတို့ရဲ့ တောင်းဆိုချက်ကို မလိုက်လျောနိုင်ကြောင်း အကြိမ်ကြိမ် အထပ်ထပ် တောင်းပန်ပြောဆိုခဲ့ရပါတယ်။

အဲသည်နေ့က သူတို့လူစုထဲက တစ်ယောက်က ကျွန်တော့်နာမည်ကို ရေးမှတ်သွားခဲ့တယ်။

ရွေးကောက်ပွဲတွေ ပြီးလို့ ရုံးပြန်တက်ခဲ့ရတဲ့ တနင်္လာနေ့မှာပါ။ အထွေထွေ ရွေးကောက်ပွဲမှာ ပီအေပီပါတီ ပြတ်ပြတ်သားသား အနိုင်ရခဲ့တယ် ဆိုတဲ့ သတင်းကိုတော့ ကျွန်တော် ကြားသိပြီးပါပြီ။

ထိုနေ့က ရုံးကို ရောက်ချိန်မှာ ကျွန်တော့်ရဲ့ စားပွဲပေါ်က ဖုန်းခေါ်သံ ပေါ်ထွက်လာတယ်။ တယ်လီဖုန်းကို ကိုင်လိုက်ချိန်မှာတော့ 'ပီအေပီပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ လီကွမ်းယူထံက ဖုန်းလာတယ်၊ ဖုန်းကိုင်ထားပါ' ဆိုတဲ့ စကားသံ ပေါ်ထွက်လာတယ်။

ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ထဲက သွေးတွေအားလုံး အေးခဲသွားခဲ့တယ်။ လီကွမ်းယူဆိုတဲ့ ဧရာမပုဂ္ဂိုလ်ကြီးက ကျွန်တော့်ကို ဖုန်းဆက်တယ်ဆိုတဲ့ စကားကြောင့် ကျွန်တော်ဟာ အထော့်ကို တုန်လှုပ်သွားခဲ့တယ်။ စနေနေ့ ရွေးကောက်ပွဲတုန်းက ပီအေပီပါတီက လူတွေနဲ့ဖြစ်ခဲ့တဲ့ ပြဿနာကြောင့် မစ္စတာလီဟာ စိတ်ဆိုးမာန်ဆိုးနဲ့ ကျွန်တော့်ကို ကြိမ်းမောင်းလေမလား။

သို့မဟုတ် ကျွန်တော့်အဖို့ သည့်ထက်ဆိုးတဲ့အဖြစ်နဲ့ပဲ ကြုံတွေ့ရလေမလား။

ကျွန်တော်ဟာ ကြောက်လန့်တကြားနဲ့ အပြေးအလွှားတွေးနေမိတယ်။ သို့ပေမဲ့ ကျွန်တော့်အဖို့ သိပ်ကြာကြာ မစောင့်ခဲ့ရပါဘူး။ ဖုန်းပေါ်မှာ မစ္စတာလီရဲ့ စကားသံဟာ ချက်ချင်းပေါ် ထွက်လာပါတယ်။

'မစ္စတာကို ရွေးကောက်ပွဲနေ့တုန်းက ခင်ဗျား တာဝန်ယူရတဲ့ မဲရုံတွေထဲက တစ်ရုံမှာ ကျွန်တော်တို့ ပါတီဘက်က ထားချင်တဲ့ အကဲခတ် စောင့်ကြည့်သူ အရေအတွက်နဲ့ ပတ်သက်ပြီး ခင်ဗျားနဲ့ မစ္စတာ*** (ဒီနေရာမှာ စနေနေ့က ကျွန်တော်နဲ့ စကားပြောခဲ့ရတဲ့ ပီအေပီ ခေါင်းဆောင်တစ်ဦးဖြစ်သူရဲ့ အမည်ကို ပြောပါတယ်) တို့ သဘောကွဲလွဲခဲ့ကြတယ်လို့ သိရတယ်'

ကျွန်တော်ဟာ လုံးဝ ဆွံ့အသွားခဲ့ရတယ်။ ကျွန်တော်ဟာ ဘာတစ်ခုမှ တုံ့ပြန် မပြောနိုင်ဘဲ ရှိခဲ့တယ်။ နောက်ဆုံးတော့ ကျွန်တော့်အတွက် ကံကြမ္မာအဆုံးအဖြတ်ဟာ ဆိုက်ရောက်လာခဲ့ပြီပဲလို့ စိတ်ထဲက တွေးလိုက်မိတယ်။ ကျွန်တော်ဟာ မစ္စတာလီထံမှ ထွက်ပေါ်လာမယ့် ကျွန်တော့်အတွက် စီရင်ချက်ကို စိုးရိမ်ကြီးစွာနဲ့ စောင့်ဆိုင်းနေခဲ့တယ်။

သည်အချိန်မှာပဲ မစ္စတာလီက 'မစ္စတာကို၊ ကျုပ်တို့ဘက်က မှားသွားပါတယ်၊ ကျုပ်တို့ပါတီရဲ့ကိုယ်စား ခင်ဗျားကို ကျုပ်တောင်းပန်ပါတယ်' လို့ ပြောဆိုပြီး တယ်လီဖုန်းချသွားပါတယ်။

အထက်ပါ ဖြစ်ရပ်ကလေးကို အရေးမကြီးတဲ့ ဖြစ်ရပ်ကလေးတစ်ခုလို့ ထင်စရာရှိပါတယ်။ သည်လောက် သေးမွှားတဲ့ ဖြစ်ရပ်ကလေးကို မစ္စတာလီကွမ်းယူ ကိုယ်တိုင်ပင် မှတ်မိတော့မယ် မထင်ပါဘူး။

သို့ပေမဲ့ သည်ဖြစ်ရပ်ကလေးက ပီအေပီ ပါတီဝင်တွေဟာ တို့တစ်တွေအပေါ်မှာ ဆရာလုပ်ဗိုလ်ကျနေတယ်လို့ ထင်မြင်နေတဲ့ ကျွန်တော်နဲ့တကွ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ အမြင်ကို ပြောင်းလဲစေခဲ့ပါတယ်။

တကယ်တော့ သည်လူတွေဟာ ကျွန်တော်တို့ရဲ့ မှန်ကန်တဲ့ လုပ်ရပ်ကို ထောက်ခံပြီး သူတို့ မှားတာလုပ်ခဲ့ရင်လည်း အမှားကို စွန့်ခွာဖို့ ဝန်မလေး သူတွေပဲ မဟုတ်ပါလား။

*

## ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစားဖို့

ကျွန်တော်ဟာ ချန်ဂီလေဆိပ်ရဲ့ ခရီးသည် နားနေခန်းတစ်ခုထဲမှာ ထိုင်ရင်း ကမ္ဘာအရပ်ရပ်ကို သွားနေတဲ့ လေယာဉ်တွေကိုကြည့်ကာ အချိန် ဖြုန်းနေမိပါတယ်။ ဒီနေ့မှာ ကျွန်တော်စီးရမယ့် လေယာဉ်ဟာ နောက်ကျမယ်လို့ သိခဲ့ရတယ်။ သို့ပေမဲ့ အစားအသောက် စားသောက်ဖို့ သို့မဟုတ် ဈေးဝယ်ဖို့ အချိန် ရ မရ မသိရတဲ့အတွက် ကျွန်တော်ဟာ လေဆိပ်ဧည့်ခန်းထဲမှာပဲ ယောင်တောင်တောင်နဲ့ ထိုင်နေရပါတယ်။

ကျွန်တော်ဟာ ငွေလဲလှယ်တဲ့ရုံးအနီးမှာ ထိုင်ရင်း ငွေလဲသူတွေကို လေ့လာခဲ့ပါတယ်။ ဈေးဝယ်သူတွေနဲ့ ခရီးသည်တွေဟာ ထိုင်ခုံတွေရဲ့ ကြားလမ်းတစ်လျှောက်ကနေ လေယာဉ်တွေ ထွက်ခွာမယ့် ဝင်ပေါက်တွေဆီကို အပြေးအလွှား သွားနေကြတယ်။

သည်အချိန်မှာ ကလေးမလေးတစ်ဦးကို လက်ကဆွဲပြီး ငွေလဲဌာနဆီကို ဝင်လာတဲ့ အမျိုးသမီးတစ်ဦးကို ကျွန်တော် သတိပြုမိခဲ့တယ်။ သူမဟာ မိမိရဲ့ စင်ကာပူငွေတွေကို အမေရိကန်ဒေါ်လာနဲ့ လဲလှယ်ခဲ့ပါတယ်။ အဆိုပါ အမျိုးသမီးဟာ နိုင်ငံခြားငွေနဲ့ စင်ကာပူငွေအချို့ကို လက်ထဲကိုင်ရင်း ကျွန်တော့်ဘေးနားမှာ ထိုင်လိုက်ပါတယ်။

အမျိုးသမီးဟာ ငွေလဲဌာနက ပေးလိုက်တဲ့ စာရင်းစာရွက်ငယ်ကို လက်ကကိုင်ရင်း သူမ လဲလှယ်ခဲ့တဲ့ငွေတွေကို စစ်ဆေးလျက် ရှိတယ်။ သူမနဲ့ ပါလာတဲ့ သမီးငယ်လေးကလည်း ဂဏန်းတွက်စက်ကလေးတစ်လုံးကို နှိပ်ရင်း သူမရဲ့ မိခင်ကို ကူညီပြီး တွက်ချက်ပေးနေတယ်။

အဆိုပါ သားအမိရဲ့ မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးနေတဲ့ အသွင့်က အထင်သား ပေါ်လွင်လျက် ရှိနေပါတယ်။

'သေတော့ မသေချာဘူး သမီးရဲ့၊ ဒါပေမဲ့ အမေတို့ ငွေလဲခဲ့တာ တစ်ဒေါ်လာလောက် လိုနေတယ်ထင်တယ်' လို့ အမျိုးသမီးက သူမရဲ့ သမီးငယ်ကလေးကို ပြောပါတယ်။

'ဒါဖြင့် သမီးတို့ သူ့ကို ပြန်ပြောရင် မကောင်းဘူးလား မေမေ'

သားအမိနှစ်ဦးဟာ ငွေလဲကောင်တာရှေ့မှာ ရပ်နေတဲ့ လူတန်းကြီးကို လှမ်းကြည့်လိုက်ကြတယ်။ အဲသည်အချိန်မှာ လူတန်းဟာ အတော်ကို ရှည်နေပါပြီ။ ဒါ့အပြင် ကောင်တာမှာ ထိုင်နေတဲ့ ဝန်ထမ်းအမျိုးသမီးကို ကြည့်ရတာလည်း အတော့်ကို အလုပ်ရှုပ်နေပုံရပါတယ်။

'ကိစ္စမရှိပါဘူး ဂျင်နီရယ်၊ ငွေက သိပ်မများလှပါဘူး၊ ပြီးတော့ တကယ်မှားမမှားလည်း သေချာတာမှ မဟုတ်တာ'

သားအမိနှစ်ဦးဟာ အကောက်ခွန်လွတ် အရောင်းဆိုင်ဘက်ကို လျှောက်သွားရင်းနဲ့ ပါးစပ်ကလည်း သူတို့လဲခဲ့တဲ့ ငွေတွေကို တွက်ချက် ရေရွတ်နေပါတယ်။

သည်လိုနဲ့ ခပ်လှမ်းလှမ်းအရောက်မှာ အဆိုပါ သားအမိနှစ်ဦးဟာ ရုတ်တရက် ရပ်တန့်လိုက်ပြီး နောက်ဘက်ကို ရေးကြီးသုတ်ပျာနဲ့ ပြန်လျှောက်လာတာတွေ့ရတယ်။ သားအမိနှစ်ယောက်ရဲ့ လှုပ်ရှားမှုတွေကို မြင်နေရတဲ့ ကျွန်တော်ဟာ 'အမျိုးသမီးအနေနဲ့ ငွေလဲရာမှာ လိုနေတဲ့ငွေကို ပြန်တောင်းဖို့ စိတ်ဆုံးဖြတ်လိုက်တဲ့အတွက် အခုလို ပြန်လှည့်လာတာလား၊ ဒါမှမဟုတ် အမျိုးသမီးအနေနဲ့ ငွေလဲခဲ့စဉ်တုန်းက မူလက မိမိထင်ထားတာထက် ပိုလျော့နည်းပြီး ရခဲ့တာကို ခုမှတွေ့မိလို့လေလား' စသည်ဖြင့် တွေးနေမိတယ်။

သားအမိနှစ်ဦးဟာ ငွေလဲလှယ်တဲ့ ရုံးကလေးရှေ့မှာ အမောတကောနဲ့ ရပ်လိုက်ကြတယ်။ အဲသည်အချိန်မှာ ငွေလဲရုံးရှေ့မှာ တန်းစီနေသူတွေ မရှိကြတော့ပါဘူး။

'ကျွန်မတို့ ရှင်ပေးတဲ့ ငွေလဲစာရင်းစာရွက်ကလေးကို သေသေချာချာ ဖတ်ကြည့်ပါတယ်၊ ရှင် ကျွန်မတို့ကို ငွေလဲပေးရာမှာ မှားပြီး ပေးခဲ့တာကို ကျွန်မတို့ တွေ့ရတယ်ရှင့်' လို့ အမျိုးသမီးက အသက် ဖုတ်လှိုက်ဖုတ်လှိုက် ရှူရင်း ပြောနေပါတယ်။

မြန်မာ စာအုပ်များ



သည့်နောက် အဲသည့်အမျိုးသမီးက ငွေလဲစာရင်း ဖြတ်ပိုင်းစာရွက်ကလေးကို ထုတ်ပြခဲ့တယ်။

သည်အခါမှာ ငွေကိုင်စာရေးမရဲ့ မျက်နှာဟာ သုန်မှုန်သွားပါတော့တယ်။ စာရေးမက မျက်မှောင်ကြုတ်လိုက်ပြီး 'ဝမ်းနည်းပါတယ်ရှင်၊ ရှင် ကောင်တာက ထွက်ခွာသွားပြီးတဲ့ အချိန်ကစပြီး အလုပ်ကိစ္စဟာ ပြီးဆုံးသွားပါပြီ၊ ကျွန်မတို့ အနေနဲ့ ငွေတစ်ဆင့်တောင် နောက်ထပ် မပေးနိုင်ပါဘူး' လို့ ခပ်ဆတ်ဆတ် ပြောလိုက်ပါတယ်။

သည်အခါမှာ ခရီးသည်အမျိုးသမီးက 'ကျွန်မတို့ အခုလာတာ ရှင့်ဆီက ထပ်တောင်းဖို့လာတာ မဟုတ်ပါဘူး၊ ခုလာတာက ငွေပြန်ပေးဖို့ လာတာပါ၊ ရှင် ကျွန်မတို့ကို ငွေပိုတွက်ပေးလိုက်တယ်ဆိုတာ သိသိချင်း ခုလိုလာပြီး ပြန်ပေးတာပါ' လို့ ပကတိရိုးသားတဲ့မျက်နှာနဲ့ တုံ့ပြန် ပြောခဲ့ပါတယ်။ သည်အခါမှာ သမီးငယ်ဖြစ်သူ ဂျင်နီလေးက 'ဟုတ်တယ် အန်တီ၊ အန်တီ သမီးတို့ကို ငွေလဲပေးတုန်းက နှစ်ဒေါ်လာပိုပေးခဲ့တယ်၊ မေမေကလေ သမီးတို့ကို အမြဲတမ်း ရိုးသားရမယ်လို့ ပြောခဲ့တာ၊ ဒါကြောင့် ဟောဒီမှာ အန်တီ ပိုအမ်းလိုက်တဲ့ငွေ' လို့ ဝင်ပြောရင်း ငွေကို ပြန်ပေးပါတယ်။

ငွေကိုင်စာရေးမဟာ မျက်မှောင်ကြုတ်နေရာကနေ ပြုံးလိုက်ပြီး ဂျင်နီလေး လက်က ငွေကို လှမ်းယူလိုက်တယ်။

'ကျင့်ဝတ်ကောင်းတစ်ခုကို ကျင့်သုံးလိုက်တာပါပဲ၊ ဒီငွေက ဘာမှမရှိပါဘူး၊ ရှင်တို့အခုလို ဒုက္ခခံပြီး အမောတကောနဲ့ ပြန်လာပြီး ပေးရတာ ကျွန်မ အပြစ်ကြောင့်ပဲ'

သည်အခါမှာ အမျိုးသမီးက 'တကယ်တော့ ရှင့်ကြောင့်ချည်း မဟုတ်ပါဘူး၊ ဟောဒီ သမီးလေးကြောင့်လို့ပြောရင် ပိုမှန်မှာပါ' လို့ ပြောရင်း သူမရဲ့ သမီးလေး ဂျင်နီကို မျက်လုံးဝင့်ကာ ကြည့်လိုက်တယ်။

အမျိုးသမီးရဲ့ စကားအဆုံးမှာ ငွေကိုင်စာရေးမဟာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပါတယ်။ တကယ်တော့ သူမဟာလည်း မိခင်တစ်ဦးဖြစ်တဲ့အတွက် ဂျင်နီလေးရဲ့မိခင်ဖြစ်သူ အမျိုးသမီးရဲ့မေတ္တာကို သဘောပေါက် နားလည်မိပါတယ်။

ဂျင်နီလေးရဲ့ မိခင်ဟာ သူမရဲ့ သမီးငယ်လေးကို သူတစ်ပါးငွေကို အချောင်မယူရဘူး ဆိုတဲ့ စိတ်ဓာတ်ရေးရာ ကျင့်ဝတ်ကောင်းတစ်ခုကို သွတ်သွင်းပေးလိုက်တဲ့အတွက် ယခုလို ဆောင်ရွက်ခဲ့တယ်ဆိုတာကို သူမ သဘောပေါက်လာခဲ့တယ်။

ငွေလဲကောင်တာက အမျိုးသမီးက 'ကျင့်ဝတ်ကောင်းတစ်ခုအတွက် ပေါ့နော်' လို့ လှမ်းပြောလိုက်တယ်။ သည်အခါမှာ ဂျင်နီရဲ့ မိခင်က 'ဟုတ်ပါတယ် စိတ်ဓာတ်ရေးရာ ကျင့်ဝတ်ကောင်းတစ်ခု အတွက်ပါ' လို့ လှိုက်လှိုက်လှဲလှဲ ပြုံးပြရင်း ပြန်ပြောခဲ့ပါတယ်။

*

## တန်ဖိုးအရှိဆုံး အချိန်လေး

ရှိုင်းဟာ ယခုနှစ်အတွက် အပန်းဖြေခရီးထွက်ဖို့ ခွင့်လျှောက်လွှာကို ရေးရင်းနဲ့ မနှစ်က အပန်းဖြေခရီးထွက်ခဲ့တဲ့ အဖြစ်တွေကို တွေးမိရာကနေ ပီတိတွေ ဖြာဝေလာပါတော့တယ်။ သူဟာ မနှစ်က အပန်းဖြေ အနားယူခဲ့စဉ်က ရောက်ရှိခဲ့တဲ့ နယူးဇီလန်နိုင်ငံက အဲလ်လပ်စ်တောင်တန်းတွေနဲ့ ဒန္နူဘီ မြစ်ကြီးကို ပြန်လည် မြင်ယောင်လာမိတယ်။ သည်အဖြစ်ကြောင့် သူ့ရဲ့ မျက်နှာပေါ်မှာ အပြုံးရိပ်တွေ ဝေဖြာလာခဲ့တယ်။

ရှိုင်းဟာ သူ့ရဲ့ ခွင့်လျှောက်လွှာကို သူ့ဆရာဖြစ်တဲ့ ကုမ္ပဏီချယ်ယာမင် မစ္စတာလင်းမ်ရဲ့ ရှေ့ကို ချလိုက်ပါတယ်။ မစ္စတာလင်းမ်ဟာ ရှိုင်းရဲ့ ခွင့်လျှောက်လွှာကို လက်မှတ်ရေးထိုးနေခိုက်မှာပဲ သက်ပြင်းရှည်ကြီး ချလိုက်တယ်။

သည့်နောက် မစ္စတာလင်းမ်က ‘ကျုပ်လည်း အားလပ်ရက် ခံစားနိုင်တဲ့ ဘဝမျိုးကို ရောက်ချင်တယ်ဗျာ၊ အထွေထွေမန်နေဂျာကြီးတောင် ခွင့်ယူပြီး အပန်းဖြေခရီး ထွက်နေပြီ၊ ခင်ဗျားတို့အားလုံး ကံကောင်းကြတယ်ဗျာ၊ ခင်ဗျား တို့တွေကတော့ ကြိုက်တဲ့အချိန်မှာ အနားယူနိုင်ကြတယ်’ လို့ ရေရွတ်ပြောကြား ခဲ့တယ်။

မစ္စတာ လင်းမ်ကို ကြည့်ရတာ မောပန်းနွမ်းနယ်နေပုံ ရပါတယ်။ ပြီးတော့ လည်း သူဟာ မဆုံးနိုင်တဲ့ စိုးရိမ်ကြောင့်ကြမှုတွေရဲ့ ဖိစီးနှိပ်စက်နေတာကို ခံနေရသလိုပါပဲ။

တကယ်တော့ မစ္စတာလင်းမ်မှာ စွမ်းပကားနဲ့ လိုအပ်တဲ့ ဇာစ်မြစ် ပစ္စည်းတွေ အပြည့်အဝ ရှိနေတယ်။ သူဟာ စီးပွားရေး အင်ပါယာကြီး

တစ်ခုကို ထိန်းချုပ်ထားသူပါ။ သူဟာ သူလိုချင်တဲ့ အရာမှန်သမျှကို ရနိုင်တဲ့ သူပါ။

သို့ပေမဲ့ မစ္စတာလင်းမ်ဟာ နေထွက်တဲ့အချိန်ကစပြီး မိုးစုပ်စုပ်ချုပ်သည့်တိုင် အလုပ်ခွင်ထဲမှာ ကျေးကျွန်တစ်ဦးပမာ မနားတမ်း အလုပ် လုပ်သူပဲ ဖြစ်ပါတယ်။ သူဟာ နံနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေကို အလုပ်ခွင် အစည်းအဝေးတွေ၊ ညှိနှိုင်းပွဲတွေလုပ်ရင်း စားလေ့ရှိပါတယ်။

မစ္စတာလင်းမ် သွားလေရာမှာ သူ့ရဲ့ လက်ဆွဲသေတ္တာကိုင်သူတွေနဲ့ သက်တော်စောင့်တွေ လိုက်ပါတတ်တယ်။ တကယ်တော့ လင်းမ်အနေနဲ့ သည်လို သက်တော်စောင့်တွေထားတာဟာ သူ့ကိုမုန်းတဲ့ ရန်သူတွေ ရှိနေလို့ မဟုတ်ပါဘူး။ သူဟာ မိန်းမ၊ အရက်၊ လောင်းကစားနဲ့ အခြား မကောင်းမှုတွေကို လိုက်စားသူ မဟုတ်ပါဘူး။

လင်းမ်ဟာ သူလုပ်ခဲ့တဲ့ မကောင်းမှုတစ်စုံတစ်ရာအတွက် နောက်ကြောင်းမအေး ဖြစ်နေရသူ မဟုတ်ပါဘူး။ တကယ်တမ်း လင်းမ်စိုးရိမ်တာ တစ်ခုကတော့ သူ့ကို ပြန်ပေးဆွဲပြီး ပြန်ပေးရွေးခငွေတောင်းမယ့် အဖြစ်ကိုပါပဲ။ တကယ်တော့ သူသည်လို စိုးရိမ်တာဟာ အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ ယနေ့ကာလမှာ သူ့လောက်မှ ငွေကြေး မချမ်းသာသူအချို့တောင် ပြန်ပေးဆွဲခံခဲ့ကြရတာပဲ။

တကယ်တော့ မစ္စတာလင်းမ်လို ပုဂ္ဂိုလ်ကြီးကို အထူးသဖြင့် ကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့ ပတ်သက်လာရင် ဘယ်သူမှ အကြံဉာဏ် မပေးဝံ့ကြပါဘူး။ သို့ပေမဲ့ မစ္စတာလင်းမ်ရဲ့ ကိုယ်ရေးအတွင်းရေးမှူးဖြစ်သူ မစ္စတာရှိုင်းကတော့ သူ့ဆရာကို အကြံဉာဏ်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်။

တစ်နေ့မှာ ရှိုင်းဟာ မစ္စတာလင်းမ်အနားကို ချဉ်းကပ်ပြီး 'ဆရာလင်းမ်ခင်ဗျား၊ ဆရာ အနားယူ အပန်းဖြေခရီးထွက်ဖို့ ကိစ္စကို ဘယ်အရာကမှ မတားဆီးနိုင်ပါဘူး၊ ဆရာ့အနေနဲ့ လုပ်ချင်တာကို လုပ်နိုင်ပါကယ်၊ ဆရာကိုယ်တိုင် ဆုံးဖြတ်ချက်ချရမယ့် ကိစ္စတွေကိုလည်း ရွှေ့ဆိုင်းထားနိုင်တာပဲ၊ လူတွေက ဆရာ ဆုံးဖြတ်ချက်ချတဲ့အထိ စောင့်နေကြမှာပါ၊ ဒါမှ မဟုတ်ရင်လည်း ဆရာ့အနေနဲ့ အခြားလူတစ်ယောက်ကို တာဝန်လွှဲပေးနိုင်တာပဲ၊ ဆရာမရှိတဲ့ ကာလအတွင်းမှာ ကုမ္ပဏီအနေနဲ့ အနည်းအကျဉ်းလောက် ဆုံးရှုံးနိုင်ပါတယ်၊ သို့ပေမဲ့ ဒါဟာ တကယ့်တမ်း အလေးထားရမယ့်ကိစ္စ မဟုတ်ပါဘူး၊ ဘာပဲပြောပြော ဆရာ့အနေနဲ့ အနားယူဖို့ လိုနေပါပြီ'

မြန်မာ စာအုပ်များ



ရှိုင်းရဲ့ စကားအဆုံးမှာတော့ မစ္စတာလင်းမ်ဟာ ဘာမှမပြောဘဲ ငြိမ်နေပါတယ်။ သည်အခါမှာ မိမိရဲ့ စကားလုံးတွေဟာ ပစ်မှတ်ကို ထိမှန်နေပြီဆိုတာကို သိလိုက်တဲ့ မစ္စတာရှိုင်းက ဆက်လက်ပြီး 'ဆရာလင်းမ်၊ ဆရာဟာ ကိုယ့်ကိုယ်ကိုယ် ပင်ပန်းအောင် လုပ်ခဲ့တာ များလှပါပြီ၊ တကယ်လို့ ဆရာသာ နေထိုင်မကောင်းဖြစ်ခဲ့ရင် ကုမ္ပဏီအဖို့ ဒီထက်ဆိုးတဲ့ အဖြစ်နဲ့ ကြုံရတော့မှာပေါ့၊ အင်မတန်မှ စွမ်းရည်ထက်လှပါတယ်ဆိုတဲ့ စက်တွေတောင် တစ်ခါတစ်ရံမှာ ဆေးကြော မွမ်းမံရတာတွေ ရှိသေးတာပဲ' လို့ ပြောချလိုက်ပါတယ်။

ခဏတာ ငြိမ်သက်နေပြီးနောက် မစ္စတာလင်းမ်က 'ကျုပ်တက်ရမယ့် အစည်းအဝေးတွေက အများကြီးပဲ'လို့ ပြောလာပါတယ်။ သို့ပေမဲ့ နောက်ဆုံးမှာတော့ မစ္စတာ လင်းမ်ဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုတာလို အလုပ်တာဝန်တစ်ခုကို ထမ်းဆောင်ရင်း အပန်းဖြေခရီးထွက်ဖို့ သဘောတူခဲ့တယ်။

'ကျုပ် မဲလ်ဘုန်းကို သွားဖို့ ဆုံးဖြတ်ထားတယ်၊ ဟိုမှာရှိတဲ့ ကျုပ်တို့ လုပ်ငန်းရဲ့ အစုစပ်ဝင်တွေက လုပ်ငန်းချဲ့ချင်ကြတယ်၊ မဲလ်ဘုန်းမှာ ဗုဒ္ဓဟူးနဲ့ ကြာသပတေး နှစ်ရက် အစည်းအဝေး လုပ်ဖို့ရှိတယ်၊ ဒီတော့ အဲဒီရက်သတ္တပတ်အဆုံးမှာ ကျုပ်အနေနဲ့ အပန်းဖြေနိုင်မှာပေါ့ဗျာ' လို့ မစ္စတာလင်းမ်က ပြောလာပါတယ်။

အဲသည်လို ပြောနေစဉ်မှာ မစ္စတာ လင်းမ်ရဲ့ မျက်နှာပေါ်မှာ အပြုံးရိပ်တွေ လွှမ်းနေပါတယ်။ ရှိုင်းဟာ မစ္စတာလင်းမ် ဝမ်းမြောက်ကြည်နူးနေတာကို ကြည့်ရင်းနဲ့ 'အင်း အဘိုးကြီးဟာ သုံးရက်ကလေး နားရမှာတောင် ကြိုတင်ကြည်နူးနေလိုက်တာ၊ အဲလေ လုံးဝ မနားတာနဲ့စာရင် သုံးရက်လည်း မဆိုးပါဘူး' လို့ တစ်ကိုယ်တည်း တွေးလိုက်မိတယ်။

နောက် ငါးရက် အကြာမှာတော့ မစ္စတာလင်းမ်က မဲလ်ဘုန်းက ပြန်ရောက်လာတယ်။ ကုမ္ပဏီရုံးခန်းထဲသို့ ဝင်လာစဉ်မှာ မစ္စတာ လင်းမ်ရဲ့ မျက်နှာဟာ ပြုံးပြုံးကြီး ဖြစ်နေပါတယ်။ ရှိုင်းဟာ မစ္စတာလင်းမ်ကို ကြည့်ရင်းနဲ့ မစ္စတာလင်းမ်လည်း သူ ဩစတြေးလျသွားခဲ့စဉ် အခေါက်တွေတုန်းကလို ပင်လယ်ကမ်းခြေတွေ၊ ပျော်ရွှင်ဖွယ်ကမ္ဘာတွေ၊ တောင်ကုန်းတွေနဲ့ ယာခင်းတွေဆီကို သွားရောက် အပန်းဖြေခဲ့မှာပဲလို့ တွေးနေမိတယ်။

ဒါ့ကြောင့် ရှိုင်းဟာ သူ့ဆရာအနား ချဉ်းကပ်သွားပြီး 'သောကြာ၊ စနေနဲ့ တနင်္ဂနွေရက်တွေမှာ ဆရာဘယ်လို အပန်းဖြေခဲ့တယ်ဆိုတာ ပြောပြပါဦး ဆရာ' လို့ မေးလိုက်ပါတယ်။

'သောကြာနေ့မှာလား၊ ကျုပ်တို့ရဲ့ လုပ်ငန်းဆွေးနွေးပွဲတွေ သောကြာမှာလည်း ဆက်ခဲ့ကြတယ်လေ'

'ဒါဖြင့် ဆရာ အပန်းဖြေဖို့ စနေနဲ့ တနင်္ဂနွေ နှစ်ရက် ကျန်သေးတာပဲ'

'အဲဒီလိုလည်း မဟုတ်ပြန်ဘူးဗျ၊ ဩစတြေးလျက ကျုပ်တို့ မိတ်ဆွေတွေက ကျုပ်ကို အလန်ဝုဒ်ဆိုတဲ့ မိတ်ဆွေသစ်တစ်ဦးနဲ့ မိတ်ဆက်ပေးတယ်ဗျာ၊ အလန်ဝုဒ်ကတော့ ဩစတြေးလျမှာ သိုးမွေးထည်တွေ အကြီးဆုံးထုတ်လုပ်သူပဲ၊ သူကလည်း နိုင်ငံခြားက အစုစပ်လုပ်မယ့်သူ ရှာနေတာဆိုတော့ အံကိုက်ဖြစ်သွားတာပေါ့၊

'. . . ဒါကြောင့် ကျုပ်တို့ စနေနေ့မှာ တွေ့ကြပြီး သူ့လုပ်ငန်းတွေကို သွားကြည့်ကြတယ်၊ သည့်နောက်တော့ သူနဲ့ သဘောတူစာချုပ်တစ်ခု ချုပ်ကြတယ်လေ'

'ကောင်းလိုက်လေ ဆရာရယ် ဒါဖြင့် ဆရာ့အတွက် တနင်္ဂနွေ တစ်ရက်တော့ ကျန်သေးတာပဲ၊ ဆရာဘာလုပ်သလဲ၊ အဲဒီနေ့မှာ ဆရာ ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်မှုတွေ ခံစားစေပြီး အပန်းဖြေခဲ့မှာပေါ့'

မစ္စတာလင်းမ်ရဲ့ မျက်နှာပေါ်မှာ အပြုံးရိပ်တွေ လွှမ်းလာပါတယ်။ အဲသည်နေ့မှာတော့ မစ္စတာလင်းမ်အနေနဲ့ သေချာပေါက် အပန်းဖြေခဲ့လိမ့်မယ်လို့ ရှိုင်းရဲ့ စိတ်ထဲမှာ တွေးနေမိတယ်။ ရှိုင်းဟာ ထိုနေ့က မစ္စတာလင်းမ် တစ်ယောက် အပျော်စီး ရွက်သင်္ဘောတစ်စီးကို စီးရင်းပဲ အပန်းဖြေခဲ့လေမလား။ တကယ့် သူဌေးကြီးတွေနဲ့ နာမည်ကျော်ပုဂ္ဂိုလ်တွေသာ သွားရောက်နိုင်တဲ့ အလွန်လှပတဲ့ ပင်လယ်သောင်ကမ်းခြေမှာရှိတဲ့ အပန်းဖြေစခန်းတစ်ခုခုကို သွားရောက်ခဲ့လေမလား၊ သို့မဟုတ် သာမန်လူတွေ လက်လှမ်းမမီနိုင်တဲ့ စိတ်ကို အားဖြည့် အပန်းဖြေတဲ့ နည်းလမ်းတစ်ခုခုနဲ့ မိမိရဲ့ စိတ်ကို လန်းဆန်းစေခဲ့မလား စသည်ဖြင့် တွေးနေမိတယ်။

လုပ်ငန်းရှင် သူဌေးကြီး မစ္စတာလင်းမ်ကတော့ ရေငုံနှုတ်ပိတ်နေဆဲပဲဖြစ်တယ်။ သို့ပေမဲ့ သူ့မျက်နှာမှာတော့ အပြုံးရိပ်တွေ ဆက်လက်ဝေဆာနေဆဲပါပဲ။

ရှိုင်းဟာ မဲလ်ဘုန်းက စင်ကာပူ ပြန်ရောက်တဲ့တိုင်အောင် ပီတိတွေ ဝေနေဆဲဖြစ်တဲ့ မစ္စတာလင်းမ်ရဲ့မျက်နှာကို မြင်တွေ့ရတာကြောင့် သူ့စိတ်ထဲမှာ မဲလ်ဘုန်းခရီးစဉ်အတွင်း မစ္စတာလင်းမ်တစ်ယောက် ဘယ်လို နည်းလမ်းတွေနဲ့ အပန်းဖြေခဲ့သလဲ ဆိုတာကို သိပ်ကို သိချင်လာပါတယ်။

ဒါ့ကြောင့် ရှိုင်းက 'ဆရာလင်းမ် တနင်္ဂနွေနေ့က ဆရာကြုံတွေ့ခဲ့တဲ့ ထူးဆန်းတဲ့ အတွေ့အကြုံတွေအကြောင်း တပည့်ကြီးကို နည်းနည်း ပြောပြပါလား ဆရာ' လို့ မစ္စတာ လင်းမ်ကို မေးလိုက်တယ်။

သို့ပေမဲ့ မစ္စတာလင်းမ်ကတော့ ကျေနပ်နှစ်သိမ့်မှု အပြည့်နဲ့ ပြုံးနေဆဲပါ။ ဒါကြောင့် ရှိုင်းရဲ့ စိတ်ထဲမှာ ပိုပြီး သိချင်လာပါတယ်။

'ဆရာ့ကို ဩစတြေးလျမှာရှိတဲ့ ကျွန်တော်တို့ မိတ်ဆွေတွေက တစ်နေရာရာကို ခေါ်သွားမှာပေါ့နော်' လို့ ရှိုင်းက အလေးသုံးဆယ် မေးလိုက်တယ်။

'ဟုတ်တယ်၊ သူတို့ ကျုပ်ကို မနက်ပိုင်း အပျော်စီးသင်္ဘောနဲ့ ခေါ်သွားကြတယ်လေ၊ အဲဒီ ခရီးက ပျော်စရာကောင်းပေမယ့် သိပ်တော့ မဟုတ်သေးဘူး၊ ဒီနောက်ပိုင်းမှ တကယ့်ပျော်ရွှင်မှုကို ကျုပ်ခံစားခဲ့ရတာ၊ ကျုပ်က သူတို့ကို အဲဒီနေ့ရဲ့ ကျန်အချိန်တွေမှာ ကျုပ် တစ်ယောက်တည်း အနားယူချင်တယ်လို့ ပြောလိုက်တယ်ဗျာ'

'အဲဒီနောက် ဆရာ လှပတဲ့ရှုခင်းတွေ သွားကြည့်ခဲ့သလား၊ ဒါမှမဟုတ် ကပွဲဖြစ်ဖြစ် အခြားတစ်နေရာဖြစ်ဖြစ် သွားခဲ့မှာပေါ့'

မစ္စတာ လင်းမ်က သူ့ရဲ့ခေါင်းကို ခပ်လေးလေး ခါရမ်းလိုက်ပါတယ်။

'အမိန့်ရှိပါ ဆရာရယ်၊ ဆရာ့ကို ဘယ်လိုအရာကများ ဒီလောက်တောင် ပျော်ရွှင်အောင် ဖန်တီးနိုင်ခဲ့တာလဲ'

ရှိုင်းရဲ့ စကားအဆုံးမှာတော့ မစ္စတာ လင်းမ်ဟာ ခဏတာမျှ နှုတ်ဆွံ့နေခဲ့ပါတယ်။ သည့်နောက်မှ

'ဒီပျော်ရွှင်မှုကို ခင်ဗျား နားလည်အောင် ကျုပ် ရှင်းပြနိုင်ပါ့မလား ဆိုတာကိုတော့ အတပ်မပြောနိုင်ဘူး၊ အဲဒီ အခွင့်အရေးတွေကို ခင်ဗျား သဘောပေါက်မှာ မဟုတ်ဘူးဗျ၊ အဲဒီနေ့က ကျုပ်တစ်ယောက်တည်း ဟိုတယ်က ထွက်လာခဲ့တယ်၊ ကျုပ် ပင်လယ်ကမ်းခြေဆီကို လျှောက်သွားခဲ့တယ်၊

'ကျုပ် တစ်ယောက်တည်းမှ တကယ့်ကို တစ်ယောက်တည်းရယ်၊ ကျုပ်အနားမှာ သက်တော်စောင့်တစ်ယောက်မှ မပါဘူး၊ အဲဒီအချိန်ဟာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျုပ်ရဲ့ ပတ်ဝန်းကျင်မှာ ကျုပ်ကို မှတ်မိတဲ့လူ၊ သိတဲ့လူ တစ်ယောက်မှမရှိတဲ့ အချိန်ပေါ့ဗျာ၊

'. . . ကျုပ်ဟာ ကမ်းခြေမှာရှိတဲ့ ဆိုင်ကလေးတစ်ဆိုင်ကနေ ကတော့ ခွက်နဲ့ ရေခဲမုန့်ကလေးတစ်ခု ဝယ်လိုက်တယ်၊ ဒီနောက်တော့ အဲဒီ ရေခဲမုန့်ကို စားရင်းနဲ့ လူသူကင်းမဲ့တဲ့ ကမ်းခြေတစ်လျှောက်မှာ စိမ်ပြေနပြေ လမ်းလျှောက်ခဲ့တယ်ဗျာ'

မြန်မာ စာအုပ်များ



ရှိုင်းဟာ နိုင်ငံတကာ ကုမ္ပဏီကြီးတစ်ခုရဲ့ ဥက္ကဋ္ဌဖြစ်သူ ပုဂ္ဂိုလ်ကြီးဟာ သူ့ရဲ့ အရေးအပါဆုံးသော အချိန်တစ်ချိန်မှာ ဘယ်လို ပျော်ရွှင်မှုများတွေ ခံစားခဲ့သလဲဆိုတဲ့ နောက်ဆက်တွဲ အကြောင်းအရာတွေကို ကြားသိချင်နေပါတယ်။

သို့ပေမဲ့ မစ္စတာ လင်းမ်ကတော့ စကားမဆက်တော့ပါဘူး။ ကုမ္ပဏီ ဥက္ကဋ္ဌကြီးရဲ့ ဘဝမှာ ရှားရှားပါးပါး ခံစားခဲ့တဲ့ ပျော်စရာ အချိန်ကလေးကတော့ ထိုမျှသာပါပဲ။

*

## အထီးကျန် မြို့ပြလုပ်သား

သူဟာ မိမိတစ်ကိုယ်တော် နေထိုင်တဲ့ အခန်းကျဉ်းကလေးထဲက ခပ်သုတ်သုတ် ထွက်လာခဲ့တယ်။ သူ့အနေနဲ့ အမှုဆောင် အရာရှိတွေရဲ့ ကော်ဖီချိန် အမီတော့ ရောက်ဖို့လိုပါတယ်။ အနည်းဆုံး သူ့ဆရာ မရောက်မီပေါ့။

သူဟာ အမ်အာရ်တီ (MRT) ရထားဘူတာရုံဆီကို ခပ်သွက်သွက် သွားနေကြသူတွေကို ကျော်တက်ပြီး ဘူတာဆီကိုသွားခဲ့တယ်။ သူတို့ရဲ့ မျက်နှာတွေဟာ သူ့အတွက် ရင်းနှီးပြီးသားပါ။ သို့ပေမဲ့ သူတို့က သူ့ကို ဘယ်တုန်းကမှ မနှုတ်ဆက်ခဲ့သလို သူကလည်း သူတို့ကို မနှုတ်ဆက်ခဲ့ပါဘူး။

တကယ်တော့ သည်လို နှုတ်ဆက်ဖို့လည်း လိုအပ်တာမှ မဟုတ်တာ။ ဘယ်သူကမှ ထုတ်ဖော်ပြောမထားတဲ့ နားလည်မှုက ရှိပြီးသားပါ။ မလိုအပ်တဲ့ စကားတွေ တစ်ခွန်းမှ မပြောကြဖို့ပါပဲ။ လူတိုင်းဟာ တက်သုတ်ရိုက်နေကြတဲ့ အတွက် ဘယ်သူမှ သာယာမှုတွေကို မခံစားနိုင်ကြပါဘူး။

သည်အချိန်မှာပဲ ရထားဆိုက်ရောက်လာတယ်။ သူဟာ လူအုပ်ကြီးနဲ့ အတူ ရထားတွဲထဲကို ရောက်ရှိသွားခဲ့တယ်။ ရထားတွဲထဲမှာတော့ သူတို့အားလုံးဟာ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ် ရပ်နေကြတယ်။

ဘယ်သူ့ဘယ်သူမှ သတိမထားမိကြပါဘူး။ ဘယ်သူတစ်ဦး တစ်ယောက်ကမှ စကားတစ်ခွန်း မပြောပါဘူး။ တစ်ယောက်ကို တစ်ယောက် မျက်လုံးချင်းလည်း မကြည့်ကြပါဘူး။ တကယ်လို့ တစ်ဦးတစ်ယောက်က အခြားတစ်ယောက်ကို မတော်တဆ စိုက်ကြည့်မိခဲ့ရင်လည်း အပြစ်တစ်ခုကို ကျူးလွန်

မြန်မာ စာအုပ်များ



မိသလို မိမိရဲ့ အကြည့်ကို ချက်ချင်း လွှဲဖယ်ပစ်ကြတယ်။ လူတိုင်းဟာ အမ်အာရ်တီ ရထားစီးနေစဉ်မှာ စာနဲ့ ရေးမထားတဲ့ အဆိုပါ ကျင့်ဝတ်တွေကို လိုက်နာခဲ့ကြတယ်။

အလုပ်ခွင်ကနေ အိမ်ပြန်ချိန်မှာလည်း အမ်အာရ်တီရဲ့ စည်းကမ်းချက်တွေက ပြောင်းလဲမှု မရှိပါဘူး။ ရထားပေါ်မှာ ရေငုံနှုတ်ပိတ်ထားရမယ် ဆိုတဲ့ စည်းကမ်းက အလိုလို တည်ရှိနေပါတယ်။

တကယ်တော့ အမ်အာရ်တီရထား စီးနေစဉ်မှာ သူ့အနေနဲ့ အခြားခရီးသွားဖော် တစ်ဦးဦးကို သိပ်ကို စကားပြောချင်တဲ့ အချိန်မျိုးတွေ ရှိခဲ့ဖူးပါတယ်။

သူ ရာထူးတိုးမြှင့်ခံခဲ့ရတဲ့ နေ့ကဆိုရင် အဲသည်ကိစ္စကို တစ်စုံတစ်ယောက်ကို ပြောပြချင်တဲ့ ဆန္ဒတွေဟာ သူ့ရင်ထဲမှာ ဗလောင်ဆူလျက် ရှိခဲ့တယ်။ ထိုနေ့က သူထိုင်နေတဲ့ ခုံတန်းနဲ့ မျက်နှာချင်းဆိုင်ခုံတန်းမှာ ထိုင်နေတဲ့ မိန်းကလေးတစ်ယောက်ကို သူ သတိပြုမိခဲ့ပါတယ်။

သည်မိန်းကလေးရဲ့ မျက်နှာဟာ ခင်မင်တတ်တဲ့ မျက်နှာပါပဲ။ ဒါကြောင့် သူဟာ မိန်းကလေးကို ပြုံးပြလိုက်တယ်။ သို့ပေမဲ့ မိန်းမပျိုက သူ့ကို မယုံကြည်တဲ့ အကြည့်နဲ့ တုံ့ပြန်ခဲ့တယ်။ သူမရဲ့ မျက်လုံးတွေက အထိတ်တလန့်ဖြစ်မှုနဲ့ မနှစ်မြို့မှုတွေကို ဖော်ပြနေပါတယ်။ တကယ်တော့ သူဟာ စည်းကမ်းချက်ကို ချိုးဖောက်ခဲ့ပြီး သူမရဲ့လွတ်လပ်မှုကို ထိပါးခဲ့တာပဲ မဟုတ်ပါလား။

သည်အချိန်မှာ သူကိုယ်တိုင်ကလည်း သည်မိန်းကလေးအပေါ် မတော်တရော် ပြုမိခဲ့သလို ခံစားလာရတယ်။ ဒါကြောင့် မိန်းကလေးဟာ နေရာကထပြီး မိမိကို ဆူပူရန်တွေ့လေမလားလို့ သူ့အနေနဲ့ မဝံ့မရဲ မျှော်လင့်လိုက်မိတယ်။ သို့ပေမဲ့ မိန်းမပျိုဟာ သူ မျှော်လင့်သလို ရန်မတွေ့ခဲ့ပါဘူး။ တကယ်တော့ မိန်းကလေး ကိုယ်တိုင်ကလည်း သည်လိုရန်တွေ့လိုက်ရင် စည်းကမ်းချိုးဖောက်ရာ ရောက်သွားမယ့်အဖြစ်ကြောင့် ရန်မတွေ့ခဲ့တာ ဖြစ်နိုင်ပါတယ်။

ထိုအဖြစ်ကြောင့် သူဟာ သင်ခန်းစာသစ်တစ်ခုကို ရခဲ့ပါတယ်။ ရထားပေါ်မှာ ရေငုံနှုတ်ပိတ်ကာ နေထိုင်ခြင်းဟာ အထူး စောင့်ထိန်းအပ်တဲ့ မွန်မြတ်သော စည်းကမ်းချက်တစ်ရပ် ဖြစ်တယ်ဆိုတာကို သူ နားလည်လိုက်ပါတယ်။

သည့်နောက်မှာတော့ လုပ်ငန်းခွင်အတွင်းမှာ သူ့ရဲ့ ကြမ္မာဟာ ညှိုးမှိန်လာခဲ့တယ်။ လုပ်ငန်းခွင်ထဲကို သူ့ထက်ပိုပြီး လုပ်ရည်ကိုင်ရည် ရှိတဲ့သူတွေ ရောက်လာကြတယ်။

တစ်ညနေ အိမ်ပြန်ချိန်မှာတော့ သူ့ရဲ့စိတ်ထဲမှာ သိပ်ကို အထီးကျန်ဆန်နေသလို ခံစားလာရတယ်။ သူဟာ မိမိကိုယ်မိမိ အပယ်ခံတစ်ယောက်လို

မြန်မာ စာအုပ်များ



ခံစားလာမိတယ်။ သည်ခံစားချက်တွေ ပြင်းထန်လာချိန်မှာတော့ သူ့စိတ်ထဲမှာ ဘဝတူ လူသားတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး ဆက်သွယ်ချင်တဲ့ ဆန္ဒတွေ ပေါ်ပေါက်လာတယ်။ အခြား လူသားတစ်ဦးဦးက သူ့ကို ကြင်ကြင်နာနာနဲ့ ထိတွေ့ဆုပ်ကိုင်တာမျိုး၊ ဒါမှမဟုတ် သူကိုယ်တိုင်က အခြားလူသားတစ်ဦးဦးရဲ့ လက်ကို ဆုပ်ကိုင်လိုက်တာမျိုးပေါ့။

သူဟာ ရထားတွဲထဲမှာရှိတဲ့ လူတွေရဲ့ မျက်နှာတွေကို လှည့်ပတ်ကြည့်လိုက်တယ်။ အားလုံးဟာ အိပ်ပျော်နေကြသလို သို့မဟုတ် အိပ်ချင်ဟန်ဆောင်နေကြသလိုပါပဲ။ အချို့က စာဖတ်နေကြပြီး အချို့ကတော့ ဘာမှမရှိတဲ့ လဟာပြင်ထဲကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေကြပါတယ်။

သို့ပေမဲ့ သူ့ဘေးက သားသည် မိခင်နဲ့တူတဲ့ အမျိုးသမီးတစ်ဦးကတော့ အခြားသူတွေနဲ့စာရင် ကြင်နာတတ်ပုံရတယ်လို့ သူ အကဲခတ်လိုက်မိတယ်။

သူဟာ ရုတ်ခြည်းပဲ သူမရဲ့လက်ကို မိမိရဲ့လက်ချောင်းတွေနဲ့ ထိလိုက်ပါတယ်။ အမျိုးသမီးကတော့ မျက်တောင်တစ်ချက်မျှ မခတ်ပါဘူး။ သူမဟာ သူ့ကို လှည့်စောင်းလို့တောင် မကြည့်ပါဘူး။ သို့ပေမဲ့ သူမက နှုတ်ခမ်း မလှုပ်ဘဲနဲ့ ခပ်တိုးတိုး ပြောလာပါတယ်။

'ငါ့လက်ကို ထပ်ထိဦးလေ၊ အယုတ်တမာကောင်၊ နေရာက ထခုန်ပြီး ငါ့ကို မဟားတရားလုပ်တယ်လို့ အော်လိုက်မယ်'

သူဟာ ထိတ်လန့်တုန်လှုပ်စွာနဲ့ မိမိလက်ကို ရုပ်လိုက်ပါတယ်။

သည်လိုနဲ့ပဲ နှစ်တွေ ကုန်လွန်ခဲ့ပါတယ်။ တစ်နေ့မှာတော့ အမှုဆောင်အရာရှိချုပ်က သူ့ကိုခေါ်ပြီး 'ဌာနရဲ့ အရှုံးအစားကို လျှော့ချပစ်မှာ ဖြစ်တဲ့အတွက် သူ့ကို အလုပ်က ထုတ်ပယ်ပစ်ဖို့ ဆုံးဖြတ်ထားကြောင်း' ပြောခဲ့ပါတယ်။

ထိုနေ့ဟာ သူ့အဖို့ မြို့ပြလုပ်သားတစ်ယောက်ဘဝမှာ နောက်ဆုံး နေခွင့်ရခဲ့တဲ့ နေ့ပါ။

သူ့ရဲ့ ဦးခေါင်းတစ်ခုလုံးဟာ ချာချာလည်နေသလို သူ့ရဲ့ နှလုံးသားဟာလည်း ကွဲကြေနေပါတယ်။ သူဟာ မြို့ပြလုပ်သား တစ်ယောက်အနေနဲ့ အိမ်ပြန်ရတဲ့ နောက်ဆုံးခရီးစဉ်အဖြစ် အမ်အာရ်တီရထားပေါ်မှာ လိုက်ပါလာပါတယ်။

သူဟာ ရေနစ်နေသူတစ်ဦးလို ခံစားလာမိတယ်။ သူ့ကို ဖေးကူပေးမယ့် အကူအညီတစ်ခုခု လိုအပ်နေပါပြီ။ ခုတစ်ကြိမ်မှာတော့ ဘာပဲဖြစ်ဖြစ် အခြား

လူသားတွေနဲ့ အပြန်အလှန် ဆက်သွယ်မှုတစ်ခုခုတော့ ရအောင် ဆောင်ကြဉ်းတော့မယ်လို့ သူ ဆုံးဖြတ်လိုက်မိတယ်။

သူဟာ အမ်အာရ်တီ ရထားအတွင်း လှည့်ပတ်ကြည့်လိုက်တယ်။ လူတွေ ပြည့်ကျပ်နေတာ သူတွေ့ရတယ်။ သို့ပေမဲ့ ဒါဟာ တကယ်ကော ဟုတ်ရဲ့လား လို့ သူတွေးလိုက်မိတယ်။ ရထားတွဲထဲမှာ လူတစ်ယောက်မှ မရှိဘဲ မိမိ တစ်ဦး တည်းပဲ ရှိနေရော့သလားလို့ သူ စဉ်းစားနေမိတယ်။

သည့်နောက် သူဟာ ကျယ်ကျယ်လောင်လောင် ငိုချလိုက်ပါတယ်။ ပြီးတော့ ရှိုက်ကာရှိုက်ကာ ငိုပြန်ပါတယ်။ အခြားခရီးသည်တွေက သူ့ကို မိမိတို့ အလယ်ကို ရုတ်တရက်ရောက်လာတဲ့ မျိုးမတူ ဇာတ်ခြားသူတစ်ဦးပမာ ဝိုင်းကြည့်တယ်။ သို့ပေမဲ့ သူတို့ဟာ သူ့အနားက ထွက်ခွာမသွားကြသလို သူ့ရဲ့အနီးကိုလည်း ဘယ်သူမှ တိုးကပ်မလာကြပါဘူး။

'နှုတ်ဆက်ခဲ့ပါတယ် ခရီးသွားဖော်တို့ရေ၊ နောက်နေ့ကစပြီး ခင်ဗျားတို့ ကျွန်တော့်ကို မြင်တွေ့ရတော့မှာ မဟုတ်ပါဘူး၊ သူတို့ ကျွန်တော့်ကို အလုပ်က ထုတ်လိုက်ကြပြီဗျာ'

သူက ခရီးသွားဖော်တွေအားလုံးကို ကြေညာလိုက်ပါတယ်။ သူ့ရဲ့ ကွဲအက်ကြေမွနေတဲ့အသံဟာ တိတ်ဆိတ်နေတဲ့ အမ်အာရ်တီ ရထားအတွင်း ပျံ့နှံ့သွားပါတယ်။

သူဟာ မိမိပတ်ဝန်းကျင်က မျက်နှာတွေကို အကဲခတ်ကြည့်လိုက်တယ်။ သည်မျက်နှာတွေကို သူကောင်းကောင်း မှတ်မိနေတာပေါ့။ သူတို့ဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုလုံးလုံး သူနဲ့အတူ အမ်အာရ်တီရထားကို စီးခဲ့ကြသူတွေပဲ။

သို့ပေမဲ့ ယခု နောက်ဆုံး အချိန်တိုင်အောင် သူဟာ ထိုသူတွေနဲ့ မျက်လုံးချင်းပင် မဆုံမိခဲ့ပါဘူး။ ဒါဟာ ဘာကြောင့်လဲဆိုတာကို သူ သဘောပေါက်လာခဲ့တယ်။

တကယ်တော့ သူဖြစ်စေ သူတို့ဖြစ်စေ သည်နေရာမှာ မရှိလို့ ဖြစ်မှာပါ။ သို့ပေမဲ့ သူကတော့ တကယ် ရှိနေတာပဲ။ ဒါဆိုရင် သူတို့အားလုံးရဲ့ တည်ရှိမှုဟာ တကယ်မရှိတဲ့ လှည့်ဖြားမှုတစ်ရပ်ပဲ ဖြစ်မှာပါပဲ။ ဒါမှမဟုတ်ရင်လည်း သူတို့ဟာ မိမိရှိနေတဲ့အဖြစ်ကို သတိမထားမိတာလည်း ဖြစ်နိုင်တယ်။ ဒါမှ မဟုတ် အဲဒါတွေအားလုံး တစ်ခုမှ မဟုတ်တာလည်း ဖြစ်နိုင်တယ်။

အတွေးမျိုးစုံက သူ့ရဲ့ အာရုံကို ရှုပ်ထွေးနောက်ကျိစေလျက် ရှိပါတယ်။

သည်အချိန်မှာ ရထားဟာ ဘူတာတစ်ခုကို ဆိုက်ခဲ့တယ်။ အဲသည်ဘူတာရုံကို ဆိုက်လျှင်ဆိုက်ချင်းမှာပဲ ရထားပေါ်က လူတွေအားလုံးဟာ အလု

မြန်မာ စာအုပ်များ



အယက် ဆင်းသွားခဲ့ကြတယ်။ သူတို့ထဲက ခပ်များများဟာ မိမိတို့ဆင်းရမယ့် ဘူတာ မရောက်မီမှာ ဆင်းခဲ့ကြတာပါ။

တကယ်တော့ ယင်းလုပ်ရပ်က သူ့ကို မနှစ်မြို့ကြောင်း ပြတာဖြစ်ပေမယ့် ခရီးဖော်တွေအားလုံးဟာ သူ့ကို ယင်းလုပ်ရပ်နဲ့ အသိအမှတ်ပြုခဲ့ကြပါပြီ။ သည်လောကမှာ သူဟာ တကယ် တည်ရှိနေပါတယ်။ အလားတူ သူတို့လည်း တကယ် တည်ရှိနေတာပဲပေါ့။

သူကတော့ မိမိအနေနဲ့ မြို့ပြလုပ်သားတစ်ဦးအဖြစ် ဆက်လက်ရပ်တည်ခွင့်မရတော့တဲ့အချိန်မှာမှ မိမိ ခရီးသွားဖော်တွေရဲ့ အသိအမှတ်ပြုမှုကို ခံယူရရှိခဲ့တဲ့ အဖြစ်ကြောင့် ဝမ်းနည်းပက်လက် ဖြစ်နေပါတယ်။

ယခုတော့လည်း အမ်အာရ်တီ ရထားထဲမှာ သူတစ်ယောက်တည်းပဲ အထီးကျန်စွာ ရှိနေပါတယ်။ ဒါကြောင့် သူဟာ အမ်အာရ်တီ ခရီးသည်တွေရဲ့ လက်စွဲဆောင်ပုဒ်ဖြစ်တဲ့ 'ရေငုံ နှုတ်ပိတ်နေရမယ်' ဆိုတဲ့ ကျင့်စဉ်အတိုင်း ရထားတွဲထဲမှာ ငူငူငိုင်ငိုင်နဲ့ ထိုင်ရင်း လိုက်ပါခဲ့ပါတယ်။

*

# ကျွန်တော်တို့ မေ့ခဲ့သူများ

ပစိဖိတ်စစ်ပွဲကြီး ပြီးစက ကျွန်တော်တို့ဟာ မနီလာမြို့ရှိ ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်းမှာ ဖက်ဆစ်ဂျပန်တွေ ကျူးလွန်ခဲ့တဲ့ လူသတ်ပွဲကြီးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ကြက်သီးမွေးညင်းထဖွယ် ကြားသိခဲ့ကြရပါတယ်။ သို့ပေမဲ့ အလားတူ သတင်းမျိုးတွေကို အခြားနေရာ အတော်များများမှာလည်း ကြားခဲ့ရတဲ့အတွက် လူတွေဟာ မကြာမီမှာပဲ ဖိလစ်ပိုင် လူသတ်ပွဲသတင်းကို မေ့ပျောက်သွားခဲ့ကြပါတယ်။

သို့ပေမဲ့ ဖိလစ်ပိုင် လူသတ်ပွဲကြီး ဖြစ်ပွားခဲ့ပြီးနောက် ဆယ်စုနှစ်လေးခုကြာ ကာလဖြစ်တဲ့ ၁၉၈၄ ခုနှစ် အရောက်မှာတော့ ကျွန်တော်ဟာ အဆိုပါ လူသတ်ပွဲကြီးနဲ့ ပတ်သက်စရာ အဖြစ်မျိုး ကြုံလာရပါတယ်။ ထိုနှစ်က ကျွန်တော်ဟာ စင်ကာပူနိုင်ငံမှာ စိန့်ဂျိုးဇက် ကျောင်းသစ် တစ်ကျောင်း ဆောက်လုပ်ရေးအတွက် ရန်ပုံငွေကောက်ခံရေး တာဝန်ကို ယူခဲ့ရတယ်။

ကျွန်တော်ဟာ ရန်ပုံငွေရရှိရေးအတွက် အလှူရှင်တွေ ထည့်ဝင်လိုစိတ် ထက်သန်လာအောင် လှုံ့ဆော်ရမယ့် အချက်တွေကို ရှာဖွေခဲ့တယ်။ ထိုစဉ်မှာပဲ ကျောင်းအုပ်ဟောင်းဖြစ်သူ ဘရာသာ ပက်ထရစ်လိုးက လွှန်ခဲ့တဲ့ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်က ဖိလစ်ပိုင်နိုင်ငံ ဒီလာဆဲလ် (DeLaSalle) ကောလိပ်မှာ ခရစ်ယာန်ဘရာသာတွေရဲ့ အာဇာနည်ပီသတဲ့ စွန့်လွှတ်မှုအကြောင်း ရေးသားထားတဲ့ 'ဤမြင့်မြတ်သော ခန်းမဆောင်များ' (There Hallowed Halls) ဆိုတဲ့ စာအုပ်ကို ကျွန်တော့်ထံ ပေးပို့ခဲ့ပါတယ်။

တစ်ညနေမှာ ကျွန်တော်ဟာ နိုင်ငံခြားကခေါ်မယ့် ဖုန်းကို စောင့်ရင်း အဆိုပါစာအုပ်ကို ဖတ်ဖြစ်ခဲ့တယ်။

စာအုပ်ကိုဖတ်ပြီး မကြာမီမှာပဲ ဒီလာဆဲလ် ကောလိပ်ကျောင်းအတွင်းမှာ အသတ်ခံခဲ့ကြရတဲ့ ဘရာသာတွေထဲက ၁၀ ဦးခန့်ဟာ စင်ကာပူမှာ စာသင်ခဲ့တယ်ဆိုတာ သိရှိလာရတယ်။ သည့်နောက် စာအုပ်ကို ဆက်ဖတ်မိချိန်မှာတော့ ကျွန်တော်ဟာ စိတ်ဝင်စားစရာ အကြောင်းအရာတွေကို ပိုမိုတွေ့လာရတယ်။

ပစိဖိတ်စစ်ပွဲရဲ့ နောက်ဆုံး နေ့ရက်တွေအတွင်းက သာသနာပြုဘုန်းတော်ကြီးတစ်ပါးဖြစ်တဲ့ ဖရန့်စစ်ဂျေ၊ ကော့စ်ဂရေ့ဖ်နဲ့ ဘရာသာ ၁၇ ဦးတို့ဟာ ဖိလစ်ပိုင်ဘုရားကျောင်းထဲမှာ ရှိနေခဲ့ကြတယ်။ ယင်း ဘရာသာတွေဟာ အိုင်ယာလန်လို ကြားနေနိုင်ငံနဲ့ ဂျာမနီလို ဂျပန်ရဲ့ မဟာမိတ်နိုင်ငံတွေမှ ဖြစ်ကြပါတယ်။

သူတို့အပြင် ကျောင်းထဲမှာ ခိုလှုံနေသူ ၅၀ ခန့်လည်း ရှိနေတယ်။ အဆိုပါ ခိုလှုံသူတွေထဲမှာ အကွီနို၊ ကားလို့စ်၊ ကိုဂျူအန်ကို၊ ယူချူကိုနဲ့ ဗက်ဇ်ကွတ်ဇ်ပရာဒါတို့လို ဖိလစ်ပိုင်နိုင်ငံရှိ လူသိများတဲ့ မိသားစုဝင်တွေ ပါဝင်ကြတယ်။

ကြမ္မာမုန်တိုင်း မတိုက်ခတ်မီ ရက်အနည်းငယ်က သူတို့အတွက် စိုးရိမ်တဲ့ ဂျပန်အရာရှိတစ်ဦးက သူတို့ကို ဘုရားကျောင်းထဲက လွတ်ရာ လွတ်ကြောင်း ထွက်ပြေးကြဖို့ တိုက်တွန်းခဲ့ပါသေးတယ်။ ထိုဂျပန်အရာရှိက စစ်ပွဲမှာ ရှုံးနိမ့်ခဲ့ရတဲ့အဖြစ်ကြောင့် မနီလာရှိ ဂျပန်စစ်သားတွေရဲ့ အခြေအနေဟာ ထိန်းမနိုင်သိမ်းမရ ဖြစ်နေပြီလို့ ပြောကြားခဲ့တယ်။

သို့ပေမဲ့ ထိုသူတွေဟာ ပုန်းခိုစရာ လုံခြုံစိတ်ချရတဲ့နေရာ ရှာမတွေ့တဲ့အတွက် ဘုရားကျောင်းထဲမှာပဲ ဆက်ပြီး နေထိုင်ခဲ့ကြပါတယ်။

ဘရာသာ ဒါရိုက်တာဖြစ်တဲ့ ဘရာသာ အက်ခ်ဘတ်ဖေးဗီးယားက သည်နေရာမှ တကွဲတပြားစီ ထွက်ပြေးကြမယ့်အစား ကျောင်းဝင်းထဲမှာပဲ အသေခံကြဖို့ ပြောကြားခဲ့တယ်။ သည့်နောက် ဘရာသာတွေအားလုံး ကျောင်းထဲမှာ ဆက်နေဖို့ ဆုံးဖြတ်ခဲ့ကြတယ်။

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာ ကြမ္မာဆိုးဟာ ကျရောက်လာခဲ့ပါတယ်။ ဂျပန်စစ်ဗိုလ်တစ်ဦး ခေါင်းဆောင်တဲ့ ဂျပန်စစ်သား ၂၀ ခန့် ဘုရားကျောင်းထဲ ဝင်လာခဲ့တယ်။

သူတို့ဟာ ကလေးငယ်တွေနဲ့ အမျိုးသမီးတွေပါမကျန် မြင်မြင်သမျှကို သတ်ဖြတ်ခဲ့ကြတယ်။ သည့်နောက် ဂျပန်တွေဟာ မြေတိုက်ခန်းထဲကို

မြန်မာ စာအုပ်များ



ဆင်းသွားကြတယ်။ ဂျပန်စစ်သားတွေဟာ မြေတိုက်ခန်းထဲမှာ ဖာသာ ကော့စ်ဂရော့ဖ်နဲ့အတူ ပုန်းနေကြတဲ့ မိသားစုအချို့ကို တွေ့သွားကြတယ်။ ဂျပန်တွေဟာ အားလုံးကို လှံစွပ်နဲ့ ထိုးသတ်ခဲ့တယ်။

စစ်သားအချို့ဟာ တရားသူကြီး ဂျိုစ်ကားလိုစ်ရဲ့ ဇနီး ဂျူအန်နီတာနဲ့ သူ့ရဲ့ သားငယ်လေးကို ခြေရာခံမိသွားကြတယ်။ ဂျပန်တွေဟာ မစ္စကားလို့စ်ကို ဖမ်းမိခဲ့ပြီးနောက် ပစ်သတ်ခဲ့ကြတယ်။ သည်အခါမှာ အနားမှာရှိနေတဲ့ ဘရာသာ ဘက်ပ်တစ်ဒီ လာဘာလီဂျားနို့စ်ဟာ ကလေးငယ်ကို ပွေ့ချီပြီး ထွက်ပြေးခဲ့တယ်။ ဘရာသာဘက်ပ်တစ်ဟာ အခန်းတစ်ခန်းထဲအရောက်မှာ ကလေးငယ်ကို မွေ့ရာနဲ့ဖုံးပြီး အပေါ်က သူ့ကိုယ်နဲ့ကွယ်ကာ အိပ်နေခဲ့တယ်။

ဘရာသာ ဘက်ပ်တစ်ကို တွေ့သွားတဲ့ စစ်သားတွေဟာ သူ့ကို လှံစွပ်နဲ့ ထိုးသတ်ခဲ့ကြတယ်။ မွေ့ရာအောက်က ကလေးငယ်ဟာ လွတ်မြောက်ခဲ့ပါတယ်။

ဂျပန်တွေ အောက်ထပ်မှာ လူသတ်ပွဲ ဆင်နွှဲနေစဉ် ဘုရားကျောင်း အပေါ်ထပ်မှာ ဘရာသာအချို့ ရှိနေပါတယ်။ ထိုအထဲက ဘရာသာနှစ်ဦး ကတော့ ဂျာမန်လူမျိုးတွေဖြစ်ကြတဲ့ ဘရာသာ ဗစ်တိုးရီးနပ်စ်ပိုင်းရစ် ဖြစ်ပြီး နောက်တစ်ဦးက ဘရာသာတွေထဲမှာ တစ်ဦးတည်းသော အသက်ရှင်ကျန်ခဲ့သူ ဖြစ်တဲ့ အန်တိုနီးယပ်စ် ဗွန်လီဆပ်စ်တို့ ဖြစ်ကြပါတယ်။

ယင်း ဘရာသာနှစ်ဦးအပါအဝင် အခြား ဘရာသာတွေဟာ ဝတ်ကျောင်း ငယ်ကလေးထဲ ဝင်ပြေးကာ ပုန်းအောင်းခဲ့ကြတယ်။ ဂျပန်တွေက ဝတ်ကျောင်း ငယ်ကလေးအနီး ချဉ်းကပ်လာရင်းနဲ့ တွေ့သမျှ လူတွေကို သတ်ဖြတ်ခဲ့ကြ ပြန်တယ်။ သူတို့ဟာ ကားလို့စ်ရဲ့ သမီးသုံးယောက်အနက် နှစ်ဦးကို သတ်ခဲ့ ကြတယ်။

သည့်နောက် ဂျပန်တွေဟာ ဝတ်ကျောင်းငယ်ကလေး ဘေးမှာရှိတဲ့ အခန်း တစ်ခန်းထဲ ပုန်းနေကြတဲ့ ကိုဂျူအန်ဂိုမိသားစုနဲ့ အကွီနို မိသားစုဝင်တွေကို လှံစွပ်တွေနဲ့ ထိုးသတ်ခဲ့ကြပြန်ပါတယ်။

ဂျပန်တွေဟာ ဝတ်ကျောင်းငယ်ကလေးထဲ ဝင်ခဲ့ကြတယ်။ ဝတ်ကျောင်း ငယ်ထဲမှာ ပုန်းအောင်းနေတဲ့ ဘရာသာတွေအနက် အသက် ၂၉ နှစ်ရှိ ဘရာသာ အယ်လီမွန်လူစီယန်ဟာ ရှေ့ကိုထွက်လာပြီး သူ့ရဲကောင်းပီသစွာနဲ့ လူသတ်သမားတွေကို တားခဲ့တယ်။ ဘရာသာ လူစီယန်ဟာ ဂျပန်တွေကို ကိုယ်ထိလက်ရောက်ပင် တိုက်ခိုက်ခဲ့ပါတယ်။

သည်အခါမှာ လူသတ်အဖွဲ့ခေါင်းဆောင် ဂျပန်စစ်ဗိုလ်ဟာ သူ့ရဲ့ ဆာမူရိုင်းဓားကို ထုတ်လိုက်ပြီး ဘရာသာ အယ်လီမွန် လူစီယန်ကို နှစ်ပိုင်းပြတ်အောင် ခုတ်သတ်ခဲ့တယ်။

သည့်နောက် ဂျပန်တွေဟာ ကျန်တဲ့ ဘရာသာတွေကိုလည်း လှံစွပ်တွေနဲ့ ထိုးသတ်ခဲ့တယ်။ ဘရာသာတွေဟာ နောက်ဆုံး ထွက်သက်ရှူနေရစဉ်မှာတောင် မိမိတို့ကို သတ်ဖြတ်သူတွေအတွက်ရော အခြားသူတွေအတွက်ပါ ဆုတောင်းပေးခဲ့ကြတယ်။

ဝတ်ကျောင်းငယ်ကို ဂျပန်တွေ တိုက်ခိုက်စဉ်မှာ ဘရာသာ အန်တိုနီယပ် ဗွန်ဂျီးဆပ်စ်ဟာ လှံစွပ်ဒဏ်ရာ ရှစ်ချက်ရခဲ့ပေမဲ့ ထူးဆန်းစွာ အသက်ရှင်နေခဲ့ပါတယ်။ သူနဲ့အတူ ဘရာသာကော့စ်ဂရော့စ်ဟာလည်း အသက်ရှင်ခဲ့ပါတယ်။

စာအုပ်ကို ဖတ်ပြီးချိန်မှာတော့ ကျွန်တော့်ရဲ့ စိတ်ထဲမှာ အပြင်းအထန်နာကျင်ခံစားလာရတယ်။ သနားကြင်နာစိတ်တွေ၊ ကြေကွဲဝမ်းနည်းမှုတွေဟာ ကျွန်တော့်ရဲ့ စိတ်သန္တာန်မှာ ရစ်ပတ်ငြိတွယ်လာခဲ့တယ်။ ကျွန်တော့်စိတ်ထဲမှာ ပစိဖိတ်စစ်ပွဲကြီးပြီးစက ကျောင်းထဲမှာ အသက်စွန့်ခဲ့ကြတဲ့ ဘရာသာတွေအပေါ် တာဝန်မကျေခဲ့သလို ခံစားလာမိတယ်။

တကယ်တော့ ဒီလာဆဲလ်ကျောင်းမှာ ဖြစ်ပွားခဲ့တဲ့ ရက်စက်မှုကြီးဟာ ကျွန်တော်တို့ လုံးလုံးမေ့ပျောက်ခဲ့တဲ့ အာဇာနည်တွေရဲ့ သတ္တိပြောင်လှတဲ့ စွန့်လွှတ်မှုကြီးတစ်ရပ်ပဲ မဟုတ်ပါလား။ သို့ပေမဲ့ ကျွန်တော်တို့ဟာ အဆိုပါ အာဇာနည်တွေအတွက် အထိမ်းအမှတ် တစ်ခုခုတောင် လုပ်မပေးခဲ့ကြပါဘူး။

ကျွန်တော်ဟာ အာဇာနည်တွေရဲ့ ဖြစ်ရပ် နောက်ဆက်တွဲတွေနဲ့ ဓာတ်ပုံတွေရှိရာ နေရာကို လှန်လိုက်မိပါတယ်။ ကျွန်တော့်ရဲ့ လက်က မိဝေးဖဝေးနဲ့ တိုင်းတစ်ပါးမှာ အာဇာနည်တွေအဖြစ် ကျဆုံးခဲ့ကြရတဲ့ ခရစ်ယာန်ဘရာသာများကျောင်းမှ ဘရာသာ ၁၆ ဦးရဲ့ ဓာတ်ပုံတွေကို လှန်လိုက်မိတယ်။

ကျွန်တော်ဟာ အာဇာနည် ဘရာသာတစ်ဦးစီရဲ့ ဓာတ်ပုံတွေကို စေ့စေ့စပ်စပ် ကြည့်နေမိပါတယ်။ ပထမ ၁၅ ဦးရဲ့ မျက်နှာတွေကတော့ ကျွန်တော့်အဖို့ သူစိမ်းပြင်ပြင်တွေပါ။ သို့ပေမဲ့ နောက်ဆုံးတစ်ယောက်ရဲ့ မျက်နှာကို ကြည့်လိုက်မိချိန်မှာတော့ ကျွန်တော်ဟာ အကြီးအကျယ် တုန်လှုပ်သွားမိပါတယ်။

သူဟာ ၁၉၃၈ ခုနှစ်က စိန့်ဂျိုးဇက်ကျောင်းမှာ ကျွန်တော့်ကို ပညာသင်ပေးခဲ့တဲ့ ဆရာ ဘရာသာ ဗစ်တိုးရီးနပ်စ်ပါလား။

ဆရာ့ရဲ့ ပုံကို ကြည့်နေရင်းနဲ့ ကျွန်တော့်ရဲ့စိတ်ဟာ ပိုမို လှုပ်ရှားလာခဲ့တယ်။ ထိုအချိန်ကစပြီး ဖိလစ်ပိုင်က ကျောင်းထဲမှာ အသတ်ခံခဲ့ကြရတဲ့ အာဇာနည်တွေရဲ့ ဇာတ်လမ်းဟာ ကျွန်တော်ကိုယ်တိုင်ရဲ့ ဇာတ်လမ်းအဖြစ် ပြောင်းလဲလာပါတော့တယ်။

မကြာမီရက်အတွင်းမှာပဲ ကျွန်တော်ဟာ ကျောင်းသားဟောင်းတွေရဲ့ အကူအညီကို ရယူပြီး ဒုတိယကမ္ဘာစစ်ပြီးစက မနီလာမြို့မှာ သေဆုံးခဲ့ကြရတဲ့ ဘရာသာတွေရဲ့ အာဇာနည်ပီသတဲ့ သမိုင်းဖြစ်ရပ်တစ်ခုဟာ ကျွန်တော်တို့ စိန့်ဂျိုးဇက်ကျောင်းရဲ့ သမိုင်းနဲ့ ဆက်နွှယ်နေတယ် ဆိုတာကို လူတွေ ပိုမိုသိလာအောင် ဖော်ထုတ်နိုင်ခဲ့တယ်။ ကျွန်တော်တို့ဟာ မိမိတို့ကျောင်းရဲ့ ဂုဏ်ရောင်ပြောင်တဲ့ သမိုင်းအတွက် ဂုဏ်ယူခဲ့ကြတယ်။

မကြာမီမှာပဲ မယ်လကွမ်လမ်းမှာ တည်ဆောက်မယ့် စိန့်ဂျိုးဇက်ကျောင်းအတွက် လိုအပ်တဲ့ ရန်ပုံငွေ ဒေါ်လာသန်းချီပြီး ရရှိလာပါတော့တယ်။

*